ခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

www.burmeseclassic.com

# မှုခင်း ရှုထောင့်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E) , NO ( 33 )

၂၀၁၃ ခုနှစ် ၊ စက်တင်ဘာ



BURMESE CLASSIC .com

## မှုခင်း မှုခင်း မှုခင်း မှုခင်း

သရုပ်ဆောင် - ဂွ္ဂဝင်
ဓာတ်ပုံ - ရဲမြင့်ကျော်

www.burmeseclassic.com

www.burmeseclassic.com

31 JUL 2013

## ဖြစ်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----


မှုခင်းပညာပေးအစီအစဉ်အရ ခွင့်ပြုချက်မြဲ-၀၃၈၂၈ဖြင့်
ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား
လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

| | |
|---|---|
| နာယက | - ရဲမှူးကြီးဝင်းခေါင် |
| | - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း) |
| အကြံပေးလမ်းညွှန်မှု | - ဒေါ်သက်ရီ (Jacob) |
| | Jacob Media Group |
| အယ်ဒီတာချုပ် | - ဦးသက်နိုင်ဦး |
| တာဝန်ခံအယ်ဒီတာ | - မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| အုပ်ချုပ်ရေးမှူး | - ညိုညိုစိမ့် |
| တွဲဖက်အုပ်ချုပ်ရေးမှူး | - ငွေးနိုင် (ပြင်ပဆက်သွယ်ရေး) |
| | - အောင်ကျော်ဦး (သတင်း) |
| ဒီဇိုင်း | - စောဝတ္တာ |
| ကွန်ပျူတာစာစီ | - တင်တင်အောင် |
| ရုံးလုပ်ငန်း | - ခင်စန်းဝင်း၊ မြမြလှိုင်၊ ခင်မာဆွေ တင်ကြိုင်၊ တင်ရွှေ |
| ကြော်ငြာတာဝန်ခံ | - ဦးသက်ထွန်း၊ ဒေါ်အေးအေးခန့် |
| စာအုပ်ချုပ်အဖွဲ့ | - ဦးတင်ဦးအဖွဲ့ |
| ပုံနှိပ် | - စိန်နဂါးပုံနှိပ်တိုက် |
| အပုံးဖလင် | - EAGLE |
| အတွင်းဖလင် | - PERFECT |



**သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ**

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ
(၉၆)၊ မဟာသုခလမ်း၊ ကျိုတော်ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
PH: 01-297297, 01-9000017
FAX : 01-397164
Email : shuhtaunt@gmail.com
nyonyoseinnt@gmail.com


### သတင်းစုဆောင်းရေးရုံးခွဲများ

| | |
|---|---|
| ဦးဇော်လင်းသန်း (ရဲရဲအဖွဲ့) | - နေပြည်တော်ရုံးခွဲ |
| ဦးခင်ဇော်ဦးအဖွဲ့ | - မြဝတီရုံးခွဲ |
| ဦးသိန်းဇော်ဦးအဖွဲ့ | - မူဆယ်ရုံးခွဲ |
| ဦးသန်းဝင်းအဖွဲ့ | - ချောက်ရုံးခွဲ |
| ဦးလှရွှေအဖွဲ့ | - ကျောက်ပန်းတောင်းရုံးခွဲ |
| ဦးထွန်းမြင့်အဖွဲ့ | - ဥသျှစ်ပင်(ပန်းတောင်း)ရုံးခွဲ |
| ဦးအောင်သန်းထွဋ်အဖွဲ့ | - ပြည် (၁)ရုံးခွဲ |
| ဦးလှထူးအဖွဲ့ | - အောင်လံ (မြလို့)ရုံးခွဲ |
| ဦးစိုင်းဇော်ဇော်အဖွဲ့ | - ရွှေတောင်ရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - သဲကုန်း/ပုတီးကုန်းရုံးခွဲ |
| ဦးခင်ဇော်အဖွဲ့ | - ဇီးကုန်းရုံးခွဲ |
| ဦးတင်မောင်ကြည်အဖွဲ့ | - ပေါင်းတည်ရုံးခွဲ |
| ဦးထွန်းဝေအဖွဲ့ | - ကံမရုံးခွဲ |
| ဦးလှမြင့်အဖွဲ့ | - မိုးညှိုရုံးခွဲ |
| ဦးတင်ဝင်းအဖွဲ့ | - အုတ်ဖိုရုံးခွဲ |
| ဦးဇော်မိုးနိုင်အဖွဲ့ | - နတ်တလင်းရုံးခွဲ |
| ဦးမြင့်နိုင်အဖွဲ့ | - လှိုင်ကော်ရုံးခွဲ |
| ဦးသိန်းလှိုင်အဖွဲ့ | - ဖော်လမြိုင်ရုံးခွဲ |
| ဦးစိုးမြင့်အဖွဲ့ | - ဘိုကလေးရုံးခွဲ |
| ဦးဇော်ရှင်းအဖွဲ့ | - ပဲခူးရုံးခွဲ |
| ဒေါ်လှလှကြည်အဖွဲ့ | - လှိုင်သာယာ (၁) ရုံးခွဲ |
| ဦးတင်ထွန်းဦးအဖွဲ့ | - လှိုင်သာယာ (၂) ရုံးခွဲ |
| ဦးမိုးအဖွဲ့ | - သာကေတ (၁) ရုံးခွဲ |
| ဦးတင်မောင်ဝင်းအဖွဲ့ | - သာကေတ (၂) ရုံးခွဲ |
| ဦးအောင်မင်းအဖွဲ့ | - ဒဂုံ (၁) ရုံးခွဲ |
| ဦးတင်လှိုင်အဖွဲ့ | - ဒဂုံ (၂) ရုံးခွဲ |
| ဦးစိန်ဝင်းအဖွဲ့ | - ရေကြည်ရုံးခွဲ |
| ဦးစံဇာတိအောင်အဖွဲ့ | - လားရှိုးရုံးခွဲ |

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။ ဓမ္မော မေ သရဏံ အညံ နတ္ထိ။
သံဃာ မေ သရဏံ အညံ နတ္ထိ။
ဒီဝါတပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ၊ သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော၊ အထသဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ၊ တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊ နမက္ကာရာနုဘာဝေန၊ သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။

ဩော်ား-တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊ တစ်ဆယ့်လေးချက် ဓမ္မစက်၊ တစ်ဆယ့်ရှစ်ချက် သံဃစက်၊ လရောင်ဝင်းလျက် ရှင်ပစ္စေက ဗုဒ္ဓါရပာန္တာစက်၊ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်၊ ဂုဏ်ကျေးဇူးအထူးသိလျက် ဆရာစက်၊ ဗြဟ္မစိုရ်လက်နက် ဗြဟ္မာ့စက်၊ မိုးကြိုးလက်နက် သိကြားစက်၊ လောင်မီးကျလျက် နတ်တို့စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက်၊ တောင်ဟုန်ပြင်းလျက် ဂဠုန်မင်းစက်၊ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ သုံးထောင်သချာ ဟောဝန္တာ အာဏာစိုးလျက် သီဟစက်၊ စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှုမကောင်းစုတို့ ဝေးကကြဉ်ရှောင် အောင်စေတတ်သည် မြတ်သည့်ဆရာ ပညာတည်း။
ဩော်ား-နမော ဗုဒ္ဓါနုဘာဝေန၊ ဩော်ား-နမောဓမ္မာနုဘာဝေန၊ ဩော်ား-နမော သံဃာနုဘာဝေန၊ ဩော်ား-နမော ဒူရေ-ဒူရေ သွား ဟုံ-ဟုံ။


BURMESE CLASSIC .com

# ဒါရိုက်တာ 'ဦးဦးသက်' စီစဉ်ညွှန်ကြားသော

# AUDIO WAVE

## GENERAL ENTERTAINMENT GROUP

-အသံစက်ပစ္စည်းနှင့်မီးပစ္စည်းမျိုးစုံ၊ ဆောင်းဘောက်ပစ္စည်းမျိုးစုံ ငှားရမ်းခြင်း၊
- ပျော်ပွဲရွှင်ပွဲအတွက် ကာရာအိုကေစက်များငှားရမ်းပေးခြင်း၊
- နိုင်ငံကျော်အနုပညာရှင်များစွာဖြင့်ဖျော်ဖြေမှုအစီအစဉ်များအတွက်စီစဉ်ဆောင်ရွက်ပေးခြင်း၊
- စတိတ်ရှိုး၊ အငြိမ့်၊ DANCER , FASHION ပွဲများ၊ ပရိမိုးရှင်း(ရောင်းအားမြင့်တင်မှုပွဲများ)စီစဉ်ပေးခြင်း

**အထူးဈေးနှုန်းဖြင့်ဆောင်ရွက်ပေးနေပြီ**

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၂၁၆၇၀၊ ၀၉၄၃၁၁၀၃၁၁ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇
၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၅၃ ၂၇၁၁၃ (ပြည်မြို့ခွဲ)


www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ စက်တင်ဘာလထုတ် (၂၀၁၃)

## မာတိကာ

### "ကဗျာရှုထောင့်"


- ကောင်းညွှန့်ဝေ (ရေစကြို) ၈
- ချောသန့်စင် (ကြို့ပင်ကောက်) ၉
- မာန်သွေးသစ်မင်း ၁၀
- ဧယျာဘုန်းမြင့် ၁၁


### "ကာတွန်းရှုထောင့်"


- ရွှေကိုဦး၊ ကျော်ကျော်လွင်၊ သုထူးစံ


### "ဥပဒေရှုထောင့်"


- မောင်ညာ ထက်ရှင် (ဥပဒေ) ၁၅


### "မှုခင်းပဟေဠိရှုထောင့်အမှတ်စဉ် (၇၀)"


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်) ၁၉


### "မှုခင်းဝတ္ထုတို/ရှည်ရှုထောင့်"


- ရဲရင့်သူရိန် (ဖြဲကျပ်တန် လူသတ်သမား၏---) ၃၂
- မောင်မောင်စိန်လင်း (အရှုပ်ထုပ်) ၃[illegible]
- အောင်ရဲကျော် (မှုခင်း) (နှစ်ထပ်ကွမ်း-၃၀၂) ၄၅
- ဆွေမြင့်သူ (ကြေး/မြေ) (အမေနှင့်အမွေ) ၅၂
- မောင်မောင်-ပိတောက်မြိုင် (လိမ်ကြသည် ညာကြသည်) ၅[illegible]
- ကို (တက္ကသိုလ်) (နှောင်းနှောင်တ) ၆[illegible]
- ခင်မောင်ထွန်း (လမ်းမတော်) (သားထူးချစ်တဲ့ ဝေး) ၇[illegible]
- ငြိမ်းအောင် (သစ်လုပ်ငန်း) (ကျက်ရည်မိုးနဲ့စောင့်နေမယ်) ၈[illegible]
- တွင်းကြီးသားတင်ဝင်းဦး (မောင်သာညအလွန်မှာ) ၉[illegible]


www.burmeseclassic.com

www.burmeseclassic.com


- မောင်မောင်မြင့် (ဥသာမြို့ သစ်)
  (လူသေမှုမဟုတ်သောလူသတ်မှု) ၁၀၅

"ဘာသာပြန်ရှုထောင့်"

- ယုယုလွင် (ဘာသာပြန်)
  (အလောင်းအစား) ၁၂၀

"ရသဝတ္ထုတိုရှုထောင့်"

- တွင်းကြီးဝမ်းမောင်
  (ဇာတ်သိမ်းမှ ငြိမ်းချမ်းပျော်ရွှင်) ၁၃၄

"ဆောင်းပါးရှုထောင့်"

- ဆူးသစ်
  (ဖိနပ်အသစ်ကလေးစီးချင်သလား) ၁၅၁

"နှလုံးသားရှုထောင့်"

- သံလွင်မိုး (မုတ္တမ)
  (ဝါကျွတ်ရင်ပြန်ခဲ့မယ်) ၁၅၅

"ဖြောင့်ချက်နှလုံးသား"

- တာဝန်ခံအယ်ဒီတာရဲ့သုံးသပ်ချက် ၁၅၉
- ဟန်နီ (တောင်ကြီး)
  (နားလည်ခွင့်လွှတ်နိုင်ပါစေ) ၁၆၁

"ရုပ်ရှင်ရှုထောင့်"

- ကျော်ဇောဟိန်း (ဒေါ်ပုံ)
  (အဖြူရောင်ရဲတိုက်) ၁၆၆
- ခိုင်စင်သန့်
  (ရည်းစားရသ) ၁၆၉


BURMESE CLASSIC .com


"စာအုပ်စင်ရှုထောင့်"

- ကိုကြီးထူး ၁၇၂

"ဗေဒင်ရှုထောင့်"

- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄


www.burmeseclassic.com

www.burmeseclassic.com



# သံသရာခရီး

ကောင်းညွှန့်ဝေ (ရေစကြို)



✪ အတ္တကြီးစွာ
ငါမှငါဟု
သံသရာလမ်း၊ ခရီးကြမ်းဝယ်
တစ်လှမ်းနှစ်လှမ်း၊ ခြေလှမ်းများစွာ
လှမ်းခဲ့ကြလည်း၊ လိုရာမရောက်
ပန်းတိုင်ပျောက်၍ နှောက်ဖျက်ဆီး
သောကမီးတို့
ဆီးတားမရ ကြီးမားစွ။
လောကဓမ္မသဘာဝ။

✪ အတ္တလူသား
အယူမှားကို
တရားစစ်ရှေး၊ အားသစ်မွေးကာ
အတွေးသစ်လွင်၊ သွေးသစ်ဆင်ကာ
အမြင်သစ်ပွား၊ ပရအားဖြင့်
အမှားမဆက်၊ တရားဖက်သော်
အဖျက် 'အတ္တ'၊ ချုပ်ငြိမ်းကလျှင်
သံသရာလမ်း၊ ဖြောင့်ဖြောင့်လှမ်း၍
ပန်းတိုင်အရောက်၊ ခရီးပေါက်လျက်
လွတ်မြောက်ဒုက္ခ ချမ်းသာရ။ ။
'အတ္တ' 'ပရ' မျှမှလှ။ ။
လူ့ဘောင်လောက မြတ်ဓမ္မ။ ။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ထိီးနှင့်အား၊ မီးနှင့်ကျား

ချောသန့်စင် (ကြို့ပင်ကောက်)



သမီးမှာထီးသာပဲ့
ကြီးလာကြ မိဘမှာ
အေးမြစေရာ။
သားဆိုတာ အားဝါတဲ့
မျှားစွာကွယ့် မိဘတွေမှာ
အားရှိစေပါ။
လိမ္မာတဲ့ရင်သွေးဟာ
မွေးမာတာပီတုတို့
ပြုစုလို့စောင့်ရှောက်ကျွေး
မွေးရတော်စွာ
မလိမ္မာ ရင်မှာကွယ့်ကြေပြုန်း။
သမီးမှာ မီးသာပဲ့
သားဆိုးက ကျားတွေနှယ်
ဝါးလေမယ် မိဘများ
အားမရှိ ဇရာအိုမို့
ဘယာကို ရင်ခွင်ပိုက်လို့ရယ်
နွမ်းဟိုက်မဆုံး။ ။



www.burmeseclassic.com

www.burmeseclassic.com



# အမည်း

မာန်သွေးသစ်မင်း



နှသစ်ကျစ်လျစ်
အလှစုံလှစ်
ခိုးခစ်ရယ်မြူး
နှင်းခဲဖူးတစ်ခိုင်
ထိုင်ကဲ့ဆိုင်
ကျားတွေသောသောမြိုင်။

ပါးသွေးမို့မို့
နီစိုစို့နှုတ်ခမ်း
ပျားရည်ဆမ်း
အပြုံးလွှမ်းတဲ့မက်လုံး
အချိန်ရှိတုန်းအသုံးချ
ဒါမှ
ရောင်းသမျှကုန်
အမြတ်ဖူလုံမှာပါ့။

ဝမ်းရေးပူဆာ
မနေသာ
ပျူငှာမလေးရဲ့ဝေဒနာ
မစာနာအုံခဲ
မညာတာပြုံ့ဝဲ
ကျားရဲ့က အနန္တ။

မြူမဟာဖွဲ့မဟာ
မရဒဿတချိုင်ဖို့
ကျားမိုက်တွေအားစိုက်မှ
ကျားကြမ်းတွေ အားစမ်းနေ။

အမဲကြိုက်လူကျား
အသည်းမိုက်မြူများ
သတိတော့ထား
အဖြူကြားအမည်းဖမ်း
အကဲစမ်း
ခြေတစ်လှမ်းတော့ လွဲရှောမယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



# အလှတရားနှင့်ချစ်ခြင်းရနံ့သင်းပျံ့မွှေးထုံ

ဗေယျာဘုန်းမြင့်



လူထဲကအလှ
မြင်တတ်မှ
ရယူပိုင်ဆိုင်ချစ်တတ်မယ်။

အလှထဲကလူ
မတွေ့မှ
ထိုသူ မြင်လွှာကန်းဘိနှယ်။

နှလုံးသည်းပွတ်
ခူးဆွတ်ဖွင့်လှပ်၊ ကိန်းဝပ်ခိုမှီ
တည်အောင်ကြံကျင့်၊ အဆင့်ဆင့်ဖြင့်
ကြီးရင့်သူကို ရိုသေ
ရွယ်တူတွေကိုလေးစား
ငယ်သူကိုသနားခြင်း
ထိုစိတ်ရင်းဖြင့်
ချစ်ခြင်းရနံ့
ရှင်းသန့်စေ။

လူထဲက အလှ
အလှထဲက လူ
ဖွေရှာတတ်သူဖြစ်ပါစေ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှယောင်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုယောင်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

မောင်ဉာဏ်ရှင် (ဥပဒေ)

**မေး။** အရက်အလွန်အကျွံသောက်ပြီး မူးနေတဲ့လူတစ်ယောက် ပြစ်မှုကျူးလွန်ရင် မူးနေတဲ့အတွက် ဘာမှ မသိနိုင်လို့ အပြစ်မှ မလွတ်နိုင်ဘူးလား ဆရာ။

**မောင်မောင်စိုး၊ မ/ဥက္ကလာ**

**ဖြေ။** ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၅မှာ မိမိ မသိဘဲ ဒါမှမဟုတ် အလိုမတူ၊ ၊ သူတစ်ပါးက မတရားတိုက်ကျွေး လို့ မူးယစ်နေတဲ့အတွက် ပြစ်မှုကျူးလွန်စဉ်အချိန်က အကောင်းအဆိုး၊ မည်သည့်သဘောရှိသည်။ ဥပဒေနှင့် ဆန့်ကျင်သည်တို့ကို မသိနိုင်လျှင် ပြစ်မှုမမြောက် ကင်းလွတ်ခွင့်ရနိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။

မိမိအလိုအလျောက် သောက်စားမူးယစ်ပြီး ပြစ်မှုတစ်ခုခုကို ကျူးလွန်ရင် မည်သို့သော သဘောရှိသည် ကို မသိကြောင်း ထုချေခြင်း မပြုနိုင်ဘူး။ မတော်မမှန်ကြောင်း အသိဉာဏ်မရှိဟုလည်း ဆင်ခြေမပေးနိုင်ဘူး။ ဒါကြောင့် မိမိကြိုက်လို့ သောက်စားမူးယစ်ပြီး ပြစ်မှုကျူးလွန်ရင် အရေးယူအပြစ်ပေးခြင်း ခံရမှာဖြစ်ကြောင်း ဖြေ ကြားလိုက်ရပါတယ်။

**မေး။** ဆရာ 'ဂရန်' ဆိုတာကို နားလည်သလိုလိုနဲ့ နားမလည်ဘူးဆရာ၊ ရှင်းပြပေးပါ။

**ဦးစောအောင်၊ ရွှေပြည်သာ**

**ဖြေ။** ဂရန် (သို့) ဂရန်မြေဆိုတာက အစိုးရ အမိန့်စာဖြင့် ပိုင်ဆိုင်ခွင့်ပြုထားသော အိမ်မြေ၊ ခြံ၊ လယ်မြေကို ဆိုလိုတယ်။ ဂရန်ချထားခြင်းနဲ့ စပ်လျဉ်းတဲ့ လုပ်ကိုင်ခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းထားတာ ရှိတယ်။ အောက်မြန်မာ ပြည်ရှိ မြေများဟာ အောက်မြန်မာပြည်မြို့ရွာနှင့် ကျေးရွာမြေများ အက်ဥပဒေနဲ့ သက်ဆိုင်ပြီး အထက်မြန်မာပြည် ရှိ မြေများကလည်း အထက်မြန်မာပြည်မြေနှင့် အခွန်တော်စည်းမျဉ်းဥပဒေတွင် အကျုံးဝင်တယ်။ အဲဒီ ဥပဒေအရ အစိုးရက ချထားပိုင်ခွင့်ရှိတဲ့ မြေများတွင် လူနေထိုင်ရန်အတွက်ဖြစ်စေ၊ စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အ ဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ၊ စက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံ ဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ ဂရန်၊ အငှားဂရန်နဲ့ လိုင်စင်များ ချထားပေးတယ်။ မြို့မြေအဖြစ် အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ကြေညာစာထုတ်ပြန်ပြီးသော မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အငှားသက်တမ်း အနှစ် (၃၀) ခွင့်ပြုပြီး အနှစ် (၃၀)ကုန်ဆုံးတိုင်း နောက်ထပ်အနှစ် (၃၀)စီ စုစုပေါင်း အနှစ် (၉၀) လဲလှယ်ခွင့် ရှိတဲ့ မြေငှားစာချုပ်ကို ဂရန်လို့ ခေါ်တယ်။

**မေး။** ဆရာ၊ ကျွန်တော်မသိတာလေး မေးပါရစေ။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျွန်တော့်အဖေ ဆုံးသွားတယ်။ အဖေရဲ့ သံပန်းသံတံခါးလုပ်ငန်းကို ကျွန်တော်ပဲ ဦးဆောင်လုပ်ခဲ့တယ်။ ကျွန်တော့်အပြင် ညီလေးနဲ့ ညီမလေးလည်းရှိတယ်။ သူတို့က ကျောင်းမပြီးသေးဘူး။ မကြာသေးခင်က ကျွန်တော်တို့အမေ နောက်အိမ်ထောင် ပြုသွားတယ်။ နောက်အိမ်ထောင်ပြုတဲ့လူက လူလည်။ ကျွန်တော်တို့ ပစ္စည်းတွေကို မောင်ပိုင်စီးချင်လို့ အမေ့ကို ယူလိုက်တာဖြစ်တယ်။ အဲဒါဘယ်လိုလုပ်ရမလဲ ဆရာ ဖြေကြားပေးပါ။

**မောင်မင်းလတ်၊ တာမွေမြို့နယ်။**

**ဖြေ။** မောင်မင်းလတ်က ဖခင်ဆုံးချိန်က သားအကြီးဆုံးဖြစ်တော့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဩရသ သားကြီးဖြစ်တယ်။ ဩရသသားဟာ ဖခင်ဆုံးပြီး (၁၂)နှစ်အတွင်း မိခင်ထံမှ အမွေတောင်းနိုင်တယ်။ ပစ္စည်းရဲ့ လေးပုံတစ်ပုံ ပိုင်ခွင့်ရှိတယ်။ ကျန်သားသမီးများက ဖခင်ဆုံးချိန်က အမွေတောင်းခံပိုင်ခွင့်မရှိဘူး။ ဒါပေမယ့် မိခင် နောက်အိမ်ထောင်ပြုချိန်မှာတော့ နောက်အိမ်ထောင်ပြုပြီး (၁၂)နှစ်အတွင်း အမေ့ထံမှ အမွေတောင်းခံပိုင်ခွင့်ရှိတယ်။ သူတို့ လည်း ပစ္စည်းရဲ့လေးပုံတစ်ပုံ ရပိုင်ခွင့်ရှိတယ်။

မောင်မင်းလတ်တို့ အနေနဲ့ ကာလစည်းကမ်းသတ် ကာလမကျော်သေးပါဘူး။ မောင်မင်းလတ်က မိခင်ထံမှ အမွေကို ဩရသ သားသမီးအနေနဲ့ တောင်းပါ။ ပစ္စည်းရဲ့ လေးပုံတစ်ပုံ ရနိုင်ပါတယ်။ မင်း ညီလေးနဲ့ မင်း ညီမလေးတို့ကတော့ မိခင်နောက်အိမ်ထောင်ပြုတဲ့အတွက် အမွေတောင်းပါ။ ပစ္စည်းရဲ့ လေးပုံတစ်ပုံရပိုင်ခွင့်ရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ၊ အသက် (၁၀)နှစ်ခန့်ရှိတဲ့ ကလေးတစ်ယောက် ပြစ်မှုကျူးလွန်ရင် အရေးယူအပြစ်ပေးလို့ ရ၊ မရ ဖြေကြားပေးပါဆရာ။

**မောင်သတ်လွင်၊ ဗဟန်းမြို့နယ်။**



www.burmeseclassic.com

www.burmeseclassic.com



**ဖြေ။** တရားဥပဒေတွင် အသက် (၁၈)နှစ်အောက် ကလေးပဋိညာဉ်မပြုနိုင်ဘူး။ ပြစ်မှုဥပဒေတွင် အသက် (၇)နှစ်အောက် ကလေးဟာ ပြစ်မှုမကျူးလွန်နိုင်၊ အသက် (၇)နှစ်နှင့် (၁၂)နှစ်ကြားရှိ ကလေးနဲ့ ပတ်သက်လို့တော့ ထိုကလေးရဲ့ ကိုယ်ပိုင်အသိဉာဏ်ကိုလိုက်ပြီး ပြစ်မှုကျူးလွန်ခြင်း ရှိ/မရှိ ဆင်ခြင်ရတယ်။ အသက် (၁၂)နှစ် ကျော်ရင်တော့ ပြစ်မှုဥပဒေအရ အရေးယူမှာ ဖြစ်တယ်။

အသက် (၇)နှစ်နှင့် (၁၂)နှစ်ကြားရှိ ကလေးပြစ်မှုကျူးလွန်ရင် ပြစ်မှုကျူးလွန်စဉ်က မိမိပြုလုပ်မှုရဲ့ သဘော၊ အကျိုးအပြစ်နားလည်ခြင်း ရှိ/မရှိ၊ အသိဉာဏ် ရှိ/မရှိ ကြည့်ရတယ်။ အဲလိုကြည့်ရာမှာ ကလေးရဲ့ ပြုမှုချက်၊ နောက်ပိုင်း အပြုအမူနဲ့ အမူအရာစတဲ့ အချက်အလက်အပေါ် မှီငြမ်းဆုံးဖြတ်ရတယ်။ ပြုစဉ်က ပြုလုပ်မှုရဲ့ အကျိုးအပြစ်ကို နားလည်ကြောင်း ပေါ်ပေါက်က အဲဒီကလေးကို သူ ကျူးလွန်တဲ့ ပြစ်မှုကိုကြည့်ပြီး ကလေးသူငယ်ဥပဒေအရ ပြစ်မှုထင်ရှား စီရင်နိုင်တယ်။

**မေး။** ဆရာ၊ ကျွန်မနဲ့ ကိုကျင်အောင်တို့ နှစ်ဖက်လူကြီးများရှေ့တွင် လက်ထပ်ပေါင်းသင်းခဲ့ကြပါတယ်။ ပေါင်းသင်းပြီး ကိုယ်ဝန် (၆)လခန့်အရှိမှာ ကျွန်မကို ရိုက်နှက်ပြီး နှင်ချခဲ့ပါတယ်။ မကြာခင်မှာပဲ ကိုကျင်အောင်က အခြား အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတယ်။ အခုဆိုရင် ကျွန်မသားလေးပင် (၃)နှစ်သားအရွယ် ရှိနေပါပြီ။ ကျွန်မ ကလေးစရိတ်၊ မယားစရိတ်တောင်းလို့ ရ/မရ ဖြေကြားပေးပါဆရာ။

**မလှလှ၊ ဝဲခူးမြို့။**

**ဖြေ။** မယားစရိတ် လျှောက်ထားရင် ကိုယ့်ဘက်က လင်ယောကျ်ားနဲ့ ခွဲခွာနေရတဲ့အကြောင်း ခိုင်လုံတဲ့ အကြောင်းပြချက်ရှိရမယ်။ အကြောင်းပြချက် မခိုင်လုံရင် မယားစရိတ်မရနိုင်ဘူး။ နောက်ပြီးမယားက လင်ယောကျ်ားထံ မယားစရိတ်လျှောက်ထားရင် လင်ယောကျ်ားကလည်း မယားခေါ်လို့မှု လျှောက်ထားတတ်တယ်။

မလှလှရဲ့ စာအရ မောင်ကျင်အောင်ဟာ မလှလှ ကိုယ်ဝန် (၆)လရတဲ့အချိန်လောက်ကစပြီး မလှလှအပေါ် လင့်ဝတ္တရားပျက်ခဲ့တယ်လို့ ဆိုနိုင်တယ်။ နောက်ပြီး မလှလှကို ရိုက်နှက်ပြီး နှင်ချခဲ့တယ်။ မောင်ကျင်အောင်က အခြားအမျိုးသမီးတစ်ယောက်နဲ့လည်း နောက်အိမ်ထောင်ပြုခဲ့တယ် မဟုတ်လား။

ဒါတွေကိုကြည့်ရင်း မလှလှအနေနဲ့ မောင်ကျင်အောင်နဲ့ ခွဲခွာနေထိုင်ရန် လုံလောက်တဲ့အကြောင်းများ ရှိတယ်လို့ ဆိုရမယ်။ ဒါကြောင့် မလှလှအတွက် မယားစရိတ်၊ သားအတွက် ကလေးစရိတ်ကို မြို့နယ်တရားရုံးမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ လျှောက်ထားရင် ရနိုင်စရာရှိပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မောင်ဉာဏ်ရှင်(ဥပဒေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဆုငွေများချီးမြှင့်မည့် မှုခင်းပဟေဠိအစီအစဉ် အမှတ်စဉ် (၇၀)

(၁) မေးခွန်းနံပါတ် (၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် ငါးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၂) မေးခွန်းနံပါတ် (၁/၃/၄)ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် သုံးသောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၃) မေးခွန်းနံပါတ် (၁/၂/၃) ခုစလုံးကို တိုက်ရိုက်အဖြေမှန်သူအား ဆုငွေကျပ် နှစ်သောင်းနှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

(၄) မေးခွန်းနံပါတ် (၄)ခုစလုံးအတွက် အနီးစပ်ဆုံး အဖြေမှန်သူများအား ဆုငွေကျပ် သုံးထောင်နှင့် မဂ္ဂဇင်းစာအုပ် ချီးမြှင့်ပါမည်။

အဖြေမှန်သူတစ်ဦးထက် ပိုမိုခဲ့ပါက ကံစမ်းမဲစနစ်ဖြင့် ချီးမြှင့်ပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com



# မှုခင်းပဟေဠိရှယောင့်အမှတ်စဉ် (၇၀)

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)





www.burmeseclassic.com

www.burmeseclassic.com



## မှုခင်းပဟေဠိရှုထောင့်

## အမှတ်စဉ် (၇၀)

မောင်ငြိမ်းသူ

(ကြို့ပင်ကောက်)

"ဟိုမှာ... ရဲတွေလာနေပြီဟေ့။ ဘေးဖယ်ကြ။ ဖယ်ကြ၊ မဆိုင်သူတွေ သွားကြပါဗျာ"

ကျေးရွာ၊ ရာအိမ်မှူးတစ်ယောက်က ဟိန်းဟောက်အော်ဟစ်လွှတ်လိုက်ပါလေမှ လူအုပ်ကြီးက ရှဲသွားလေသည်။

ဒါတောင်မှ ဘုန်းတော်ကြီး ကျောင်းဝင်းထဲမှာရော၊ ကျောင်းဝင်း ဝန်းကျင်မှာပါ လူတွေက စုရုံးစုရုံးဖြင့် ထင်မြင်ချက်အမျိုးမျိုးပေးနေကြသည်။

"ဘုန်းကြီးကိုမှ လူယက်သတ်ဖြတ်ရတယ်လို့ကွာ။ တောက် မြေမျိုမယ့်ကောင်တွေ"

"လူစိတ်ပျောက်ပြီး၊ လောဘနောက်လိုက် နေကြတဲ့လူမိုက်တွေမို့ မကြံစည်အပ်ရာကို ကြံစည်ကြတာပါကွာ"

"အပါယ် ငရဲကို သေမှလားပေမယ့်၊ အခု လူ့ဘဝမှာပဲ ခွေးတိရစ္ဆာန်ဘဝရောက်မှာပါကွာ"

"ဘုန်းကြီးဆီမှာ ငွေတွေရှိမှန်း ဘယ်လိုသိသွားတာလဲမှ မသိတာ"

"ဟကောင်ရ.. သိမ်ဆောက်ဖို့ လှူဒါန်းထားကြတာတွေ ရှိနေတာကိုသိတဲ့လူက သိမှာပေါ့"

"ဘေးလူတွေကတော့ မသိကြပါဘူးကွာ။ သိမ်ဆောက်လုပ်ရေး အကျိုးဆောင်တွေပဲ သိကြတာပါ"

"ဟေ့.. လူတွေ.. ဝေးဝေးကို သွားကြပါ။ ဒီမှာ စစ်ဆေးကြရဦးမယ်။ ခင်ဗျားတို့ပါ အစစ်ဆေးခံချင်ကြလို့လား"

ရာအိမ်မှူးက ထပ်မံ၍ အော်ဟစ်ခြိမ်းခြောက်လိုက်ပါမှ ကားလမ်းမကြီးပေါ်သို့ တက်ပြေးကြသည်။ ဒါတောင်မှ စုဝေး၊ စုဝေး ရှိနေကြသေးသည်။

နံနက်စောစော၊ ၅ နာရီခန့်တွင် အရုဏ်ဆွမ်းလာပို့သော ဆောက်လုပ်ရေးအကျိုးဆောင် အဖွဲ့ဝင် ဦးကျော်ဇောတို့ မိသားစုက ကျောင်းတံခါးကြီး ပွင့်နေပြီး၊ ဘုန်းကြီးပျံလွန်တော်မူ နေသည်ကို တွေ့မြင်ခဲ့ကြရသည်မှစ၍ အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြသည်။

စခန်းမှူး ရဲအုပ် သက်မောင်နှင့် ရဲတပ်ဖွဲ့ဝင်များက ရွာဥက္ကဋ္ဌ (ထိုစဉ်က အုပ်ချုပ်ရေးမှူးများ မဖြစ်ကြသေးပါ) နှင့်အတူ ဘုန်းကြီးကျောင်းထဲသို့ ဝင်ရောက်လာကြပြီး အသတ်ခံရသည့် ဘုန်းတော်ကြီး၏ အလောင်းကို အသေးစိတ်၊ စစ်ဆေးနေကြသည်။

ဘုန်းကြီးကို နိုင်လွန်ကြိုးဖြင့် တုပ်နှောင်ပြီး ခြိမ်းခြောက်လုယက် သတ်ဖြတ်သွားပုံရသည်။

ဓာတ်ပုံရိုက် မှတ်တမ်းတင်သည်။ ဝမ်းဗိုက်တွင် ချွန်ထက်သော အရာဖြင့်၊ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ညာဘက်လက်ဝါးတွင် တစ်ချက်၊ ရရှိထားသည့်အပြင်၊ ဦးခေါင်းကိုလည်း မကျောသောအရာဖြင့်၊ ထုနှက်ခံရကာ၊ သေဆုံးနေကြောင်းတွေ့ရှိမှတ်တမ်းတင်သည်။

ဘုန်းတော်ကြီး ကျိန်းစက်ရာမွေ့ရာကို ခွဲစိတ်ရှာဖွေထားဟန် ရှိသည်။ ခေါင်းအုံး နှစ်လုံးလည်း ရစရာမရှိတော့။ စာရင်းစာအုပ်တစ်အုပ်ကို အခန်း



www.burmeseclassic.com

www.burmeseclassic.com



ထောင့်တွင် တွေ့ရသည်။ တရားစာအုပ်များကား ဗရပွ။

ရဲအုပ်သက်မောင်က ရွာဥက္ကဌကို သိလိုသမျှ မေးသည်။

"ဥက္ကဌ ဒီကျောင်းမှာ။ ဘုန်းတော်ကြီးက တစ်ပါးတည်း သီတင်းသုံးနေတာလား"

"ဒီ တစ်ရက်၊ နှစ်ရက် ပဲ တစ်ပါးတည်း သီတင်းသုံး နေတာပါ။ အရင်က ဘုန်းတော်ကြီးရဲ့ သားချင်းထဲက ကပ္ပိယလေးဖိုးထောင်နဲ့အတူ နေတာပါ။ ကပ္ပိယလေး ဖိုးထောင်က သူ့မိခင်နေမကောင်းလို့ ရွာကို ပြန်သွားပါတယ်"

"ဘယ်ရွာကို ပြန်သွားတာလဲ။ အသက်ဘယ်အရွယ် ရှိပြီလဲ"

"အညာဘက် မြင်းခြံကို ပြန်သွားတပါ။ အသက်က (၁၅)နှစ် အရွယ်လောက်ပဲ ရှိပါသေးတယ်"

"သူ ပြန်သွားတော့၊ ဘုန်းကြီးက အဖော်ခေါ်မထားဘူးလား"

"ဘုန်းကြီးက သူ့ကပ္ပိယလေး မကြာခင်ပြန်လာမှာမို့ သူတစ်ပါးတည်းနေလို့ ရပါတယ်ပြောတာကြောင့် ရွာက ဘယ်သူမှ လာမနေကြတာပါ။ ဘုန်းကြီးက တရားထိုင်တာ များတော့၊ အနှောင့်အယှက်ဖြစ်မှာစိုးလို့၊ ကျွန်တော်တို့လဲ ခဏပဲလေဆိုပြီး လူပို ပို့ပေးတာပါ"

"လုယက်သတ်ဖြတ်သွားတဲ့ လက္ခဏာအရ ဘုန်းကြီးဆီမှာ ငွေတွေရှိနေလို့လား"

"ရှိပါတယ်၊ သိမ်ဆောက်ဖို့ စုပေါင်း လှူဒါန်းထားကြတာပါ"

"ဘယ်လောက် ရှိနေတယ်လို့ သိနေကြသလား"

"ကျောင်း အကျိုးတော်ဆောင်၊ သိမ်ဆောက်လုပ်ရေး ကော်မတီဝင်တွေ အားလုံးသိပါ





www.burmeseclassic.com

www.burmeseclassic.com



တယ်။ စုစုပေါင်း သိန်း (၄၀) ကျော် ရှိလို့၊ ဘုန်းကြီးက မနေ့ကပဲ၊ လက်သမားအဖွဲ့ခေါင်းဆောင်နဲ့ တွက်ချက်၊ လျာထားနေခဲ့ကြပါသေးတယ် ဗိုလ်ကြီး''

''ဒီလောက် ငွေတွေနဲ့ ဘုန်းကြီးတစ်ပါးတည်း စိတ်ချလက်ချထားတာ၊ ခင်ဗျားတို့ မှားတာပေါ့ဗျာ''

''ကျွန်တော်တို့လဲ အလှူငွေတွေအတွက်နဲ့ ဒီလို လုပ်ရက်လိမ့်မယ်လို့ မထင်လို့ပါ ဗိုလ်ကြီးရယ်''

''ဖြစ်လာမှတော့ တရားခံကို ဖမ်းမိအောင် ရှာဖွေဖမ်းဆီးပေးဖို့က၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့ တာဝန်ပေါ့ဗျာ။ ဒါပေမယ့် ဥက္ကဋ္ဌနဲ့ ရွာသူရွာသားတွေက ကျွန်တော်တို့ ရဲတပ်ဖွဲ့ကို ကူညီကြဖို့တော့ လိုတယ်နော်''

''စိတ်ချပါ ဗိုလ်ကြီး၊ ကျွန်တော်တို့ အစွမ်းကုန် ကူညီပါ့မယ်''

သဲလွန်စဆိုလို့ သွေးစွန်း နေသော ကြေးစည်ထုသည့် ထုတစ်ချောင်းသာ တွေ့ရှိသိမ်းဆည်းထားနိုင်သည်။

ရဲအုပ် သက်မောင်က ဆေးစာနှင့်အတူ ဘုန်းတော်ကြီး၏ အလောင်း (ရုပ်ကလပ်)ကို ဆေးရုံသို့ ပို့ပေးစေလိုက်သည်။

ရဲစခန်းထဲတွင် ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသူနှစ်ဦးက ရဲအုပ်သက်မောင်နှင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ပြုံးချို။

''ကိုပြုံးချို၊ ဒီဘုန်းကြီး လူသတ်မှုက ဘောင်ကျယ်ဝန်းတယ်ဗျ။ ဒီတော့ကာ ကျယ်ဝန်းတဲ့ ဘောင်ကို၊ ကျဉ်းသထက် ကျဉ်းအောင်၊ ချုံ့နိုင်ဖို့ လိုတယ်။ ချုံ့ပြီးမှ ထောင့်ကျဉ်းထဲရောက်သွားမယ်။ ထောင့်ကျဉ်းထဲမှာ ဆိုရင် တရားခံဟာ။ ထွက်ပေါက်မရှိတော့ဘူးပေါ့ဗျာ။ ရှင်းရဲ့လား''

''ရှင်းပါတယ် ဗိုလ်ကြီး။ ဘုန်းကြီးရဲ့ ကပ္ပိယလေး ဖိုးထောင်ရယ်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ သိမ်ဆောက်လေးရေး ကော်မတီဝင်တွေရယ် လက်သမားအဖွဲ့ခေါင်းဆောင်ရယ်၊ ရွာခံတွေရယ်၊ လေ့လာစုံစမ်းရမယ့် ပမာဏက တော်တော်ကျယ်ပြန့် လွန်းလှပါတယ်။ အချိန်တော့ ယူရပါမယ် ဗိုလ်ကြီး''

''အချိန်ယူရမယ်။ စိတ်ရှည်ရမယ်။ ဒါပေမယ့် လိုအပ်တာထက် အချိန်ယူလွန်းရင်လဲ တရားခံအတွက် ထွက်ပေါက်ပေးရာ ကျသွားမယ်။ ခင်ဗျားရဲ့ နယ်ထိန်းအဖွဲ့ဝင်တွေကို နယ်စုံ၊ နယ်စုံ ဆိုတာက စုံစမ်းသင့်တဲ့ လူတွေရှိနေကြတဲ့ နေရာစုံမှာ အသွင်အမျိုးမျိုးနဲ့ ဖြန့်ကြက်စုံစမ်းခိုင်းပါ။ ကျွန်တော်လဲ အမာခံသတင်းပေးတွေ မွှေးပြီး စုံစမ်းမယ်''

''ကျွန်တော်လဲ ဗိုလ်ကြီးပြောသလိုပဲ၊ စဉ်းစားထားပါတယ်။ ရွာဥက္ကဋ္ဌဆီက စုံစမ်းရမယ့် လူတွေရဲ့ စာရင်းကိုလဲ ကျွန်တော် ရယူထားပါပြီ။ မြင်းခြံက ကပ္ပိယလေးနေတဲ့ ရွာနဲ့ သူ့မိဘတွေကို စုံစမ်းမလို့ လုပ်နေတုန်းမှာပဲ၊ အဲဒီရွာက ဆွေမျိုးသားချင်းတွေ အပါအဝင်၊ ကပ္ပိယလေးလဲဘုန်းကြီးကျောင်းကို ရောက်လာကြပါပြီ။ ကျွန်တော် ကပ္ပိယလေးကို စုံစမ်းကြည့်တော့ ဘုန်းကြီးကျောင်းနားက ကားလမ်းမကြီးဘေးရှိ ရေမြောင်းထဲကို ငါးလာမျှားနေ



www.burmeseclassic.com

www.burmeseclassic.com



ကျ၊ ရွာထဲက အောင်စိန်ကို တော့ သူသိတယ်တဲ့။ ဘုန်းကြီး က ငါးလာမမျှားဖို့ ကျောင်းဘေး က လယ်ကွက်တွေထဲမှာ ငါးရှဉ့် လာမထောင်ဖို့ တားမြစ်ခဲ့ဖူးတယ် တဲ့။ အောင်စိန်က သူ့ဘုန်းတော် ကြီးကို မကျေနပ်ဘူးတဲ့ ဗိုလ် ကြီး''

''ဒါဆိုရင် ရွာထဲက အောင်စိန်ကိုလဲ စောင့်ကြည့်ဖို့ လို တာပေါ့''

''ကျွန်တော့်တို့အဖွဲ့ အောင်စိန်ကို စောင့်ကြည့်နေ တုန်းမှာပဲ၊ အောင်စိန်ဟာ တောင်ကုန်းရွာ ရဲစခန်းအချုပ်ထဲ ရောက်နေပြီ ဗိုလ်ကြီး''

''ဟင် ‥ ဘယ်ဖြစ်လို့ လဲ''

''ဘုန်းတော်ကြီး ပျံလွန် တော်မူပြီး။ နောက်တစ်နေ့မှာပဲ မောင်စိန်က အရက်မူးပြီး သူ့ မိန်းမနဲ့ ရန်ဖြစ်ရာက သူ့မိန်းမ ကို ရိုက်နှိုက်ညှဉ်းဆဲမှုနဲ့ အချုပ် ထဲရောက်သွားတာပါ''

''သူတို့ မိသားစု၊ အခြေအနေက ဘယ်လိုရှိသလဲ''

''အောင်စိန့် မိန်းမက အညာသူတဲ့၊ ရွာမှာ ကျပန်း လိုက်လုပ်တယ်တဲ့။ သားတစ် ယောက်၊ သမီးတစ်ယောက်ရှိ တယ်။ အောင်စိန်ကလဲ ကျပန်း လုပ်စားနေတာတဲ့။ ဆင်းရဲလွန်း တဲ့ ကြားက အောင်စိန်က ဝင် ငွေလေးရလာရင် အရက် သောက်၊ သွေးဆိုးလွန်းတယ်တဲ့။ ဒါ့ကြောင့် လင်မယားနှစ်ယောက် မကြာခဏ ရန်ဖြစ်နေလေ့ရှိ တယ်တဲ့။ ရွာ ရယကရုံးမှာ ခံဝန် မကြာခဏ လုပ်နေရသူတဲ့''

''အင်း ‥ ဒီကောင် အချုပ်ထဲရောက်နေပြီဆိုတော့ လဲ လေ့လာစုံစမ်းရမယ့် လူတစ် ယောက် လျော့သွားတာပေါ့ဗျာ။ ကျန်တဲ့ မသင်္ကာသူတွေကို ဂိုက် စိပ်တိုက် ရှာကြတာပေါ့ဗျာ''

''ကျွန်တော် ကြိုးစားပါ့ မယ် ဗိုလ်ကြီး''

ရဲအုပ် သက်မောင်က အမာခံ သတင်းပေးများကို မေး ကာ အမှုမှတရားခံကို စုံစမ်းနေ သော်လည်း သုံးလကြာသွား သည်အထိ အခြေအနေက ထူး ခြားမလာ။

နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် ပြုံးချိုနှင့် နယ်ထိန်းအဖွဲ့ ဝင်များကလည်း မနားမနေ ကြိုး စား၍ လေ့လာစုံစမ်းနေခဲ့ကြ သည်။

လက်သမားခေါင်း ဆောင်ကို စုံစမ်းခဲ့ကြရာ၊ နာမည် ပျက်လုံးဝမရှိ။ တစ်နယ်လုံးတွင် နာမည်ကောင်းဖြင့် သတင်းမွှေး နေသူ ဖြစ်သည်။ သူ့ကို အလုပ် အပ်ချင်ကြသူများက တန်းစီနေ ကြရာ၊ ဝင်ငွေကောင်း စီးပွားရေး အဆင်ပြေနေသူ ဖြစ်သည်။

သည်တော့ကား သူ့ကို ဖယ်ထုတ်လိုက်ရသည်။

သိမ်ဆောက်လုပ်ရေး ကော်မတီဝင်တွေ (၁၁)ဦး ရှိ သည်။ လူရွယ်လူကြီးများ ပါဝင် ကြသည်။ ငွေကြေးပြည့်စုံပြီး ရိုး သားကြသူများသာ ဖြစ်ကြ သည်။ သို့ရာတွင် ပြစ်မှုကြီးအပါ အဝင် ခိုးမှုအသေးအမွှားပင် လုံးဝမရှိခဲ့သောကြောင့် ရွာသူ ရွာသားတွေ၏ ရိုးသားမှုကို သက် သေထူနေသည့်နှယ်ပင်။

ဒု–ရဲအုပ် ပြုံးချိုလည်း ခေါင်းခဲနေလေပြီ။ စဉ်းစား၍ မရ အောင်ပင် ဖြစ်နေလေပြီ။

''အာဂန္တု ဧည့်သည် လမ်းသွားလမ်းလာ တစ်ဦးဦးက



www.burmeseclassic.com

www.burmeseclassic.com



များ၊ ခရီးသွားဟန်လွဲ၊ ဝင်ရောက်လုယက် သတ်ဖြတ်သွားလေရော့သလား''

ဟု ဒုရဲအုပ် ပြုံးချို စဉ်းစားတွေးတောနေမိသည်။

လူသတ် တရားခံက၊ တစ်ယောက်တည်း ကျူးလွန်တာလား။ နှစ်ဦးသုံးဦး ကျူးလွန်တာလား။ စဉ်းစားလေလေ၊ စိတ်ပင်ပန်းလေလေ ဖြစ်လာသည်။

ဘုန်းကြီးတို့၏ ဦးခေါင်းကို ကြေးခည်ထုဖြင့် ထုနှက်ပြီးမှ ကြိုးဖြင့်တုပ်နှောင်ကာ ခြိမ်းခြောက်၍ ငွေတောင်းပုံထောက်လျှင် အနည်းဆုံး နှစ်ဦးလည်း ဖြစ်နိုင်သည်။

ရဲအုပ် သက်မောင်က ဒုရဲအုပ် ပြုံးချိုနှင့် နှစ်ဦးတည်း ညှိနှိုင်းဆွေးနွေးကြပြန်သည်။

''ကိုပြုံးချိုရေ၊ ကျွန်တော့်အမာခံသတင်းပေး တစ်ယောက်ဆီက သတင်းထူးရတယ်ဗျ။ ရွာထဲက သိမ်ဆောက်ရေးကော်မတီဝင် လူကြီးဦးကျော်ဇောရဲ့ သားအငယ်ဆုံး ကျော်ကျော်လှ ဟာ အခုတလော အသုံးအဖြုန်းများနေတယ်တဲ့။ သူ့အိမ်က စပါးတွေကို ခိုးရောင်းပြီး လိုက်စင်မဲ့ ဆိုင်ကယ်တစ်စီးတောင် ဝယ်စီးနေတယ်ဆိုပဲ''

''အဲဒီ အကြောင်းကိုတော့ ကျွန်တော်မသိသေးဘူး ဗိုလ်ကြီး''

''ဒီလိုလုပ်ဗျာ၊ ခင်ဗျား ဦးကျော်ဇောရဲ့မိသားစုကို လေ့လာစမ်းပါ။ သူတို့အိမ်တွင်းရေးက အစသိအောင် လုပ်စမ်းပါ။ သူတို့ရဲ့ သားငယ်ကျော်ကျော်လှကို မိဘတွေက အငယ်ဆုံး အထွေးဆုံးမို့ အလိုလိုက်ထားခဲ့ကြတာတဲ့။ ဒီကောင်က မြို့ပေါ်မှာလဲ အပေါင်းအသင်းစုံတယ်တဲ့။ (၁၀)တန်း နှစ်ခါကျပြီး ကျောင်းထွက်နေရတာတဲ့ လယ်အလုပ်ကိုလဲ စိတ်မဝင်စားဘူးတဲ့။ လက်ကြောမတင်းလို့ ကျန်ညီအစ်ကိုမောင်နှမတွေက သူ့ကို မကြည်ဖြူကြဘူးတဲ့။ ဒီကောင် အခုလ[illegible]တလောကြီးမှာ လိုင်စင်မဲ့ ဆိုင်ကယ်ဝယ်စီးနေတယ်ဆိုတော့ သူတို့ မိသားစုထဲက ဂယက်ထလာနိုင်တယ်။ အဲဒါကို အမြန်ပဲ ရအောင်စုံစမ်းခဲ့ဗျာ''

''စိတ်ချပါ ဗိုလ်ကြီး''



နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်ပြုံးချိုက သူ့နယ်ထိန်းအဖွဲ့ဝင်များအား ရွာထဲနှင့် ရွာပြင်ဝန်းကျင်တွင် အသွင်ယူ စုံစမ်းခဲ့ကြရာ၊ စိတ်ဝင်စားဖွယ် သတင်းကို ရရှိခဲ့ကြသည်။

ထို့ကြောင့် ရဲအုပ် သက်



www.burmeseclassic.com

www.burmeseclassic.com



မောင်ထံသို့ ဒုရဲအုပ် ပြုံးချိုက သတင်းပို့သည်။

"ဗိုလ်ကြီးရေ၊ ရလာတဲ့ သတင်းက လူသတ်တရားခံကို ဖမ်းဆီးဖို့ သဲလွန်စရလာသလိုပဲ"

"ဟုတ်ရဲ့လား၊ ဆိုစမ်းပါဦး"

"ကျော်ကျော်လှကို သူ့မိသားစုက ဆုပ္ပကြိမ်းမောင်းနေကြတယ်။ ဝိုင်းပြီးမေးကြတော့ သူချဲပေါက်လို့ ဝယ်လာတာလို့ ပြောတယ်။ သူ့အဖေဦးကျော်ဇောက အိမ်ကပစ္စည်းတွေကို ခိုးရောင်းလို့ကတော့ သူကိုယ်တိုင် အချုပ်ထဲ ထည့်မယ်လို့ ကြိမ်းမောင်းနေတယ်တဲ့။ သူ့အစ်ကိုနဲ့ အစ်မတွေက စပါးကျီထဲက စပါးတွေလျော့မလျော့၊ သူ့အဖေ အပါအဝင် ဝိုင်းပြီးစစ်ဆေးကြတော့လဲ စပါးတွေက မလျော့ဘူးတဲ့။ သူ့အမေဆီက လက်ဝတ်ရတနာတွေကို စစ်ဆေးကြည့်တော့လဲ ဘာမှ အပျောက်အရှမရှိဘူးတဲ့--

"ဒီတော့ ဒီကောင်ဟာ ဘယ်ကရတဲ့ ငွေနဲ့ ဆိုင်ကယ်ဝယ်တာလဲ။ စဉ်းစားစရာပဲ ဗိုလ်ကြီး။ သူက အိမ်ကစပါးတွေကို ခိုးရောင်းပြီး ဝယ်တာလို့ ရွာထဲမှာ သတင်းလွှင့်ထားသေးတယ်။ အခု သူ့အိမ်က မိသားစုကိုတော့ ချဲပေါက်လို့ ဝယ်တယ်လို့ ပြောနေပြန်ပြီ။ စပါးကလဲ မပျောက်ဘူး၊ ဒီတော့ ဒီကောင့်ကို ဆွဲစိစစ်ရင်၊ မကောင်းဘူးလား ဗိုလ်ကြီး"

"မလောပါနဲ့ ကိုပြုံးချို ဟိုကောင် အောင်စိန်ရဲ့ အခြေအနေကကော ဘာထူးသေးလဲ"

"ဩော် . . အဲဒီအောင်စိန်၊ အချုပ်ထဲက ခံဝန်နဲ့ထွက်သွားပြီး သူ့မိန်းမကို လိုက်ခေါ်ဖို့ အောင်လံကို လိုက်သွားပြီလို့ပဲ သိရပါတယ် ဗိုလ်ကြီး"

"အောင်စိန်ကို အချုပ်ထဲက အာမခံပြီး ထုတ်ပေးလိုက်တဲ့ သူကိုရော ခင်ဗျားသိရဲ့လား"

"မသိပါဘူး ဗိုလ်ကြီး"

"ကျော်ကျော်လှနဲ့ ရွာခံတစ်ယောက်ပဲဗျာ"

"ဗျာ . . ကျော်ကျော်လှက အောင်စိန်ကို အာမခံနဲ့ ထုတ်ပေးလိုက်တာ၊ ဟုတ်လား ဗိုလ်ကြီး"

"သိပ် ဟုတ်တာပေါ့ဗျာ၊ အောင်စိန်တို့ လင်မယားက ဦးကျော်ဇောတို့ အိမ်ထဲ လယ်ထဲမှာ ဗာဟီရအလုပ်မျိုးစုံ လုပ်ပေးနေကျမို့ ကျော်ကျော်လှနဲ့ အောင်စိန်တို့က သိပ်ရင်းနှီးနေကြတာတဲ့။ ကျော်ကျော်လှကို သူ့မိဘတွေက မကြည်ဖြူတဲ့အခါ ဆုပ္ပကြိမ်းမောင်းတဲ့အခါမှာ ကျော်ကျော်လှက အောင်စိန်တို့အိမ်မှာ တစ်နေကုန်နေလေ့ရှိတယ်တဲ့။ တချို့ရက်တွေမှာ ကျော်ကျော်လှက အောင်စိန်ရဲ့ အိမ်မှာ အောင်စိန်နဲ့အတူအရက်သောက် အိပ်မောကျနေလေ့ရှိတယ်တဲ့"

"ဒါဆိုရင် အောင်စိန်နဲ့ ကျော်ကျော်လှက အပေါင်းအသင်းတွေ ဖြစ်နေကြတာကိုး"

"အပေါင်းအသင်း တွေ ဖြစ်နေကြလို့လဲ၊ သံသယဝင်စရာကောင်းနေတာပေါ့ဗျာ။ ခင်ဗျားတို့ အံ့အားသင့်စရာ ပိုကောင်းမယ့် သတင်းကို ပြောရဦးမယ်။ မောင်စိန်က သူ့မိန်းမကို ပြန်ခေါ်မရရင် ဟိုမှာပဲ နေတော့မယ်တဲ့၊ သူ့အိမ်လေးကို သင့်တော်သလို စီစဉ်လိုက်ဖို့ ကျော်ကျော်လှကို မှာခဲ့တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



## မင်းတို့ ဘယ်လိုပဲ၊ လိမ်ညာနေနေ၊ ဘူးခါပြီး ငြင်း ကွယ်နေနေ၊ ကျော်ကျော်လှက အမှန်ကို ဝန်ခံထွက် ဆိုထားပြီကွ။

"လေးစားပါတယ် ဗိုလ်ကြီး၊ ဗိုလ်ကြီး ဒီသတင်းကို ဘယ်လို ရတာလဲဟင်"

"လမ်းဆုံးရင် ရွာတွေ့ မှာပေါ့ဗျာ။ အခုလောလော ဆယ် နယ်ကျော်ဖမ်းဆီးခွင့် ကျွန် တော် စီစဉ်ပေးမယ်၊ အောင် လံကိုသွား။ ဟိုကရဲတပ်ဖွဲ့နဲ့ ညှိ နှိုင်းဆက်သွယ်ပြီး အောင်စိန် ရော၊ သူ့မိန်းမ ကျင်မြကိုပါ ဖမ်း ခဲ့ကြ။ ငါက ဒီမှာ ကျော်ကျော် လှကို ဖမ်းထားမယ်"

"သိပ်ကောင်းတာပေါ့ ဗိုလ်ကြီးရာ"

ဒုရဲအုပ် ပြုံးချိုက အောင်လံသို့ သွားရောက်ကာ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် အောင်စိန်တို့ လင်မယားကို ဖမ်းဆီးခဲ့သည်။

အောင်စိန်က သူ့မိန်းမ ရွာတွင် ခြံရော၊ ယာနှစ်ကွက်ပါ ဝယ်တောင်ဝယ်ထားပြီးနေလေ ပြီ။ အောင်စိန်က ချဲပေါက်၍ဝယ် တာဟု ငြင်းကွယ်နေသေးသည်။

သူ့မိန်းမကလည်း သူ ဘာမျှမသိကြောင်းကိုသာ ဘူးခါ ငြင်းနေသေးသည်။

ဒုရဲအုပ် ပြုံးချိုက ရဲ စစ်ဆေးရေးနည်းဗျူဟာ ပြောင် မြောက်စွာဖြင့် စစ်ဆေးမေးမြန်း သည်။

"မင်းတို့ ဘယ်လိုပဲ၊ လိမ်ညာနေနေ၊ ဘူးခါပြီး ငြင်း ကွယ်နေနေ၊ ကျော်ကျော်လှက အမှန်ကို ဝန်ခံထွက်ဆိုထားပြီ ကွ။ တရားရုံးမှာလဲ ဖြောင့်ချက် ပေးထားပြီ။ အချိန်ကုန် လူပန်း ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေလဲ အပိုပါပဲကွာ။ အသားကို အနာ မခံချင်ပါနဲ့တော့ကွာ"

"ဘုန်းကြီးကို သတ် တာက သူပါ။ ကျွန်တော်က သူ ခေါ်လို့ မူးမူးနဲ့ လိုက်သွားရတာ ပါ"

အောင်စိန်က အသား နာမည်ဆိုတော့ ကြောက်လန့် သွားကာ ဝန်ခံပါတော့သည်။

ရဲအုပ် သက်မောင်ရွှေ့ သို့ ရောက်သောအခါတွင်လည်း အောင်စိန်ကော သူ့မိန်းမပါ ဝန်ခံ ကြသည်။

ကျော်ကျော်လှ ကို ရွာသို့ သွားရောက်ပြီး၊ ဖမ်းစရာ မလိုဘဲ ပြုံ့ပေါ် ဆိုင်ကယ်ဖြင့် တက်လာပြီး စားသောက်ဆိုင်မှာ ဆက်ရက်မင်း စည်းစိမ်ခံယူနေ ချိန်တွင် ရုတ်တရက် ဖမ်းဆီး လိုက်ခြင်းဖြစ်သည်။

ရဲတွေက ကျော်ကျော် လှကို ဖမ်းဆီးကြတော့၊ သူ့ အပေါင်းအသင်းတွေအားလုံး မှင်တက်မိကုန်ကြသည်။ ကျော် ကျော်လှက အရက်မူးမူးဖြင့် ရဲ တပ်ဖွဲ့ဝင်တွေကို ကိုယ်ထိလက် ရောက် တုံ့ပြန်ကြရာ၊ နယ်ထိန်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကိုယ်ခံ ပ ညာ ကျွမ်းကျင်စွာဖြင့်သူ့ဝမ်းဗိုက် ကို ဘယ်ဗိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ လဲကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ အသံပင် မထွက်နိုင်တော့ဘဲ ပျော့ခွေသွားသည်။

ကျော်ကျော်လှကို ရဲအချုပ်ခန်းထဲတွင် ထည့်ထားပြီး သူသက်သာသွားမှ ရှေးဦးစွာ သူ့ကို အချုပ်ခန်းထဲမှထုတ်ကာ ရဲအုပ်သက်မောင်က စတင် စစ်ဆေးသည်။ ကျော်ကျော်လှက ပြောင်ပင် ငြင်းဆန်နေသည့်အပြင် မထိမဲ့မြင် ကလန်ကဆန် ပြန်ပြောနေသေးသည်။

"ခင်ဗျားတို့ ကျွန်တော့်ကို မတရားစွပ်စွဲနေကြတာ၊ လုပ်ကြံအမှုဆင် ဖမ်းဆီးတာ၊ တရားခံအစစ်ကို မမိတာကြောင့် ရဲတွေ နာမည်ပျက်နေတာကို နာမည်ကောင်း ယူချင်လို့ ရဲကျင့်ရဲကြံကြံကြတာ"

"ဖြန်း ‥ အင့် ‥ အား ‥ ဝုန်း ‥"

အခန်းထဲမှာ ဝုန်းဒိုင်းကြဲ၊ ပြိုလဲကုန်ကြသည်။ နယ်ထန်းဒုရဲအုပ် ပြုံးချိုက၊ နာမည်ကသာပြုံးချို၊ လူက မပြုံးချိုနိုင်တော့ဘဲ၊ ကျော်ကျော်လှ စကားကို နားကြားပြင်းကတ် နားခါးလွန်းလှစွာဖြင့် ကျော်ကျော်လှ၏ နားရင်းကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်ရာ ကျော်ကျော်လှရော ထိုင်ခုံပါလဲကျသွားလေတော့သည်။

"ဟေ့ကောင် ခွေးပါးစပ်က လူလို ဟစ်မနေနဲ့ကွ။ မင်း လည်ပင်းကို ကြိုးကွင်းစွပ်စေရမယ်"

"ကိုပြုံးချို ‥ စိတ်ကို ထိန်းပါဗျာ"

"ခွေးထက် မိုက်တဲ့ကောင်က ရဲတပ်ဖွဲ့ကို စော်ကားလွန်းလို့ပါ ဗိုလ်ကြီးရာ"

"မူးနေတဲ့ ကောင်၊ ဘုန်းကြီးကိုတောင် လူစိတ်မရှိလို့ လုယက်သတ်ဖြတ်တဲ့ကောင်၊ တိရစ္ဆာန်နဲ့ဖက်ပြီး လက်အနာခံမနေစမ်းပါနဲ့ဗျာ၊ ရဲ သိက္ခာကျတယ်"

"ခင်ဗျားတို့က ကျွန်တော့်ကို လုယက်သတ်ဖြတ်ပါတယ်လို့ ပြောရအောင် ဘာသက်သေအထောက်အထား ရှိလို့လဲ"

"တော်တော် လာသေးတဲ့ကောင်ပါလား၊ ကဲ ပြောနေကြာတယ်ကွာ။ ဟို လင်မယားကို ခေါ်ခဲ့စမ်း"

ရဲအုပ် သက်မောင်က အောင်စိန်တို့ လင်မယားကို အခေါ်ခိုင်းလိုက်ရာ ရဲအုပ် သက်မောင်ရှေ့သို့ အောင်စိန်တို့ လင်မယား ရောက်လာကြသည်။

အောင်စိန်တို့ လင်မယားကို မြင်တွေ့လိုက်ရပါက ကျော်ကျော်လှ မျက်နှာအမူအရာ ပျက်ကာ၊ ပြစ်မှုကို ဝန်ခံတော့မည်ဟု ရဲအုပ်သက်မောင်တို့ ထင်မြင်မျှော်လင့်ထားခဲ့သမျှပါ စင်အောင် လွဲချော်သွားကြသည်။

ကျော်ကျော်လှ က အောင်စိန်တို့ လင်မယားကို တစ်ချက်စိုက်ကြည့်ပြီး သူနှင့် ဘာမျှ မဆိုင်သလို၊ ခပ်တည်တည်ပင် ဣန္ဒြေရနေသည်။

ရဲအုပ် သက်မောင်နှင့် ဒုရဲအုပ်ပြုံးချိုတို့ နှစ်ယောက်၊ တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါကြည့်လိုက်ကြသည်။

ပြီးမှ ရဲအုပ်သက်မောင်က စကားစသည်။

"ဟေ့ကောင် ကျော်ကျော်လှ၊ မင်းနဲ့ အောင်စိန် ဘုန်းကြီးကို လုယက်သတ်ဖြတ်ခဲ့ကြတာကို အောင်စိန်တို့ လင်မယားက ဝန်ခံဖြောင့်ချက်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မင်း ဘာပြင်းချင်သေးလဲ''

''သူတို့ ဝန်ခံကြတာနဲ့ ကျွန်တော်က တရားခံဖြစ်ရမှာလားဗျ။ သူတို့လင်မယားက သူတို့ဟာသူတို့ ပြစ်မှုကျူးလွန်ကြတာကို ကျွန်တော့်ကို ဆွဲထည့်လို့ ဘယ်မှာရမှာလဲ။ အဲဒီလို ရှိုးရှိုစတမ်းဆိုရင် ခင်ဗျားတို့ အချုပ်ခန်းတွေဆံ့မှာတောင် မဟုတ်တော့ဘူး။ တစ်ဦးကို တစ်ဦးက မနာလိုမုန်းတီးတိုင်း မတရားလိမ်ညာပြီး လုပ်ကြံအမှုဆင် ဖမ်းဆီးနေကြရင်း ခင်ဗျားတို့ ရဲတပ်ဖွဲ့ဝင်တွေ ဒီလောက်အင်အားနဲ့ မရဘူး။ အင်အားတိုးထားကြပေတော့။ အချုပ်ခန်းတွေ ထောင်တွေ တိုးချဲ့ထားကြပေတော့။ ကမ္ဘာပေါ်မှာ အရာရာဟာ ခေတ်မီနေကြပြီဗျ။ ခေတ်မမီကြသေးတာက ခင်ဗျားတို့ရဲတွေပဲ ကျန်တော့တယ်။ သက်သေ အထောက် အထား မခိုင်လုံဘဲ၊ ကျွန်တော့်ကို ဖမ်းဆီးချုပ်နှောင်ထားလို့ကတော့ ခင်ဗျားတို့ကို အသရေဖျက်မှု မတရား ဖမ်းဆီးချုပ်နှောင်ထားမှုနဲ့အမှု ပြန်ဖွင့်မှာပဲ၊ ကျွန်တော့်လို ခေတ်ပညာတတ်ကို လာထိလို့ကတော့ မြွေပွေးကို ထိမိတာထက် အထိနာသွားမယ်မှတ်''

ဒုရဲအုပ် ပြုံးချိုက လက်လှုပ်ရုံရှိသေးသည်။ ရဲအုပ် သက်မောင်က ဖမ်းထိန်းလိုက်ရသည်။

''ဒီကောင် ကြိုးစင်ပေါ်မရောက်ခင်၊ နမူနာခပ်ပြင်းပြင်း ပေးမှ ရတော့မယ် ဗိုလ်ကြီး''

''ထားလိုက်စမ်းပါဗျာ။ သေခါနီးမှာ ကယောင်ကတန်းဖြစ်နေတဲ့ အရူးကောင်ပါ။ ကျွန်တော် ... ဒီကောင့်ပါးစပ် ပိတ်သွားအောင် လုပ်ပြပါ့မယ်။ ဟော့ကောင် ကျော်ကျော်လှ (၁၀) တန်းနှစ်ခါကျ၊ အလုပ်လက်မဲ့၊ လယ်ရာပြန်စား၊ အသောက်သမား၊ လောင်းကစားသမား၊ မင်းကများ၊ မင်းကိုယ်မင်း ပညာတတ်တဲ့။ ဘာပညာတတ်လဲ။ သောက်တတ်တာ၊ ဖဲရိုက်တတ်တာ၊ လိမ်ညာစားတတ်တာတွေဟာ မင်းရဲ့ပညာတွေလား။ အယုတ်တမာ ယုတ်ညံ့တဲ့ အတတ်တွေကြောင့်ပဲ အခုလို ရက်စက်ယုတ်မာတဲ့ အကျင့်ကို မင်း ကျင့်ကြံကျူးလွန်ခဲ့တာပဲမဟုတ်လား။ တို့ရဲတပ်ဖွဲ့က တကယ်ကျူးလွန်တဲ့ တရားခံ(၁၀)ယောက် လွှတ်ချင်လွှတ်သွားပါစေ။ အပြစ်မဲ့တဲ့ ပြည်သူတစ်ယောက်ကို ဘယ်တော့မှ ဥပဒေမဲ့ လက်လွှတ်စပယ်မဖမ်းဘူး မချုပ်နှောင်ဘူးကွ—

''မင်းကများ ခွေးပါးစပ်က လူလိုဟစ်ရတယ်လို့ကွာ။ မင်းစကားနဲ့ပဲ မင်းကို ပြောရဦးမယ်။ ဒီမှာ နားထောင်ကြည့်''

ရဲအုပ် သက်မောင်က အသံဖမ်းစက်ကို ဖွင့်ပြလိုက်ရာ၊ စားသောက်ဆိုင်ထဲမှ ဆူညံသံများကြားမှ ကျော်ကျော်လှ အသံကတိုးညင်းစွာထွက်လာသည်။

''ကိုစိန်၊ ခင်ဗျားနဲ့ ကျွန်တော်ဆင်ထားတဲ့ ခွင်ထဲပင်သွားတယ်မဟုတ်လား။ ခင်ဗျားကို ရဲတွေ သံသယ မဝင်အောင် လင်မယားချင်း အရက်မူးပြီး ရန်ဖြစ်ချင်ယောင်ဆောင်၊ အချုပ်ထဲ ခဏနေ၊ ပြန်ထွက်လာတာနဲ့ ခင်ဗျား ရွာကအပြီးလစ်သွားဖို့ စီစဉ်ထားတာ၊ အောင်မြင်ပြီ။ နှုတ်မဖွာနဲ့။ နှုတ်လုံပါစေ၊ နှုတ်ဖွာ နှုတ်မလုံလို့ကတော့ ဘုန်းကြီးကို ကျွန်တော်ဘယ်လို သတ်ခဲ့သလဲ ရက်စက်ဖို့ဝန်မလေးဘူး ဆိုတာ ခင်ဗျား အမြင်ပဲ။ ခင်



www.burmeseclassic.com

www.burmeseclassic.com



များအတွက် ဝေစုတစ်ဝက်ကို ခင်ဗျား မိန်းမကို ပေးလိုက်ပြီ။ ဟိုမှာပဲ အခြေချနေပေတော့။ အခုလဲ အပြန်စရိတ် ကျွန်တော် ပေးလိုက်မယ်''

''ငါ့ကို ယုံပါ ကျော်ကျော်လှရာ၊ ငါ နှုတ်လုံပါမယ် ကွာ။ မင်းကျေးဇူးကို ငါတစ်သက်မမေ့ပါဘူး''

ရဲအုပ် သက်မောင်က အသံဖမ်းစက်ကို ပိတ်လိုက်ရာ၊ ဒီတစ်ခါတော့ ကျော်ကျော်လှ လင်းတကြီး လည်လိမ်ကျသွားလသို ခေါင်းငိုက်စိုက်ကျသွားလေသည်။

အောင်စိန်က တရားရုံးတွင် အသေးစိတ်ဖြောင့်ချက်ပေးသည်။

''ကျော်ကျော်လှက ဖဲကြွေးပေးဆပ်ဖို့ ငွေရှာဖို့ ကြံရွယ်နေတုန်းမှာ သူ့အဖေက သိမ်ဆောက်ဖို့ ဘုန်းကြီးဆီမှာ သိန်း (၄၀)ကျော်ရှိတယ်လို့ မိသားစုထမင်းဝိုင်းမှာ ပြောနေတာကို အိပ်ခန်းထဲမှာငြိမ်ပြီး နားထောင်နေတဲ့ ကျော်ကျော်လှက ကြားကြားချင်း ကျွန်တော့်ကို လာတိုင်ပင်ပါတယ်။ ကျွန်တော်ကလဲ အ

# တံခါးဖွင့်ပေးလို့ ကျောင်းဆောင်ထဲရောက်တာနဲ့ ကျော်ကျော်လှက ကြေးစည်ထုတဲ့ ထုနဲ့ဘုန်းကြီးရဲ့ ဦးခေါင်းကို ရိုက်ချလိုက်ပါတယ်။

စကတော့ ငြင်းပယ်ခဲ့ပါတယ်။ သူက ကျွန်တော့်ကို အရက်တိုက်ပြီး ရဲဆေးတင်ပေးပါတယ်။ ဘုန်းကြီးရဲ့သားချင်း ကပ္ပိယလေးကလဲ ရွာပြန်ချိန်မို့ ဘုန်းကြီး တစ်ပါးတည်းရှိနေတဲ့ ည (၁၀)နာရီလောက်မှ ကျွန်တော်တို့ နှစ်ယောက် ဘုန်းကြီးကျောင်းကို သွားခဲ့ကြပါတယ်။ ဘုန်းကြီးကို သူ့အဖေ ဦးကျော်ဇောက ဝတ္ထုငွေ အပ်နိုင်းလိုက်တာပါလို့ လိမ်ညာပြောတော့ ဘုန်းကြီးကလဲ ဒကာရင်း ဦးကျော်ဇောရဲ့ သားမို့ စိတ်ချပြီး တံခါးဖွင့်ပေး ခဲ့ပါတယ်--

''တံခါး ဖွင့်ပေးလို့ ကျောင်းဆောင်ထဲ ရောက်တာနဲ့ ကျော်ကျော်လှက ကြေးစည်ထုတဲ့ ထုနဲ့ဘုန်းကြီးရဲ့ ဦးခေါင်းကို ရိုက်ချလိုက်ပါတယ်။ သတိလစ်သွားတဲ့ ဘုန်းကြီးကို ကျောင်းမှာ အဆင်သင့်တွေ့တဲ့ နိုင်လွန်ကြိုးနဲ့ပဲ သူကိုယ်တိုင် တုပ်နှောင်ခဲ့ပါတယ်။ ဘုန်းကြီး သတိရလာတော့ ခြိမ်းခြောက်ပြီး တောင်းခဲ့ပါတယ်။ ဘုန်းကြီးက မရှိဘူး မသိဘူးပြောတာနဲ့ သူက ဓားနဲ့ ထိုးသတ်ခဲ့ပါတယ်။ ဘုန်းကြီးကျိန်းစက်ရာ မွေ့ရာနဲ့ ခေါင်းအုံးတွေကို ဓားနဲ့ခွဲ၊ မွှေနှောက်ရှာခဲ့ကြပါတယ်။ မွေ့ရာရဲ့ ခြေရင်းဘက်က ငွေကျပ်သိန်း(၅၀)ကျော်နဲ့ ရွှေပေါင်း ငွေဒင်္ဂါး (၁၀၀) ရခဲ့ကြပါတယ်။ နောက်ပိုင်း အစီအစဉ်ကတော့ ဗိုလ်ကြီးအသံဖမ်းထားတဲ့ အတိုင်းပါပဲ''

ကျော်ကျော်လှလည်း မနေသာတော့ဘဲ ဖြောင့်ချက် ပေးခဲ့ရပါတော့သည်။ အဓိက



www.burmeseclassic.com

www.burmeseclassic.com



တရားခံက ကျော်ကျော်လှဖြစ်ပြီး ကြံရာပါက အောင်စိန်တို့ လင်မယားဖြစ်ခဲ့ကြသည်။ တရားရုံးသို့ အမှုကို ခိုင်လုံပြည့်စုံစွာ တည်ဆောက်ပြီး တရားစွဲဆို တင်ပြပို့ခဲ့ရာ တရားခံများအားလုံး ထိုက်တန်သည့် ပြစ်ဒဏ်ကို ကျခံသွားကြရလေသည်။

"ဗိုလ်ကြီး ကျွန်တော်သိချင်တာလေးကို ရှင်းပြပါဦး"

"ဘာကို သိချင်တာလဲဗျာ"

ရဲအုပ် သက်မောင်ကို ဒုရဲအုပ် ပြုံးချိုက သူ့ရင်ထဲမှာ တအုံအုံနွေးနွေး သိချင်နေသည်ကို မရမက မေးနေလေသည်။ ရဲ အုပ်သက်မောင်ကလည်း ဒုရဲအုပ်ပြုံးချိုကို ပညာမျှဝေပေးချင်နေတာကြောင့် မသိချင်ယောင်ဆောင်ပြီး မှုခင်းပဟေဠိ လုပ်နေသည်။

ဒုရဲအုပ် ပြုံးချိုက သိချင်လွန်းသောကြောင့် ထပ်မံ၍ အစဖော်ကာ ပြန်လည်မေးမြန်းရသည်။

"ကျော်ကျော်လှနဲ့ အောင်စိန်တို့ရဲ့ ဆက်စပ်မှု သတင်းရယ်၊ အခုလို အသံဖမ်းနိုင်အောင်ရယ်၊ ဘယ်လိုစီစဉ်ထားသလဲဆိုတာကိုပါ"

"နံပါတ်တစ် အချက်က အမာခံသတင်းပေး အမွှေးကောင်းဖို့လိုတယ်ဗျ။ အဲဒီ အမာခံသတင်းပေးလေးက အခု ရဲအတတ် သင်တန်းကျောင်းရောက်သွားပြီ။ ခင်ဗျား သိနေပါတယ်။ ရဲစခန်းဘေးက မုန့်ဟင်းခါးသည် ဒေါ်မြရဲ့ သားဇော်ဇော်လေဗျာ"

"ဩော် သိပြီ၊ သိပြီ။ ဒီကောင်က ၁၀ တန်းအောင်ပြီး စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေတာလေ"

"အေး ႏႏ ဟုတ်တယ်။ ဇော်ဇော်က စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်နေရင်းက စားသောက်ဆိုင်မှာ လာနေကျ၊ ကျော်ကျော်လှနဲ့ အဖွဲ့ကျသွားကြရင်းက ရင်းနှီးကျွမ်းဝင် သွားကြပြီး ကျော်ကျော်လှရဲ့ အတွင်းရေးတွေ၊ ဖဲရှုံးနိုင်တာကအစ သိနေခဲ့တယ်။ ကျွန်တော်က ရွာခံသတင်းပေးရဲ့ စကားအရ မြို့ခံသတင်းပေးအဖြစ် ဇော်ဇော်ကို မွေးလိုက်တာ သဲလွန်စတွေရလာတာပေါ့ဗျာ။ ဇော်ဇော်ကလဲ ကျော်ကျော်လှလာရင် စပယ်ရှယ်ပြုစု အရေးပေးနေခဲ့တယ်။ တစ်ခါတလေမှာ အောင်စိန်လဲ ပါလာတာ ဇော်ဇော်က သိနေလို့ အောင်စိန်နဲ့တော်တော်လဲ ရင်းနှီးနေကြပြီ"

"နံပါတ်နှစ်အချက်က အောင်စိန့်အညာဘက် ပြန်မယ့်နေ့မှာ ကျွန်တော်က ဇော်ဇော့်ကို အသံဖမ်းစက်ပေးထားပြီး အသံဖမ်းမှတ်တမ်းတင်ခိုင်းခဲ့တယ်"

"ကျော်ကျော်လှရော အောင်စိန်ပါ မူးနေတဲ့အချိန်မှာ တစ်ရှူးပေပါဘူးခွံကို ဖွင့်ထားပြီး အဲဒီအထဲမှာ အသံဖမ်းစက်ကို ထားပြီး အသံဖမ်းထားခဲ့တာပဲဗျ"

"ပိုင်လိုက်လေဆရာ၊ ဆရာ့ပညာကို ချီးကျူးလေးစားပါတယ်"

"ခင်ဗျားတို့လို မျိုးဆက်သစ် ရဲတပ်ဖွဲ့ဝင် လူငယ်တွေ၊ စံနမူနာယူကြပေါ့ဗျာ"

"တန်ဖိုးရှိတဲ့ ပညာမျှဝေ ပေးမှုပါပဲ ဗိုလ်ကြီးရာ။ ကျေးဇူး ကြီးလှပါပေတယ်"

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com



# ဆုငွေချီးမြှင့်မည့် မှုခင်းပဟေဠိ

## အမှတ် (၇၀)အတွက် အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

**မေးခွန်းနံပါတ် (၁)** ဝတ္ထုလေးရဲ့ ခေါင်းစဉ်ကို အနှစ်သာရရှိရှိ ဘယ်လိုပေးရင် ကောင်းမလဲ?

တရားခံကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သဲလွန်စတွေက ဘာတွေလဲ?

သည်မှုခင်းဖြစ်ပေါ်ရခြင်းရဲ့အကြောင်းအရင်းတွေက ဘာတွေလဲ?

ဒီမှုခင်းဝတ္ထုတိုကို ဖတ်ပြီး ဘာတွေ သင်ခန်းစာယူသင့်သလဲ?

---

အဖြေလွှာများကို သီးခြားလျှောက်လွှာဖြင့် ဖြေဆို၍ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းရုံး (အမှတ်၉၆၊ မဟာသုခလမ်း၊ ကျီတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့)သို့ လိပ်မူ၍ (၁၀-၉-၂၀၁၃)နေ့နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် ဖြေဆိုကြရာ၌ အဓိကအချက်ကို လိုတိုရှင်းသာ ဖြေကြပါ။ ကျိုးကြောင်းဖော်ပြချက်ကို ရှည်လျားစွာ ရေးသားထားပါက ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

---

၁။ ဆုငွေရရှိသူများသည် နိုင်ငံသားမှတ်ပုံတင်နှင့်အတူ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းရုံး တည်ရှိရာ နေရာတွင် ကိုယ်တိုင်လာရောက် ထုတ်ယူနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၆၅ ကျပ်တန်

# လူသတ်သမား၏

## သီးခြားဝန်ခံချက်

ရဲရင့်သူရိန် (နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com



## “၆၅ ကျပ်တန် လူသတ်သမား၏ သီးခြားဝန်ခံချက်”

ရဲရင့်သူရိန်-နေပြည်တော်

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များထမ်းဆောင်ရသကဲ့သို့ မှုခင်းမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး မှုခင်းများအား စုံစမ်းဖော်ထုတ် တရားစွဲတင်ရေးလုပ်ငန်းများမှာလည်း မဖြစ်မနေ ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပေသည်။

၁၉၉၀ ခုနှစ်အတွင်း မိုးဦးကာလ အချိန်ပိုင်းလောက်က ဖြစ်သည်။ ရန်ကုန်တိုင်း၊ တွံတေး ရဲစခန်းမှ ဒုရဲအုပ် စိုးအောင်ပါ တပ်ဖွဲ့ဝင် ငါးဦးတို့သည် ရပ်ရွာအေးချမ်းသာယာရေးအတွက် ကျေးရွာစဉ်အလိုက် လှည့်ကင်းတာဝန်ဆောင်ရွက်ခဲ့ကြသည်။ ညနေပိုင်း နေဝင်ရီတရောအချိန် ခြောက်နာရီခန့်၌ ရန်ကြီးအောင်ကျေးရွာသို့ ရောက်ရှိခဲ့ကြပြီး ကျေးရွာလူကြီး ဦးထွန်းမြ အိမ်၌ ခရီးတစ်ထောက်နားခဲ့ကြလေသည်။

ထိုစဉ်မှာပင် ရွာသားတစ်ဦး အပြေးအလွှားရောက်ရှိလာပြီး “အဘဦးထွန်းမြ ... ရွာထိပ်က ဒေါ်နှင်းအုံကို သရဲဝင်စီးနေလို့ ... သူ့ကိုယ်သူလဲ ဒေါ်မယ်မပါလို့ ပြောတယ်။ နောက်ပြီး သူ့ကိုသတ်တာ ခလုတ်ရွာက ဖိုးထောင်လို့ပြောနေတယ်။ သတ်ပြီးနားကပ် ချွတ်ယူသွားတယ်လို့လဲ ပြောတယ်”

ကျွန်ုပ်မှာ လွန်ခဲ့သည့် တစ်ပတ်ခန့်က တွံတေးတောကြီးတန်းမှ မုန့်သည် ဒေါ်မယ်မ အသတ်ခံရမှုကို ချက်ချင်း သတိရသွားမိသည်။ ရွာလူကြီး ဦးထွန်းမြက ကျွန်ုပ်အား—

“ဗိုလ်လေး စိုးအောင် ကျွန်တော်တို့ သွားကြည့်ရင် ကောင်းမယ်ထင်တယ်”

ဟုပြောရာ ကျွန်ုပ်ကလည်း—

“ကောင်းတယ် ဦးထွန်းမြ သွားကြည့်ရအောင်”

ဟု ပြောလိုက်သည်။ ကျွန်ုပ်တို့လည်း ရွာသား၏ ခေါ်ဆောင်ရာသို့ လိုက်ခဲ့ကြရာ ရွာထိပ်ပိုင်း တဲအိမ်တစ်လုံး၏ အပေါက်ဝတွင် မိန်းမတစ်ဦးက—

“ကျွန်မ ဒေါ်မယ်မပါ။ ကျွန်မကို သတ်တာ ဖိုးထောင်ပါ။ နားကပ်လဲ ယူသွားတယ်”

ဟု အော်ဟစ်ပြောဆိုနေသည်ကို တွေ့ရသည်။

တစ်စုံတစ်ဦးက ဝင်စီး၍ ပြောနေသည့် ပုံမျိုးဖြစ်သည်။ ရွာသူရွာသားများမှာလည်း အထူးအဆန်းဖြစ်ကာ ဝိုင်းအုံကြည့်နေကြသည်။

တွံတေး တောကြီးတန်း၌ အသတ်ခံရသူမှာ ဒေါ်မယ်မဖြစ်ပြီး နားကပ်ပါ ယူသွားသည့် အမှုအား ကျွန်ုပ်ကောင်းစွာသိရှိထားသည်။ တောကြီးတန်းနေရာမှာ လူပြတ်သည့်နေရာဖြစ်၍ တရားခံမှာ မုန့်ရောင်းသူ ဒေါ်မယ်မအား သတ်ဖြတ်ပြီး နားကပ်ယူသွားခြင်းဖြစ်သည်။ လူသတ်တရားခံကို စုံစမ်းနေဆဲဖြစ်သည်။

ရွာလူကြီးက ဒေါ်နှင်းအုံအား ဘာသာရေး ကိုင်းရှိုင်းနားလည် တတ်ကျွမ်းသည့် လူကြီးများနှင့် ပြသပြီး ရေစင်ရေမန်းများဖြင့် ပက်ဖျန်းရာ ဒေါ်နှင်းအုံမှာ ပြန်၍သတိရလာသည်။ သူမ ပြောခဲ့သည့် စကားများကိုတော့



www.burmeseclassic.com

www.burmeseclassic.com





ပြန်လည်၍ မမှတ်မိကော့ချေ။ ဘာဖြစ်ဖြစ် ဒီကိစ္စကို ကျွန်ုပ်စိတ်ဝင်စားသွားပြီဖြစ်သည်။ ကျွန်ုပ်က ရွာလူကြီး ဦးထွန်းမြအား လှမ်းပြောလိုက်သည်။

"ဦးထွန်းမြ ကျွန်တော်တို့ ဒီမှာစခန်းမချတော့ဘူး။ ခရီးဆက်ထွက်တော့မယ်"

ကျွန်ုပ်လည်း ဒေါ်နှင်းအုံ ပြောသည့် ခလုပ်ရွာမှ ဖိုးထောင်အား အာရုံစိုက်သွားမိလေပြီ။ ကျွန်ုပ်တို့ အဖွဲ့လည်း လှည့်ကင်း ဆက်လက် ထွက်ခဲ့ကြပြီး ထိုညမှာပင် ခလုပ်ကျေးရွာသို့ ရောက်ရှိခဲ့ကြသည်။

ခလုပ်ရွာ၌ စုံစမ်း မေးမြန်းလိုက်ရာ ဖဲသမား၊ အရက်သမား ဖိုးထောင်အား အသင့်တွေ့ရှိသဖြင့် ရဲစခန်းသို့ခေါ်ဆောင်ခဲ့လေသည်။ စခန်းမှူးထံသို့လည်း ဖြစ်စဉ်အား သတင်းပို့ အစီရင်ခံလိုက်သည်။ ထိုညမှာ ပင် စစ်ကြောရေးအခန်း၌ ဖိုး ထောင်အား စစ်ဆေးမေးမြန်းခဲ့ လေသည်။

"ကဲ ဆိုစမ်းပါဦး ... မင်းက ဒေါ်မယ်မကို ဘာလို့ သတ်ခဲ့တာလဲ"

"ကျွန်တော် အရက် သောက်ဖို့ ပိုက်ဆံလဲမရှိ၊ ဖဲရိုက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲလဲ ပိုက်ဆံလိုနေတာနဲ့ နားကပ်ကိုလုခဲ့တာပါ။ ဒါပေမယ့် မျက်နှာသိဖြစ်နေမှန်း အနားရောက်မှ သိလိုက်တဲ့အတွက် ဓားနဲ့ထိုးသတ်ခဲ့ပါတယ်။ လူတွေ မြင်တွေ့မှာ ကြောက်တဲ့အတွက် နားကပ်ကို ချွတ်ချိန်မရလို့ နားရွက်ဖြတ်ပြီး ယူခဲ့ပါတယ်''

ဖိုးထောင်က ငြင်းကွယ်ခြင်းမရှိဘဲ အဖြစ်မှန်အား ဝန်ခံပြောကြားလေသည်။

''အဖြစ်က ဒီလိုပါ ဆရာ''

နံနက် ခြောက်နာရီ အချိန်ခန့် တွံတေးတောကြီးတန်းရှိ ကုက္ကိုပင်ပေါ်၌ ဖိုးထောင်တစ်ယောက် ဓားမြှောင်တစ်ချောင်းနှင့်စောင့်နေခဲ့သည်။ လမ်းသွားလမ်းလာများလည်း သိပ်မတွေ့ရ လူပြတ်သည့်နေရာသည်းဖြစ်သည်။ ခေတ္တစောင့်ဆိုင်းနေစဉ်မှာပင် မိန်းမတစ်ဦး ဝန်းရွက်၍လာနေသည်ကို တွေ့ရသည်။ ကုက္ကိုပင်ကြီးအောက် အရောက်၌ ဖိုးထောင်မှာ သစ်ပင်ပေါ်မှ ခုန်ချလိုက်သည်။

''အမလေး''

အမျိုးသမီး၏ ယန့်

## အော်သံနှင့်အတူ ဒေါ်မယ်မ လဲကျသွားသည်။ ဖိုးထောင်မှာ ချက်ချင်းပင် ဒေါ်မယ်မ၏ နားနစ်ဖက်အား ဓားဖြင့် ဖြတ်ယူလိုက်သည်။

အော်သံနှင့်အတူ မုန့်ရောင်းသည့် ဗန်းလည်း လွတ်ကျသွားခဲ့သည်။

''ဟာ ဒေါ်မယ်မပါလား''

အံ့အားသင့် သွားသည်။

''ဖိုးထောင် ... နင် ဘာလုပ်တာလဲ''

မထူးတော့ပြီမို့ ဖိုးထောင်မှာ ဒေါ်မယ်မအား ဓားဖြင့် ထိုးလိုက်သည်။

''အင့် ... အား ''

အော်သံနှင့်အတူ ဒေါ်မယ်မ လဲကျသွားသည်။ ဖိုးထောင်မှာ ချက်ချင်းပင် ဒေါ်မယ်မ၏ နားနစ်ဖက်အား ဓားဖြင့် ဖြတ်ယူလိုက်သည်။

တိတ်ဆိတ်သည့် ပတ်ဝန်းကျင်မို့ မည်သူမျှ မသိလိုက်ကြ။ ဖိုးထောင်မှာ သူကျူးလွန်ခဲ့သည့် ပြစ်မှုအား ပြန်လည်ပြောရင်း နောင်တရနေဟန်ရှိသည်။

''ဖိုးထောင် ... မင်း တော်တော်ရက်စက်တဲ့ကောင်ပဲ''

''ဟုတ်ပါတယ် ဆရာ ... ကျွန်တော် မှားခဲ့မိပါတယ်''

ဖိုးထောင်၏ အစစ်ခံချက်အရ ရွှေထည်ပစ္စည်း နားကပ်အား ပြန်လည် သိမ်းဆည်း ရမိခဲ့လေသည်။

''မင်း ... အဲဒီနားကပ် ရောင်းတာ ဘယ်လောက် ရခဲ့လဲ''

''နားကပ်ရောင်းတာ (၆၅)ကျပ် ရခဲ့ပါတယ်ဆရာ''

''မင်းနှယ့်ကွာ၊ (၆၅) ကျပ်နဲ့များ လူ့အသက် တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်း သတ်ပစ်ရတယ်လို့"

ကျွန်ုပ်က မချင့်မရဲပြော လိုက်သည်။

အဆိုပါ အမှုနှင့် ပတ်သက်၍ တရားခံ ဖိုးထောင်အား သက်သေခံပစ္စည်း အထောက် အထားများနှင့်တကွ တရားစွဲ တင်ပို့ခဲ့ပြီး ဖိုးထောင်မှာ တရား ဥပဒေအရ ပြစ်ဒဏ်ကျခံခဲ့ရလေ သည်။

တရားခံ ဖိုးထောင် ထောင်သို့ မသွားမီ ရဲအချုပ်၌ ရှိနေစဉ် ကျွန်ုပ်အချုပ်ရှေ့မှ ဖြတ် သွားစဉ်၌–

"ဆရာ ... ဆရာ"

ဟု လှမ်းခေါ်နေသဖြင့် ကျွန်ုပ်မှ–

"ဘာလဲကွ ဖိုးထောင် ရ"

ဟု မေးလိုက်ရာ ဖိုး ထောင်က–

"ကျွန်တော် မနက်ဖြန် ဆိုရင် ထောင်ကိုသွားရတော့မယ် ဆရာ။ ထောင်မသွားခင် ဆရာ ပြောတဲ့ (၆၅)ကျပ်နဲ့ လူသတ်ရ သလားဆိုတဲ့ မေးခွန်းကို ကျွန် တော် သီးခြားဝန်ခံချက်ပေးချင် လို့ပါ။ အမှုနဲ့တော့ မဆိုင်ပါဘူး ဆရာ"

"မင်း စကားက အ ဆန်းပါလားကွ ဆိုစမ်းပါဦး"

"ဟုတ်ကဲ့ ဆရာ ... တကယ်တော့ ကျွန်တော်က ဒေါ်မယ်မကို သတ်ဖို့ ရည်ရွယ် ချက်မရှိပါဘူး (၆၅)ကျပ်တန် နား ကပ်ကို လိုချင်လို့လဲ မဟုတ်ပါ ဘူး။ ကျွန်တော် တကယ်သတ် ဖို့ ရည်ရွယ်တာက တန်းလျား လေးရွာကျောင်းကို နေ့တိုင်းစာ သွားသင်တဲ့ ကျောင်းဆရာမ တစ်ယောက်ကို သတ်ဖို့ပါ။ အဲဒီ ကျောင်းဆရာမမှာ ရွှေငွေလက် ဝတ်လက်စား အပြည့်အစုံနဲ့ဆို တော့ သူ့ကိုသတ်ပြီး ကျွန်တော် ပစ္စည်းယူမလို့ပါ။ ကျွန်တော်နေ့ တိုင်း ခလရ(၇၀)တပ်ရင်းနဲ့ တန်း လျားလေးရွာသွားတဲ့ လမ်းခု လတ်က ကုက္ကိုပင်ကြီးပေါ်က



www.burmeseclassic.com



စောင့်ကြည့်နေခဲ့ပါတယ်။ ကျွန်တော် စောင့်ကြည့်နေတိုင်း ဆရာမ နောက်က ယောကျ်ား တစ်ယောက် မိန်းမတစ်ယောက် လိုက်လိုက်လာတာတွေ့နေရလို့ သတ်ဖို့ အခွင့်မသာခဲ့ပါဘူး ဆရာ။ နောက်ဆုံးကြံရာမရဖြစ်ပြီး လာတဲ့လူကို သတ်ဖြတ်လုယူခဲ့တာပါ ဆရာ"

"ဒါဆို အဲဒီ ကျောင်းဆရာမ ကံကောင်းသွားတာပေါ့"

"ဟုတ်ပါတယ် ဆရာ ... ကျောင်းဆရာမ ကုသိုလ်ကံပေါ့ ဆရာ"

နောက်တစ်နေ့တွင် ကျွန်ုပ်လည်း စစ်တပ်မှနေ၍ တန်းလျားလေးရွာကျောင်းသို့ သွားသည့် ဆရာမအား စုံစမ်းခဲ့ရာ ဒေါ်ကေသီဆိုသူဖြစ်ပြီး ၎င်းမှာ ဘာသာတရား ယုံကြည်ကိုင်းရှိုင်းသူဖြစ်ကြောင်းသိရှိရလေသည်။

ကံတရားကား ဆန်းကြယ်လှပေစွ။ ကုသိုလ်တံရားဏ်ဖေးမမှုကြောင့် ဆရာမ ဒေါ်ကေသီမှာ အသက်အန္တရာယ်မှ ကင်းဝေးခဲ့ခြင်းဖြစ် ပေလိမ့်မည်။

ကျွန်ုပ်လည်း ဆရာမ ဒေါ်ကေသီနှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ဒေါ်ကေသီကနေ့စဉ်ကျောင်းသို့သွားသည်မှာမှန်ကန်ကြောင်း။ ၎င်းတစ်ဦးတည်းသာ သွားခြင်းဖြစ်ပြီး ၎င်းနောက်မှ မည်သူမှ လိုက်ပါခြင်းမရှိကြောင်း သိရှိခဲ့ရလေသည်။

(၆၅)ကျပ်တန် လူသတ်သမား၏ သီးခြားဝန်ခံချက်အရ ဆိုလျှင် ဆရာမဒေါ်ကေသီမှာ အသက်အန္တရာယ်မှ ကံကောင်းထောက်မစွာ ကင်းလွတ်ခဲ့လေသည်။ ဘာသာတရားအား ကိုင်းရှိုင်း ကြည်ညိုမှု အကျိုးကျေးဇူးများပင် ဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သတ်ဖြတ်ရန် ကြံစည်တိုင်း ဆရာမ၏ နောက်၌ လိုက်လာသည့် အဖော်များကို အမြဲတမ်း မြင်တွေ့ခဲ့ရသည်ဟု ဆိုထားသည် မဟုတ်ပါလော။ တွံတေးတောကြီးတန်း လူသတ်မှုမှ သင်ခန်းစာများရရှိခဲ့လေသည်။ လူခြေတိတ်သည့်နေရာသို့ တစ်ဦးတစ်ယောက်တည်း မသွားသင့်ပေ။ အထူးသဖြင့် မိန်းမသားများအနေဖြင့် ပိုမိုသတိပြုဖွယ်ပင်ဖြစ်သည်။ ထို့ပြင် ရွှေငွေ လက်ဝတ်လက်စားများဖြင့် တစ်ဦးတစ်ယောက်တည်း ခရီးသွားလာခြင်းသည် အချိန်အခါမရွေး အန္တရာယ်ကျရောက်နိုင်ပေသည်။ သို့အတွက် ကာလဒေသ အခြေအနေကို ကြည့်ရှု၍ သတိပြု ဆင်ခြင်သွားလာကြပါဟုသာ သတိပေး ရေးသားလိုက်ရပါသည်။

ရဲရင့်သူရိန် (နေပြည်တော်)

**ကံတရားကား ဆန်းကြယ်လှပေစွ။ ကုသိုလ်တံရား၏ ဖေးမမှုကြောင့် ဆရာမဒေါ်ကေသီမှာ အသက်အန္တရာယ်မှ ကင်းဝေးခဲ့ခြင်း ဖြစ်ပေလိမ့်မည်။**



www.burmeseclassic.com

www.burmeseclassic.com



# အရှုပ်ထုပ်

ဟောင်ဟောင်စိန်လင်း (နတ်မောက်)

www.burmeseclassic.com



"အရှုပ်ထုပ်"

မောင်မောင်စိန်လင်း

(နတ်မောက်)

(၁)

ဘုရင့်နောင်ပွဲရုံ နယ်မြေတွင် လူသိများထင်ရှားသော ပွဲရုံပိုင်ရှင်ကြီး (ဦးမျိုးခိုင်)၏ မွေးနေ့ညစာစားပွဲတွင် ဖြစ်သည်။

"စားကြပါ သောက်ကြပါ။ ဘာမှအားနာ ေ ာ မလိုပါဘူး ရွှေညီအစ်ကိုတွေပဲ ရိုက္ခာအပြည့် လိုလေသေးမရှိ"

"ကဲ ကဲ အဓိက သော့ချက်ကို မွေးနေ့လက်ဆောင်အဖြစ် ဆွေးနွေးချင်တာဗျာ့"

"ပြောပါ ဆွေးနွေးပါ ဆရာကြီး ပဲကျော်ငြိမ်း"

"ဒီလိုပါဗျာ သူ့မွေးနေ့မှာ သူကျွေးတာမွေးတာသောက်ပြီး ဟန့်တားပိတ်ပင်ရတာ အားလဲနာတယ်။ ခင်လဲ ခင်ပါတယ်။ ကျွန်တော်ကတော့ (မကြည်ဖြူ)နဲ့ ယူမှာကို သဘောမတူဘူး။ မယူစေချင်ဘူးဗျာ"

ပဲမျိုးစုံ ပွဲရုံပိုင်ရှင် ဦးကျော်ငြိမ်းက သူ၏သဘောထားဆန္ဒကို ထုတ်ဖော်တင်ပြသည်။

"ဟာ ဆရာကလဲ ခုမှ ကိုမျိုးက အသက် (၅၀)ကျော်ပဲ ရှိသေးတာ။ သူ့မှာ လူ့အခွင့်အရေးတွေ အများကြီးရှိသေးတယ်လေ"

ကြက်သွန်ဖြူ ကြက်သွန်နီပွဲရုံပိုင်ရှင် ဦးခင်မောင်လေးက ပဲမျိုးစုံပွဲရုံပိုင်ရှင် (ပဲ ကျော်ငြိမ်း) ဦးကျော်ငြိမ်း၏ ကန့်ကွက်ချက်ကို ဆန့်ကျင်ပြီး ထောက်ခံလိုက်လေသည်။

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် သူ့မှာ သားသမီးလေးယောက် ရှိတယ်လေ။ ကလေးတွေ မျက်နှာငယ်ရမယ်။ မိထွေးဆိုတာ ဂေါတမီကလွဲရင် ဘယ်မိထွေးမှ မကောင်းဘူးဗျာ"

ပဲ ကျော်ငြိမ်းကလည်း ၎င်း၏ကန့်ကွက်ချက်ကို ထပ်ဆင့်တင်ပြ ကန့်ကွက်သည်။ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ပွဲရုံပိုင်ရှင်ကြီးများက ထင်ရှားကျော်ကြားသော (ဦးမျိုးခိုင်)၏ မွေးနေ့ပွဲမှာ ဆီပွဲရုံ၊ ဆန်ပွဲရုံ၊ ဆားပွဲရုံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငြုပ်ငါးခြောက်ပွဲရုံပိုင်ရှင်ကြီးများ စုံလင်လှသည်။ ကျွေးမွေးညှော်ခံသော ယမကာများ၊ အမြည်းများ၊ စားဖွယ်များလည်း စုံလှသည်။ မုဆိုးဖို ကိုမျိုးခိုင်၏ အိမ်ထောင်ပြုသင့် မပြုသင့်ပြဿနာကို ပွဲစားကြီးများ၏ စားသောက်ဝိုင်းတွင် ဝိုင်းပြီး ဝေဖန်ဆွေးနွေးနေကြခြင်း ဖြစ်သည်။ ညီ အစ်ကိုများကဲ့သို့ ချစ်ခင်ကြသူများဖြစ်ကြ၍ မိသားစုစိတ်ဓာတ်ဖြင့် ဝေဖန်၊ လေကန် ဆွေးနွေးနေကြခြင်း ဖြစ်ပေသည်။

"ဒီလို ရှိတယ်ဗျာ ဒီကနေ့ အခြေအနေမှာ သမီးရည်းစားတစ်ဝမ်းကွဲတို့၊ လင်မယားတစ်ဝမ်းကွဲတို့၊ လစ်ဗင်းတူဂဲသားတို့ ခေတ်စားနေတဲ့အချိန် ဖြစ်တယ်။ ပုတ်နံ့ခြင်းနဲ့ လျှောင်ထားဖို့ မလိုတော့ပါဘူးဗျာ"

ကြက်ကြီးခေါ် ကြက်သွန်ဖြူ၊ နီ ပွဲရုံပိုင်ရှင် ဦးစွန်ရှူးကလည်း သူ၏ဆန္ဒသဘောထားကို တင်ပြသည်။

"ဟုတ်တယ်ဗျာ သူ့အကျိုး၊ ကိုယ့်အကျိုးမျှတတာ အတ္တဟိတ၊ ပရဟိတပဲ။ ဒါပေမယ့် လမ်းခေါ်ပျော်မှည့်ဆိုတာမျိုးတော့ မဖြစ်ဖို့လိုတယ်"

ဆီပွဲရုံပိုင်ရှင် ဦးတင်အောင်(အောင်လံ)ကလည်း အပြုသဘောဆန္ဒကို ထုတ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ကင်ပြသည်။

နောက်ထပ် အိမ်ထောင်ပြုလိုသော မုဆိုးဖို ဦးမျိုးခိုင်အား ဟန့်ထားပိတ်ပင်မှု၊ အိမ်ထောင်မပြုဖို့ တားဆီးသူများဘက်မှ ဆန္ဒမဲသာသောကြောင့် အိမ်ထောင်ပြုရန် စိတ်ကူးများ ပျက်ပြားသွားခဲ့ရလေပြီ။ သားသမီးများလည်း ဝမ်းသာအားရ ဖြစ်ကြရလေသည်။ သီရိဂေဟာ၊ သီရိဂေဟာ။

(၂)

သောကြာ၊ စနေ၊ တနင်္ဂနွေ (၃) ရက်ဆက်တိုက် ရုံးပိတ်ရက်ဆိုသော စနေနေ့ညနေ (၅)နာရီခန့်တွင် ဖြစ်သည်။ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ပိုင်ရှင်များ၊ ပွဲစားကြီးများ၊ အပေါင်းအသင်းရောင်းရင်းများ ဆုံစည်းနေကျ "ယမင်းဘီယာဆိုင်ကြီး" တွင် ဝိုင်းတော်သားများ အပန်းတော်ဖြေနေကြသည်။ ဟို အကြောင်း၊ ဒီအကြောင်း၊ အနှီကြောင်း၊ သန်ရာ သန်ရာ ဆွေးနွေးကြသည်။ သဘောထားအမြင်ချင်း ဖလှယ်နေကြသည်။

ပဲကျော်ငြိမ်းသည် သူ၏ ပရာဒိုကားကြီးဖြင့် ရောက်ရှိလာသည်။ ကားပေါ်တွင် ဘော့စ်နှစ်ဦးလည်း ပါလာသည်။ အနည်းငယ် ထွေလာကြသည်။

"ကဲ ဆရာတို့ ကျွန်တော်တို့ ငယ်ချစ်ဟောင်းကို အောက်မေ့တဲ့ ခံစားချက်၊ ငယ်စဉ်ဘဝခံစားခဲ့ရမှုတွေကို ပြန်လည် ခံစားစေလိုတဲ့အနေနဲ့ ကာရာအိုကေ မြန်မာသံစဉ် သီချင်းသည်မလေးတွေရဲ့ သီဆိုမှုကို သွားပြီး ခံစားကြမယ်"

"ဒကာခံမယ့် သခင်ကြီး ဆန်ပွဲရုံဘော့စ် ကိုအောင်ကျော်ထူးနှင့် ပဲကျော်ငြိမ်းတို့က အပေါင်းအသင်းရောင်းရင်းများနှင့် ဝါသနာချင်း တူသူတို့ကို ဖိတ်ခေါ်သည်။

"ဆရာ ကျွန်တော်တို့ ကိုယ်တိုင် ဆိုလို့မရဘူးလား ဆရာ"

ဝါသနာရှင် ငါးခြောက်ပွဲရုံပိုင်ရှင် ဖိုးဆိုချင် ခင်မောင်ညွန့်က စူးစမ်းလိုက်သည်။

"စုံတွဲ ဆိုချင်တဲ့သူတွေကတော့ အဲဒီက သီချင်းသည်မလေးတွေကို အဖော်ရှာပြီး ဆိုလို့ရပါတယ်"

"ကဲ ဝါသနာပါသူတွေ ကားပေါ်တက်"

ပဲကျော်ငြိမ်း အပေါင်းအသင်းရောင်းရင်း ဘုရင့်နောင်ပွဲရုံပိုင်ရှင်များသည် ဂီတရသ ခံစားကြရန်အတွက် (အလှတစ်ရာ အပြုံးတစ်ရာ စင်တင်တေးဂီတနှင့် စားသောက်ဆိုင်ကြီး) သို့ တစ်ညတာ အနားယူ အပန်းဖြေရန် သွားရောက်ကြလေသည်။

ကုက္ကိုပင်ကြီးများ၊ တောင်ထန်းပင်ကြီးများတွင် မီးရောင်စုံ ခြယ်ထားသော ခြံကြီးအတွင်းသို့ ကားရောက်ရှိလာသည်နှင့်–

"ဒီမှာ ရပ်ပါ ဆရာ"

"ကြွပါ ဆရာ ကြွပါ"

ကားပါကင် စီစဉ်ပေးသူကပေး၊ ဖိတ်မန္တကပြုသူကပြုဖြင့် လိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ကြသည်မှာ လူကုံထံတို့၏ မင်္ဂလာ အခမ်းအနားကြီးကဲ့သို့ပင်။

"ဘာသုံးဆောင်ကြမလဲ ဆရာ"

"လောလောဆယ် ဘီယာတစ်ဂျား၊ ဘလက်လေဘယ်တစ်သုံး၊ ဆော်ဒါ၊ ရေခဲ၊ ကြက်ကြွပ်ကြော်၊ ဆိတ် ကြွပ်



www.burmeseclassic.com

www.burmeseclassic.com





ကြော် ပေးကွာ''

ဘုရင့်နောင် ပွဲရုံနယ်မြေသားတွေက မြန်မာသံစဉ်၊ မြန်မာတေးဂီတများကို သာယာနာပျော်ဖွယ် ခံစားလိုကြသောကြောင့် လာရောက်ခံစားအားပေးကြတာ ဖြစ်ကြောင်း၊ သီချင်းသည်မလေးများထံ ဆက်သွယ်ပြီး ကိုယ်ကြိုက်ရာ၊ ကိုယ်ပိုင်ရာ သီချင်းများကို တစ်ယောက်ပြီး တစ်ယောက် ခံစားချက်အမှုအရာဖြင့် သီဆိုကြသည်။

ခံစားချက်၊ ရင်တွင်းဖြစ်သဒ္ဓါ၊ ပီတိ၊ ဂွမ်းဆီထိ ခံစားရသော ပွဲရုံပိုင်ရှင်များသည် မိမိကြိုက်ရာ ရွေးချယ်ပြီး၊ ပန်းကုံးများစွပ်ပြီး ဆုချကြသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။ သီချင်းသည်မလေးများ၊ အဆိုတော်မလေးများကလည်း မိတ်ဆက်စာ၊ နာမည်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပေးကြသည်။ဝါသနာအိုးကြီးများကလည်း လိပ်စာကတ်များ ပေးကြသည်။

ဂီတ၊ ရသခံစားကြသော ဆရာများအနက်မှ ကိုယ်တိုင်သီဆိုတတ်သူများကလည်း စုံတွဲသီချင်းများကို တစ်တွဲပြီး တစ်တွဲ ဆိုကြသည်။ ကကြသည်။ ငယ်ကအချစ် အနုစိတ်တစ်ရာမမေ့သာကဲ့သို့ ချင်ခင်ရင်းနှီးခဲ့ကြသည်။

●●●●●

(၃)

''ဟယ်လို အမိန့်ရှိပါ ကျွန်တော် ဦးမျိုးခိုင်ပါ''

''သမီး စုစုစံပါ သတိရလို့၊ သူများလက်ဦးသွားမှာစိုးလို့ ဖုန်းဆက်တာပါ ဦး''

''ဦးလဲ စုစုစံကို ခင်ပါတယ်။ ဦးက တစ်ယောက်ဆိုတစ်ယောက်၊ ပိတောက်ဆို ပိတောက်ပါ''

''ဝမ်းသာပါတယ် ဦး''

ဦးမျိုးခိုင်နှင့် သီချင်းသည်မလေး စုစုစံတို့ နှလုံးသားရစ်ပတ်မှုများ ရှိနေကြလေပြီ။

''ဟုတ်ကဲ့ ပြောပါဦး သမီးက ဦးအတွက်ဆိုရင် စနေလဲအားတယ်၊ တနင်္ဂနွေလဲ အားတယ်။ ခုနစ်ရက်လုံး အဆင်သင့်ပဲဟေ့ဆိုသလိုပါပဲ ဦးရယ်''

စင်တင်တေးဂီတမှ သီချင်းသည်မလေး စုစုစံနှင့် ဘုရင့်နောင်က ဘော့စ် ဦးမျိုးခိုင်တို့ကား သမီးရည်းစား တစ်ဝမ်းကွဲဖြစ်နေကြပြီ ဖြစ်လေသည်။ ပုရိသယောက်ျားတို့အား ဖမ်းစားတတ်သော စုစုစံနှင့် မုဆိုးဖို ဦးမျိုးခိုင်တို့သည် (ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုး)ဆိုသကဲ့သို့ တဏှာလမ်းသို့ လျှောက်လှမ်းနေကြသူများ ဖြစ်ကြလေသည်။

"ဟယ်လို ပြောပါ ခင်ဗျာ"

"ဪ စုစံလား၊

**"ဪ စုစံလား၊ အတော်ပဲ မနက်ဖြန် (၁၀) နာရီ မင်္ဂလာသန်းမြင့် ဆိုင်ရှေ့လာခဲ့၊ မှတ်ပုံတင်လည်း ယူလာခဲ့၊ ဓာတ်ပုံနှစ်ပုံရိုက်ခဲ့၊ စုစံအတွက် ငါးသိန်းတန်ဖုန်း ဝယ်ပေးမလို့"**

အတော်ပဲ မနက်ဖြန် (၁၀)နာရီ မင်္ဂလာသန်းမြင့် ဆိုင်ရှေ့လာခဲ့၊ မှတ်ပုံတင်လဲ ယူလာခဲ့၊ ဓာတ်ပုံနှစ်ပုံရိုက်ခဲ့၊ စုစံအတွက် ငါးသိန်းတန်ဖုန်းဝယ်ပေးမလို့"

"ဟုတ်ကဲ့ဦး၊ ဝမ်းသာလိုက်တာဦးရယ်"

ဦးမျိုးခိုင်နှင့် စုစုစံတို့သည် ဟန်းဖုန်းဝယ်ပြီးနောက် ဟိုတယ်တွင် အနားယူအပန်းဖြေနားနေကြလေသည်။ (သောက်လေသောက်လေ ငတ်မပြေ ဆားငံရေသို့တည်း) ဆိုသလို ကိုမျိုးခိုင်နှင့် စုစုစံတို့ တဏှာနွံတွင်း နစ်နေကြလေပြီ။

"ဟယ်လို အမိန့်ရှိပါ"

"ဪ ဦးလား ပြောပါဦး၊ ချောင်းသာလား၊ ငွေဆောင်လား ဦး၊ ဪ ဟုတ်ကဲ့ ဦးသဘောပါ စုစံအဆင်သင့် ပြင်ထားပါ့မယ် ဦး"

စုစုစံ၏ တဏှာညွှတ်ကွင်းတွင် သက်ဆင်းနေသော ဦးမျိုးခိုင်သည် ချောင်းသာကမ်းခြေရှိ ဟိုတယ်ကြီးတစ်ခုတွင် ကာမစည်းစိမ်၊ ဘဝစည်းစိမ် ခံစားလိုက်၊ ပင်လယ်ရေချိုးပြီး ပင်လယ်အစားအစာများ စားလိုက်၊ ပင်လယ်လေကောင်းလေသန့် ရှူရှိုက်ရင်းဖြင့် အနားယူအပန်းဖြေနေကြလေသည်။

(၄)

ဦးမျိုးခိုင်သည် (သားအပေါင်းတို့၏ အသွေးအသားကို ဖော်ထုတ်စားသုံးတတ်သော ရက်စက်ကြမ်းကြုတ် ခက်ထန်သည့် ခြင်္သေ့၌ ခြေလက်လေးဖက်နှုတ်သီးဟူသော လက်နက်ငါးပါးရှိသကဲ့သို့ ထို့အတူ မိန်းမတို့တွင် အဆင်း၊ အနံ့၊ အသံ၊ အရသာ၊ အတွေ့ဟူသော လက်နက်ငါးပါးရှိ၏) ဆိုသော အချက်ကို သတိမရှိ၊ အသိမရှိ။

ဣတ္ထိဝက် – ကျမ်းအလိုအရ

– မိန်းမတို့၏ သဘောသဘာဝသည် ကာမဂုဏ်အာရုံငါးပါးတို့၌ ယောက်ျားတို့ထက် အဆ (၈) ဆသာသည်၏ အဖြစ်ကြောင့် ဆိတ်ကွယ်ရာဝယ် ရောက်ရှိပါက၊ ကာမဂုဏ်အာရုံငါးပါးနှင့် ပတ်သက်၍ ဖောက်ပြန်လွယ်သော သဘောရှိသည်။

– မည်မျှပင် အသက်ကြီးစေကာမူ၊

– မည်မျှပင် သမာဓိ တည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်စေကာမူ။

- ကာမဂုဏ်တို့ဖြင့် ဖြားယောင်သွေးဆောင်ခံရသော် ဖောက်ပြန်လွယ်တတ်သည်။

- ထိုကာမဂုဏ်အားလုံးကို အကြောင်းပြုပြီး၊ ယောက်ျားလင်သားတို့ကို အလွယ်တကူ ဖျက်ဆီးတတ်သည်။ ပျက်စီးစေတတ်သည်။

ဆိုသော အသိတရား၊ သတိတရားများလည်း မေ့ပျောက်နေသည်။ စုစုစံ၏ မိန်းမမာယာသဲကိုးဖြာဖြင့် ဖြားယောင်းထားသည်ဆိုသော အချက်တို့ကိုလည်း သတိမမူ၊ ဂူမမြင် ဆိုသကဲ့သို့ ဖြစ်နေသည်။

"ဦး စုစံမှာ သားအိမ်မှာ အလုံးရှိနေတယ်။ ခွဲစိတ်ကုသရမယ်လို့ ဆရာဝန်က ပြောတယ်ဦး ဒီမှာ ဆေးမှတ်တမ်းစာအုပ်"

"ခွဲဆိုလဲ ခွဲလိုက်ပေါ့ကွာ။ ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ"

"ဆယ်သိန်း၊ ဆယ့်ငါးသိန်းလောက် ကုန်မယ်လို့ ပြောတယ် ဦး"

"ဒါဆိုလဲ ငွေယူသွား၊ ခွဲဖို့စီစဉ်လိုက် စုစံ။ လိုအပ်တာရှိရင် ဖုန်းဆက်"

စုစုစံသည် ဦးမျိုးခိုင်ထံမှ ငွေတစ်ဆယ့်ငါးသိန်းပိုက်ကာ ပြန်ခဲ့လေသည်။

(၁၅) ရက်ခန့် ကြာသော်

"ဦး သမီး စုစံပါ။ မော်လမြိုင်မှာနေတဲ့ အမေအသည်းအသန်ဖြစ်လို့ ဆေးရုံတင်ရတယ်။ ဆေးရုံမှာ ဆုံးသွားတယ်။ အသုဘလဲ ချပြီးခဲ့ပါပြီ။ ဒါကြောင့် ဦးပေးထားတဲ့ ဆယ့်ငါးသိန်းကုန်သွားပြီ။ အလုံးကိုလဲ မခွဲရသေးဘူး။ ဒါကြောင့် နောက်ထပ် ဆယ့်ငါးသိန်းလောက် ထပ်ပေးပါဦး ဦး"

"ငါ မတတ်နိုင်တော့ဘူး၊ မပေးနိုင်တော့ဘူး။ နင့်ဟာနင် ခွဲချင်ခွဲ၊ မခွဲချင်နေ ငါ့ဆီ ဖုန်းလဲ မဆက်နဲ့တော့ လာပြီးလဲ မတွေ့နဲ့တော့ နင့်ကို မုန်းလိုက်ပြီ"

ဦးမျိုးခိုင်သည် စုစုစံအပေါ် အယုံအကြည် မရှိတော့။ လိမ်စားနေမှန်း သူသိသွားပြီ။

အမှန်အားဖြင့် စုစုစံ၏ မိခင်ကွယ်လွန်သွားခဲ့သည်မှာ ငါးနှစ်ရှိခဲ့ပြီ။ လိမ်ပြီး အကြောင်းအမျိုးမျိုးပြပြီး ငွေချူနေခြင်းဖြစ်သည်ဆိုသော အချက်ကို အတွင်းသိ၊ အစင်းသိ၊ စင်တင် စားသောက်ဆိုင်ကြီးမှ ဝန်ထမ်းလေးများ၊ အခြားမိန်းကလေးများပြောပြတော့မှ သိရခြင်းဖြစ်သည်။

●●●●●

(၅)

"တီး တောင် တီးတောင်"

"ဒါ ဦးမျိုးခိုင်တို့ အိမ်ပါလား ခင်ဗျား"

"ဟုတ်ပါတယ် ကျွန်တော် ဦးမျိုးခိုင်ပါ"

"ကျွန်တော် သမ္မန်စာလုလင်ပါ။ သမ္မန်စာလာပေးတာပါ။ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးပါခင်ဗျာ"

ဦးမျိုးခိုင်သည် တရားရုံးမှ ဆင့်ခေါ်သော စာကိုဖတ်ကြည့်လိုက်သည်။ စုစုစံဆိုသော မိန်းကလေးက ပြစ်မှုပုဒ်မ ၄၁၇ အရ ကာမကို လိမ်လည်လှည့်ဖြား ရယူမှုအတွက်ဆိုပြီး တရားစွဲဆိုခြင်း ဖြစ်သည်။ ဦးမျိုးခိုင်သည် ရှေ့နေစာရေးဆရာ၊ စာရေးဆရာရှေ့နေ အသိုင်းအဝိုင်းဖြစ်သော စိန်ဘရားသား ဥပဒေ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးဆောင် အုပ်စုထံသို့ အပြေးအလွှားသွားပြီး ဦးတိုက်ရလေသည်။

"ဟာ ဘော့စ် ဦးမျိုးနိုင် ကြွပါဗျာ ကြွပါ။ အလာ ထူးပါလား။ ကဲ ဆိုဘာလုပ်ပေးရမလဲ ဆရာ"

"ဟောဒီ သမ္မန်စာကိုသာ ဖတ်ကြည့်ပါတော့ ဆရာတို့ရယ်"

"ဩော်––ဒါ မစိုးရိမ်ပါနဲ့ ဆရာရယ်၊ မိန်းမပေါ့လေး တစ်ယောက်က ဆရာ့ကို ချူစားတာ မရတော့လို့ အမှုစွဲတာပါ။ သူ့အကြောင်း၊ သူ့စရိုက်၊ သူနဲ့ ပျော်ဖူးသူတွေရဲ့ အထောက်အထားတွေနဲ့ ရှင်းလိုက်ရင် ပြီးသွားမှာပါ။ ကျွန်တော့်ကိုလဲ ဝိုင်းကူပေးပါ့မယ် စိတ်အေးအေးထားပါ"

"အားကိုးပါတယ် ဆရာတို့ရယ်၊ အကျိုးဆောင်ခလဲ အများနည်းတူ ပေးပါ့မယ်"

"မလိုပါဘူးဗျာ မလိုပါဘူး၊ ဒါ––ဒါလေးနဲ့ ညှိခံရင် ပြီးတာပဲ ဆရာမျိုးရယ်"

ပြစ်မှုပုဒ်မ ၄၁၇ ပြစ်မှုကြီးမှုအမှတ် (၀၀၇/၂၀၁၂)ကို ရုံးတော်မှ တရားလိုနှင့် သက်သေများ၊ တရားလိုဘက်မှ တင်သွင်းသော အထောက်အထားများ၊ တရားခံနှင့် တရားခံဘက်မှ သက်သေများ၊ အထောက်အထားများကို စစ်ဆေးစွဲချက်တင်ခဲ့ပြီး ဖြစ်သည်။ ရုံးတော်မှ အမိန့်ချရန် ဒုတိယအကြိမ် ချိန်းဆိုခြင်း ဖြစ်၍ ဤရုံးချိန်းတွင် အမိန့်ချဖြစ်လိမ့်မည် ဖြစ်သည်။

တရားခွင် စာရေးက အမှုခေါ်သည်။ တရားလိုနှင့် အကျိုးဆောင်များ၊ တရားခံနှင့် အကျိုးဆောင်များ၊ ရုံးရှေ့ရောက်ရှိနေကြပြီ ဖြစ်သည်။ တရားသူကြီး၊ တရားခွင်သို့ တက်ရောက်လာပြီဖြစ်သည်။

"အမိန့်"

တရားလို၏ ထွက်ဆိုချက်၊ တရားလိုတင်သွင်းသော ညစ်ညမ်း (စီဒီခွေ)၊ ညစ်ညမ်း (ဓာတ်ပုံ)တို့အရနှင့် တရားခံဘက်မှ တင်သွင်းသော အခြားယောက်ျားသားတို့နှင့် ဆက်ဆံသည့် သက်သေခံညစ်ညမ်း (စီဒီခွေ)၊ ညစ်ညမ်း (ဓာတ်ပုံ)များ အရ လည်းကောင်း၊ နှစ်ဖက်သက်သေများ၏ ထွက်ဆိုချက် အရလည်းကောင်း၊ တရားလိုစုစုစံသည် တရားခံနှင့် ဖိုမ၊ ကျားလူးဆက်ဆံမှု ရှိသကဲ့သို့၊ အခြားအခြားသော ပုဂ္ဂိုလ်များဖြင့်လည်း ဖိုမကျားလူးဆက်ဆံမှု ရှိကြောင်း မငြင်းနိုင်ပေ။ တရားလိုနှင့် ငွေကြေးအလို့ငှာ၊ ကျားလူးဆက်ဆံခြင်းဖြစ်ကြောင်း တွေ့ရသည်။ တရားလိုနှင့် တရားခံတို့သည် ကာမေသုမိစ္ဆာစာရက် မထိုက်သော ဆက်ဆံမှုရှိသော်လည်း တရားလိုက ကာမကိုလိမ်လည်လှည့်စားခြင်း၊ မရှိကြောင်း မြင်သာထင်ရှားသည်။ ထို့ကြောင့် တရားခံအား ဤအမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။

"ကာမတဏှာ အရှုပ်ထုပ်တို့ မည်သည်မှာ ကာမတဏှာ ရှိနေသမျှ ဇာတ်ရှုပ်နေကြဦးမည်သာ"

မောင်မောင်စိန်လင်း
(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ထပ်ကွင်း ၃၀၂

**အောင်ရဲကျော်**
**(မှုခင်း)**



www.burmeseclassic.com

www.burmeseclassic.com



## "နှစ်ထပ်ကွမ်း ၃၀၂"

**အောင်ရဲကျော်(မှုခင်း)**

"ဒေါင် ‥ ဒေါင်"

တနင်္သာရီတိုင်း ဒေသကြီး မြိတ်အကျဉ်းထောင်၏ ဗဟိုမျှော်စင်ကြီးမှ ကင်းတာဝန်ကျ အစောင့်တို့၏ သံချောင်းခေါက်သံ နှစ်ချက်က တိတ်ဆိတ် အိပ်မောကျနေသည့် ထောင်ဝန်းကျင် တစ်ခုလုံး ကျယ်လောင်စွာ လွှမ်းမိုးသွားခဲ့တော့သည်။ ညဦးနှစ်နာရီရှိပြီ ဖြစ်သည့်တိုင် အိပ်မပျော်နိုင် ဖြစ်နေသူ ထောင်ကျဆောင်မှ အကျဉ်းသား ဖိုးသံချောင်းမှာ အတွေးဝင်ကပါထဲတွင် ချာချာလည်ရင်း အိပ်မပျော်နိုင် ဖြစ်နေခဲ့ရပေမယ့် အကျဉ်းထောင်၏ စည်းကမ်းချက်များကို လိုက်နာခဲ့ရသူ ဖြစ်သည်မို့ ထိုင်နေ၍က မဖြစ်။ ဒါ့ကြောင့်လည်း မှောက်နေလိုက် ပက်လက်လှန်လိုက်များဖြင့် အိပ်မပျော်သော ညကို ဖြတ်သန်းနေခဲ့ရခြင်း ဖြစ်သည်။

အေးမြသော လရောင်တို့က အိပ်ဆောင်၏ ဝန်းကျင်အနှံ့နေရာယူထားကြခြင်းမို့ ပြင်ပတွင် လင်းထိန်လျက် ရှိနေသော်လည်း လပြည့်ညရဲ့ ဝိုင်းဝိုင်းစက်စက် ဖိုးလမင်းကြီးကိုတော့ လှမ်းမြင်နိုင်စွမ်းမရရှိခဲ့ပါ။ အိပ်ဆောင်ပတ်လည် ကာရံထားသည့် သစ်သားတိုင်ကြီးများက ဖိုးရွှေလမင်းနဲ့ သူ့အကြား တံတိုင်းသဖွယ် ခြားနားနေခဲ့သည် မဟုတ်ပါလား။

သည်ယနေ့မှာပင် မြိတ်ခရိုင်တရားရုံးမှ သူ့အားလူသတ်မှုဖြင့် ထောင်ဒဏ်(၈)နှစ် စီရင်ခြင်း ခံရသူဖြစ်၍ ထောင်ကျဆောင်သို့ ရောက်ရှိခဲ့ရခြင်းအတွက် သူ့ရင်ထဲမှာ ကျေကျေနပ်နပ် ရှိခဲ့ရပါသည်။ လက်ရှိသူ့ရဲ့ အကျဉ်းခံဘဝနှင့် ပတ်သက်ပြီး တစ်စုံတစ်ရာ ခံစားမှု ထူးထူးခြားခြား မဖြစ်ခဲ့ပေမယ့် သူကိုယ်တိုင်မှလွဲ၍ အခြားမည်သူမျှ မသိသေးသည့် သူ့ရဲ့ အတိတ်ဆီက တင်ရှိခဲ့ဖူးသော ရာဇဝတ်ကြွေးများကြောင့် အိပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရခြင်းပါ။

"ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုသည့် စကားတို့အား ထိုကာလ တစ်ခုတုန်းက ရယ်မော၍ ပြက်ရယ်ပြုခဲ့မိသည်။ သို့မို့ကြောင့်လည်း သူကျူးလွန်ခဲ့မိသည့် ရာဇဝတ်ပြစ်မှုအတွက် ရှောင်ပြေးပုန်းရှောင်နေခဲ့ရာမှ သူ့အတွက် လွတ်မြောက်နယ်မြေအဖြစ် သတ်မှတ်ကာ ကျွန်းစုမြို့နယ်တောင်ပြုကျေးရွာသို့ရောက်လာ၍ လို့ဝှက်စွာ ခိုအောင်းနေထိုင်ခဲ့သည်။ ဒုတိယမိဒေါသကို ထိန်းချုပ်မှု မရှိခဲ့တာကြောင့် တောင်ပြုရွာသား မောင်ပိုက်ကို ရဲတင်းနှင့် ခုတ်သတ်ခဲ့ပြီး ထိုလူသတ်မှုကြောင့် မြိတ်ခရိုင် တရားရုံးမှ ထောင်ဒဏ်(၈)နှစ်ကို လက်ဆောင် ရရှိလိုက်ခြင်းပင် ဖြစ်သည်။

(၈)နှစ်ဆိုသည့် ကာလရှည်တစ်ခုအား အကျဉ်းသားတစ်ယောက်ဘဝဖြင့် လျှောက်လှမ်းရမည်ဖြစ်သော်လည်း သူ့အတွက် နည်းနည်းလေးမှ စိုးရိမ်ပူပန်မှုမဖြစ်ပေါ်ခဲ့ပေမယ့်အတိတ်ဆီက သူ့အပေါ်တင်ရှိနေခဲ့သော ရာဇဝတ်ကြွေးအတွက် ရတက်မအေးနိုင် ဖြစ်ခဲ့ရသည်။ သူ့ဘဝမှာ အသက်ရှင်သန်ခွင့်ရှိနေသည့်ကာလတစ်လျှောက်သည် ရာဇဝတ်ကြွေးတို့က အရိပ်ပမာ သူ့နောက်သို့ ကပ်ပါပြီး လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လုန့်နေမည်သာ ဖြစ်၏။ ယခုကဲ့သို့ အကျဉ်းခံဘဝထဲမှာ ထိုကျန်ရှိနေသည့် ရာဇဝတ်ကြွေးအား ပေးဆပ်လိုက်မည်ဆိုလျှင် သူ့ဘဝနောင်ရေးအတွက် စိတ်အေးချမ်းသာရှိလိမ့်မည်ဆိုသည်ကို တွက်ဆမိသည်။

သည်ကိစ္စကို လက်ရှိမြိတ်အကျဉ်းထောင်မှ ထောင်ပိုင်ကြီးနှင့်တွေ့ဆုံပြီး မိမိမှလွဲ၍ မည်သူ တစ်ဦးတစ်ယောက်မျှ မသိသေးသော သူကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှုအား ဖွင့်ဟဝန်ခံခဲ့ပါလျှင် ထောင်ပိုင်ကြီးမှ တစ်ဆင့် သက်ဆိုင်ရာနယ်မြေရဲစခန်းနှင့်ဆက်သွယ်ပြီး တာဝန်ရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်ခြင်းဖြင့်သာ သူ့အပေါ် တင်ရှိခဲ့ဖူးသည့် ရာဇဝတ်ပြစ်မှုကြွေးတို့ကို ပေးဆပ်နိုင်လိမ့်မည်ဟု မျှော်လင့်နေခဲ့မိသည်။ နံနက် မိုးသောက်သည်နှင့် ထောင်ပိုင်ကြီးထံ တွေ့ဆုံခွင့်တောင်း၍ မခြွင်းမချန်ဖွင့်ဟဝန်ခံပြောဆိုမည် ဟူသည့် ဆုံးဖြတ်ချက်အား ခိုင်မာစွာ ချမှတ်လိုက်သည်။ သည်ဆုံးဖြတ်ချက်ကြောင့် သူ့စိတ်အစဉ်မှာ ပေါ့ပါးလန်းဆန်းလာသကဲ့သို့ သူ့ရင်ထဲမွှန်းကျပ်နေသည့် ခံစားမှုတို့ လျော့နည်းသွားခဲ့ကြသည်။ နံနက်မိုးလင်းမည့်အချိန်ကို မှန်းဆနေရင်း အိပ်ရာထက်တွင် စိတ်အေးချမ်းသာစွာ အိပ်ပျော်သွားခဲ့ပါတော့သည်။

⚘⚘⚘⚘⚘⚘⚘

(၂)

၂၈-၃-၂၀၀၅ ရက်နေ့ မြိတ်အကျဉ်းထောင်မှ ထောင်ပိုင်ကြီးသည် သူ့ထံ အရေးကြီးကိစ္စ တင်ပြခွင့် တောင်းလာသည့် ထောင်ကျအကျဉ်းသား အမှတ် ၈၀၃၉/စီ ဖိုးသံချောင်းအား တွေ့ဆုံခွင့်ပေးခဲ့ပြီးနောက် ဖိုးသံချောင်းတင်ပြပြောဆိုလာသည့် သူ့ရဲ့အတိတ်ကာလဆီက ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုဖြစ်စဉ်တို့အား စိတ်ရှည်စွာနှင့် သေချာစွာနားထောင်ရင်း အံ့သြဘနန်း ဖြစ်နေခဲ့ရသည်။ သူ့ရဲ့ ထောင်အရာထမ်း ဘဝအတွေ့အကြုံအရ ဤသို့ မိမိတွင် ရာဇဝတ်ပြစ်မှုကျူးလွန်ခဲ့သည့် ပြစ်ချက်ဟောင်းများကို တရားဝင်ဖွင့်ဟ ဝန်ခံပြောဆိုခဲ့ဖူးသော အကျဉ်းသားမျိုး မတွေ့ဖူးခဲ့ခြင်းကြောင့် ဖြစ်သည်။ ယခု ဖိုးသံချောင်းအဖြစ်က မည်သူမျှ မသိသေးသော သူတစ်ဦးသာ သိနေခဲ့သည့် တစ်ချိန်က သူကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှု





www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝန်ခံဖွင့်ဆိုခဲ့ပြီး သက်ဆိုင်ရာရဲစခန်းနှင့် ဥပဒေအရ ရင်ဆိုင်ဖြေရှင်းခွင့် တောင်းဆိုလာခြင်းကြောင့် အထူးအဆန်း ဖြစ်နေခဲ့ရခြင်းသာ ဖြစ်သည်။ မည်သို့ပင် ရှိစေသူပြောလာသည့် အကြောင်းခြင်းရာတို့အား ရေးမှတ်ယူထားခဲ့ပြီး သက်ဆိုင်ရာရဲစခန်းနှင့် ဆက်သွယ်မေးမြန်းရမည့် တာဝန်က သူ့တာဝန်ဖြစ်သည်မဟုတ်လား။ သို့ကြောင့်လည်း ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူးထံသို့ ဖိုးသံချောင်း ပြောပြခဲ့သည့် လူသတ်မှုဖြစ်ပွားခဲ့သည့် နေရာအပိုင်နယ်မြေ ရဲစခန်း၊ သေဆုံးသူအမည် နေရပ်လိပ်စာတို့ကို ညွှန်း၍ မေးမြန်းအကြောင်းကြားစာပို့နိုင်ရန်အတွက် လက်ထောက်ထောင်မှူးတစ်ဦးအား တာဝန်ပေးအပ်ခဲ့ရင်း ထောင်ကျအကျဉ်းသား ဖိုးသံချောင်း ပြောပြ ထွက်ဆိုခဲ့သည့် အတိတ်ဆီက သူ့ကျူးလွန်ခဲ့သည့် လူသတ်မှုဖြစ်စဉ်တို့ကို စိတ်ဝင်တစား ပြန်လည်ဖတ်ရှုနေမိပါတော့သည်။

(၃)

တပေါင်းလေ၏ အရှေ့တွင် ဝိုင်းပတ်ကျေးရွာအနီးရှိ ရွာချောင်းရိုးစပ်မှ လူတစ်ရပ်ခန့်မြင့်မားသော ကိုင်းပင်များတို့မှာ ယိမ်းပျိုဖြူများ ကနေသည့်အလား လှုပ်ရှားလျက်ရှိနေကြသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း ဝေါမြို့နယ်တွင် ဝိုင်းပတ်အမည်ပေါက်သည့် ရွာနှစ်ရွာရှိသည်။ တစ်ရွာနှင့် တစ်ရွာမှာ သိပ်ဝေးလှသည်တော့မဟုတ်ပါ။ ဖိုးသံချောင်းတို့ရွာမှာ အောက်ဝိုင်း ဟုခေါ်ဆိုကြပြီး ခပ်လျှမ်းလျှမ်း ထန်းဖိုတန်းမြင်နေရသည့် ရွာအား အထက်ဝိုင်းဟု ခေါ်ကြသည်။ သူတို့ဒေသရှိရွာများမှာ လယ်ယာအလုပ်ကို အဓိက အသက် မွေးဝမ်းကျောင်းပြုကြသည်ဆိုပေမယ့် တစ်ဖက်တစ်လမ်းမှ မွေးမြူရေးအဖြစ် ဥဘဲမများကိုမွေးမြူတတ်ကြလေသည်။ အများနည်းတူ ဖိုးသံချောင်း မှာလည်း မိဘများနှင့်အတူ လယ်ယာလုပ်သကဲ့သို့ မွေးမြူရေးအဖြစ် ဘဲများ မွေးမြူခဲ့ပြီး၊ သူ့ဘဲများအား လယ်ထဲတွင် ဘဲတဲဖြင့်ထားရှိကာ နံနက်ပိုင်းတစ်ချိန် ညနေပိုင်းတစ်ချိန် သူကိုယ်တိုင် ဘဲများလွှတ်ကျောင်းလေ့ရှိသည်။

သည် နံနက်စောစောကပင် သူ့ဘဲအုပ်အား ရွာချောင်းရိုးထဲမှာ လွှတ်ကျောင်းထားပြီးဖြစ်၍ ဘဲများရှိနေရာ အနီးအနားမှရပ်၍ ကြည့်နေခဲ့သည်။ အထူးသဖြင့် ဘဲများမှာ တစ်အုပ်နှင့်တစ်အုပ် ရောပါသွားတတ်သဖြင့် ဘဲရှိသော နေရာဆီ မကြာခဏကြည့်နေရသည်။ ဘဲများမှာ ချောင်းရိုးအတိုင်း ရေဆန်တက်၍ ငါးများ ရှာဖွေစားနေသည်တွေ့သဖြင့် နံနက် (၁၀)နာရီခန့်ရှိပြီဖြစ်၍ ဘဲများ ပြန်သွင်းရန် မောင်းမည် ပြင်ဆင်နေစဉ် အထက်မှ စုန်ဆင်းလာနေသည့် လယ်နီးချင်း ဦးသာမြိုင်၏ ဘဲများမှာ ရုတ်တရက် သူ့ဘဲအုပ်ထဲသို့ ရောနှော ဝင်ရောက်လာကြသည် တွေ့၍ အပြေးလေးသွားခဲ့ကာ ဘဲများအား အုပ်ခွဲ၍ မောင်းလိုက်သည်။ ဘဲတို့၏ အမူအကျင့်မှာ အုပ်စုဖွဲ့နေတတ်ပြီး အုပ်ခွဲလိုက်သည်နှင့် သူ့အုပ်စုကို သူမှတ်မိသော အလေ့အကျင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



၍ လူများထက်ပင် သစ္စာရှိသည်ဟု ဆိုစမှတ်ပြုကြသည်။ ဘယ်သောအခါမှ သူများအုပ်ထဲသို့ လိုက်ဝင်သွားတတ်ခြင်း မရှိကြပေ။ ဘဲများရဲ့ သဘာဝကို နားလည်ထားသူပီပီ ဖိုးသံချောင်းက သူ့ဘဲအုပ်အား လယ်ပေါ်မောင်းတင်ပေးလိုက်သည်နှင့် စောစောကရောနေသည့် ဘဲများနှစ်အုပ်စု ဖွဲ့၍ ခွဲသွားကြသည်။

"ဟော့ ကောင် ဖိုးသံချောင်း ငါ့ဘဲတွေမင်းထဲပါသွားပြီ"

ဘဲကျောင်းရင်း ဘယ်သွားနေသည်မသိသော ဦးသာမြိုင်မှာ အလျင်အမြန်ပြေးလာရင်း သူ့အားအော်ပြော၍ ဖိုးသံချောင်းက ပြုံးပြုရင်းပြန်ပြောလိုက်ပါသည်။

"ခင်ဗျားကလဲဗျာ ဘဲအကြောင်းသိသားနဲ့ ရောရောချင်း ကျုပ် အုပ်ခွဲလိုက်တာပါ။ မပါသွားဘူး စိတ်ချ"

ဦးသာမြိုင်ထံ ပြောကြားရင်း လှမ်းကြည့်တော့ သူ့ဘဲများမှာ လယ်ထဲရှိ ဘဲတဲအနီးချဉ်းကပ်သွားပြီဖြစ်သလို ဦးသာမြိုင်ရဲ့ဘဲအုပ်မှာလည်း ချောင်းရိုး



အတိုင်း သူ့ဘဲတဲရှိရာဆီသို့ စုန်ဆင်းသွားနေကြပြီ ဖြစ်ကြောင်း တွေ့လိုက်ရသည်။

"ငါ့ဘဲတွေ မင်းအုပ်ထဲတွေ့လိုက်တယ်၊ မင်းဘဲအုပ် ပြန်မောင်းပြီး အခု စစ်ပေးကွာ"

"ခက်လှချည်ရဲ့ဗျာ။ ဒါမှ ခင်ဗျားမသက်ာရင် တဲလိုက်ခဲ့ဗျာ၊ ကျုပ်ဘဲလေးရာ ပိုတဲ့ဘဲအကုန်သာဖမ်းသွားပေတော့"

ဖိုးသံချောင်းက ပြောပြောဆိုဆို သူ့လက်ထဲမှ ပေါက်တူးအား ထမ်း၍ ဘဲအုပ်ရှိရာ တဲဘက်သို့ ထွက်ခဲ့သည်။

"လူပါးဝတဲ့ ခွေးသား၊ မင်းဘဲ ပြန်မောင်းမလား၊ မမောင်းဘူးလား ဒါပဲပြောကွာ"

သူ့ဘက်မှ လယ်နီးချင်းမို့ ပြေပြေလည်လည် ဆက်ဆံနေခါမှ ဦးသာမြိုင်၏ ရိုင်းစိုင်းသော ဒေါသသံနှင့် ပြောလာသည့် နှုတ်ထွက်စကားတို့က သူ့နားစည်ထဲသို့ သံရည်ပူနှင့် အလောင်းခံရသည့်ပမာ ခံစားသွားခဲ့ရသဖြင့် ဒေါသစကားပြန်ပြောခဲ့သည်။

"ကျုပ်ဘက်က မမောင်းပေးဘူးဆိုရင် ခင်ဗျားက ဘာလုပ်ချင်သလဲ"

ဖိုးသံချောင်းရဲ့ အပြေက ဦးသာမြိုင်၏ မကျေနပ်ချက်တို့အား နှိုးဆွပေးသကဲ့သို့ ရှိပြီး ဦးသာမြိုင်မှာ ဖိုးသံချောင်းအနီး ပြေးကပ်ခဲ့ကာ လက်သီးဖြင့် ထိုး

www.burmeseclassic.com



ရန် ပြင်ဆင်လိုက်သည်နှင့် ဖိုးသံချောင်းမှာလည်း သူ့ဒေါသကို ချွန်းအုပ်နိုင်ခြင်းမရှိဖြစ်ကာ သူထမ်းထားသည့် ပေါက်တူးဖြင့် ဦးသာမြိုင်ရဲ့ ဦးခေါင်းဆီသို့ အားကုန် ခုတ်ချလိုက်တော့သည်။

"ဒုတ်‌ . . အင် . . အင်"

ထိုအသံနှင့်အတူ ဦးသာမြိုင်တစ်ယောက် ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိလျက် သွေးအိုင်အတွင်း သတိလစ်၍ လဲကျသွားတော့သည်။ ရုတ်တရက် ဖြစ်တည်လာသည့် ဒေါသကြောင့် သူ့ရှေ့မှာ သွေးသံရဲရဲမြင်ကွင်းအတွက် ဖိုးသံချောင်းမှာ အထိတ်တလန့်ဖြစ်ခဲ့ကာ ပေါက်တူးပစ်ချကာ ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့သည်။ ညတွင်းချင်း ကားလမ်းနံဘေးရှိ ကျောက်ညှပ်ကျေးရွာသို့ ရောက်သွားခဲ့ကာ ဦးနှလေးအိမ်တစ်အိမ်မှာ တည်း၍ အ◌ျိုးအကြောင်း ပြောပြပြီး လမ်းစရိတ်တောင်း၍ နောက်တစ်နေ့ နံနက် မိုးမလင်းမီ ကြုံရာကားနှင့် မော်လမြိုင်သို့ ပြေးခဲ့သည်။ ထိုမှတစ်ဆင့် မြိတ်သို့ ရောက်ရှိခဲ့ပြီး ကျွန်းစုမြို့နယ် တောင်ပြိုကျေးရွာတွင် ရှိသော သူငယ်ချင်းတစ်ဦးထံ ခိုကပ်နေထိုင်ကာ ဘဝကို မြုပ်နှံခဲ့၏။ သူကျူးလွန်ခဲ့ပြီးသော ရာဇဝတ်မှုတို့ကို ဖုံးကွယ်ထားနိုင်သည်မို့

**သူ့ရှေ့မှာ သွေးသံရဲရဲ မြင်ကွင်းအတွက် ဖိုးသံချောင်းမှာ အထိတ်တလန့် ဖြစ်ခဲ့ကာ ပေါက်တူးပစ်ချကာ ခြေဦးတည့်ရာသို့ ထွက်ပြေးခဲ့သည်။**

သူ့အတွက် အရာရာလုံခြုံမှုကအပြည့်။ ဒါ့ကြောင့်ပင် "ရာဇဝတ်ဘေး ပြေး၍မလွတ်"ဟုဆိုသည့်စကားအပေါ် ပြက်ရယ်ပြု၍ လှောင်ပြောင်နေခဲ့ရင်း ဘဝသစ် တစ်ခုကို တည်ဆောက်ခဲ့ပေသည်။

ကံကြမ္မာကိုပဲ အပြစ်တင်ရမလား၊ ဒါမှမဟုတ် တရားလက်လွတ်ဖြစ်ပြီး ဒေါသတရားရဲ့ ရိုက်ပုတ်မှုကြောင့်ပဲ ဆိုရလေမလားတော့ မသိ။ သူ ကျူးလွန်ခဲ့သော ရာဇဝတ်မှုအတွက် ပြေးရင်း ပုန်းရင်း ဝရမ်းပြေးဘဝမှာပင် သူနေထိုင်သော တောင်ပြိုကျေးရွာမှ မောင်ပိုက်ဆိုသူ အရွယ်တူ လူငယ်နှင့် စကားများရန်ဖြစ်ကြသည်တွင် အလုပ်လုပ်ရင်း ကိုင်ဆောင်ထားသည့် ရဲ တင်းဖြင့် ခုတ်ခဲ့မိပြီး သေဆုံးသွား၏။ သည်တစ်ကြိမ်တွင် သူ့အတွက် ထွက်ပြေးချိန်မရခဲ့ဘဲ ဖမ်းဆီးခြင်းခံခဲ့ရပြီး (၈)နှစ်မည်သော ကာလ အပြစ်ဒဏ်ခံရင်း သည်မြိတ် အကျဉ်းထောင်တွင်းသို့ ရောက်ရှိခဲ့ရခြင်း ဖြစ်လေသည်။

❀❀❀❀❀❀❀

(၄)

မြိတ်အကျဉ်းထောင်မှ ထောင်ပိုင်ကြီး၏ စုံစမ်းမေးမြန်းသော အကြောင်းကြားစာအရ ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူးက မိမိ လက်အောက်ရှိ မြစ်ကျိုးရဲစခန်းမှူးထံသို့ (ပ)ရ၁/၂၀၀၅ ပြစ်မှု ပုဒ်မ ၁၀၂/ကျင့် ၅၁၂ အရ တရားခံမှာ ယခုအခါ မြိတ်အ



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းထောင်တွင် လူသတ်မှုနှင့် ထောင်ဒဏ် (၈)နှစ် ကျခံနေရသောကြောင့် ခရိုင်တရားသူကြီးထံ ထောင်ထုတ်ဝရမ်း တင်ပြတောင်းခံ၍ အမြန်ဆုံး သွားရောက်ခေါ်ယူပါရန် ညွှန်ကြားခဲ့လေသည်။

ထို့ကြောင့် မြိတ်ထောင်မှ ထောင်ကျ အကျဉ်းသား ထောင်ဝင်အမှတ် ၈၀၃၄/စီ ဖိုးသံချောင်းမှာ ဝေါမြို့နယ်ရဲတပ်ဖွဲ့ခန်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပဲခူးခရိုင်တရားသူကြီးရုံးတွင် ကျူးလွန်ခဲ့သည့် လူသတ်မှုအတွက် စစ်ဆေးခြင်းခံယူခဲ့ရလေသည်။

၂၂-၈-၂၀၀၈ ရက်နေ့ နှီးလွဲ (၁)နာရီ

ပဲခူးခရိုင် တရားသူကြီးခန်းတွင်း၌ အပ်ကျသံကို ကြားမည့်အထိ တိတ်ဆိတ်ငြိမ်သက်လှသည်။ ဖိုးသံချောင်းအား စီရင်ချက်အမိန့်ချမှတ်မည့် နေ့ရက်ဖြစ်၍ ဝိုင်းပတ်ရွာမှ မိဘများနှင့် ဆွေမျိုးများအားလုံး ရောက်ရှိနေကြပြီး ရုံးခန်းပေါက်ဝနားတွင် ငြိမ်သက်စွာဖြင့် တရားသူကြီးထံမှ အမိန့်ကို နားစွင့်နေကြသည်။

သူ့အတွက် စိတ် မကောင်းဖြစ်ကြသောဆွေမျိုးအချို့မှာတော့ ပြေး၍လွတ်မြောက်နေခါမှ ထောင်ပိုင်ထံ နောက်တစ်မှုရှိကြောင်း ဖွင့်ဟ ဝန်ခံပြောဆိုခဲ့သည့် သူ့အပေါ် တီးတိုးဝေဖန်နေကြသည်။

ဖိုးသံချောင်းမှာတော့ ခံစားမှုဟူ၍ မြူမှုန်မျှပင် မရှိတော့ပေ။ သူ့ဘဝ၏ နောက်ကွယ်မှ ထက်ကြပ်မကွာလိုက်ပါခြောက်လှန့်နေမည့် စိတ်တစ္ဆေအားကြောက်လန့်စရာမလိုတော့ပြီ မဟုတ်လား။ သူ့ရဲ့ ဒေါသအမှားအတွက် ပထမကျူးလွန်ခဲ့သော ပြစ်မှုအတွက် ဒုတိယအကြိမ် ရရှိလာမည့် အပြစ်ဒဏ်တို့အား သူ့အနေဖြင့် ရဲရဲံ့စွာ ခံယူနိုင်စွမ်းရှိခဲ့ပြီ ဖြစ်သကဲ့သို့ သူ့ဘဝမှ ထာဝရငြိမ်းချမ်းမှုပေးနိုင်မည့် ဗုဒ္ဓ၏ အဆုံးအမ တရားများကို လက်ကိုင်ထားပြီး လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် မကောင်းမှုစိတ်များ နောက်ဘဝဆက်တိုင်း မကိန်းအောင်းနိုင်ရန် ကျင့်ကြံအားထုတ်ခြင်းဖြင့် သူ့ရဲ့ ဘဝသစ် တစ်ခုအတွက် အစွန်းအထေး အညစ်အကြေးဖြစ်သည့် ရာဇဝတ်ကြွေးများကို ပေးဆပ်နိုင်တော့မည် ဖြစ်၍ သူ့ဘဝအပေါ် ကျေနပ်နေမိသူသာ ဖြစ်သည်။

ထိုစဉ် တည်ငြိမ်ပြတ်သားလှစွာသော ခရိုင်တရားသူကြီး၏ စီရင်ချက်အမိန့်က တိတ်ဆိတ်မှုအားလုံးကို ဖြိုခွင်းပစ်ခဲ့သည်။

"ပြစ်မှုပုဒ်မ ၃၀၂(၂) အရ တရားခံဖိုးသံချောင်းအပေါ် အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် ချမှတ်လိုက်သည်"

ပဲခူးခရိုင် တရားရုံးပေါ်မှ လက်ထိတ်၊ ခြေကျင်းတို့ဖြင့် ဖိုးသံချောင်းအား တာဝန်ရှိရဲတပ်ဖွဲ့ဝင်များက ခေါ်ယူခဲ့ကြသည်။ ဝရန်တာမှ ကားလမ်းမပေါ်သို့ သူမသိမသာ လှမ်းကြည့်မိတော့ ညိုမည်းနေသော မိုးတို့က သဲသဲမဲမဲပြိုကျလာနေကြောင်း တွေ့ရသည်။ သူ့ဘဝအတွက် ကျန်ရှိနေဦးမည့် ဒေါသတရားများ ရှိခဲ့ပါလျှင် သည်မိုးနှင့်အတူ ပါသွားပါစေတော့ဟုသာ ဆုတောင်းလိုက်မိပါတော့သည်။

အောင်ရဲကျော်
(မှုခင်း)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## “အမေနှင့် ‘အမွေ’”

ဆွေမြင့်သူ
(ကြေး/မြေ)

အိုမင်းမစွမ်း သက်ကြီး ရွယ်အိုဘဝတွင် တစ်ခါတစ်ရံ၊ တရားမရှိက တစ်စုံတစ်ရာမှား တတ်ကြသည်။ ထိုအမှားတစ်စုံ တစ်ရာကား အခြားမဟုတ်။ ကိုယ့်ကိုမျှော့မော့ သွေးဆောင် ဖြားယောင်းသူနောက် နား ယောင်၍ တကောက်ကောက်ပါ သွားခြင်းပင်။

ခုလည်း ကြည့်လေ၊မိမိ တို့မိသားစုနှင့် နှစ်ပေါင်း (၂၀)ခန့် အတူတကွ နေထိုင်လာပြီးမှ ညီ ဖြစ်သူ၏နေအိမ်သို့ ခေတ္တပြောင်း ရွှေ့နေထိုင်ဦးမည်ဆိုပြီး ပြန်မ လာတော့သော မိခင်ကြီးကို “မြင့်သူ” မည်သို့ နားလည်ရ မှန်း မသိတော့ချေ။

ရန်ကုန်မြို့ (---) ရပ် ကွက်တွင် မြင့်သူတို့ မိသားစု အေးအေးလူလူနှင့် နေထိုင်လာ ခဲ့သည်မှာ (၁၉၈၉) ခုနှစ်၊ ဒဂုန် တောင်ပိုင်းမြို့သစ် စတင်တည် ထောင်ခဲ့ချိန် ကတည်းက ဖြစ် သည်။ ထိုစဉ်တုန်းက မြင့်သူက အလုပ်ထဲဝင်ခါစဖြစ်၍ မြေကွက် မရသေး။ သို့သော် မိခင်ကြီးက (---) ဝန်ကြီးဌာန၊ ဝန်ထမ်း တစ်ဦးဖြစ်၍ လုပ်သက် (၂၅)နှစ် ကျော်သည့် ဝန်ထမ်းများအား အစိုးရမှ မြေကွက်များချထားပေး ရာမှ ပေ (၄၀X၆၀) မြေကွက် တစ်ကွက် ရရှိခဲ့ပါသည်။

ထိုစဉ်က မြို့သစ်များ တွင် အမှန်တကယ် အိမ်ရာ ဆောက်လုပ် နေထိုင်မည့် ဝန် ထမ်းများကိုအစိုးရက သွပ်၊ သံ၊ ဘိလပ်မြေနှင့် သစ်သားများကို အစိုးရဈေးအတိုင်းရောင်းချပံ့ပိုး သောကြောင့် “ဒေါ်အိုဇာ” က ၎င်း၏ချွေးနဲ့စား အိုစာမင်းစာ ငွေကလေးဖြင့် သွပ်မိုးပျဉ်ကာ၊ ပျဉ်ခင်းအိမ်ကလေး တစ်လုံး ဆောက်လုပ်နေထိုင်ခဲ့သည်။

ပထမတွင် သားကြီး “မြင့်သူ”၊ သမီး “သူသူ” နှင့် သားငယ် “ဝင်းသူ”တို့နှင့်အတူ နေထိုင်လာခဲ့ပြီး ဒေါ်အိုဇာပင်စင် ခံစားချိန်တွင်လည်း ဆက်လက် နေထိုင်ခဲ့ကြသည်။ သားကြီး မြင့်သူက အိမ်ထောင်သည်မို့၊ ၎င်းတို့ လင်မယားက မွေးဖွား လာသော သားသမီးများကို ဒေါ် အိုဇာ၊ သူသူနှင့် ဝင်းသူတို့က ထိန်းကျောင်းလာခဲ့သည်။

နောက် “ဝင်းသူ” မိန်းမရတော့ အိမ်ခွဲဆင်းသွားပြီး (---)မြို့က ၎င်းယောကမ္ဘများ နှင့် လိုက်နေရာ၊ ဒေါ်အိုဇာသည် သားကြီးမြင့်သူတို့ မိသားစုနှင့် အတူတကွ ဆက်လက်နေထိုင် လာခဲ့သည်။

သည်မောင်နှမ သုံးဦး အနက် ပြေးကြည့်၍မှ ညီအစ်ကို နှစ်ယောက်တည်း ရှိသည်။ နှစ် ဦးစလုံး အိမ်ထောင်ရက်သားကျ ခဲ့ကြပြီဆိုသော်လည်း ဝင်းသူတို့ လင်မယားက မိခင်ကြီးဆီလာ လည်လိုက်ကြ၊ သီတင်းကျွတ်၊ သင်္ကြန်အခါ ကန်တော့လိုက်ကြ စားလိုက်သောက်လိုက်ကြနှင့် ချစ်ခင်မပျက်ရှိခဲ့ကြရာမှ ဝင်းသူ ၏ဇနီး “အေးအေးငြိမ်း” ဟူ သော သူစိမ်းဖက်လာသောအခါ တွင်မှ ...။

“သားကြီးရေ မင်းညီ ဝင်းသူက စီးပွားရေးအခြေအနေ ကောင်းလို့ (---)မြို့သစ်မှာ အိုး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်အိမ်ပိုင်တောင်ရနေပြီပဲ။ အဲဒါ အမေသူတို့ဆီက သွားလည် လိုက်ဦးမယ်နော်''

''ကောင်းသားပဲ အမေ၊ အိမ်မှာလူကြီးတစ်ယောက် လာနေတော့ ညီလေးလဲ အားရှိတာပေါ့။ တကယ်လို့ သူအလုပ်များလို့ အိမ်ပြန်နောက်ကျရင် ဒါမှမဟုတ် ခရီးသွားရင် မိန်းမနဲ့ကလေးအတွက် အိမ်ကိုစိတ်ချရတာပေါ့''

''အေးကွယ် အမေလဲ ခဏပါ၊ ဒီမှာနေလာတာ ကြာတော့ နောက်တစ်နေရာမှာ အကြာကြီးမနေချင်ပါဘူး''

''ဟုတ်ကဲ့ပါ အမေ''



သို့သော် နောက်တစ်နေရာမှာ အကြာကြီး မနေချင်ပါဟု ပြောခဲ့သော ဒေါ်အိုဇာက ငါးစိမ်းမြင်တော့ ငါးကင်ပစ်သည့် အလား၊သားငယ်၏ နေအိမ်မှ ပြန်မလာတော့ပေ။ သူမ၏ ကျန်ရစ်သာ အဝတ်အစားအသုံးအဆောင်များကို ချွေးမ အေးအေးငြိမ်းနှင့်အယူခိုင်းလိုက်သေးသည်။ သမီး''သူသူ''ကား အပျိုကြီးဖြစ်၍ မြင့်သူတို့နှင့်အတူနေသည်။

မြင့်သူ၏ ဇနီး ''အေးမြဝင်း''က

''အမေကလဲ ပြောသွားတုန်းကတော့ ခဏတဲ့၊ ခုတော့သူ့သား၊ သူ့သမီးတွေနဲ့ အတူနေတော့မယ်တဲ့၊စိတ်အပြောင်းအလဲကလဲ မြန်လိုက်တာလွန်ရော''

''လူကြီးတွေရဲ့ စိတ်သဘောက ဒီလိုပါပဲ မိန်းမရာ၊ အငယ်ဆုံးသားကို ပိုချစ်တတ်ကြတာလဲ မိဘတိုင်းလိုလိုပါပဲ။ သူပျော်တဲ့ဆီမှာနေပါစေ။ ဝင်းသူတို့ အိမ်က ဒီအိမ်ထက်တော့ အစစရာရာသာတာကိုး။ တို့အခုနေတဲ့ နေအိမ်က သက်တမ်းနှစ်ဆယ်လောက်ရှိပြီ၊ ဟိုကတော့ အိမ်သစ်လေး နောက်ပြီးပတ်ဝန်းကျင်အသစ်နဲ့ စည်စည်ကားကားရှိလို့နေမှာ၊ ဒါပေမယ့် ဒီအိမ်က အမေ့အိမ်ပဲလေ၊ အချိန်တန်တော့ အိမ်ပြန်လာမှာပါ''

အချိန်တန် သော်လည်း အိမ်ပြန်မလာသည့် မိခင်ကြီးက သူ့သားငယ်၏ အိမ်တွင် အနေကြာသည့်အခါ ''ဝင်းသူ''တို့ လင်မယားက မည်သို့ကပ်ချွဲလိုက်သည်မသိ။ သူမ၏နေအိမ်ကို ဝင်းသူအား (G.P)လွှဲအပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြောင်း ကြားသိရသည်။ အနီသတင်းကို ယူဆောင်လာသူကား ညီမ "သူသူ" ဖြစ်သည်။

မြင့်သူက ပထမတော့ မယုံရေးချ မယုံ။ မိခင်ကြီးက အနှစ် (၂၀)ခန့် လက်ပွန်းတတီး နေထိုင်လာခဲ့သော နေအိမ်ပေါ်တွင် မြင့်သူတို့မိသားစု ရှိနေပါလျက်နှင့် မည်သည့်အတွက် ရက်ရက်စက်စက် လုပ်ရက်ပါသနည်း။

"ဟုတ်ရဲ့လား သူသူရယ်၊ ဒီအိမ်က အမေပိုင်တာတော့ မှန်ပါတယ်။ ဒါပေမယ့် အငယ်ဆုံးသား တစ်ယောက်တည်းကို "ဂျီပီ" လွှဲလိုက်တယ်ဆိုတော့ ဝင်းသူက သူချယ်လှယ်ချင်းတိုင်း ချယ်လှယ်နိုင်ပြီပေါ့။ တို့မောင်နှမ နှစ်ယောက်က မြောင်းထဲရောက်သွားမှာပေါ့"

"ဟုတ်ပါတယ် ဆိုမှ အစ်ကိုကြီးကလဲ။ မနေ့က "သူသူ"တို့ သူတို့အိမ်သွားလည်တော့ အမေကိုယ်တိုင် ပြောလိုက်တာ။ သူ့ချွေးမကိုလဲ တော်ကြောင်း၊ တတ်ကြောင်း၊ လိမ္မာကြောင်း၊ သူ့ကိုဘယ်လိုပြုစုတဲ့အကြောင်း ဟိမဝန္တာချိုးမွမ်းခန်း ဖွင့်လိုက်တာ၊ နားကြားပြင်းတောင် ကတ်လာတယ် သိလား"

"အေး အဲဒါ အမေ့ဆီက ဒီအိမ်ကိုအပိုင်စီးချင်လို့ အဘွားကြီးရဲ့ အလိုလိုက် အကြိုက်ပေးပြီး အယုံသွင်းနေတာ မှတ်ထား"

"ဝင်းသူက အစ်ကိုကြီးနဲ့ညီမတို့အပေါ် မဟုတ်တရုတ်တော့ လုပ်မှာမဟုတ်ပါဘူး ထင်ပါတယ်။ အမေကလဲ သဘောရိုးနဲ့ ဂျီပီလွှဲပေးတာနေမှာ"

"အမေက သဘောရိုးပေမယ့်၊ ဝင်းသူတို့က သဘောတစ်မျိုးမို့ ခုလိုလုပ်တာပေါ့ ညီမလေးရဲ့၊ ညီအစ်ကိုမောင်နှမချင်းဘယ်လောက်ပဲ သွေးစည်းကြပေမယ့် သူစိမ်းဖက်လာရင် မကောင်းတော့ဘူးပေါ့"

မြင့်သူ၏ဇနီး အေးမြဝင်းကလည်း ဤသို့ဝင်ပြောသည်။

"မောင်လေးက စိတ်ထားကောင်းပါတယ်။ ခုကိစ္စက သူ့မိန်းမ စနက်နေမှာ အမေ့အဝတ်အစားတွေလာယူ သွားတဲ့နေ့ကတည်းက သူ့အမူအရာတွေ မရိုးသားဘူးလို့ ထင်ထားတာ၊ ခုတော့ သင်းရဲ့ အကြံအစည်ကိုး"

"သူတို့ ကြံစည်တိုင်း တို့ကငုံ့ခံလို့ ရမလားကွ၊ ဒီအိမ်က အမေ့အိမ်ဆိုပေမယ့် တို့မောင်နှမသုံးယောက်စလုံးရဲ့ အမွေဆိုင်အိမ်ပဲဟာ၊ နောက်ပြီး ငါက သားအကြီးဆုံးဆိုတော့ အမွေခွဲရင် ငါကတောင် ပိုရဦးမှာ"

"ဒါနဲ့ အစ်ကိုဝင်းသူတို့က တစ်လုံးကော၊ နှစ်လုံးကော၊ သုံးလုံးကော ကိုင်တယ်ပြောတယ်။ ဒါ့ကြောင့်မို့ နေ့ချင်းညချင်းဆိုသလို ထောလာတာကိုး"

"ဟင် ဟုတ်လား၊ ဒီလိုဆိုရင် မဖြစ်ချေဘူး။ တော်ကြာမတော်တဆ ခြေချော်လက်ချော်ဖြစ်သွားရင် ဒီအိမ်ကြီးပါ ပါသွားနိုင်တယ်၊ အမေ့ကို သွားပြောရတော့မယ်"

"ဟုတ်တယ် ဟုတ်တယ်"

မြင့်သူက မိခင်ကြီးထံ သွားရောက်၍ အရေးဆိုသည်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကာရှိသေး မြင့်သူတို့ရပ်ကွက်မှ ရာအိမ်မှူးဦးမြဝင်းက စာရွက်နှစ်ရွက်ကိုင်ဆောင်လာပြီး အကြောင်းကြားသည်။ ထိုရာအိမ်မှူးကား ဝင်းသူတို့ညီအစ်ကိုနှင့် အတော်ခင်မင်သည်။

"မြင့်သူရေ ပြောရမှာတော့အားနာတယ်၊ မပြောလို့လဲ မပြီးဘူး၊ ဝင်းသူက ပြောခိုင်းလိုက်လို့။ ခု–မင်းတို့နေတဲ့အိမ်ကြီးကို မင်းအမေရဲ့သဘောတူချက်နဲ့ ရောင်းလိုက်ပြီတဲ့၊ မင်းတို့မိသားစုကတော့ ဒီအိမ်ကနေ ဆင်းပေးရမယ်နဲ့တူတယ်၊ ငါ့ကိုတော့ အရောင်းအဝယ်စာချုပ်မိတ္တူတစ်စောင်ပေးလိုက်တယ် ဟောဒီမှာ ..."

ဦးမြဝင်းပေးသော စာရွက်ကို ဖတ်ကြည့်ရာ၊ ဝင်းသူက ဦးမြဝင်းဆိုသူအား သိန်း(၅၀) တန်ဖိုးမြေနှင့် နေအိမ်အရောင်းအဝယ်စာချုပ်။ စာချုပ်တွင် မိခင်ကြီးနှင့် ခယ်မတို့က သက်သေနေရာတွင် လက်မှတ် ရေးထိုးထားသည်။ သို့ပေမယ့် ရယက ရုံးတွင် နှစ်ဦးသဘောတူ ချုပ်ဆိုထားသောအရပ်စာချုပ်သာ ဖြစ်သည်။

"ဒီကောင်က အလာကြီးပါလား၊ ဒါ–ကျွန်တော့်ကို စမ်းတာဗျ ဦးမြဝင်းရ၊ မြေတို့အိမ်တို့ရောင်းတဲ့နေရာမှ ဒီအရပ်စာချုပ်နဲ့ ဘယ်လိုလုပ်တရားဝင်မှာတုန်း၊ ပြီးတော့ ဒီအိမ်က အမေ့အိမ်မှန်ပေမယ့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ သုံးယောက်စလုံးရဲ့ အမွေဆိုင်အိမ်လေ။ သူတစ်ယောက်တည်း သဘောတူနဲ့ ဒီလိုလုပ်လို့ ရမှာလဲ"

"ငါလဲ မသိဘူးလေကွာ၊ မင်းတို့အမေက သူ့တစ်ယောက်တည်းကို အာဏာကုန်လွှဲထားတာတဲ့၊ မင်းတို့က သူပေးသလောက်နဲ့ ကျေနပ်ရမှာလို့ ပြောတာပဲ"

"ဒါ့ကြောင့်မို့၊ သူက အိမ်တန်ဖိုးကို သိန်းငါးဆယ်ပဲ ပြထားတာပေါ့ ဦးမြဝင်းရဲ့၊ ဒီအိမ်က ကာလပေါက်ဈေးသိန်းငါးဆယ်ပဲတန်သလားဗျာ၊ ခင်ဗျား





www.burmeseclassic.com

www.burmeseclassic.com



လဲ ဒီရပ်ကွက်အနေအထားနဲ့ စဉ်းစားကြည့်လေ"

"အေးဟုတ်သားပဲ၊ မင်းတို့အိမ်တန်ဖိုးက အနည်းဆုံး သိန်းရာကျော်ရနိုင်တယ်ကွ၊ ဘာဖြစ်လို့များ ဝင်းသူက သိန်းငါးဆယ်နဲ့ ရောင်းလိုက်ရသလဲ၊ မစဉ်းစားတတ်တော့ဘူး"

"စဉ်းစားစရာ မလိုပါဘူး ဦးမြဝင်းရာ၊ ဒီစာချုပ်စာတမ်းက "အင်" ကြီးပါ။ ကျွန်တော့်ကို စမ်းတာပါ။ ကျွန်တော်က ဘယ်လိုစကားပြန်မယ်ဆိုတာ အကဲစမ်းတာ ကြည့်ကြသေးတာပေါ့ကွာ၊ ငါ့ကို ငထူငအများ မှတ်နေသလား မသိဘူး"

"မင်းတို့ ညီအစ်ကိုချင်းတွေ ပြေပြေလည်လည် ဖြစ်စေချင်တယ်ကွာ၊ မင်းနဲ့မင်းညီမတို့လဲ ဒီအိမ်ကြီးရဲ့အမွေကို ရသင့်ရထိုက်တယ်ဆိုတာ ငါတို့အားလုံးသဘောပေါက်ပါတယ်။ ပြဿနာကို တတ်နိုင်သမျှ အေးအေးဆေးဆေး ရှင်းစေချင်တယ် မြင့်သူ"

"စိတ်ချပါဗျာ၊ ကျွန်တော်လဲ အရာရှိတစ်ယောက်ပါ၊ သူ့အမှားကို ကိုယ့်အမှားမဖြစ်စေရပါဘူး၊ လူလိမ္မာအမျက်အပြင်မထွက်စေရပါဘူးလို့ ကျွန်တော်ကတိပေးပါတယ်"

"အေးကွာ၊ မင်း စိတ်ထားက ဖြူစင်မွန်မြတ်ပါတယ်၊ သာဓု ... သာဓု ... သာဓု"

❀❀❀❀❀❀

မြင့်သူသည် ဝင်းသူတို့နှင့် အတူတကွ နေထိုင်သော မိခင်ကြီးနှင့် သွားရောက် တွေ့ဆုံပါသည်။ ထိုအချိန်က ဝင်းသူတို့လင်မယားက အပြင်ထွက်လည်နေကြသည်။

"အမေရယ် ဘာဖြစ်လို့ ဝင်းသူလက်ထဲ ဒီအိမ်ကြီးကို ထည့်လိုက်ရတာပဲဗျာ၊ သားတို့နဲ့ နှစ်ရှည်လများ နေထိုင်လာခဲ့တာကို နည်းနည်းလေးမှ မထောက်ထားတော့ဘူးလားဟင်"

"ဒါကတော့ သားကြီးရယ်၊ အမေက သူတို့အိမ်မှာ နေရတာဆိုတော့ သူတို့သဘောကျ လက်မှတ်သာ ထိုးပေးလိုက်ရတာ၊ ဝင်းသူဒီလိုလုပ်မယ်မှန်း အစက မသိလို့ပါကွယ်"

"အမေ သိပ်ရက်စက်တယ်ဗျာ၊ ခု ဝင်းသူက အမေ့အိမ်ကို သားတို့မသိဘဲ သူတစ်ပါးကို ရောင်းလိုက်ပြီအမေရဲ့"

"အဲဒါ ဘာဖြစ်လဲ သားကြီးရဲ့၊ သူ အမေ့အိမ်ကို ရောင်းလိုက်ရင် သားကြီးရော သမီးကြီးပါ အမွေရကြမှာပဲဟာကို"

"ဝင်းသူကလည်တယ် အမေရဲ့၊ အိမ်တန်ဖိုးကို သိန်းငါးဆယ်သတ်မှတ်တော့ သားတို့ ဘယ်လောက်ရမှာလဲ အမေ"

"သိန်းငါးဆယ်ဆိုတာ မနည်းပါဘူးသားကြီးရဲ့၊ အမေအဲ့ဒီအိမ်ဆောက်တုန်းက တစ်သိန်းလောက်ပဲ ကုန်တဲ့ဟာ"

"အမေ မသိပါဘူးဗျာ၊ အမေ့အိမ်ခုခေတ်ကာလ ပေါက်ဈေးနဲ့ဆို သိန်းရာကျော်တန်နေပြီအမေရဲ့၊ ဝင်းသူက သက်သက် လူလည်ကျတာ၊ ကဲ အမေပြီးခဲ့ တာတွေလဲ ပြီးပြီ၊ ဘာပဲဖြစ်ဖြစ် သားကြီးတို့ မောင်နှမကတော့ ဝင်းသူဆီက တန်ရာတန်ကြေးရ ဖို့ တရားရုံးမှာ တင်ပြတောင်းဆိုရတော့မယ်၊ ရှင်းရှင်းပြောရရင် အမေ့ဆီက အမွေရလိုမှုနဲ့ တရားစွဲရပါလိမ့်မယ်။ အဲဒါကျွန်တော့်ကို ခွင့်ပြုပါ အမေ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်သူက မိခင်ကြီး၏ ခြေဖဝါးနှစ်ဖက်ပေါ်မှာ လက်တင် အုပ်မိုးရှိခိုးကန်တော့ရင်း မျက်ရည်လည်ရွဲဖြင့် ငိုပွဲဆင်သည်။ ဒေါ်အိုဇာကလည်း မနေသာတော့ဘဲ

''အေးကွယ် သာဓု သာဓု သာဓု အမေ့အနေနဲ့ ဒီလောကီရေးရာကိစ္စတွေကို နားမလည်လို့ သားလေးဝင်းသူရဲ့ လိုအင်ဆန္ဒကို လိုက်လျောခဲ့သလို၊ သားကြီးကနေ အခုလို ရသင့် ရထိုက်တဲ့ အမေရဲ့ အမွေကို ရဖို့ကြိုးစားမယ့် ကိစ္စကိုလဲ အမေ ကျေကျေနပ်နပ် ခွင့်ပြုပါတယ် သားကြီးရယ်''

'''ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အမေ''

ဇာဇာဇာဇာဇာဇာ

တစ်အူထုံ့ဆင်း မောင်နှမရင်းချာဖြစ်စေကာမူ၊ လောဘဟူသော လိုချင်တပ်မက်ခြင်းက စေ့ဆော်သော်အခါ တစ်နေ့သော် သည့်လိုပဲဖြစ်လာတတ်သည်။ ထိုအခါ '' ကိုယ်မချို၊ အမိသော်လည်း သားတော်ခဲ''ဆိုသည် မျိုးလို တရားတဘောင်ရင်ဆိုင်ကြရသည်။

ခုလည်းကြည့်လေ၊ မြင့်သူနှင့် သူသူတို့က အမွေရလိုမှုဖြင့် မိခင်ကြီးကို တရားစွဲရသည်။ ပြီးတော့ ဝင်းသူက တစ်ပါးသူကို ရောင်းချလိုက်သော အိမ်တန်ဖိုးကို ကာလတန်ဖိုးသတ်မှတ်စေလိုမှုဖြင့် တရားရုံးသို့ လျှောက်ထားရပြန်သည်။

နောက်ဆုံးတော့ ''တရားကို နတ်စောင့်သည်''ဟု ဆိုရမည်၊ အမှုဖြစ်ပွားသော နေအိမ်သည် ဒေါ်အိုဇာ၊ မြင့်သူ၊ ဝင်းသူနှင့် သူသူတို့အမွေဆိုင်အိမ်ဖြစ်၍ လေးပုံတစ်ပုံစီ အမွေခွဲဝေရယူစေရန် မြို့နယ်တရားရုံးမှ ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ ထို့ပြင် အချင်းဖြစ်နေအိမ်နှင့် မြေတန်ဖိုးအား ကာလပေါက်ဈေးအရသိန်း(၂၀၀)သတ်မှတ်လိုက်ရာ မြင့်သူနှင့် သူသူတို့က အမွေတစ်စုစီရကြပြီး အိမ်ပေါ်မှ ဆင်းပေးသည်။ ဝင်းသူလည်း အလားတူ အမွေတစ်စုရသည်။

အမွေတစ်စု ရရှိသော ဒေါ်အိုဇာကမူ သူမရရှိသော ငွေကြေးအားလုံးကိုဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် အလှူခံဌာနများသို့ အကုန်လှူပစ်လိုက်ပြီး၊ မိုးကုတ်ဝိပဿနာစခန်းသို့ တရားအား ထုတ်ရန် အပြီးအပိုင် ဝင်ရောက်သွားလေသည်။

''သူသူ''မှ လွဲ၍ ''မြင့်သူ''နှင့် ''ဝင်းသူ''တို့ ညီအစ်ကိုနှစ်ဦးမှာ လမ်းတွေ့ရင်တောင် ကွေ့ရှောင်သွားမည့် လူစားကဲ့သို့ သံယောဇဉ်အမျှင်အတန်း မရှိတော့ဘဲ ရှင်ခန်းလုံးဝပြတ်လေသည်။

ဒေါ်အိုဇာ၏ နေအိမ်မှာမူ (----)ရပ်ကွက်အတွင်း၌ သော့ခလောက်တန်းလန်းဖြင့် ဝမ်းပန်းမသာ ညှိုးငယ်စွာဖြင့် မကြာမီ တက်ရောက်လာမည့် အိမ်ရှင်အသစ်ကို စောင့်မျှော်နေရှာသည်။

(ခြေ ---ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်များ၌ လူနေမှုအဆင့်အတန်း တိုးတက်လာချိန်၊ အိမ်ဈေးမြေဈေးများ ထိုးတက်လာချိန်တွင် ယင်းကဲ့သို့သော မိသားစုပြဿနာအရှုပ်အရှင်းများ ဖြစ်ပွားတတ်ကြသည်မှာ ရိုးနေသောအဖြစ်ဆန်း တစ်ခုပင် မဟုတ်ပါလား)

ဆွေမြင့်သူ

(ကြေး/မြေ



www.burmeseclassic.com

www.burmeseclassic.com



# လိမ်ကြသည်.... ညာကြသည်...

**မောင်မောင်**
**(ပိတောက်မြိုင်)**



www.burmeseclassic.com

www.burmeseclassic.com



## "လိမ်ကြသည် ... ညာကြသည် ..."

မောင်မောင်
(ပိတောက်မြိုင်)

မြန်မာမှုနယ်ပယ်တွင် ဆိုရိုးစကားရှိခဲ့သည်။ "ဒီကောင်လေးက သူခိုးနက္ခတ်နဲ့ ယှဉ်မွေး တာကွ၊ မခိုးရရင် မနေနိုင်ဘူး" မဟုတ်တာ ဟုတ်တာ အသာထား၊ တချို့ကလေးငယ်များ ငယ်စဉ်ကပင် ခြေဆော့လက်ဆော့ရှိတတ်သည်ကိုတော့ တွေ့ခဲ့ဖူးသည်။

ဘာနက္ခတ်၊ ညာနက္ခတ်နဲ့ မွေးခဲ့သည်ဟု သမုတ်ခံရခြင်း မရှိသော လူလိမ်၊ လူညာတွေ ဒုနဲ့ဒေးရှိခဲ့သည်မှာ အံ့ဩစရာတစ်ခုလို့ ဆိုရပေတော့မည်။

❋❋❋

မှတ်မှတ်ရရ ၂၀၁၃ ခုနှစ် ဧပြီလဆန်းလောက်က ဖြစ်သည်။ တစ်နေ့အိပ်ချင်စိတ်ပေါက်လာသဖြင့် အိပ်ရာစောစောဝင်ခဲ့သည်။ မှေးခနဲ ပျော်သွားရုံရှိသေးသည်။ ခေါင်းရင်းအိမ်မှ အိမ်ငှားကောင်လေး ကောင်မလေးလင်မယား၏ ဆူညံဆူညံဖြင့် စကားများသံကြားလိုက်ရသဖြင့် လန့်နိုးခဲ့ရသည်။

"နင်က ဒီအလှူခံ မိန်းမကြီးကို၊ တစ်ပုံတည်းတစ်သောင်းရှစ်ထောင်တောင် လှူလိုက်တယ်ဆိုတော့ မလွန်ဘူးလား မိခိုင်ရယ်၊ တို့တစ်နေ့ရှာရတဲ့ ငွေက အဲဒီလောက်ရလို့လား၊ အဲဒီလောက်ငွေဟာ တို့မိသားစုသုံးယောက်၊ တစ်ပတ်စာလောက် အိမ်သုံးစရိတ် ရနိုင်တယ်မဟုတ်လား၊ နင်လုပ်လိုက်ပုံက မဟုတ်သေးပါဘူးဟာ"

ခင်ပွန်းဖြစ်သူ ကောင်လေးက မခံချိမခံသာဖြင့် ပြောလိုက်သည်။ ဇနီးဖြစ်သူ ကောင်မလေး၏ ပြန်ပြောသံကလည်း အံ့ဩစရာလည်းကောင်း၊ စိတ်ဝင်စားစရာလည်းကောင်းနေပါသည်။ ကောင်မလေးက လေအေးလေးဖြင့် ပြောနေသည်။

"အေးဟယ်၊ နင်အပြစ်ပြောရင်လဲ ခံရတော့မှာပဲ၊ ငါလဲ ဘာဖြစ်သွားမှန်းကို မသိပါဘူး။ ဒီမိန်းမကြီးကို မြင်လိုက်ကတည်းက စိတ်ထဲမှာ တစ်မျိုးကြီးဟဲ့၊ ကြောက်သလိုလို၊ ဘာလိုလို၊ ခံစားနေရတယ်၊ သူ့ကြည့်ရတာ မြန်မာအမျိုးသမီးတော့ မဖြစ်နိုင်ဘူး၊ လူမျိုးခြားထဲက ထင်တာပဲ။ အသားကမည်းမည်း၊ သွားက ခေါခေါ၊ မျက်လုံးက ပြူးကြောင်ကြောင်၊ ဆံပင်တွေက ကောက်တိကောက်ကွေးနဲ့"

"နင်က လူလူချင်း ဘာလို့ကြောက်တာလဲ"

"အဲဒါတော့ ငါလဲ မပြောတတ်တော့ပါဘူးဟယ်၊ သူ့မြင်တာနဲ့ စိတ်ထဲမှာ ကြောက်သလိုဖြစ်နေတာပဲ သိတယ်"

"မိခိုင်ရယ်၊ နင်ဟာလေ၊ လည်မလိုလို့နဲ့၊ အတော်အ သေးတာပဲ၊ ခံရတာပဲ ကောင်းတယ်၊ ပြီးခဲ့တာတွေတော့ ပြီးခဲ့ပါပြီ၊ နင်ခံလိုက်ရပုံလေး ငါ့ကိုအစအဆုံး ပြောပြစမ်းပါဦး၊ ဟိုဘက်အိမ်က စာရေးဆရာ၊ ဦးကြားသွားရင်တော့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားမှာ သေချာတယ်ဟေ့၊ ဘာပဲဖြစ်ဖြစ် ပြောဟာ၊ ဒီအချိန်လောက်ဆို ဦး အိမ်လောက်ပါပြီ"

"ဒီလိုဟဲ့၊ ငါအိမ်ပေါ်မှာ စက်ချုပ်နေတယ်၊ အမျိုးသမီးကြီးတစ်ဦး အိမ်ရှေ့မှာလာရပ်တယ်။ 'မယ်တော်အတွက်



www.burmeseclassic.com

www.burmeseclassic.com





အလှူခံပါတယ်' လို့ အော်ပြောတယ်၊ သူ့လက်မှာလဲ စတီးဗန်းလေးတစ်ခု ကိုင်ထားတယ်၊ ငါအိမ်ပေါ်က ဆင်းလာပြီး ငွေနှစ်ရာကျပ် ထည့်လိုက်တယ်၊ စတီးဗန်းလေးထဲ ကြည့်လိုက်တော့၊ ဆေးအနီ၊ အဝါမှုန့်တွေ့လဲ တွေ့ရတယ်၊ အပ်သုံးချောင်းလဲ တွေ့ရတယ်--

အမျိုးသမီးကြီးက ငါ့ကို ပြူးကြောင်ကြောင်နဲ့ စိုက်ကြည့်နေတယ်။ ပြီးမှ 'သမီးမယ်တော်အတွက် အပ်လှူပါ အန္တရာယ်ကင်းမယ်၊ ကျန်းမာမယ်၊ စီးပွားလဲတက်မယ်၊ ထီထိုးပါ၊ ထီပေါက်လိမ့်မယ်လို့ ပြောတယ်'' ငါက လှူပါမယ့်၊ အပ်တစ်ချောင်း ဘယ်လောက်ကျသလဲဆိုတော့ ခြောက်ထောင်ပဲကျပါတယ်လို့ ပြောတယ်၊ ဒါဆိုရင် အပ်တစ်ချောင်းလှူလိုက်မယ်လို့ ပြောတော့၊ သူက မယ်တော်ကို တစ်ချောင်းတည်းလှူလို့တော့မရဘူး၊ သုံးချောင်းလှူရမယ်၊ အခု သမီးတို့ အိမ်မှာ အန္တရာယ်မြင်နေတယ်၊ လှူလိုက်ရင်တော့၊ မယ်တော်က ဖယ်ရှားပေးမှာပါလို့ ပြောတယ်''

''ငါလဲ ဘာမှ စဉ်းစားမနေတော့ပါဘူး၊ အိမ်ပေါ်ပြေးတက်ပြီး အပ်သုံးချောင်းအတွက် ငွေတစ်သောင်းရှစ်ထောင် ယူပြီးပေးလိုက်မိတာပဲဟယ်''

''နင်ဟာ တစ်သောင်းရှစ်ထောင်ဘယ်ကတော့ မလဲ။ စောစောက လှူထားတဲ့ နှစ်ရာနဲ့ဆိုရင် နင့်ဟာ တစ်သောင်းရှစ်ထောင်နှစ်ရာ ဖြစ်နေပါပေါ့လား မိခိုင်ရယ်''

''မိန်းမကြီးက ပြောသွားသေးတယ်ဟဲ့၊ ဒီငွေတွေကို မယ်တော်ကို ဆက်ကပ်လိုက်မယ်၊ မယ်တော်လက်နဲ့ထိပြီးတဲ့ ငွေတစ်ထောင်တန် တစ်ရွက်ကို မနက်ဖြန် လာပေးမယ်၊ အမြဲဆောင်ထားပါ၊ ကောင်းကျိုးတွေပေးလိမ့်မယ်'' တဲ့။

''မလာတော့ဘူး မဟုတ်လား''

''အေး''

''ကောင်းတယ်''

ကောင်လေးနှင့် ကောင်မလေး အချေအတင် ပြောကြပြီး နောင်ချိန်ချတော့မှာပဲလို့ မိမိတွေးလိုက်မိသည်။ တော်ပါသေးသည်။ ဘာမျှဖြစ်သံမကြားရ၊ တစ်ယောက်အမှား တစ်ယောက်နားလည်ခွင့်လွှတ်တတ်ကြသော ဤလင်မယားကို ချီးကျူးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်အိမ်က မိနိုင်တို့လင်မယားကတော့ ပြောကြ၊ ဆိုကြပြီး ငြိမ်သွားကြသည်။ အိပ်ပျော်သွားကြပြီ ထင်ပါရဲ့။ မိမိက တစ်ရေးနိုးပြီး ပြန်အိပ်မပျော်ဖြစ်နေသည်။ စိတ်တွေက ဟိုရောက်၊ ဒီရောက်၊ ဟိုတွေး၊ ဒီတွေးနှင့် တစ်ခါက အတိတ်ဆီသို့ ရောက်သွားခဲ့သည်။

တစ်နေ့မှာ မရောက်တာကြာပြီဖြစ်သော ဇာတိရွာသို့ အလည်တစ်ခေါက် ရောက်ခဲ့သည်။ ရန်ကုန်လက်ဆောင် ကိတ်မုန့်လေးတစ်ဘူးဖြင့် ဘကြီးတော်သူ ဦးစိန်ညိုအိမ်သို့ သွားရောက် ကန်တော့ခဲ့သည်။

ဘကြီးက အသက် (၈၀) ကျော်နေပြီ ဖြစ်သည်။ ငယ်စဉ်က ပညာလည်း ကောင်းကောင်း သင်ခဲ့ရပုံမပေါ်၊ အသွားအလာကလည်း နည်းပါးတော့ ဗဟုသုတကလည်း အားနည်းသည်ဟု ဆိုရပေမည်။

ဘကြီးက မိမိရောက်သွားတော့ ဝမ်းသာနေသည်။ ထန်းလျက်ခဲနှင့် ရေနွေးကြမ်းချပေးပြီး ဧည့်ခံစေသည်။ စကားတွေ ထွေရာလေးပါးပြောကြရင်းက ဘကြီးက ကောက်ကာငင်ကာ မေးသည်။

"လူလေး တို့ ရွာအနောက်ပိုင်းက ညွှန့်သား ညွှန့်ရွှေကို မင်းသိမဟုတ်လား"

"သိပါတယ် အဘိုး"

"အေး ... ဒီကောင် ရန်ကုန်မှာ ဖိုးတွမ်တီးဖြစ်နေတယ် ကြားတယ်၊ ဟိုတစ်လောကရွာ ပြန်လာသေးတယ်၊ သားသားနားနား ဝတ်လို့စားလို့ကွ၊ ငါ့ကိုတောင် မုန့်တွေဘာတွေနဲ့ ကန်တော့သွားသေးတယ်--

"ဒီကောင်လေး ငါးတန်း ခြောက်တန်းလောက်ပဲ ပညာသင်ဖူးတာပါ၊ ရန်ကုန်မှာ ဖိုးတွမ်းတီးတောင် ဖြစ်နေတယ်ဆိုတော့ လခကောင်းကောင်း ရမယ်ထင်တယ်၊ အဲဒါဘာရာထူးလဲကွ၊ ဒီကောင်က လူရေတော့လည်တယ်"

ဘကြီး စကားကြားလိုက်ရသည့်အခါ မိမိမှာ ငိုရမလိုရယ်ရမလိုတောင် ဖြစ်မိသေးသည်။ ဘကြီးနားလည်အောင် ရှင်းပြလိုက်ရသည်။

"ဖိုးတွမ်းတီး ဆိုတာ၊ ရာထူးမဟုတ်ပါဘူး၊ အဘိုးရဲ့ မြန်မာလိုဂဏန်း (၄၂၀)ကို အင်္ဂလိပ်လိုကြတော့ ဖိုးတွမ်တီးလို့ ခေါ်ပါတယ်။ ဥပဒေပုဒ်မအနေနဲ့ ပုဒ်မ၄၂၀ ဆိုတာ၊ လိမ်လည်မှုလို့ ခေါ်ပါတယ်၊ လူလိမ်လူညာတွေကို အရေးယူတဲ့ပုဒ်မပေါ့၊ အဲဒါကြောင့် လူလိမ်လူညာတွေကို ဖိုးတွမ်တီးလို့ တင်စားခေါ်ကြတာ အဘိုးရဲ့"

"ဆိုနိုင်ပါဘူးကွာ၊ မင်းတို့ အင်္ဂလိပ်စကားတွေကို တို့က နားမှမလည်ဘဲကိုးကွ၊ တလွဲတစ်ချော်တွေ ထင်နေတာပေါ့၊ ဟား .. ဟား .. ဟား .."

အဘိုးက အားရပါးရရယ်ချလိုက်သည်။ အမှန်တော့လည်း အဘိုးပြောသော ကိုညွှန့်ရွှေမှာ ပညာအခြေခံမရှိ၊ ရန်ကုန်တက်လာပြီး ဟိုလူ့အိမ်ကပ်နေလိုက်၊ ဒီလူ့အိမ် ကပ်နေလိုက်၊ အလုပ်က မည်မည်ရရမရှိ၊ ဆွေမျိုးသားချင်း အပေါင်းအသင်းတွေထံ နည်းမျိုးစုံနှင့် လိမ်ညာတောင်းရမ်းနေသူ ဖြစ်သည်။ သူတို့မှာ လူလိမ်လူညာအဖွဲ့ရှိသည်။ ဖြတ်ပိုင်းအတု၊ ထောက်ခံချက်အတုတွေနှင့် မြို့တကာ ရွာတကာလှည့်၍ လိမ်ညာအလှူခံ



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြသည်။ အဆင်မသင့်လျှင် အဖမ်းခံရသည်လည်း ရှိသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ အရေးယူခံရသဖြင့် ထောင်ကျခဲ့သည်လည်း ရှိသည်။ ဒါကြောင့် ညွှန့်ရွှေအမည်ရှေ့က ဖိုးတွမ်တီး ညွှန့်ရွှေဟု အမည်ရနေခြင်း ဖြစ်သည်။

⊞ ⊞ ⊞

ဖဘိုးက ဗဟုသုတက နည်းရှာလို့၊ ဖိုးတွမ်တီးဆိုတာ ရာထူးတစ်ခုလို့ ထင်ခဲ့သည်။ အိမ်နားက မိခိုင်က မအူမလည်နှင့် ငွေတစ်သောင်းရှစ်ထောင်နှစ်ရာ အလိမ်အညာခံလိုက်ရသည်။ မိမိတို့ ဇနီးမောင်နှံလည်း ဘာထူးသေးလဲ၊ ရှင်းရှင်းလေးနဲ့ ငွေနှစ်ထောင် လိမ်ညာခံလိုက်ရသည်။ ၂၀၁၃ ခုနှစ် ဧပြီလထဲတွင် ဖြစ်သည်။

တစ်နေ့ ည (၈) နာရီသတင်း၊ ရုပ်မြင်သံကြားမှ နားထောင်နေစဉ် အိမ်ရှေ့မှ "အဘ အဘ" ဟု ခေါ်သံကြားသဖြင့် ထွက်ကြည့်ခဲ့သည်။ ဆိုက်ကားတစ်စီးလမ်းဘေးတွင် ရပ်ထားသည်။ လူရွယ်တစ်ယောက်က ခြံတံခါးပေါက်ဝတွင်ရပ်နေသည်။ အကဲခတ် ကြည့်လိုက်သည့်အခါ မြင်ဖူးသလိုတော့ ရှိသည်။ ရင်းရင်းနှီးနှီးတော့ မဟုတ်။ အသေအချာစဉ်းစားကြည့်လိုက် သည့်အခါ မနေ့နံနက်က သူ့ဆိုက်ကားကို စီးလာခဲ့သည်ကို သတိရမိသည်။

"ဘာ ကိစ္စလဲကွာ"

"အဘရယ် ကျွန်တော့်ကို ကူညီပါ။ ကျွန်တော့် ဒီနေ့ အုံနာခပေးရမယ်၊ ပေးရမှာက ခြောက်ထောင်ပါ၊ ကျွန်တော့်မှာ ရှိတာက လေးထောင်တည်း ဖြစ်နေတယ်။ နှစ်ထောင်လိုနေတယ်၊ ခေတ္တချေးပါ အဘရယ်၊ ကျွန်တော် မနက်ဖြန် ဆယ့်တစ်နာရီ တိတိမှာ ဆက်ဆက် လာပေးပါမယ်---

"ဒီနေ့မှ အုံနာခ မပေးရင်၊ အုံနာက ဆိုက်ကား ပြန်သိမ်းမယ် ပြောနေပါတယ်၊ အဘမကူညီရင် ကျွန်တော်ဒုက္ခရောက်တော့မှာပါ၊ ကူညီပါ အဘရယ်၊ ကျွန်တော် ဆက်ဆက်လာပေးမှာပါ"

အပြောလေးက ကောင်းသည်။ သူ့စကားထဲမှာ ဒီနေ့ မပေးနိုင်ပါရင် အုံနာက ဆိုက်ကားပြန်သိမ်းမယ်ဆိုသည့် စကားသည်၊ မိမိရင်ကို ထိခိုက်သွားစေခဲ့ပါသည်။

"ဒီဆိုက်ကားလေး အသိမ်းခံလိုက် ရရင်ဖြင့် သူတို့မိသားစု ဒုက္ခရောက်ကြတော့မှာပဲလို့"

အပိုထည့်တွေးပြီး စိတ်မကောင်းဖြစ်မိခဲ့ရပါသည်။ ဒါလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စေတနာ၊ ကရုဏာ၊ ကြင်နာတတ်သော မေတ္တာစိတ်တို့ပင် ဖြစ်ပေလိမ့်မည်။

ဒီတော့ ငြင်းပယ်လို့ စိတ်မရှိတော့ဘဲ–

"အမေကြီးရေ ငွေနှစ်ထောင်ယူခဲ့ပါကွာ"

ဟု ဇနီးသည်အား လှမ်းတောင်းယူကာ မောင်မင်းကြီးသား ဆိုက်ကားသမားကို ပေးလိုက်ပါသည်။ ကိုယ်တော်ချောက ကျေးဇူးတင်ပါသည် ဟုတောင် ပြောဖော်မရ၊ ဆိုက်ကားပေါ်တက်လျှက် သုတ်ခြေတင်သွားလေတော့သည်။ သူပြော ခဲ့သည့် မနက်ဖြန်လည်း ပေါ်မလာ၊ သန်ဘက်ခါလည်း ပေါ်မလာ၊ ဖန်ခွဲခါလည်း ပေါ်မလာ



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။

✣ ✣ ✣

ကိုယ်တိုင် ခံလိုက်ရတော့၊ သဘောပေါက်သွားခဲ့ပြီဖြစ်သည်။ နံနက်စောစော လမ်းလျှောက်ထွက်သည့်အခါ အဖွဲ့တွေနှင့် ဆုံကြတော့ ခံလိုက်ရပုံလေး ပြောလိုက်မိသည်။

ဆရာ ဦးထွန်းအောင်ငွေက ကောက်ကာငင်ကာ

"အဲဒီကောင်က မျက်နှာပြားပြား၊ အရက်ဖေါဖေါနေတဲ့ မျက်နှာမျိုးနဲ့ မဟုတ်လား"

ဟု ဆိုပါတယ်။

"ဟုတ်တယ်ဗျာ၊ သိပ်ဟုတ်တာပေါ့"

"ဟုတ်ပြီဗျို့၊ ကျွန်တော်တို့လဲ ခံလိုက်ရဖူးတယ်၊ သူ့အမေ မကျန်းမာဖြစ်နေပါတယ်။ 'ဆေးဖိုးမရှိလို့ ကူညီပါ' ဆိုပြီး ငိုပြလို့ ကျွန်တော့်ဇနီးက ငွေငါးထောင်ထုတ်ချေးလိုက်တာ ဒီနေ့အထိ စုပ်စုပ်မြုပ်ပါပဲဗျာ"

မိမိတို့ ပြောနေသည်များကို နားစိုက်ထောင်နေသော ဆရာဦးတင်ကြည်က ပြုံးစိစိဖြင့် ဆိုပါသည်။



"ခင်ဗျားတို့ ဆိုက်ကားသမား ဗလရဲ့ မှိုင်းမိသွားပြီ ထင်တယ်"

"ဟာ ဒီကောင်ကို ဆရာက နာမည်တောင် သိနေပါလား"

"သိတာပေါ့ဗျာ၊ ဒီကောင့် ရိုက်ချက်က ကျုပ်တို့ တစ်လမ်းလုံး အိမ်စေ့တော့မယ်၊ ဟိုတစ်လောက ဒီကောင် ကျွန်တော့် အိမ်ရောက်လာတယ်၊ ဒီကောင်နည်းနည်းတော့ အီစလန်ဝေသွားတယ်ဗျ"

"ဆရာ ဘယ်လိုပညာပြလိုက်တယ်ဆိုတာ ပြောပါဦး"

"ဒီလိုလေဗျာ၊ သူ့အကြောင်း၊ ကျွန်တော်က သိထားပြီးသားပဲ၊ ဒီတော့ ကျွန်တော့်က

"ဟေ့ကောင် ဗလ မင်းငွေအခက်အခဲ ဖြစ်လာတယ် ထင်တယ်"

လို့ ဆိုလိုက်တော့၊ ဒီကောင်က ပျာပျာသလဲနဲ့–

"ဟုတ်တယ် ဆရာ၊ ကျွန်တော် ဆိုက်ကားအုံနာခ ပေးစရာမရှိ၍၊ ဒုက္ခဖြစ်နေပါတယ်၊ ကူညီပါဆရာရယ်"

လို့ ဆိုလာတယ်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်က ကူညီရမှာပေါ့ကွာဆို လိုက်တော့ ဒီကောင်အားတက် သွားပုံရတယ်---

"တိုက်တိုက်ဆိုင်ဆိုင် ပါပဲဗျာ၊ ကျွန်တော်ဝယ်ထားတဲ့ အုတ်ကျိုးကားကလဲ အိမ်ရှေ့မှာ ရပ်ထားတယ်။ ဒါနဲ့ ကျွန်တော် အကြံရပြီး---

"ဟေ့ကောင် ဗလ၊ မင်းငွေတွေလိုတယ် မဟုတ်လား ဒီကားပေါ်က အုတ်ကျိုးအိတ် တွေကို နောက်ဖေးပို့ပေးကွာ၊ မင်းလဲ ကိုယ့်လုပ်အားနဲ့ကိုယ် ငွေ ယူရာကျတယ်၊ ငါကလဲ ငွေ ချေးရာ မကျတော့ဘူး၊ ဘယ် နှယ်လဲ"

ဆိုလိုက်တော့ ဒီကောင် လေပျော့လေးနဲ့

"ရပါတယ် ဆရာ ရယ်"

လို့ မပွင့်တစ်ပွင့်လေး ဆိုပါတယ်။

ဒါနဲ့ ဒီကောင် ကားပေါ် က အုတ်ကျိုးအိတ်တစ်ဆယ့် ငါး အိတ်ကို နောက်ဖေးထမ်းပို့ လိုက်ရတာ တော်တော်အီစလန် သွားပုံရပါတယ်၊ လူက အ ရက်သမား၊ မျက်နှာက ဖောသွပ် သွပ်နဲ့ အားအင်က ချည့်နဲ့နေ တော့ သူ့ကြည့်ရတာ အတော် မောဟိုက်နေပုံရတယ်ဗျာ၊ ဒီ ကောင့်ကြည့်ရတာသက်ဆိုးရှည် ပုံ မပေါ်ပါဘူးဗျာ၊ ပြီးသွားတော့ ကျွန်တော် ငွေသုံးထောင် ပေး လိုက်ပါတယ်"

"ဆရာ ပညာပေး လိုက်ပုံက ပိုင်တယ်ဗျာ၊ ဒါပေ မယ့် ကျွန်တော် ခံလိုက်ရတာ တော့ ဆရာ ဦးတင်ကြည်နဲ့ ဆရာ ဦးထွန်းအောင်ငွေတို့မှာ တာဝန်မကင်းဘူးဗျ"

"ဟာ ဘာဆိုင်လို့လဲ ဗျာ"

သူတို့ နှစ်ယောက်က ပြိုင်တူဆိုကြသည်။

"ဆိုင်တာပေါ့ဗျာ၊ တ ကယ်လို့များ၊ ဗလအကြောင်းကို ဆရာတို့ ကြိုကြိုတင်တင် ပြော ခဲ့ကြရင် ကျွန်တော် ရှောင်လို့ တိမ်းလို့ ရတာပေါ့ဗျာ"

"အမယ်လေး မှားပါ တယ် ဆရာမောင်ရယ်"

သူတို့ နှစ်ယောက်က ပြိုင်တူပဲ ဆိုလိုက်ကြပြန်သည်။ တစ်ချိန်လုံး ဇာတ်လမ်းပမာ တစ် ပုဒ်လို နားထောင်ကောင်းနေကြ တော့ ဆရာဦးလှမြင့်နှင့် ဆရာ ဦးစန်းမောင်တို့က တစ်ပြိုင်တည်း ဆိုလိုက်ကြသည်။

"ကျွန်တော်တို့က တော့ ဆရာတို့ကို ကျေးဇူးတင် တယ်ဗျို့၊ ဆရာတို့ ဖောက်သည် ချလိုက်လို့၊ ကျွန်တော်တို့ သိ သွားခဲ့ရပါပြီ၊ ဗလ လိုကောင်မျိုး ရဲ့ လိမ်ညာမှုဘေးက လွတ်သွား နိုင်ပြီပေါ့ဗျာ"

"ဟား ...ဟား .. ဟား .."

မိမိတို့ တစ်တွေ အား ရပါးရ ရယ်မောလိုက်ကြတော့ သည်။

❋❋❋

ဒီ လိမ်မှု ညာမှုတွေနဲ့ ပတ်သက်လို့ တွေးစရာလေးများ တော့ ရှိခဲ့သည်။ တစ်ရံရောအခါ က နာမည်ကြီး လူလိမ်၊ လူညာ ဖိုးတွမ်တီး အမည်ရ အီစွပ်(ခေါ်) ခင်မောင်သန်းကို မေးကြည့်ခဲ့ဖူး သည်။ သူ့ ဖြေကြားချက်များ ကလည်း စိတ်ဝင်စားစရာ သတိ ပြုစရာတော့ ကောင်းပါသည်။

ဒီကောင် အကြောင်း နည်းနည်းလေး ပြောရဦးမယ်၊ ဒီကောင်က ရန်ကုန်တိုင်းဒေသ



www.burmeseclassic.com

www.burmeseclassic.com



ကြီးအတွင်း ရဲစခန်းအတော် များများမှာ သူ့အမှုနှင့် မကင်းသည်သာ ဖြစ်သည်။ ဒီကောင်ကလည်း ဒီအမှု အာမခံရလျှင် နောက်တစ်မှု ထပ်လိမ်လိုက်သည်သာဖြစ်သည်။ ဤနည်းဖြင့် သူ့မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ (လိမ်လည် မှု) တွေ သံသရာလည်နေတော့ သည်။ ထောင်ကျတဲ့အခါလည်း ကျလိုက်၊ ထောင်က ထွက်လာ ပြန်တော့လည်း လိမ်မည် လိမ်မည်သာဖြစ်သည်။ ဒါ့ကြောင့်လည်း သူ့နာမည်ရှေ့က ဖိုးတွမ်တီးဘွဲ့ ခံရခြင်း ဖြစ်သည်။

"အီစွပ် မင်းဟာ လိမ်ညာမှုတွေနဲ့ မကြာခဏ၊ အဖမ်းခံရတယ်၊ ထောင်လဲကျခဲ့တာလဲ ရှိတယ်၊ ရဲစခန်းတွေကလည်း ဖမ်းဆီးအရေးယူတယ်၊ သတင်းစာတွေကလဲ ရေးသားဖော်ပြကြတယ်။ စာနယ်ဇင်းတွေကလည်း ပညာပေးရေးသား နေကြတယ်၊ လိမ်လို့လဲရနေကြတာပဲကွာ၊ ငါတော့ အံ့သြရမလို ဖြစ်နေတယ်။

"မအံ့သြပါနဲ့ ဆရာရယ်၊ ကျွန်တော် လိမ်နေတာက တစ်ဦးတစ်ယောက်တည်းကို လိမ်နေတာမှ မဟုတ်ဘဲ၊ မြန်မာပြည်မှာ လူတွေက သန်းပေါင်းများစွာရှိတယ်လေ၊ ဒီလူတွေရှိသရွေ့ ကျွန်တော်တို့ကလဲ လိမ်လို့ရနေဦးမှာပဲ ဆရာ---

"တစ်ခုတော့ ရှိတယ် ဆရာ၊ လိမ်ညာတဲ့ သူနဲ့ အလိမ်ခံရမယ့်သူ ကွာဟချက်တော့ ရှိတယ် ဆရာ၊ ကျွန်တော်တို့ လိမ်ညာမယ့်သူဆိုတာ မှင်မောင်းကောင်းရတယ်၊ အနေအထိုင် ကျစ်လျစ်ရတယ်၊ တစ်ဖက်သားနားဝင်လာအောင် ပြောတတ်ဆိုတတ်ရတယ်၊ ဗဟုသုတ ကလဲ နည်းနည်းတော့ လေ့လာထားရတယ်၊ တစ်ဖက်လူ အထင်ကြီးအောင် ဝတ်ပြရတယ်၊ စားပြရတယ်၊ အထူးသဖြင့်ကတော့ တစ်ဖက်လူယုံကြည်လာအောင် ပြောတတ်ရတယ်၊ အဲဒါတွေဟာ အရည်အချင်းလို့ပဲ ဆိုပါတော့ ဆရာ--

အလိမ်ခံရတဲ့ သူတွေဘက်က ကြည့်ရင်း များသောအားဖြင့် အလိုရမ္မက်ကြီးတတ်သူ၊ ယုံလွယ်တတ်သူ၊ သနားကြင်နာတတ်သူများ ဖြစ်ကြပါတယ်။ အဲဒါသူတို့အတွက် အားနည်းချက်တွေလို့ ဆိုရမှာပေါ့ ဆရာ၊ တကယ်တော့ ဆရာရယ် လူလိမ်လူညာလို့ အခေါ်ခံရတာ နာမည်ဆိုးပေမယ့် လူကတော့ သက်သာတယ်ဆရာ"

"တော်စမ်းပါ အီစွပ်ရာ၊ ဒါထက် မင်းက အလိမ်အညာမှာ နာမည်ကြီးဆိုတော့ ငါ့ကို လက်တွေ့တစ်ခုတော့ လိမ်ညာပြနိုင်မလား"

"ရပါတယ် ဆရာရယ်၊ သိပ်မခက်ပါဘူး"

အီစွပ်က ခပ်အေးအေးပဲ ပြောသည်။ တစ်ခုံတစ်ရာကို စဉ်းစားနေသည့် အနေအထားဖြင့် ညာဘက်လက်ကလေးနှင့် မေးစေ့လေးကို ပွတ်နေသည်။ ခေါင်းကလေးကို အပေါ်မော့ထားသည်။ ခဏကြာမှ မိမိကို ပြုံးစိစိဖြင့် ကြည့်ကာ မရဲတရဲ လေသံလေးဖြင့် ပြောသည်။

"ဆရာ့ကိုတော့ အားနာပါတယ်၊ ကျွန်တော် ခံတွင်းချဉ်လာလို့ စီးကရက်တစ်လိပ်လောက် တိုက်ပါလား"

"ဒီမှာ အီစွပ် မင်းနည်းက ရှိုးနေပါပြီကွာ၊ ငါ့က စီးကရက်လဲ ပေးလိုက်ရော မင်းက



www.burmeseclassic.com

www.burmeseclassic.com



လိမ်ညာပြီးပြောလို့ ပြောမလို့ မဟုတ်လား''

မိမိထံမှ အမှတ်မထင် ကြားလိုက်ရသော စကားကြောင့် အီစွပ် မျက်နှာတစ်ချက် ပျက်သွားသည်။ အီစွပ်က မျက်နှာကို ချက်ချင်း ကြွန်ခြေဆယ်လိုက်သည်။ ပျာပျာသလဲ စကားဆိုလာသည်။

''ဒီသဘော မဟုတ်ရပါဘူးဆရာရယ်၊ ကျွန်တော် တကယ်ခံတွင်း ချဉ်လို့တောင်းမိတာပါ၊ နောက်ပြီး ဆရာနဲ့ကျွန်တော်က ရင်းနှီးသူတွေမို့လဲ တောင်းရဲတာပေါ့၊ တခြားသူဆိုရင် ဘယ်တောင်းရဲပါ့မလဲ ဆရာရယ်၊ နောက်ပြီး ကျွန်တော် လိမ်ညာပြဖို့ ဆိုတာလဲ၊ ဆရာလို့ ပါးနပ်တဲ့ လူတစ်ယောက်ကို ဘယ်လိမ်ညာလို့ ရနိုင်ပါ့မလဲ---

''ဆော်ရီးပဲဆရာ၊ ခဏစောင့်ပါ၊ ကျွန်တော်ရဲ့စခန်းရှေ့က လက်ဖက်ရည်ဆိုင်မှာ စီးကရက် ပြေးဝယ် လိုက်ဦးမယ်။ ဆရာတို့အတွက်လဲ လက်ဖက်ရည်နဲ့ မုန့်တစ်ခါတည်း မှာခဲ့မယ်လေ၊ ဆရာလက်ဖက်ရည်လား၊ ကော်ဖီလား''

အီစွပ်က ပျာပျာသလဲ ပြောကာ ထိုင်ရာမှ ထရန် ပြင်လိုက်သည်။

''ငါဘာမှ မသောက်ချင်ပါဘူးကွာ၊ မင်းလဲ သွားမနေပါနဲ့တော့၊ ရော့ မင်းသောက်ချင်တဲ့ စီးကရက်၊ ငါလဲအလုပ်တွေရှိသေးတယ်။ မင်းရဲ့လိမ်ညာနည်းကို မြန်မြန်ပြကွ''

မိမိက အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ၊ သူ့ကို တစ်လိပ် ထုတ်ပေးလိုက်သည်။ အီစွပ်က လက်ကလေး နှစ်ဖက်ဖြင့် တရိုတသေလှမ်းယူသည်။ စီးကရက်ကို မီးညှိလျက် မီးခိုးများကို အားရပါးရဖွာထုတ်လိုက်သည်။ ပြီးနောက် မိမိအားပြုံးစိစိဖြင့် ကြည့်ကာ–

''ကျွန်တော် လိမ်ညာလို့ ပြီးသွားပါပြီဆရာ''

''ဘယ်လိုကွ''

''ဒီမှာလေ ဆရာရဲ့''

အီစွပ်က စီးကရက်ကလေးကို ထောင်ပြလိုက်သည်။ မိမိ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရသည်။

''ဆရာ အံ့သြသွားသလား။ ဒီလိုလေ ဆရာရဲ့ ကျွန်တော်က ပထမနည်းကို သုံးကြည့်လိုက်တော့ ဆရာက ပါးနပ်သူပီပီ ကျွန်တော် နည်းကို ပိတ်ပစ်လိုက်တယ်။ ရုတ်တရက်တော့ ကျွန်တော်အခက်ကြုံသွားရတယ်။ ဒါနဲ့ချက်ချင်းပဲ ဒုတိယနည်းကို သုံးလိုက်တယ်။ ယုတ္တိတန်သလိုရှိသွားတော့၊ ဆရာမနေနိုင်တော့ဘူး။ စီးကရက်တစ်လိပ် ထုတ်ပေးခဲ့တယ် မဟုတ်လား။ အဲဒါပေါ့ဆရာရယ်၊ ကျွန်တော်တို့ လိမ်ညာစားတဲ့ သူတွေကတော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ လုပ်ကြရတာပဲ''

အီစွပ်က အောင်မြင်သော မျက်နှာထားဖြင့် မိမိကို စိုက်ကြည့်သည်။ မိမိ အောင့်သက်သက်ဖြင့် ခံခဲ့ရဖူးသည်။

လူလိမ် လူညာဆိုသည်မှာ ချိုပေါက်နေသူများမဟုတ်ပါ။ မိမိတို့တစ်တွေ အသိတရားဖြင့် သတိထားကြရမည်သာ ဖြစ်လေတော့သည်။

လူလိမ်လူညာများနှင့်
ကင်းဝေးနိုင်ကြပါစေ။
မောင်မောင်–ပိတောက်မြိုင်



www.burmeseclassic.com

www.burmeseclassic.com



# ငှောင်းငှောင်တေ

ကို(တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# နှောင်းနှောင်တာ

ကို (တက္ကသိုလ်)

မန္တလေး-ရန်ကုန် အမြန်ရထားသည် ရန်ကုန် ဘူတာကြီးသို့ ဆိုက်ရောက်လာသည်။ ရထားတွဲပေါ်မှ စုပြုံဆင်းလာကြသော ခရီးသည်များ အသင့်စောင့်ဆိုင်းနေကြသော အကြိုထောက်သူများ၊ ခေါင်းရွက် ဗျပ်ထိုး ဈေးသည်များ၊ အလုပ်သမားများဖြင့် စင်္ကြံ အမှတ် (၄)သည် တုတ်ထိုးဆွခံရသော ပရွက်အုံပမာ ရှုပ်ယှက်ခတ်သွားလေ၏။

ဤအခိုက်အတန့်သည် ကိုအောင်ကျော်ထူးအတွက် အခွင့်ကောင်းဖြစ်၏။ သူသည်အလတ်စား အတက်ချီကေ့စ်ကိုဆွဲကာ အထက်တန်းတွဲပေါ်မှ ကသုတ်ကရက် ဆင်းလာခဲ့သည်။

ထို့နောက် လူအုပ်နှင့်ရောကာ သံလမ်းဖြတ်လူကူးတံတားပေါ်တက်သွားပြီး အောင်ဆန်းကွင်းရှိရာဘက်သို့ ထွက်လာခဲ့သည်။ လှေကားအဆင်းတွင် ခရီးသည်တွေ တစ်ဆို့နေသည်။ အကင်းပါးသော ကိုအောင်ကျော်ထူးသည် အထွက်တံခါးပေါက်ဆီသို့ မျက်စိတစ်ချက်ဝေ့ကြည့်လိုက်၏။ ကိုအောင်ကျော်ထူး၏ စူးရှသော မျက်စိတွေက ခါတိုင်းရှိနေကျ လက်မှတ်စစ်နှင့် မီးရထားရဲအပြင် ယူနီဖောင်းဝတ်အချို့ကို ခရီးသည်များအကြားမှ လှစ်ခနဲ သတိပြုမိလိုက်သည်။

ရုတ်တရက်ဆိုတော့ အတွေ့အကြုံ မနည်းသည့် ကိုအောင်ကျော်ထူးပင်လျှင် ရင်ထိတ်သွားပြီး မျက်နှာပျက်သွားလေသည်။ သို့သော် နေကာမျက်မှန်တပ်ထားသောကြောင့်လည်းကောင်း၊ အနီးရှိ ခရီးသည်များမှာလည်း ကိုယ့်အာရုံနှင့်ကိုယ်ဖြစ်၍လည်းကောင်း သူ့ဖြစ်အင်ကို မည်သူမျှ မသိလိုက်ကြချေ။

ကိုအောင်ကျော်ထူးလည်း မသိမသာနှင့် နောက်ကြောင်းပြန်လှည့်လာခဲ့ရသည်။ ဗိုလ်ချုပ်လမ်းဘက်မှ ထွက်မည်ဟုကြံကာ သံလမ်းဖြတ်တံတားအတိုင်း တောင်ဘက်သို့ လျှောက်လာခဲ့သော်လည်း တံတားထိပ်မရောက်ခင်မှာပင် သူ့အကြံမှာ ပျက်ပြားသွားရလေ၏။ တစ်ဖက်ထိပ် ထွက်ပေါက်တွင်လည်း ရှာဖွေ စစ်ဆေးလျက်ရှိနေသည်တကား။

မသိမသာ နောက်ပြန်လှည့်ခဲ့ရသည်။ စင်္ကြံ ပေါ်သို့ ဟန်မပျက် ပြန်ဆင်းကာ အခြေအနေကို စောင့်ကြည့်အကဲခတ်နေသည်။ ထိုစဉ် အနောက်ဘက် စင်္ကြံ အစွန်တွင် ရပ်ထားသော ရထားပြာပြာတစ်စီးကို မြင်လိုက်ရ ကိုအောင်ကျော်ထူး ခေါင်းထဲသို့ အလင်းရောင်တစ်ခု လျှပ်ပြက်သလို လက်ခနဲ ဝင်လာသည်။ ထိုအလင်းရောင်တန်းနှင့်အတူ ဝမ်းသာမှု ပီတိအဟုန်ကလည်း လှိုက်ခုန်ကြွတက်လာသည်။

သို့သော် ကိုအောင်ကျော်ထူးသည် ရထားဆီသို့ ဝမ်းသာအားရ စွတ်ရွတ်မသွားဘဲ အဝေးမှနေ၍ ရထားအနီးတစ်ဝိုက်ကို သေသေချာချာ အကဲခတ်ပြီး စိတ်ကျေနပ်မှ ထွက်ခွာ၍ ရ လျှောက်လာခဲ့လေသည်။ နောက်

www.burmeseclassic.com



ဆုံးတွဲပေါ်တက်၍ ထောင့်ကျကျ ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။ ကိုအောင်ကျော်ထူးအသွင်မှာ အပြင်ပန်းအားဖြင့် မထူးခြားလှသော်လည်း အဇ္ဈတ္တသန္တာန်ကို မြင်နိုင်မည်ဆိုပါမူ စိတ်လှုပ်ရှား ယောက်ယက်ခတ်နေသည်ကို တွေ့ရမည်ဖြစ်လေ၏။

တစ်မိနစ်၊ နှစ်မိနစ်၊ လေး--ငါး--ဆယ်မိနစ်--။ မြို့ပတ်ရထားက မထွက်နိုင်သေး။ ရထားအထွက်ကို စောင့်နေရသော မိနစ်ပိုင်းကိုပင် သူ့စိတ်ထဲ၌ ကမ္ဘာကမ္ဘာထင်မှတ်နေ၏။

မိနစ်နှစ်ဆယ်ခန့်ကြာမှ ရထား ထွက်သည်။ သည်တော့မှ ကိုအောင်ကျော်ထူး တစ်ယောက် စိတ်လက်ပေါ့ပါးသွားသည်။



ဘူတာကြီးအလွန် တစ်ဘူတာမှာပင် ရထားပေါ်မှ ဆင်းသည်။ သူသည် ဗိုလ်ချုပ်ဈေးထဲမှတစ်ဆင့် သံလမ်းဖြတ်ခုံးတံတားကို ဣန္ဒြေရရ ဖြတ်ကျော်ကာ ဗိုလ်ရာညွန့်လမ်းပေါ် ရောက်လာသည်။ ထိုမှတစ်ဖန် နဝဒေး လမ်းထဲ ချိုးကွေ့လိုက်ပြီး အလံပြဘုရားလမ်းအထိ လျှောက်လာခဲ့သည်။

အလံပြဘုရားလမ်းသို့ ရောက်ခါနီးတွင် သူသည် တက္ကစီရလိုရငြား စောင့်ကြည့်သေး၏။ အရေးထဲကျမှ တက္ကစီကလည်း ကားအလွတ် ပေါ်မလာချေ။ ထို့ကြောင့် စောင့်လိုက်၊ ရှေ့အနည်းငယ် သွားလိုက်ဖြင့် စိတ်မရှည်တော့ဘဲ တဖြည်းဖြည်း လျှောက်လာရာ အမှတ်(၁)အစိုးရ အထက်တန်းကျောင်း (ဒဂုံ)ဘေးသို့ ရောက်လာသည်။

လမ်းဘေးတွင် ကားတွေ စီတန်းရပ်ထားသည်။ ရပ်ထားသော ကားတန်းကြောင့် လမ်းကျဉ်းသွားသဖြင့်ယာဉ်ကြောနှစ်ဖက်မှ ကားအသွားအလာကို ယာဉ်ထိန်းရဲနှစ်ယောက်က ထိန်းပေးနေသည်။ ကျောင်းဘက် ပလက်ဖောင်းပေါ်တွင်လည်း ကျောင်းသူကျောင်းသားတွေ၊ မိဘတွေနှင့် ဈေးသည်တွေ စည်ကားနေသည်။ ကျောင်းဝင်းထဲမှာလည်း ရောင်စုံပူပေါင်းတွေ၊ အလံတွေ၊ ပိုစတာတွေနှင့် သိုက်သိုက်မြိုက်မြိုက် ရှိလှသည်။ ပင်မ နဖူးစည်းဆိုင်းဘုတ်ကို ထင်ထင်ရှားရှားကြီး မြင်တွေ့နေရသည်။

**"မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးနှင့် ဟောပြောပွဲ"**

ကိုအောင်ကျော်ထူး မလုံမလဲဖြစ်သွားသည်။ အတက်ချီကေ့စ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိလေသည်။ ကျောင်းရှေ့မှာပင် ယောင်တောင်တောင် ရပ်နေမိလေသည်။ သူက တက်ထရက် တိုက်ပုံ၊ ရခိုင်လုံချည် အကွက်စိပ်၊ ကတ္တီပါသည်းကြိုးတစ်ဖိနပ်၊ နေကာမျက်မှန်နှင့်ဆိုတော့ မိမိရင်သွေးကို လာစောင့်နေသော ကျောင်းသားမိဘတစ်ဦးဟု ထင်မှတ်ကြပေလိမ့်မည်။

"ဒေါ်ခင်သက်လှိုင့် သားအငယ်ကောင် အောင်အောင်ရယ်လေ။ သူ့အိမ်က ပိုက်ဆံတွေ ခိုးလိုခိုး၊



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေ ခိုးရောင်းလိုရောင်းနဲ့ ပြောမနိုင် ဆိုမနိုင်မို့ စိတ်ညစ်နေကြတာ။ တစ်နေ့က အင်းယားကန်စောင်းမှာ ဆေးထိုးအပ် တန်းလန်းနဲ့ သေနေတာ တွေ့ရတယ်တဲ့"

"အို ဟုတ်လား။ အမှန်က ဒေါ်ခင်သက်လှိုင်က သူ့သားအငယ်ကို သိပ်ချစ်တာနော်။ ဒီလိုအဖြစ်မျိုးကြုံရတယ်ဆိုတော့ သူ့ခမျာ ရင်ကျိုးရှာမှာပဲ"

"မိဘနဲ့ သားသမီး၊ ဆရာနဲ့တပည့်၊ ညီအစ်ကို မောင်နှမ၊ မိတ်ဆွေ သူငယ်ချင်းတွေကြားမှာ မေတ္တာတရားတွေ သစ္စာတရားတွေ ကိုယ်ကျင့်တရားတွေ ဖျက်ယွင်းကျိုးပေါက်လာရတာဟာ ဘိန်းဖြူကြောင့်ပဲ။ ဒီအမင်္ဂလာ ဘိန်းဖြူကို ဘယ်သူတွေကများ သယ်ယူလာကြပါလိမ့်နော်"

အနီးရှိ ကျောင်းသားမိခင်နှစ်ဦး ပြောနေသံကို ကိုအောင်ကျော်ထူး ကြားရသောအခါ ထိုနေရာတွင် ဆက်ရပ်မနေရဲအောင် မျက်နှာပူလာသည်။ "ဒါကတော့ သူ့ကံနဲ့ သူပဲလေ"ဟု စိတ်ကိုတင်းလိုက်ပြီး သူတို့စကားကို ကိုယ်နှင့်မဆိုင်သလို ခေါင်းထဲမှ ထုတ်ပစ်လိုက်ကာ ကားလမ်း ကို အမှတ်တမဲ့ ဖြတ်ကူးလိုက်မိလေသည်။

"ကျွီ"

ကိုအောင်ကျော်ထူးနှင့် တစ်ပေခန့်အကွာတွင် ကားတစ်စီး တုံ့ခနဲ ရပ်သွားသည်။ ကားမောင်းသူက ခေါင်းပြူထွက်၍ ဆဲဆိုကြိမ်းမောင်းသည်။ ယာဉ်ထိန်းရဲသားတစ်ယောက် ရောက်လာပြီး နောင်မဆင်မခြင် လမ်းဖြတ်မကူးရန် ပညာပေးပြောဆိုသည်။ လူအချို့ကြည့်နေကြသည်။ သူအနေကျုံ့လာသည်။ လူအုပ်၏ အလယ်တွင် အာရုံစူးစိုက်မှုခံနေရသဖြင့် ပေါ်ပေါ်လွင်လွင် မရှိသင့်သော သူ့လုပ်ငန်းသဘာဝနှင့် ဆန့်ကျင်သွားပြီး မနေတတ်၊ မထိုင်တတ်ဖြစ်လာသည်။ သို့ဖြစ်၍ ယာဉ်ထိန်းရဲနှင့် ကားဆရာကို တောင်းပန်ကာ ထိုနေရာမှ အမြန်ထွက်လာခဲ့လေသည်။

လမ်းထိပ် အရောက်၌ တက္ကစီအလွတ်တစ်စီး အခန့်သင့်တွေ့၍ ဈေးပင်မဆစ်တော့ဘဲ ငှားစီးလာသည်။ ကိုအောင်ကျော်ထူးက လိပ်စာတစ်ခု ပြောပြပြီး ထိုလိပ်စာအတိုင်း မောင်းစေသည်။ သူသည် ကားပေါ်ရောက်မှ စိတ်ချလက်ချရှိသွားသည့်အလား စီးကရက်တစ်လိပ် ထုတ်ယူမီးညှိ၍ အားရပါးရ ရှိုက်ဖွာလိုက်သည်။ အတက်ချီကော့စ်ကို ပေါင်ပေါ်တက်၍ နောက်မှီတွင် ခပ်လျော့လျော့ မှီထိုင်ကာ ယနေ့ နံနက်ကြုံတွေ့ခဲ့ရသော အဖြစ်သနစ်များကို စားမြုံ့ပြန်ရင်း ခုမှ ပြုံးနိုင်တော့သည်။ သို့တိုင်အောင် သတိလက်လွတ်တော့ မနေရဲချေ။ ကားလမ်းတစ်လျှောက် ကျိုးတန်းတောင်းမျှော် ကြည့်လာခဲ့ရသည်။

လိပ်စာပါလမ်းသို့ ရောက်လာ၏။ ကိုအောင်ကျော်ထူးသည် ကားကို လမ်းဘေးမှာပင် ရပ်တန့်စေပြီး ခြံထဲသို့ ခြေလျင်လျှောက်ဝင်လာခဲ့သည်။ ခြံကို ငါးပေမျှမြင့်သော ခြံစည်းရိုးဖြင့် ကာရန်ထားသည်။ လာနေကျလူဖြစ်သဖြင့် ခြံစောင့်က အလွယ်တကူ တံခါးဖွင့်ပေး၏။

ခြံထဲတွင် သရက် ပိန္နဲ စသော ရာသီပင်များ၊ ပိတောက်၊ ခရေ စသော အပင်များ အုပ်ဆိုင်းညို့မှိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝင်ခြေတွင် ရွက်ခြောက်ကြွေများ ပြန့်ကြဲနေသည်။ ရှည်လျားရှုပ်ထွေးသော မြက်ရိုင်းများနှင့် ချုံနွယ်များကြောင့် လူသူတင်းဝေးနေသော ယင်းခြံ ချယ်ကြီးမှာ တောအုပ်တလေးတစ်ခုနှင့် တူတော့သည်။ တိတ်ဆိတ်ခြင်းနှင့် အထီးကျန်နိုင်ခြင်းသည် လျို့ဝှက်မှု၏ သင်္ကေတပင်ဖြစ်လေသည်။ ခြံအလယ်၌ ရေနံချေးသုတ်ထားသော အုတ်ခံပျဉ်ကာအုတ်ကြွပ်မိုး နှစ်ထပ်အိမ်အိုကြီးသည် ရဲတိုက်ကြီးဝမာ ထီးတည်းမားမားတည်ရှိနေသည်။ ဤအိမ်မည်းကြီးထဲသို့ ကိုအောင်ကျော်ထူး ဝင်သွားသည်။

သိပ်မကြာပါ။ နာရီဝက်မရှိတရှိမှာပင် ကိုအောင်ကျော်ထူးတစ်ယောက် ခြံထဲမှ ပြန်ထွက်လာသည်။ ခြံထဲ၌ မထွက်ခင် ကိုအောင်ကျော်ထူးသည် ခြံဝမှရပ်၍ အပြင်ဘက် လမ်းမပေါ်သို့ သေသေချာချာ အကဲခတ်ကြည့်သေးသည်။ အဝင်တုန်းကလိုပင် သင်္ကာမကင်းစရာ ဘာမျှမတွေ့ရချေ။ လူ ယာဉ် စက်ဘီးတို့ ပုံမှန်သွားသွားလာလာ ရှိကြသည်။ သူသည် လေတလေး တချွန်ချွန်နှင့် လမ်းထိပ်ရောက်သည်အထိ ခြေလျင်လျှောက်လာ၏။ သူ့ခြေလှမ်းသွက်နေသည်။ သူ့ရင်မှာကော့နေသည်။ သူ့ခေါင်းမှာမတ်နေသည်။ သူ့အသွင်သည် အလာတုန်းကလို ကုပ်ကုပ်ကုပ်ကုပ်နှင့် ဗုန်းလျှိုးကွယ်လျှိုး မဟုတ်တော့။ ဘာကိုမျှလည်း စိုးရိမ်ကြောင့်ကြစရာ မလိုတော့။ စိတ်ရောလူပါ ပေါ့ပါးသွက်လက်လာသည်။ ထို့အတူ သူ ဆွဲလာသော အတက်ချိကေ့စ်မှာလည်း အလာတုန်းကထက် ပေါ့နေသည်။

ကိုအောင်ကျော်ထူးသည် မှတ်တိုင်တွင် အသင့်ရပ်ထားသော ဘတ်စ်ကားတစ်စီးပေါ် တက်လိုက်၏။ ဘတ်စ်ကားဘီးလိမ့်စတွင် သူထွက်လာသော လမ်းထဲမှ ဆိုက်ကားတစ်စီးထွက်လာကာ ဆိုက်ကားပေါ်မှ လွယ်အိတ်အစိမ်းနှင့် လူတစ်ယောက်သည် အပြေးအလွှားလိုက်လာပြီး ဘတ်စ်ကား နောက်ပေါက်သို့ ခုန်တက်လိုက်လေ၏။ ဘတ်စ်ကားစီးသူများ တွေကြုံနေကျ သဘာဝမို့ အထူးတလည် ဖြစ်မနေတော့။

ဗိုက်ထဲက တကြုတ်ကြုတ်မြည်လာမှ လက်ပတ်နာရီကို ကြည့်



လိုက်သည်။ ဂယ့်နှစ်နာရီတောင်ခွဲနေပြီပဲ။ နေ့လယ်စာ စားချိန်ပင် လွန်ခဲ့ချေပြီကော။ စောစောက အကျဉ်းအကျပ်မှ ရှောင်ရတိမ်းရနှင့်မို့ ဆာရမှန်းမသိခဲ့။ အိမ်မပြန်ခင် တစ်ဆိုင်ဆိုင်ဝင်၍ ဝမ်းဖြည့်သွားရန် ကိုအောင်ကျော်ထူး စိတ်ကူးမိလေသည်။

သို့ဖြင့် ကိုအောင်ကျော်ထူးသည် ရန်ကုန်မြို့လယ်ကောင်ရှိ စားသောက်ဆိုင်သန့်သန့် တစ်ဆိုင်သို့ ဝင်ကာ စားသောက်စရာများကို မှာလိုက်သည်။ စားစရာတွေ ရောက်မလာခင် ရေခဲစိမ်ဘီယာစုပ်ရင်း အပန်းဖြေနေလေသည်။ အိမ်အပြန်မျက်နှာ ပန်းလှသဖြင့် ပျော်ရွှင်နေမည့်



www.burmeseclassic.com

www.burmeseclassic.com



ဇနီးနှင့် သားမျက်နှာကို မြင်ယောင်နေသည်။

သို့ဖြင့် ကိုအောင်ကျော်ထူးသည် သားကို သတိရသည်နှင့် တိုက်ပုံအင်္ကျီအတွင်း အိတ်ကပ်ကို စမ်းလိုက်မိ၏။ ထို့နောက် အိတ်ထဲမှ ရှည်ချောမျော ကတ်ဘူးတစ်ဘူးကို ထုတ်ကြည့်လိုက်ရာ အကောင်းစားနာရီတစ်လုံးကို တွေ့လိုက်ရသည်။

ယခင်တစ်ခေါက် ခရီးထွက်ရာမှ ပြန်လာခဲ့စဉ်က သား အကောင်လေး ပိန်သွားသည်ကို တွေ့ရ၏။ သား နေမကောင်းဖြစ်ခဲ့သည်ဟု မေခင် ပြောသည်။ ပိန်ချုန်း ညှိုးရော်နေသော သားကိုကြည့်ကာ ကိုအောင်ကျော်ထူး စိတ်မကောင်းဖြစ်ခဲ့ရသည်။ တစ်ဦးတည်းသော ရင်သွေးမို့ ကိုအောင်ကျော်ထူး အသက်ပုံ ချစ်ခဲ့သည်။ သူက စီးပွားရေး ကိစ္စဖြင့် မကြာခဏ ခရီးထွက်နေရသူမို့ သားကို အမြဲတစေ ဂရုမစိုက်နိုင်ခဲ့။ ထို့ကြောင့် အိမ်တွင် ကျန်ရစ်သော အမေဖြစ်သူက သား၏ ကျန်းမာရေးနှင့် ပညာရေးကို ဂရုစိုက်ရန် ဇနီးမေခင်ကို မှာကြားခဲ့ပြီး နောက်တစ်ကြိမ် ခရီးထွက်ခဲ့ရပြန်သည်။

"ဖေဖေ သား နာရီ ကျောင်းမှာ ကျပျောက်သွားလို့ ဒီတစ်ခါ ဖေဖေ ခရီးထွက်ရင် နာရီတစ်လုံး ဝယ်ပေးပါ ဖေဖေ"

ဟု ခရီးမထွက်မီက သား ပူဆာခဲ့၏။

ကိုအောင်ကျော်ထူးသည် သားအတွက်ဆိုလျှင် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းပေးသည်ချည်းဖြစ်၏။ ယခုလည်း သားအတွက် နောက်ဆုံးပေါ် ခေါင်းသုံးလုံး နာရီတစ်လုံး ဝယ်လာခဲ့သည်။ ချစ်ဇနီး မေမေခင့်အတွက်မူ ငါးထောင်တန် ငွေစက္ကူတွေ အထပ်လိုက် အထပ်လိုက်။

"ဒိုင်း"

လမ်းမပေါ်မှ ဟိန်းထွက်လာသောအသံကြောင့် ကိုအောင်ကျော်ထူး၏ အိမ်အပြန် အတွေးက လေး ပြတ်ထွက်သွားသည်။ နဂိုကပင် လိပ်ပြာမလုံသူမို့ ရုတ်တရက်တော့ ထိတ်လန့်တုန်လှုပ်မိသွားသေးသည်။ ပြီးမှ ကပျာကယာထ၍ အသံကြားရာလမ်းပေါ်သို့ ပြတင်းပေါက်မှတစ်ဆင့် ကြည့်လိုက်သည်။ ဆိုင်ရှေ့တည့်တည့် လမ်းမပေါ်၌ ကားတစ်စီး တာယာကွဲပြီး ရပ်နေသည်။ သည်တော့မှ သူ သက်ပြင်းချနိုင်တော့သည်။ ဆိုင်ထဲသို့ ပြန်လှည့်အဝင်တွင် ပလက်ဖောင်းပေါ်ရှိ ကွမ်းယာဆိုင်၌ ဆေးလိပ်မီးညှိနေသော လွယ်အိတ်စိမ်း လွယ်ထားသည့် လူတစ်ယောက်နှင့် စက္ကန့်ပိုင်းမျှ အမှတ်မထင် မျက်လုံးချင်း ဆုံမိလေသည်။ သို့သော် အမှတ်တမဲ့သာ--။

စားသောက်ပြီးသောအခါ ကိုအောင်ကျော်ထူး အိမ်ပြန်လာခဲ့သည်။

ခါတိုင်းဆို မေခင်ဖွင့်သော ဒီဗွီဒီသီချင်းသံကို ခြံဝကပင် ကြားရတတ်သည်။ ပြီး မေခင်သည် သူ့ကို အပြေးကလေးထွက်ကြိုမြဲ။ ယနေ့တွင်မူ ကိုအောင်ကျော်ထူး အိမ်ပေါက်ဝတွင် ရပ်မိသည့်တိုင် အိမ်ထဲမှာ လူမှ ရှိရဲ့လားဟု သံသယ ဝင်လောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသော ကြောင့် စိတ်ထဲထင့်သွား၏။ နေမှ ကောင်းကြရဲ့လားဟု တွေးပူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ကျော်ထူးသည် ညှော်ခန်းထဲမှဖြတ်၍ အိမ်ထဲဝင်သွားသည်။ အိပ်ခန်းထဲ၌ မေခင်သည် အပေါက်ဝကို ကျောပေးလျက် တစ်ဖက်သို့ စောင်းကာအိပ်နေသည်။

"ကြည့်စမ်း တံခါးကြီး ဖွင့်ပြီး အိပ်ပျော်နေလိုက်တာ"

ဟု စိတ်ထဲမှ ပြောရင်း အိပ်ခန်းထဲ ဝင်သည်။ ထို့နောက် မေခင် ဝမ်းသာစေမည်ဟုကြံကာ ငွေတစ်အုပ်နှင့် နာရီဘူးကို ထုတ်ယူကာ ခုတင်နားသို့ ခြေဖော့ကပ်သွားလေသည်။

"မေခင်"

ကိုအောင်ကျော်ထူးက အသာအယာ ငုံ၍ ခေါ်လိုက်သည်။ ထိုအ ခါ မေခင်သည် ရုတ်တရက် လန့်သွား ဟန်ဖြင့် ဆတ်ခနဲ လှည့်ကြည့်လိုက် ၏။ ငွေစက္ကူအထပ်လိုက်နှင့် နာရီဘူး ကို တစ်ဖက်တစ်ချက် ကိုင်ထား၍ ပြုံးပြုံးကြီး စိုက်ကြည့်နေသော ခင်ပွန်းသည်ကို မြင်လိုက်သောအခါ နီရဲမို့မောက်လျက်ရှိသော မေခင့်မျက်လုံးတွေထဲမှ မျက်ရည်ပူတွေ ဝေ့လည်လျှံကျလာ၏။

"ဟင် ဘာဖြစ်လို့လဲ မေခင်"

ကိုအောင်ကျော်ထူးက အ



ထိတ်ထိတ် အပျာပျာဖြင့် မေးလိုက်ကာ ခုတင်စောင်းတွင် ဝင်ထိုင်၏။ မေခင်သည် တစ်ချက်နှစ်ချက် ရှိုက်လိုက်ပြီး-

"သား--သားလေ--သား"

"သား ဘာဖြစ်လဲ။ ပြောစမ်းပါ"

"သား အဖမ်းခံရတယ် အစ်ကိုရဲ့"

"ဟင်"

မေခင့်ကို အံ့အားသင့်စေ လိုသော ကိုအောင်ကျော်ထူးမှာ မမျှော်လင့်သော မေခင့်စကားကြောင့် သူက ပြန်၍ အံ့အားသင့်သွားရသည်။

"ဘာဖြစ်လို့ အဖမ်းခံရ တာလဲ။ ရန်ဖြစ်လို့လား"

"ဟင့်အင်း"

မေခင်က ခေါင်းယမ်း သည်။ ဆက်ပြောရန် အရေးကိုမှ နှုတ်မှ မထွက်ဝံ့အောင် ဖြစ်နေရှာ သည်။ ကိုအောင်ကျော်ထူးက စိတ် မရှည်စွာဖြင့် ထပ်မေးသည်။

"ပြောလေ ဘာလို့ အဖမ်း ခံရသလဲဆိုတာ"

"ဘိန်း--ဘိန်းဖြူအမှုတဲ့ အစ်ကို"

"ဘာ ဘိန်းဖြူမှု ဟုတ် လား"

ယဉ်ပါးနေသော ဝေါဟာ ဖြစ်သည်။ ကြားနေကျ ပြောနေကျ စကားလုံးဖြစ်သည်။ သို့စဉ်လျက် ကို အောင်ကျော်ထူး တစ်ယောက် မကြ စဖူး ထိတ်လန့်တုန်လှုပ်သွားမိသည် နားနှင့် ဆတ်ဆတ်ကြားရပါလျက်



www.burmeseclassic.com

www.burmeseclassic.com



ထုံကြည်နိုင်လောက်အောင် ရှိရသည်။ ရုတ်တရက် ဘာပြောရမှန်း မသိအောင်လည်း မှင်တက်သွားမိလေသည်။ တွေးရင်း တွေးရင်း ယူကျုံးမရဖြစ်တာ ရင်ထဲမှာ တနုံ့နုံ့ နာကျင်လာသည်။

"သူငယ်ချင်း တစ်ယောက်ရဲ့ တိုက်ခန်းမှာ တစ်ယောက်တစ်လှည့်စီ ဘိန်းဖြူထိုးပေးနေတုန်း ဖမ်းမိတာတဲ့ အစ်ကို။ အစ်ကို မရှိတော့ မေခင်ဖြင့် အားငယ်လိုက်တာလေ။ ဘယ်သူ့ကို အားကိုးလို့ ဘာတွေ လုပ်ရမလဲဆိုတာ မတွေးတတ်တော့ဘူး။ နေ့တိုင်းငိုနေမိတာပဲ"

သို့ပြော၍ မေခင်သည် ရှိုက်ကြီးတငင် ငိုချလိုက်ပြန်၏။ ကိုအောင်ကျော်ထူးမှာမူ မေခင့်ကို ချော့ရမှန်းလည်းမသိ၊ ငူငူကြီးထိုင်ကာ ရင်ဝတွင် တင်းကျပ်ဆို့နင့်နေလေသည်။

သူ့သားဖျားသည်ဆိုပြီး ပိန်လှီနေခြင်း၊ နာရီပျောက်ခြင်း စသည့်တို့ကိုလည်း ခုမှဆက်စပ်၍ အဖြေဖော်ကြည့်နေမိသည်။ မကြာခဏ နယ်ထွက်၍ ဥပဒေနှင့်ဆန့်ကျင်သော အသယ်အပို့၊ အရောင်းအဝယ် အလုပ်ကို ပိရိလျှို့ဝှက်စွာ လုပ်ကိုင်နေစဉ် အတောအတွင်း ဘိန်းဖြူသားကောင်သတင်းတွေကို ကြိမ်ဖန်များစွာ ကြားခဲ့ရပြီး သူကလေးတို့အဖြစ်ကို ကိုယ်နှင့်မဆိုင်သလို လျစ်လျူရှုနိုင်ခဲ့သော်လည်း ယနေ့မူ ဒေါခင်သက်လှိုင်ကဲ့သို့သော မိခင်၏ခံစားချက်အောင်အောင်ကဲ့သို့သော ဘိန်းဖြူသားကောင်ကလေးများ၏ ဒုက္ခဆင်းရဲကို တစ်မုဟုတ်ချင်း စာနာချင့်တွက်လာတတ်လေပြီ။

ကိုအောင်ကျော်ထူးသည် ယခုထက်တိုင် ကိုင်ထားဆဲဖြစ်သော နာရီဘူးနှင့် ငွေစက္ကူထပ်ကို ငုံ့ကြည့်လိုက်၏။ နာရီကတ်ဘူးအပြာရောင်ပေါ်တွင်လည်းကောင်း၊ ငါးထောင်တန် စက္ကူနီများပေါ်တွင် လည်းကောင်း နှင်းပွင့်ပမာ ဖြူဖွေးသော ဘိန်းဖြူမှုန့်တွေကို မြင်ယောင်လာသည်။ ယခင်က ဘိန်းဖြူမှဖြစ်သော ငွေစက္ကူများကို မက်မောတွယ်တာခဲ့သော်လည်း ယခုမူ စက်ဆုပ်ရွံရှာလာ၏။ နောက်ဆုံးတော့ ကိုင်ထားရသည်ကိုပင် မသတီသည့်အလား နာရီကပ်ဘူးနှင့် ငွေစက္ကူများကို ကြမ်းပေါ်သို့ လွှင့်ပစ်လိုက်လေတော့သည်။

ထို့နောက် ကိုအောင်ကျော်ထူးသည် မေခင့်ကို ထူမ၍ ရင်ခွင်ထဲသို့ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်လိုက်ပြီး နှစ်သိမ့်နေလေသည်။ သို့တိုင်အောင် မေခင့်ရှိုက်သံကို ကြားနေရဆဲ။ သူလည်း အသံမထွက်နိုင်အောင် ထိန်းထားနိုင်စေကာမူ မျက်ရည်ပူများကိုတော့ တားဆီးနိုင်ခြင်းငှာ မစွမ်းချေ။

အိမ်ရှေ့တူရူရှိ ပြတင်းမှ တစ်ဆင့် မြင်နေရသော လမ်းပေါ် မြင်ကွင်းမှာ ဝေ့ဝဲလာသော မျက်ရည်များကြောင့် တဖြည်းဖြည်း မှုန်ဝါးသွားသည်။ သို့သော် ဤသို့ မထင်မရှား မှုန်ဝါးဝါးကြားမှပင် ကွမ်းယာဆိုင်၌ တွေ့ခဲ့ရသော လွယ်အိတ်အစိမ်းနှင့် လူသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တစ်စုံတစ်ရာ ပြောဆိုနေကြသည်ကို ကိုအောင်ကျော်ထူးက မြင်မိအောင် မြင်လိုက်မိလေသတည်း။

**ထို (ထတ္တသိုထ်)**



www.burmeseclassic.com

www.burmeseclassic.com



# သာထူးချစ်တဲ့ဝေး

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com



# သားထူးချစ်တဲ့ ဝေး

ခင်မောင်ထွန်း(လမ်းမတော်)

(၁)

ငယ်ဘဝက စပြောရရင်--

ဝေး (၁၄)နှစ်သမီးအရွယ်မှာ ဖေဖေနဲ့ မေမေ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ကွယ်လွန်သွားခဲ့ကြတယ်လေ။

ဖေဖေက အရင်ဆုံးတာပါ။

ဟုတ်ပါတယ်။ ကိုးဆယ့်ခြောက်ပါးရောဂါလို့ပဲ ပြောရမှာပေါ့။

ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြတော့ ပိုင်ဆိုင်မှုဆိုတာတွေ အားလုံးကို ဝေး ဘယ်လို ထိန်းသိမ်းတတ်မှာလဲ။ ကြွေးမြီတွေ အားလုံးကိုတောင်းလို့ ရကောင်းမှန်း မသိခဲ့ဘူး။ စာရင်း ဇယားတွေဆိုတာ ဝေးမှ နားမလည်ဘဲ အတွင်းပစ္စည်းတွေနဲ့ ဘဏ်အပ်ငွေတွေပဲ ကျန်တယ်။

အဲဒီအချိန် ဝေး ဘယ်သူ့ကို သတိတရရှိနေလဲဆိုတော့-

ဝေးနဲ့ အဝေးကြီးကို ထွက်ပြေးသွားတဲ့ သားထူးကိုပေါ့။

သူက ဝေးရဲ့ တစ်ဦးတည်းသော ငယ်သူငယ်ချင်းလေ။ ဝေးတို့ ခြံဘေးနားကပ်လျက်မှာနေတာ၊ သူက ဆင်းရဲတယ်။ မိထွေးနဲ့နေရတာ။ မိထွေးဒဏ်မခံနိုင်လို့ အိမ်က ထွက်ပြေးသွားတယ်။

အဲဒါကြောင့် မိဘမဲ့ဘဝနဲ့ ဝေး ဒုက္ခရောက်တဲ့အချိန်မှာ ငယ်သူငယ်ချင်း သူ့ကို သတိရနေမိတာပေါ့။ ဘာပဲဖြစ်ဖြစ် သားထူးရှိရင် အားကိုးရမှာ။ သူငယ်ချင်း နှစ်ယောက်ဆိုတော့ ပိုအားရှိမယ်လို့ ထင်တယ်လေ။

နောက်မှ ဖေဖေ့ စီးပွားဖက် အစ်ကိုကြီးမြတ်ခေါင်က ဝေးကို စောင့်ရှောက်တာပါ။

သြော် ဟုတ်ပါတယ်။ ဦးမြတ်ခေါင်က ဝေးရဲ့ ခင်ပွန်းပါ။ အားကိုးရမဲ့တဲ့နောက်ပိုင်း အစ်ကိုကြီးနဲ့ လက်ထပ်လိုက်ပါတယ်။

ဒါကြောင့် ဝေးက ဇနီးတစ်ယောက်အနေနဲ့ တရားလိုလုပ်ပြီး အမှုဖွင့် တိုင်ရတာပေါ့။

အချိန်က ညတစ်နာရီခွဲလောက်ရှိမယ်။ အချိန် အတိအကျတော့ ဝေးမှတ်မထားမိဘူး။ အဲဒီအချိန်က ဝေး စိတ်တွေ သိပ်လှုပ်ရှားမိတယ်လေ။

ရှေ့ပိုင်း ဘာကဘယ်လိုဖြစ်တယ်ဆိုတာတော့ ဝေး မပြောတတ်ဘူး။ ဝေး အိပ်နေရာကနေ လန့်နိုးတော့ အိပ်ရာထဲမှာ အစ်ကိုကြီးကို မတွေ့ရဘူး။

"ဝုန်း"

"ဒုံး"

"အား"

ဆိုတဲ့ အသံတွေကို အပေါ်ထပ် အိပ်ခန်းထဲကတော ဝေး ကြားရတာပေါ့။

အိုး အသံတွေက ဆူညံနေတော့ ဝေး အိပ်ရာကနေ လန့်နိုးပြီး ကြားရတာပေါ့။ တစ်ယောက်တည်းဆိုတော့ ကြောက်စိတ်နဲ့ အခန်းအပြင်ကို မထွက်ရဲဘူး။ အတော်လေးကြာပြီး ဘာသံမှ မကြားရတော့မှ ဝေး အရဲစွန့်ပြီး အိမ်အောက်ထပ်ကို ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာတာပါ။

"အစ်ကိုကြီး အစ်ကို ကြီး"

ဦးမြတ်ခေါင်ကို ဝေး နှစ် ခွန်း သုံးခွန်း အော်ခေါ်မိပါတယ်။

အောက်ထပ်ရောက်တော့ ထမင်းစားခန်းဘက် မီးလင်းနေတယ်လေ။

မီးရောင်ရှိတော့ အားတက် မိတာပေါ့။ ထမင်းစားခန်းဘက်ကို ဝေးသွားကြည့်မိတယ်။

"အား"

ဝေး ကြောက်လန့်တကြား အော်လိုက်မိတယ်။

ဟုတ်ပါတယ်။ အစ်ကိုကြီး ကို တွေ့ရတယ်။ တစ်ကိုယ်လုံးသွေး တွေနဲ့ လဲနေတယ်။ စခန်းမှူးကြီး မြင်



တဲ့အတိုင်းပဲ။ ရေခဲသေတ္တာဘေးမှာ။

အဲ ဒါပေမယ့် အစ်ကိုကြီး လက်ထဲမှာ ဓား၊ ဟုတ်တယ် မီးဖို ချောင်မှာသုံးတဲ့ သားလှီးဓားကို လက် က ကိုင်လို့ လဲကျနေတာ။

ကျန်တာတွေ ဝေး ဘာမှ မသိပါဘူး။

အစ်ကိုကြီးမှာလား--။

အို ဒီလောက် စိတ်သဘော ထားကောင်းတဲ့လူ ဘယ်သူနဲ့မှ ရန် ငြိုးရန်စ မရှိပါဘူး။

ရှင်--

ဝေးနဲ့လား၊ အဆင်မပြေစ ရာ ဘာအကြောင်းမှ မရှိပါဘူး။ ဝေး က သူ့ထက်အသက်ငယ်တော့ ဇနီး မယားတစ်ယောက်လို၊ ညီမငယ် လေး တစ်ယောက်လို အစစအရာရာ မျက်နှာမညိုးစေရပါဘူး။ အရိပ်တ ကြည့်ကြည့်နဲ့နေတာ။

ဝေးကို အစ်ကိုကြီး စိတ်ချ တယ်။

ဝေးကလည်း အိမ်ထောင် ရှင်မကောင်း၊ ဇနီးကောင်း တစ် ယောက်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် ဝဏ်ယူ ရပ်တည်ခဲ့တာပါ။

အစ်ကိုကြီးအပြင် ချစ်ရ မယ့်လူလည်း မရှိပါဘူး။

ဝေးဟာ အိမ်ထောင်အပေါ် သစ္စာစောင့်သိရမယ့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ယောက်ပါ။

ဘယ်ခါမဆို ဝေး သစ္စာဆို ရဲပါတယ်ရှင်။

"တွေ့ထွိ ရှုပ် ဇနီ"

မိန်းမတွေရဲ့ အချင်းဟာ လှပတဲ့ အဆင်းသဏ္ဌာန်လို့ ဆိုထား သလို--

(၂)

မိန်းမတို့သည် မြစ်ကဲ့သို့ ကွေ့ကောက်သော သဘောရှိတယ်လို့ ဆိုထားတာပါ။

ကျောင်းနေတုန်း ဖတ်မှတ် လေ့လာထားပါ။

ကျောင်းလို့ပြောလို့ ဘွဲ့မရ သေးပါဘူး။ ခုမှ တတိယနှစ် (ဥပဒေ) ပါ။ အဝေးသင်တက္ကသိုလ်ဆက်တက် နေတယ်လေ။

ရဲထဲဝင်တော့ ဆယ်တန်း တျ၊ ရဲထဲရောက်မှ ထပ်ဖြေ၊ အလုပ် တစ်ဖက်နဲ့ဆိုတော့ နှစ်နှစ်ထပ်ဖြေမှ အောင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းလည်းအောင် ရော လုပ်သက် ငါးနှစ်ကျော် ခြောက်နှစ်ထဲမှာဆိုတော့ ဒုရဲအုပ် သင်တန်းတက်ခွင့်ရတယ်။ သင်တန်းမတက်ခင်က လက်မောင်းမှာ အပြာနှစ်ရစ်နဲ့ ရဲတပ်ကြပ်ပေါ့။

နယ်ထိန်း ရဲတပ်ကြပ် လေ။

ဆယ်တန်းအောင် လုပ်သက် ငါးနှစ်ပြည့်ပြီးတဲ့ တပ်ဖွဲ့ဝင် တစ်ယောက်အနေနဲ့ တပ်တွင်း ဒုရဲအုပ်လောင်း သင်တန်းတက်ဖို့ အခွင့်အရေး ရခဲ့တယ်။

ဟာ အရည်အချင်းတော့ စစ်ရတာပေါ့။

ဒါမှ စံချိန်စံညွှန်း ကိုက်မှာ၊ ရဲအရာရှိငယ်အဆင့်ပေမယ့် သေချာစိစစ်ပြီးရွေးတာ။

သင်တန်းဆင်းပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပြီးမှ မြို့သစ်ရဲစခန်းမှာ တာဝန်ကျတာ၊ မြို့သစ်ရဲစခန်းမှာက စခန်းမှူးက ရဲအုပ် မင်းမောင်၊ သူက ဆရာရင်း၊ ဒုရဲအုပ်မဖြစ်ခင် ကျောတ်ဆည်မှာတုန်းက သူနဲ့တ နယ်ထိန်းအရာရှိနဲ့ နယ်ထိန်းရဲတပ်ကြပ်။

ဟော မြို့သစ်ရောက်တော့ သူက စခန်းမှူး ရောက်ရောက်ချင်းပဲ

"ချစ်ခင်၊ မင်း နယ်ထိန်းအရာရှိလုပ်ရမယ်"တဲ့။

နယ်ထိန်းအလုပ်က အရာရှိ မဖြစ်ခင်ကတည်းက လုပ်လာတာ၊ သင်တန်းလား။

နယ်ထိန်းမွမ်းမံ သင်တန်းတို့၊ အမှုစစ် အမှုလိုက် သင်တန်းတို့ တက်ပြီးပြီ။

အခုလည်း မှူးယစ်သင်တန်းက ဆင်းလာခါစ လေးရက်ပဲ ရှိသေးတယ်။

"ကဲ ဆားပုလင်းကြီးရေ လူသတ်မှုတဲ့"

စခန်းမှူး မင်းမောင်က ပြောပြောဆိုဆို မျက်ရိပ်မျက်ကဲ ပြတော့ ဘယ်နေ ခဲ့လို့ရမလဲ၊ သူ့ကားနဲ့ အခင်းဖြစ်ရာ ဦးမြတ်ခေါင်အိမ်ကို လိုက်ခဲ့ရတာပေါ့။

တွန်းတိုး သတ်ပုတ်ထားတဲ့ အနေအထား၊ ဖရိုဖရဲနဲ့ သေဆုံးသူ ဘယ်ဘက်ရင်အုံမှာ ဓားဒဏ်ရာတစ်ချက်တည်းရယ်။

အဲ ဓားကတော့ သူ့လက်ထဲမှာ အသတ်ခံရတာက ထမင်းစားခန်း၊ ဒါပေမယ့် အောက်ထပ်စာကြည့်ခန်းမှာ အခြေအနေပျက်နေတယ်။ စင်တင်ပန်းအိုးက လဲကျနေတယ်။ မီးခံသေတ္တာက ပွင့်နေတယ်။ ခြေရာလက်ရာတွေ ရှုပ်ယှက်ခတ်နေတာပဲ။ သက်သေခံပစ္စည်းနဲ့ လက်ဗွေရာ သလောက် ယူလာခဲ့တယ်။

ဒါတွေကို အင်းစိန် စီအိုင်ဒီ၊ အဲ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က ဓာတ်ခွဲခန်းတို့၊ လက်ဗွေဌာနတို့ကို ပို့ရမှာပေါ့။

တရားလိုက ဦးမြတ်ခေါင်ရဲ့ မိန်းမ ဝေးတဲ့။ အပြည့်အစုံက "ဝေးခက်မာ"

အပျိုစား၊ တော်တော်ချော၊ တော်တော်လှတဲ့ မိန်းမ၊ အသက်က နှစ်ဆယ်ကျော် နှစ်ဆယ့်သုံးနှစ်တဲ့။ ဦးမြတ်ခေါင်က လေးဆယ့်ငါးနှစ်၊ တရားလိုကိုတော့ စခန်းမှူး မင်းမောင် ကိုယ်တိုင် စုံစမ်းစစ်မေးနေတယ်။

အဲဒီတာစ ဒီမိန်းမ "ဝေး" ကို တွေ့ဖူးတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမဖြစ်ရတာ သနားစရာလေး။

တွေးမိတုန်း အမှတ်မထင် သူ့ကို သေချာကြည့်လိုက်မိတယ်။ သူ့ လည်တိုင်မှာ---။

(၃)



ကျွန်တော် ဝေးကို တ တယ် ချစ်တာပါ။

မွေးချင်းမရှိတဲ့ ကျွန်တော် ဟာ ဝေးကို ညီမလေးတစ်ယောက်လို ချစ်ခဲ့တာပါ။ ပြီးတော့--

သူနဲ့ ကျွန်တော်က ငယ်သူ ငယ်ချင်းလေ၊ သူငယ်ချင်း သံယော ဇဉ်ကြောင့်လည်း အခုလို ဖြစ်ရတာ ပါ။

ဟုတ်တယ်လေ၊ ကျွန် တော့်နာမည် သာထူး။

သူတကာထက် သာအောင် ထူးအောင် ကျွန်တော့်အမေ ပေးထား တဲ့ နာမည်၊ အဲ ဒါပေမယ့် မိထွေးနဲ့ ကျမှ ကျွန်တော့်နာမည် တာတူးဖြစ် ရော၊ မိထွေးဒဏ်မခံနိုင်တာနဲ့ ကျွန် တော် ဆယ့်နှစ်နှစ်သားမှာ အိမ်က ထွက်ပြေးတယ်။

နေစရာ၊ စားစရာမရှိ ပေ တေလေလွင့်ခဲ့တယ်။ ကျွန်တော့်ကို ကယ်တင်စောင့်ရှောက်ထားတာက ဦး မိုး။ သူက သူခိုးအကြီးစား၊ ဘာပဲဖြစ် ဖြစ် ကျွန်တော့် ကျေးဇူးရှင်လေ။

သူနဲ့ အနေကြာလာတော့ ကျွန်တော် ခိုးတာ၊ ဖောက်တာ၊ ကျွမ်း ကျင်လာတယ်ဆိုတာထက် ထူးချွန် လာတယ်ဆိုတဲ့ စကားပဲ သုံးရမယ် ထင်တယ်။

ဪ ဝေးနဲ့ ပြန်တွေ့တာ လား။

သိပ်မကြာသေးပါဘူး။ လေးငါးခြောက်လလောက်ပဲ ရှိဦး မယ်။ သူက ဦးမြတ်ခေါင်နဲ့ အိမ် ထောင်ကျပြီးမှ ပိုလှလာတယ်။ အဲ လူကြားဆန်ပွုး တည်ငြိမ်လာတယ်။ ကျက်ခြွေရှိရှိနဲ့ ပိုကြည့်လို့ကောင်းလာ တယ်။ ငယ်ရုပ်တော့ မပျောက်ပါဘူး။

ပြန်တွေ့ပြီးနောက်ပိုင်း လား၊ အဆက်အသွယ်တော့ ရှိတာ ပေါ့။

တစ်မျိုးတော့ မထင်ပါနဲ့ဗျာ ကျွန်တော်တို့က သူငယ်ချင်းချစ် ရိုး ရိုးရှင်းရှင်းပါ။

ဒါပေမယ့်ဗျာ ဦးမြတ်ခေါင် မကောင်းဘူး။ ကျွန်တော်နဲ့ ဝေးကို သံသယမျက်စိနဲ့ကြည့်တယ်။ သတ်ာ မကင်းတဲ့ သဘောပေါ့။

ဘယ်--ဗျာ၊ ဒု-သ-န-



www.burmeseclassic.com

www.burmeseclassic.com



သောဆိုတာ ခပ်ငယ်ငယ် ဘုန်းကြီးကျောင်းမှာ နေဖူးလို့ နားလည်နေတာ လင်ရှိမယား ဝေးကို စိတ်နဲ့တောင် မပြစ်မှားဘူး ယုံ။

ဝေးကို သူငယ်ချင်း သံယောဇဉ်နဲ့ သန့်သန့်စင်စင် ချစ်တာပါ။

ဆင်းဆင်းရဲရဲ ငတ်ငတ်ပြတ်ပြတ်နဲ့ ကျွန်တော့်လို ကလေးကို သူမို့လို့ အရောတဝင် သူငယ်ချင်းဖြစ်ခဲ့တာ ဝေးက ကျွန်တော့်အပေါ် ကောင်းပါတယ်။

ဒါနဲ့----။

တစ်နေ့တော့ ဦးမိုး အပေါင်းအသင်း ဘယ်ကျော်ဆိုတဲ့လူ ရောက်လာတယ်။ ထောင်က လွတ်လာတာ နှစ်လတောင် မပြည့်သေးဘူးလို့ သိရတယ်။ အိမ်ဖောက်ထွင်းဖို့ အလုပ်ရှိလို့ ဦးမိုးကို လာအဖော်ညှိတာ။

တုတ်တယ် ဦးမြတ်ခေါင်တိုက်ကို ဖောက်မလို့တဲ့။ စာကြည့်ခန်း မီးခံသေတ္တာထဲက ဖိုင်တွဲအနီ ကို အဓိကယူပေးရုံတဲ့။ ငါးသိန်းပေးဝယ်တဲ့လူ ရှိတယ်။ ခက်ခက်ခဲခဲ ထုခွဲစရာမလိုဘူးလို့ ပြောတယ်။ ကျွန်တော်ကတော့ ဘယ်သဘောတူမလဲ၊ ဝေးတို့ အကျိုးစီးပွားထိခိုက်မှာကိုး။ ဒီတော့ ဦးမိုးက--

"တာကွာ တာတူးကလဲ မီးခံသေတ္တာက မင်းပါမှ ဖြစ်မှာ"လို့ စိတ်ပျက်လက်ပျက် ပြောတယ်။ ဆက်ပြီး ပြောဆိုချင်စိတ်မရှိတာနဲ့ အိမ်ပြင်ထွက်လာခဲ့တယ်။

ပန်းခြံထဲ တစ်ယောက်တည်း သွားထိုင်နေတာပေါ့။

ညကျတော့ လူခြေတိတ်ချိန်လောက်မှာ ဝေးတို့ခြံထဲကို မှောင်ရိပ်ခိုဝင်၊ အိမ်ရှေ့တံခါးမကြီးက သော့ကိုဖွင့်၊ စာကြည့်ခန်းထဲကို တန်းသွားမီးခံသေတ္တာဖွင့်ဖို့ ခဏလေး ကြိုးစားလိုက်ရတယ်။ ဘယ်ကျော်ပြောတဲ့ ဖိုင်အနီ ကျွန်တော့်လက်ထဲ ရောက်ပြီးဘာမှမကြာဘူး။ ပြီးတော့ အိမ်အပေါ်ထပ်ကို တက်ခဲ့တယ်။ အိပ်ခန်းထဲမှာ ဦးမြတ်ခေါင်က ဖက်လုံးကြီးကို ခွပြီးအိပ်မောကျနေတယ်။

ဝေးကတော့---

ဘယ်အချိန်ကြည့်ကြည့် ကျွန်တော့်သူငယ်ချင်းက လှနေတာပဲ။

ဒါနဲ့ ဝေးကို တိုးတိုးသက်သာ နှိုးပြီး အောက်ထပ်မီးဖိုခန်းထဲ ခေါ်ခဲ့တယ်။

"ဝေး ဒီဖိုင်တွဲကို လုံခြုံမယ်ထင်တဲ့ နေရာမှာ သိမ်း၊ မဖြစ်မနေ လိုချင်တဲ့လူတစ်စုရှိတယ်"

"တာတူးရယ် ငါက ဘာများလဲလို့၊ ဒါစာချုပ်စာတမ်းတွေ သိမ်း တဲ့ ဖိုင်၊ ဒါ့ထက်နေပါဦး၊ နင်က အချိန် မတော်ကြီး အိမ်ထဲ ဘယ်လိုလုပ် ဝင် လာတာလဲ"

"ဘာပဲဖြစ်ဖြစ် သေချာ"

"ဒုန်း"

"ဂွမ်း"

ကျွန်တော့်စကား မဆုံးခင်မှာ အခြားအခန်းက အသံတွေ ကြားလိုက်ရတယ်။

ကျွန်တော်နဲ့ဝေး။ တစ်ခဏတော့ ငြိမ်နားထောင်နေမိတယ်။ ဘာသံမှ ထပ်မကြားရတော့ ပြန်မယ်ဆိုပြီးအထွက်၊ ထမင်းစားခန်းအပေါက်ဝမှာ ရပ်နေတဲ့ ဦးမြတ်ခေါင်ကို တွေ့လိုက်ရတယ်။

ဝေးနဲ့ ကျွန်တော့်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြည့်က--၊ ကျွန်တော် အကဲခတ်တတ်ပါတယ်။ အင်မတန်အထင်သေးတဲ့အကြည့်၊ အင်မတန် စက်ဆုပ် ရွံ့ရှာတဲ့အကြည့်၊ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေ၊

ကျွန်တော် ဘယ်က စရှင်းရမှန်း မသိခင်မှာပဲ

"သစ္စာမရှိတဲ့ မိန်းမယုတ်သေပေတော့"

ပြောပြောဆိုဆို ဦးမြတ်ခေါင်ဟာ ဝေးဆီကို ပြေးသွားပြီး သူ့လက်နှစ်ဖက်နဲ့ ဝေး လည်ပင်းကို ညှစ်တယ်။

ကျွန်တော့် မျက်စိရှေ့မှာ ဝေးကို သူသတ်နေတာ မကြည့်ရက်တော့ဘူး။ ကျွန်တော် ဦးမြတ်ခေါင်ကို ပြေးကန်လိုက်တယ်။

ဝေး သူ့လက်က လွတ်ပြီး အလဲလဲ အပြိုပြို ဖြစ်သွားတာပေါ့။

ဦးမြတ်ခေါင် ပန်းကန်စင်ဘက် လဲကျသွားရာက ထလာတယ်။ ဟိုကြည့်ဒီကြည့်နဲ့ ဓားကို တွေ့သွားတယ်။ ယူတယ်။ ကျစ်ကျစ်ပါအောင် ဆုပ်တယ်။ ပြီးတော့ ကျွန်တော့်ကို ပြေးထိုးလိုက်တယ်။

ရင်ဖွင့်ပေးထားရာက ညာခြေကို တစ်လှမ်းဆုတ်၊ သူ့လက်ကို အမိအရကိုင် သူ့အား ကိုယ့်အားပေါင်းပြီး နံရံဘက် ဆွဲပစ်ချလိုက်တယ်။

"ဒုံး"

"အား"

သွားပြီ။

ဆွဲပစ်လိုက်တဲ့ အရှိန်နဲ့ နံရံကို အဆောင့်၊ သူ့ဓားနဲ့သူ ထိုးမိသွားတယ်။ ဘယ်ဘက်ရင်အုံအောက်ဘက်၊ နှလုံးသားတည့်တည့် ပွဲချင်းပြီးသွားပြီ။

တဲ ဘာလုပ်ကြမလဲ၊ ဝေးတို့အတူ ထွက်ပြေးမယ်ပြောတော့ ဥပဒေဘောင်အထဲက ဖြေရှင်းမယ်တဲ့။ ဒါ လူသတ်မှု၊ ပေါ့သေးသေးမှတ်လို့ သူ အလွယ်ကလေးပြောတယ်။

စောင့်တယ်။

ဝေး ရောက်မလာပါဘူး။ ရဲတွေ ဖိဖိစီးစီး လိုက်နေတယ် ကြားတယ်။

အခြေအနေ မကောင်းဘူးလစ်မှ--။

ဟာ ဘယ်ကျော် ရောက်လာတယ်။

လေထဲမိုးထဲ ဖိုင်အနီကိုတောင်းတယ်။

မရှိဘူး။ ယူမလာဘူး။ မပေးနိုင်ဘူးလို့ ပြောတော့ လက်မခံဘူး။ သူ့မှာပါတဲ့ မောင်းပြန်ဓားကို ထုတ်တယ်။ အကြမ်းနည်းသုံးမယ်ပေါ့။

ဒီလိုတော့လည်း ရမလားယောက်ျားချင်းပဲ သူသေ ကိုယ်သေပေါ့။ ရင်ဆိုင်ဖို့ အသင့်ပြင်ထားတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့သင်ထားတဲ့ ကိုယ်ခံပညာနဲ့ ခုခံရမှာ လွယ်တော့ မလွယ်ဘူး။

သူက သတ်ပုတ်နေကျလူလက်ယဉ်နေတဲ့လူ၊ ဦးမြတ်ခေါင်လိုအစိမ်းသက်သက် မဟုတ်ဘူး။

ဟော ရုတ်တရက် ပြေးထိုးတယ်။

ရှောင်တယ်၊ လွတ်တယ်၊ လက်ပြန်တွတ်တယ်။ တစ်ချက် ထိသွားပြီ။ သတိထားနေရင်း နောက်တစ်ချက်၊ နောက်တစ်ချက် ဒဏ်ရာတွေ ပွနေပြီး ညာဘက်ရင်မှာ နတ်နတ်လေး စူးဝင်သွားတယ်။ ရှောင်ရ



www.burmeseclassic.com

www.burmeseclassic.com





တိမ်းရ လှုပ်ရှားရနဲ့ သွေးတွေ တော်တော် ထွက်လာတယ်။

ဘယ်ကျော် အပိုင်တွက်ပြီး ပြေးတက်လာတယ်။ ခဲတစ်လုံး တက်နင်းပြီး ဟန်ချက်အပျက်၊ ရှိစုခဲ့စု အားကုန်သုံးပြီး ဝိုက်ကျလာတဲ့ သူ့မေးစေ့ကို ခြေဖျားနဲ့ ခတ်ထည့်လိုက်တယ်။

နောက်ကို လန်ထွက်သွားတယ်။ မထနိုင်တော့ဘူး။

ကားတစ်စီး ဝင်လာတယ်။

"တာတူး--တာတူး ဘာဖြစ်တာလဲ"

ဝေး ရောက်လာပြီး တွဲတယ်။ ကားပေါ်တင်တယ်။

"ဆေးရုံကို မောင်းရမလား"

"ဟာ ဘယ်ဖြစ်မလဲ မြို့ငြင်ကို မောင်း"

ကြောက်အားလန့်အားနဲ့ ဝေး မောင်းထွက်လိုက်တယ်။

နောက်တော့---။

ကျွန်တော် ဘာမျှမသိတော့ဘူး။ တစ်လောကလုံး မှောင်အတိကျသွားတယ်။

(၄)

ကျုပ် မညာတတ်တာ ဆရာ သိပါတယ်။

ဘယ်တုန်းက ညာဖူးလို့လဲ။ ခိုးရင်းခိုးတယ်၊ ဖောက်ရင်ဖောက်တယ်ပေါ့။

လုပ်ရဲရင် ခံရဲတယ်။ ဘာညာစရာရှိလဲ။

အဲဒီတိုက်ကို ဖောက်ဖို့ကြံတာက ကျုပ်နဲ့ ဘယ်ကျော် နှစ်ယောက်တည်း။ ဟင့်အင်း တာတူး မပါဘူး၊ ကျုပ်ပြောတာ အမှန်ပါ။

အဲ ဟိုရောက်တော့ ကျုပ်တို့ပင်ပင်ပန်းပန်း စကြည့်ခန်းထဲမှာ မီးခံသေတ္တာက ပွင့်နေပြီ၊ ဖိုင်အနီက မရှိတော့သလို တာတူးကိုလည်း မတွေ့တော့ဘူး။

ဒီကြားထဲ ဘယ်ကျော်က တစ်မှောင့်။

အိမ်ဝင်ခိုးပါတယ်ဆိုမှ ငြိမ်ငြိမ် မနေဘူး။ အလည်သွားသလို ဟိုသွားလိုက် ဒီသွားလိုက်နဲ့ ပန်းအိုးတင်ထားတဲ့ စင်တလေးနဲ့ တိုက်မိတာ၊ ဒီကောင် သူခိုးပါးမဝလို့ ဒီလိုဖြစ်ရတာ။

အိမ်အပေါ်ထပ်က မီးပွင့်လာတယ်။ ဆင်းလာတဲ့ ခြေသံလည်း ကြားရတယ်။

ကျုပ်နဲ့ ဘယ်ကျော် စားပွဲအောက် ဝင်ပုန်းနေကြတာပေါ့။

မကြာပါဘူး။ ထမင်းစားခန်းဘက်က တွန်းတိုးသတ်ပုတ်သံကြားရတယ်။

နောက်ကျတဲ့ ခြေထောက်သစ္စာဖောက်ပေါ့။ ကျုပ်နဲ့ ဘယ်ကျော် သုတ်ခြေတင် ပြေးကြရတော့တယ်။ မြင်တာတော့ ဘာမျှ မမြင်ခဲ့ရဘူး။ အဲဒီအချိန်မှာ ပြေးနိုင်မှ လွတ်မှာကိုး။

ကျုပ်နဲ့ ဘယ်ကျော် တစ်ယောက် တစ်လမ်းစီ၊ တာတူး အိမ်ပြန်ရောက်လာမှ အခြေအနေမှန်ကို သိရတာ။

သူငယ်ချင်း သံယောဇဉ်တော်တော်ကြီးတဲ့အကောင်၊ ကြောက်တယ်လို့လည်း မပြောရတော့ဘူး။ ခုမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ မထူးတော့ဘူးဆိုပေမယ့် ပြေးကြမှ ဖြစ်မယ်ထင်တယ်။

အနေအထားက သိပ်မကောင်းဘူး။

နောက်နေ့ ညနေ ဘုရားပျက်ကုန်းမှာ ပြန်ဆုံဖို့ ပြောပြီး လူခွဲခဲ့ကြတယ်။

နောက်တစ်နေ့။

မိုးသာ စုပ်စုပ်ချုပ်သွားတယ်။ ဒီကောင် ပေါ်မလာဘူး။

"ကျုပ်တို့ ဓားပြသွားတိုက်မလို့ ရဲတွေ ကြိုစောင့်နေပါတယ်"

လို့ ဘယ်ဓားပြကမှလည်း စခန်းကိုလာပြီး မပြောပါဘူး။

အခုလို----

(၅)

အပိုင်နယ်မြေ ရဲကင်းတွေခွဲဝေ တာဝန်ချထားတယ်။ လှည့်ကင်းဆိုတာတော့ မပြောနဲ့တော့။ တပ်ဖွဲ့ဝင်တွေ အိပ်ချိန်တို မရှိဘူး။

မောင်ရိပ်ခို၊ မသတ်၊ ကြိုတင်ကာကွယ်တဲ့ အမှုတွေ လက်မလည်ဘူး။ နယ်ထိန်းတပ်ဖွဲ့ဝင်တွေ နားမှ မနားရတာ။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုတာ စီမံခန့်ခွဲမှုစနစ်အသစ်နဲ့ -

- ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး။

ရည်မှန်းချက် တာဝန်ကြီးက (၄)ရပ်၊ နောက်ပြီးတော့ စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု စွမ်းရည် (၄)ရပ် ပြည့်စုံမှုဆိုတဲ့ အရည်အချင်း 'စံ' ငါးရပ်နဲ့ ပြည့်မီရမယ်။

ကဲ--ဒီအမှုမှာပဲကြည့်၊ အမှုက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ လူသတ်မှု။

တရားလိုက ဒေါ်ဝေးခက်မာ၊ သေဆုံးသူရဲ့ ဇနီး။

ဖုန်းသတင်းနဲ့ တိုင်တယ်။

အချိန်က ညဥ့် နှစ်နာရီ မိနစ်လေးဆယ်။

အခုတင် ကင်းလှည့် စစ်ဆေးပြီး စခန်း ပြန်ရောက်ခါစ ရှိသေးတယ်။ တာဝန်ကျ စခန်းမှူးက သတင်းပို့တင်ပြတယ်။

အချိန်ဆွဲနေလို့ မရတော့၊ ချက်ချင်း ထလိုက်သွားရတယ်။

ဒါက--တာဝန်။

အမှု အခြေအနေက ရှင်းသလိုလိုနဲ့ နည်းနည်းတော့ ရှုပ်ထွေးနေတယ်။

လှည့်ကွက်၊ မြှုပ်ကွက်၊ ဖုံးကွယ်ချက် တစ်ခုခုတော့ ရှိနေပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်ကို လိုအပ်တဲ့ ညွှန်ကြားချက်တွေ ပေးလိုက်တယ်။

စခန်းမှူးက တာဝန်ပေးတာဆိုတော့ ကားနဲ့မြို့ပြင်ဘက်ကို ထွက်သွားတယ်။ အဆင်သင့်ပဲလေ။ နယ်ထိန်းချစ်ခင်က နောက်ကနေ အရိပ်ပမာ ကပ်လိုက်သွားတယ်။

မြို့ပြင်မှာ ဝေး ကားခဏရပ်တယ်။ ပြီးတော့ ဆက်ထွက်သွားတယ်။

ဝေး ကားရပ်တဲ့နေရာမှာ လဲကျမေ့မြောနေတဲ့ ဘယ်ကျော် (ခ) လင်းခတ်ဝဲ (ခ) တင်ဝင်း၊ လူဆိုးမှတ်တမ်းဝင် ထောင်ထွက်ကိုတွေ့လို့ ကားပေါ်တင်ခေါ်ပြီးတော့ ဝေးကို မျက်ခြည်ပြတ်သွားပြီ။

နယ်ထိန်းအရာရှိ ချစ်ခင်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အပြုံးမပျက်ပါပဲ။

ဘယ်ကျော်ကို လိုအပ်တာတွေ စစ်မေးပြီး အချုပ်ထဲ ထည့်ထားတယ်။

နောက်တစ်နေ့--

ဒုရဲအုပ် ချစ်ခင်၊ စခန်းမှူးရုံးခန်းထဲ အပြေးကလေး ဝင်လာတယ်။ ထူးခြားဖြစ်စဉ် တင်ပြတယ်။ လိုအပ်တဲ့ ပံ့ပိုးမှုတွေ တောင်းဆိုတယ်။ သူ့အစီအစဉ်အတိုင်း ဆက်လုပ်ခိုင်းလိုက်တယ်။

နယ်ထိန်းအဖွဲ့က ကြိုရောက်နှင့်နေတယ်။ ကျန်အဖွဲ့က ဝေးရဲ့ ကားနောက်ကနေလိုက်တယ်။

မြို့ပြင် ဘုရားပျက်တုန်း။

ဝေးက ကားကို လမ်းဘေးကပ်ရပ်လိုက်တယ်။

ကားပေါ်က ဆင်းတော့ လက်ထဲမှာ လွယ်သူ့ပန်းခြင်း ကလေးနဲ့ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားနဲ့ ဝမ်းနည်းခြင်း၊ အထိမ်းအမှတ်နဲ့ပေါ့၊ ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်းချင်း ဘုရားပျက်ကုန်းပေါ်တက်သွားတယ်။ နောက်ကပါတဲ့အဖွဲ့က အသာစောင့်ကြည့်တယ်။

မြေပုံအသစ်ကလေးပေါ်ကို ပန်းခြင်းတင်လိုက်တယ်။ ဗုဒ္ဓဘာသာဝင်ပီပီ လက်အုပ်ချီ ကန်တော့တယ်။ ပါးစပ်ကလည်း တတွတ်တွတ်နဲ့ ဆုတောင်းနေကြတာ၊ နည်းနည်းလေး လှမ်းတော့ ဘာမျှမကြားရဘူး။ ကိုယ်ကလေး လှုပ်ပြီး ရှိုက်ရှိုက်ငိုနေတာကိုတော့ ခန့်မှန်းလို့ရတယ်။

ခဏနေတော့ မတ်တတ်ရပ်တယ်။ နောက်လှည့်ပြီး လာတုန်းကလိုပဲ တစ်လှမ်းချင်းလှမ်းပြီး ကားဆီ ပြန်သွားတယ်။

ကားနားရောက်တော့ ရပ်ပြီး မြေပုံကို နောက်ပြန်တစ်ချက်ကြည့်တယ်။ နောက် ကားထဲဝင်၊ တံခါးပိတ်၊ စက်နှိုးပြီး ကားကို ဂငယ်ကွေ့ကွေ့ပြီး မြို့ထဲဘက် ပြန်မောင်းတယ်။

နယ်ထိန်းအရာရှိ ချစ်ခင်။

လျှင်တယ်ဗျာ--။

မြေပုံနဲ့ မလှမ်းမကမ်းက ကုက္ကိုလ်ပင်အောက်မှာ ဖျတ်ခနဲ ပြေးဝင်းပြီး လက်ထိတ်ခတ် ဖမ်းလိုက်တယ်။ လက်သိုင်းပတ်တီးကြိုးစည်းနဲ့ ဒဏ်ရာရထားတဲ့ တာတူး။

ဘုရားပျက်နောက်မှာ ပေါက်ပြားတစ်လက်နဲ့ ယာယီ သုဘရာဇာ လက်သစ်ဖောက်ထွင်း မိုးကြိုး (၁)မိုးတောင်း (၁) ဦးမိုးကို နယ်ထိန်းတစ်ကြပ်ကြီး တင်အောင် ဖမ်းထားပြီးသားဖြစ်နေတယ်။

ပြေးခါနီး သူငယ်ချင်းဖြစ်သူ ဝေးကို ခြေရာဖျောက်ပြီး သေကွဲကွဲ ဟန်ဆောင်တဲ့ သာထူး (ခ) တာတူးကို ခြေရာကောက်မိခဲ့တယ်။

သတိရတော့---

ကားမောင်း ထွက်သွားတဲ့ ဝေးကို လှမ်းကြည့်လိုက်တယ်။ ဝေးရဲ့ ကားကိုတားပြီး ဝေးကို ရဲစခန်းအရောက် ဘေးရန်ကင်းကင်းနဲ့ ကားမောင်းပို့မယ် တာဝန်မှူး ဒုရဲအုပ် လှဝင်း။

ကွင်းဆက်ကလေးတွေ တစ်ခုစီချိတ်လို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အစိတ်အပိုင်းလေး တစ်ခု မြို့သစ်ရဲစခန်းက တပ်ဖွဲ့ဝင်များ ရဲမှုခင်း ဖော်ထုတ်မှု။

ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရဦးမယ်။

**ခင်မောင်ထွန်း-ထမ်းခင်တော်**



www.burmeseclassic.com

www.burmeseclassic.com



# မျက်ရည်သိမ်းနဲ့ စောင့်နေမယ်

ငြိမ်းအောင် (သစ်လုပ်ငန်း)



www.burmeseclassic.com

www.burmeseclassic.com



"မျက်ရည်မိုးနဲ့
စောင့်နေမယ်"
ငြိမ်းအောင်(သစ်လုပ်ငန်း)

"ဟယ် ‥ မိုက်တယ်ဟေ့ ‥ အပျံစားပဲ ‥"

သွယ်သွယ် လက်တို့ပြီး မေးငေါ့ ပြလိုက်တော့ ချယ်ရီ မျက်လုံးနှစ်ဖက်ကို တွန့်ချိုးလိုက်သည်။ သွယ်သွယ်တို့ ကုန်စုံဆိုင်ရှေ့၊ ဖြတ်လျှောက်သွားသူကတော့ ခေတ်သစ်နတ်သားတမျှ ချောမောလှပလွန်းသည့် လူငယ်လေးတစ်ယောက်။ အရပ်မြင့်ပြီး ကိုယ်ခန္ဓာ ဖွံ့ထားကြံ့ခိုင်သည်။ ခြေတစ်လှမ်း လှမ်းလိုက်လေတိုင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နှင့်၊ သွက်လက်ချက်ချာသည်။ သူ့ဘော်ဒီနှင့် ခြေတံ၊ လက်တံများမှာ ကိုယ်ကာယလေ့ကျင့်ခန်း ပုံမှန်လုပ်ရှားထားသူ ဖြစ်ကြောင်း သိသာလွန်းလှသည်။ အသားဖြူပြီး၊ သူ့မျက်နှာလေးမှာ အမြဲတမ်း ပြုံးယောင်သန်းနေသည်။ အပြာရင့်ရောင်၊ ဂျင်းဘောင်းဘီနှင့် အုန်းခွံရောင်ကီရှပ်၊ အကျီမှာ ဖြူဝင်းသော သူ့အသားအရေနှင့် လိုက်ဖက်လွန်းလှသည်။ အပွေးကိုမြင်လျှင် အပင်ကို သိရပေလိမ့်မည်။ လူငယ်လေး ရုပ်ရည်နှင့် ဝတ်စားဆင်ယင်မှုမှာ မြန်မာလူမျိုးတော့ မဟုတ်တန်ရာ၊ တိုင်းတစ်ပါးနှင့် နွယ်ယှက်နေသည့် နိုင်ငံခြားသားတစ်ဦးဖြစ်ကြောင်း အလွယ်တကူ ခန့်မှန်း၍ရသည်။

"သိပ်လည်း စိုက်မကြည့်နေပါနဲ့ ချယ်ရီရယ်။ ညည်း မျက်လုံးတွေ၊ ဟိုလူ့ပေါင်ရင်းမှာ ကပ်ပါသွားပြီ ‥ ခစ် ‥ ခစ်"

သွယ်သွယ် နောက်ပြောလိုက်တော့ ချယ်ရီ မျက်လုံး မှိတ်သွားသည်အထိ ရယ်မောလိုက်မိသည်။ သွယ်သွယ် မေးငေါ့ ပြလိုက်သည်အထိ အလွန်ခန့်ညား တည်ကြည်သော လူငယ်လေးကြောင့် ချယ်ရီ ရုတ်တရက် ရင်ခုန်သွားမိသည်။ ဆန့်ကျင်ဘက် အပျိုလေးများအား ညို့ယူဖမ်းစား ရင်ခုန်သွားစေနိုင်သည့် ဥပဓိရုပ်ရည်ရှိသော လူငယ်လေး၏ ကျောပြင်ကို ငေးကြည့်ရင်း ချယ်ရီ သက်ပြင်း မောချလိုက်မိသည်။

✤✤✤✤✤✤✤

ချယ်ရီ အဖို့တော့ မြို့သစ်တွင် လေးငါးနှစ်မျှ အနေကြာလာတော့ နေသားကျ၍ နေပါပြီ။

ဘဝတွင် ပြီးပြည့်စုံမှုထက် စိတ်ချမ်းသာမှုကိုသာ ချယ်ရီ လိုလားသည်။ နေ့ဥစ္စာ ချမ်းသာပြီး စိတ်ဆင်းရဲရမည့် ဘဝကတော့ ချယ်ရီ လက်မခံပါ။ ဖြစ်ရာ ဘဝတွင် ပျော်ပျော်နေမည်။ ရှိတာလေးနှင့် ဝအောင် စားမည်။ လှအောင် ဝတ်မည်။ ဆင်းရဲချမ်းသာခြင်း ဆိုတာမျိုးကလည်း ကံတရားဟုသာ မှတ်ယူရပေမည်။ သတ္တလောကတွင် လူတိုင်းချမ်းသာ ချင်ကြသည်။ ကျိုကျိုတက်အောင်ကို ချမ်းသာချင်သည်။ ချမ်းသာမှု၊ ဘဝကို စိတ်ကူး ယဉ်ကြည့်မိသည်မှာ ကြိမ်ဖန်များစွာ မရေတွက်နိုင်တော့ ။

"ဟဲ့ ‥ ချယ်ရီ ‥ ညည်း ချမ်းသာဦးမယ် ‥ သိလား"

စိတ်ညစ်ရတဲ့ ကြားထဲ သွယ်သွယ်က ချယ်ရီ၏ စိတ်ကူးယဉ်၊ အိပ်မက်များကို အရှုန်းဖောက်ပြီး နောက်နေပြန်ပါသည်။

"ချမ်းသာရအောင် ဝါ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိမထိုးထားပါလား သွယ်သွယ်ရဲ့"

"ခုဟာက ထိထိုးထား တာထက်တောင်၊ ကြိမ်းသေး သေးတယ် ချယ်ရီရဲ့၊ အိုး ... ရှည်ရှည်ဝေးဝေး မပြောတော့ဘူး ကွာ။ ညည်းကို ဦးစိုင်းလှမောင် အိမ်ရောက်နေတဲ့ ကိုလူချော လေးက ချစ်လို့တဲ့ ..."

"ဟာ ပေါက်ကရတွေ။ ဒီစကားတွေ နင်ဘယ်က ကြား လာလဲ"

"လမ်းထိပ်က ဦးချိုကြီး ဆီက ကြားတာ။ ကိုချိုကြီးနဲ့ ကိုလူချောတို့ ဘီယာသောက်ရင်း ကိုလူချောက ရင်ဖွင့်လိုက်တယ် တဲ့"

"အို ငါဒါမျိုး လုံးဝ စိတ်မဝင်စားဘူး သွယ်သွယ်။ ဘယ်ကမှန်းမသိတဲ့ လူတစ် ယောက်ကို ငါမိန်းကလေးသိက္ခာ အကျခံပြီး ချစ်ရမတဲ့လား။ စကားကို ဆင်ခြင်ပြီးပြောပါ သွယ်သွယ်"

"ဆောရီး ... ဆောရီး နော်။ ငါ့ဘဝက ဘာဖြစ်နေလို့ လဲ။ ဆင်းရဲတယ် ချမ်းသာတယ် ဆိုတာ လောကရဲ့ပစ္စက္ခ ခံစား မှု တစ်ရပ်ပါပဲဟယ်။ ဆင်းရဲပေ မယ့်လဲ ငါ ဝမ်းမနည်းပါဘူး"

ချယ်ရီက သူမ ရင်ထဲ အရှိအတိုင်း ပြောချလိုက်မိသည်။

**"အို ငါဒါမျိုးလုံးဝ စိတ်မဝင်စားဘူး သွယ်သွယ်။ ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက် ကို ငါမိန်းကလေး သိက္ခာအကျခံပြီး ချစ်ရမတဲ့လား။ စကားကိုဆင်ခြင် ပြီး ပြောပါ သွယ်သွယ်"**

သွယ်သွယ်မှာတော့ မဆင်မခြင် ပြောလိုက်မိသည့်အတွက် များ စွာ စိတ်မကောင်း ဖြစ်မိသည်။

ိိိိိိိိိ

ဈေးထဲတွင် သူ့ကို မြင် လိုက်သည်နှင့် ချယ်ရီရုတ်တရက် ရင်ခုန်သွားမိသည်။ သူသည် ချယ်ရီအား အကြင်နာ မျက်ဝန်း များနှင့် စိုက်ကြည့်ပြီး စဆိုးဆိုင် တစ်ဆိုင်ထဲ ဝင်သွားသည်။ မ တည်ငြိမ်သည့် စိတ်အစဉ်ကို ထိန်းရင်း ချယ်ရီ ဝယ်ခြမ်းစရာ ရှိသည်များကို ကမန်းကတန်း ဝယ်သည်။ လမ်းထိပ်ရောက် တော့ စီးကရက်ခဲရင်း သူ ချယ် ရီကို စူးရဲရဲကြည့်နေပြန်သည်။ ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်ရင့် ကျက်လှပါပြီ ... ခံယူထားသော ချယ်ရီတစ်ယောက် သူနှင့်တွေ့မှ ရင်ခုန်ပြီးစိတ်လှုပ်ရှားနေရသည်။ ဦးနှောက်က လက်မခံပေမယ့် နှလုံးသားက အလိုလို စေ့ဆော် နေသည်။ မိန်းမများကို ဆွဲ ဆောင်မှု အလွန်ရှိသော ပုရိသ ယောက်ျား တစ်ယောက် ဖြစ် ကြောင်း ချယ်ရီ မှတ်ချက်ချလိုက် မိသည်။ နောက်များမှာတော့ သူသည် ချယ်ရီသွားရာ နောက် သို့ အရိပ်သဖွယ် တဖြည်း ဖြည်း ကပ်ငြိပါလာသည်။ ချယ်ရီ သက် ပြင်းမောသာချနေရသည်။ သူနှင့် မဆုံရလေအောင် ညီမျိုး ကွေ့ရှောင်ပေမယ့် အချည်းအနှီး



www.burmeseclassic.com

www.burmeseclassic.com



ပင်။ ဖွဲ့ကြီးသော ချယ်ရီ့အပေါ် အချစ်ဝိရိယကြီးမားသော သူ့ကို ချယ်ရီ အံ့သြသွားမိသည်။ သူ ချယ်ရီကို အလွန်ချစ်နေပြီ ဖြစ်ကြောင်း မှတ်ချက်ချလိုက်မိသည်။

အိမ်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော အမှိုက်ပုံကြီးရှိရာသို့ အမှိုက်ပစ်ပြီး အပြန် အနောက်ဘက်မှ လိုက်လာသည့် ခြေသံကြောင့် ထိတ်လန့်သွားမိသည်။

"မချယ်ရီ ကျွန်တော့်ကို စကားလေးတစ်ခွန်းလောက် ပြောခွင့်ပြုပါ"

အသံလှိုင်း တုန်ယင်နေပြီး အလွန်ဝဲသော သူ့လေသံကြောင့် ချယ်ရီ ကျိတ်ပြုံး ပြုံးလိုက်မိသည်။

"ရှင် ကျွန်မကို ချစ်တယ်ဆိုတဲ့ စကားပြောဖို့ မဟုတ်လား"

"ဟင် မချယ်ရီ ကြိုသိနေတယ်"

"မသိဘဲ နေပါ့မလား ရှင်။ ကျွန်မ ကလေး သူငယ်နာနပ်စားလေးမှ မဟုတ်တာ။ ရှင် ကျွန်မနဲ့တွေ့တိုင်း ကုန္ဒြေမဆည်နိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာပဲ"

"အဲ ‥ အဲ ‥ အဲဒါ ကျွန်တော် မချယ်ရီကို တော်တော် ချစ်မိတဲ့ စိတ်တွေကြောင့် အပြောအဆို အမူအရာတွေ ပြိုပျက်သွားရတာပါ"

"ရှင် ဗီဒီယိုကားထဲက မင်းသားတွေလိုပဲ စကားပြောအရမ်း ကောင်းတာပဲနော်"

"ဟဲ ဟဲ ဟဲ။ ဒါကတော့ နှလုံးသားက လက်ချာရိုက်ပေးလိုက်တာလေ"

"ဒီစကားမျိုး မိန်းကလေးဘယ်နှစ်ယောက် ပြောခဲ့ဖူးလဲ ကိုအဝှာ"

"ကျွန်တော့်နာမည်က ကိုအဝှာ မဟုတ်ပါဘူး မချယ်ရီ။ ကိုထောင်ချိုင်းပါ"

"ကိုထောင်ချိုင်းပဲ ဖြစ်ဖြစ်၊ ကိုလောင်ကိုင်းပဲ ဖြစ်ဖြစ် ကျေးဇူးပြုပြီး ကျွန်မကို ရှေ့ဆက် မနှောင့်ယှက်ပါနဲ့"

"နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ၊ အလွန်ချစ်မိနေလို့ပါ"

ချယ်ရီ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး အံကြိတ်လိုက်မိသည်။ ဒီလိုကျ ပြန်တော့သည်။ သူ့မျက်နှာလေးမှာ ရေဝေးသည့်ကြားနှယ် ရှုတ်တရက် ညှိုးငယ်သွားရှာသည်။

ညညနက်ချိန်များ၌ ချယ်ရီတို့ အိမ်ရှေ့လမ်းပေါ်တွင် သူ ဂစ်တာတီးပြီး သီချင်းဆိုသံကြားနေရသည်။ လေသံဝဲဝဲနှင့် သူ့သီချင်းသံမှာ သာယာနာပျော်ဖွယ်ကောင်းလှသည်။ နေ့ခင်းပိုင်းတွင် သူ့အရိပ်အရောင်ကို လုံးဝ မတွေ့ရတော့။ ချယ်ရီ အမူမဲ့၊ အမှတ်မဲ့ ပြောလိုက်မိသော စကားများသည် သူ့အဖို့ လုံးဝ ထိခိုက် နာကျင်သွားကြောင်း သဘောပေါက်သွားမိသည်။ ပေါ့ပေါ့တန်တန် ပြောလိုက်မိသော စကားသည် တစ်ဖက်သား အတွက် နစ်နာသွားကြောင်း ချယ်ရီ ယူကျုံးမရ ခံစားလိုက်ရသည်။

မတည်ငြိမ်သော စိတ်အစဉ်ကို ပြန်လည်ချုပ်တည်းနေမိသည်။ သို့သော် လူ့စိတ်ဆိုသည်မှာ ဆန်းကြယ်လွန်းလှသည်။ ရက်ပေါင်းကြာမြင့်စွာ မတွေ့ရတော့သည့်သူ့ကိုအလိုလိုသတိရနေမိသည်။

www.burmeseclassic.com



သွယ်သွယ်တို့ မိသားစု နှင့် ကျောက်တန်းရေလယ်ဘုရား ဖူးအသွား၊ တိုက်တိုက်ဆိုင်ဆိုင် သူနှင့် ရင်ပြင်တော်ပေါ်တွင် ဆုံတွေ့ကြသည်။ ရုတ်တရက် ညှိုးငယ်သွားသော သူ့မျက်နှာနုနုကို ကြည့်ရင်း ချယ်ရီ နင့်နေအောင် ခံစားလိုက်ရသည်။ မြစ်ကမ်းပါးတွင် ငါးတန်စာ ကျွေးကြတော့လည်း တစ်ယောက်နှင့် တစ်ယောက် သံယောဇဉ် မျက်ဝန်းများဖြင့် စိုက်ကြည့်နေမိကြပြန်သည်။"

"ဟဲ့ ချယ်ရီ နင်နဲ့ ဟိုလူနဲ့ မခေါ်ဘူးလား"

တိုးတိုးလေး ကပ်မေးနေသည့် သွယ်သွယ်ကို ကြည့်ရင်း ချယ်ရီခေါင်းယမ်းလိုက်မိသည်။

"သူ့ခမျာ သနားပါတယ်ဟယ်။ မျက်နှာလေး ညှိုးပြီး တစ်ခုခုကို အသည်းခိုက်အောင် ခံစားနေရပုံပဲ။ ပြီးတော့ သူက တစ်နယ်တစ်ကျေးက ဧည့်သည် တစ်ယောက်ပါဟယ်။ မြို့ခံနင်က သူ့အပေါ် လှိုက်လှိုက်လှဲလှဲရှိသင့်ပါတယ်"

သွယ်သွယ်ကတော့ လူမှုရေးအရ တရားမျှတစွာ နားချ ၍နေသည်။

ငါးတန်စာ ကျွေးပြီးနောက် စက်သမ္ဗန်တစ်စီးထဲပေါ် အတူတူ လိုက်ပါရင်း ဟိုဘက်ကမ်းသို့ ကူးလာကြသည်။

ကျောက်တန်း ကားဂိတ်ရောက်တော့ သူနှင့် သူ့သူငယ်ချင်းတို့ ကားပေါ်တက်မည်အပြု သွယ်သွယ်က ကျယ်ကျယ်လောင်လောင်… ဝှာင်စွာ လှမ်းခေါ်လိုက်သည်။

"ဟေ့ ဟေ့ အဆိုတော်ကြီး ချယ်ရီ ဒီမှာလေ နင်တို့ နှစ်ယောက်မခေါ်ဘူးဟား။ နင်တို့ကို ကြည့်ရတာ စိတ်မချမ်းသာ လိုက်တာဟယ်"

သွယ်သွယ်က နှုတ် သွက်လျှာသွက် လှမ်းခေါ်လိုက် တော့ ချယ်ရီ ရှက်ရွံ့ တုန်လှု စွာ ခေါင်းငုံ့ထားလိုက်မိသည်။

"ဟဲ့ သွယ်သွယ်ရယ် နင် မနေတတ် မထိုင်တတ်နဲ့ ဘာလို့ လှမ်းခေါ်ရတာလဲ"

"သူ့ ကြည့်ရတာ သနားပါတယ်ဟယ်။ ဟော ဟော သူငါတို့ဆီ လာနေပြီ"

"ကျွန်တော့် နာမည် အဆိုတော် မဟုတ်ဘူး။ ကိုဇေ



www.burmeseclassic.com



ချိုင်းပါ မသွယ်သွယ်။ ကျွန်တော့်ကို မိတ်ရင်းဆွေရင်း တစ်ယောက်လို ခေါ်ပြောနှုတ်ဆက်တဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျာ''

''ရပါတယ်ဟယ် ။ ကိုယ့်လမ်းထဲ လာနေတဲ့ ဧည့်သည်ပဲ ခေါ်ပြောနှုတ်ဆက်ရမှာပေါ့။ နော် ‥ ချယ်ရီ''

ချယ်ရီ မျက်နှာ ရဲတက်သွားသည်။

''ဩော် ချယ်ရီလဲ ဘုရားဖူးလာတာကိုး။ ကျွန်တော်တို့အဖွဲ့တွေ ကားအငှားနဲ့ ပြန်ကြရအောင်လား''

''နေပါစေ ကိုထော်ချိုင်း။ လိုင်းကားနဲ့ပဲ ပြန်ကြမယ်''

''လိုင်းကားဆို အဆင့်ဆင့် စီးနေရမှာပေါ့''

သူက ပြောပြောဆိုဆို အနီးရှိ အငှားယာဉ်ကို ငှားလိုက်သည်။

ချယ်ရီလည်း မလိုက်ချင် လိုက်ချင်နှင့် လိုက်ပါလာရသည်။ အငှားယာဉ်ပေါ်တွင် သူ ချယ်ရီကို တစ်လမ်းလုံး ခိုးခိုးကြည့်နေကြောင်း ချယ်ရီ သတိပြုလိုက်မိသည်။

❀❀❀❀❀❀❀❀

ဒီရေလှိုင်း၏ ရိုက်ပုတ်မှုဒဏ် ကြိမ်ဖန်များစွာ ခံစားလာရလျှင် ကမ်းပါးပြိုကျစမြဲပင်။ ထို့အတူ ကိုထော်ချိုင်း၏ ကြိမ်ဖန်များစွာ အောက်ကျို့အနွံ့တာ ခံသော ချစ်မေတ္တာတရားကို ချယ်ရီ သနားစိတ်နှင့် လက်ခံလိုက်ရသည်။

ကြင်စဦး ချစ်သူတို့ ဘဝမှာတော့ မိုးမမြင် လေမမြင် ဖြစ်ခဲ့ကြရသည်။ ချယ်ရီ၏ ဘဝမှန်ကို သိလိုက်ရတော့ ကိုထော်ချိုင်း ချယ်ရီကို လွန်စွာ ကရုဏာသက်မိသည်။ ချယ်ရီ၏ မိဘနှစ်ပါးစလုံး ကားအက်ဆီးဒင့်(စ်)ဖြစ်ပြီး ဆုံးပါးသွားခဲ့ကြသည်။ မိဘမဲ့ ဖြစ်သူ ချယ်ရီကို ဦးလေးဖြစ်သူက ခေါ်ယူမွေးစားခဲ့သည်။ ဘဝကို နားလည်သော ချယ်ရီ တစ်ယောက် ဘွဲ့ရသည်အထိ အပတ်တကုတ် ပညာဆည်းပူးလာခဲ့သည်။

ကျောင်းနေစဉ် အရွယ်ကတော့ ချစ်သူရည်းစားဆိုလို့ မှူးဖို့ပင်၊ ရှူစရာမရှိခဲ့။ ပေါးလားဝါးလားနှင့်သာ ကျောင်းပြီးသွားခဲ့ရသည်။ အပြင်လောကရောက်ပြီး မကြာမီ ကိုထော်ချိုင်းဆိုသည့် နယ်စပ်က လူနှင့်ချစ်သူဖြစ်သွားခဲ့ကြသည်။

ထိုထော်ချိုင်း၏ ကြိမ်ဖန်များစွာ တောင်းဆိုမှုကြောင့် ချယ်ရီသူနှင့် အကျဉ်းချုံးလက်ထပ်ပွဲလုပ်လိုက်ရသည်။ ကြင်စဦး ဇနီးမောင်နှံလက်ထပ်ပြီး ဦးလေးအား ခွင့်ပန်ကာ သူနေထိုင်ရာ နယ်စပ်မြို့လေးသို့ သျှောင်နောက်ဆံထုံးပါဆိုသလို လိုက်ပါလာခဲ့ရပြန်သည်။

❀❀❀❀❀❀❀❀

BURMESE CLASSIC .com

နယ်စပ်မြို့ ရောက်တော့ သူ့အဒေါ်ဆိုသူ၏ အိမ်တွင် ချယ်ရီကို ခေတ္တထားသည်။ သူကတော့ အရောင်းအဝယ်ကိစ္စနှင့် ဘန်ကောက်ဘက်သို့ ထွက်သွားပါလေပြီ။

သူ့အဒေါ် အိမ်တွင် ခေတ္တသောင်တင်နေစဉ် ချယ်ရီ သူ့ကို သတိရမိသည်မှာ ဆိုဖွယ်ရာမရှိတော့။ သူ့ကိုသတိရ စိတ်နှင့် လွမ်းဖျား၊ လွမ်းနာကျသွားမိသည်။ ဆေးပေးမီးယူ ပြုစုမည့်သူဇလာနတ္တိ။ အိမ်မှပါလာသည့် ဒီကိုဂျင်ဆေးပြားလေး သောက်ပြီး ခွေးထုတ်နေရသည်။ ခက်



www.burmeseclassic.com

www.burmeseclassic.com



သည်က သူ့အဒေါ်နှင့် သမီးနှစ်ယောက်မှာ နာမကျန်းဖြစ်နေသည့် သူမအား စောင့်ကြည့်ဖော်ပင်မရ။ သူတို့ ဘာသာစကား သူမ မပြောတတ်သလို သူမ စကားလည်း သူတို့နားမလည်ကြပါ။ ချယ်ရီအဖို့ အခက်ကြီးကြုံရ ရတက်မီးဟုန်းပွား၍ နေပါပြီ။ တတ်သမျှ မှတ်သမျှအင်္ဂလိပ်စကားနှင့် ခြေဟန်လက်ဟန် ပြောပေမယ့်လည်း အချည်းနှီးပင်။ လူမျိုးခြား အလယ်တွင် မသွားတတ် မလာတတ်နှင့် ယောင်လည်လည်ဖြစ်ခဲ့ရသည်။

ထိုအိမ်တွင် ငါးရက်မျှကြာပြီးနောက် ကိုထော်ချိုင်း ဘန်ကောက်မှ ပြန်လာသည်။ ကိုထော်ချိုင်းသူမကို ကြည့်သည့် အကြည့်များမှာ စိမ်းကားခါးသီး၍ နေသည်။ တဒင်္ဂအတွင်း ပြောင်းလဲသွားသည့် ကိုထော်ချိုင်း၏ စိတ်ခါတ်ကို ချယ်ရီနားမလည်နိုင်တော့ပါ။ ဘန်ကောက်တွင် သူမ အလုပ်ရရှိရေးအတွက် ငွေကုန်ကြေးကျခံ ရလိုက်သည်မို့ သူမကတော့ ကိုထော်ချိုင်းကို များစွာအားနာနေမိသည်။

"အားနာလိုက်တာ ကိုထော်ချိုင်းရယ်။ ချယ်ရီ အလုပ်ရဖို့အရေး ငွေကုန်ကြေးကျခံ လူအပင်ပန်းခံပြီး ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်"

ချယ်ရီ၏ ကျေးဇူးတင်စကားကို သူက အင်းမလုပ်အဲမလုပ်။ သည့်အတွက် ချယ်ရီ[illegible] များစွာ ဝမ်းနည်းသွားမိသည်[illegible] သူ့မျက်နှာတစ်ရှာမှတ်ပြီးသျှောင်[illegible] နောက်ဆံထုံးပါ ဆိုသလို အား[illegible] ကိုးတကြီးလိုက်လာခဲ့မိပါမှ အချိုး[illegible] အဆစ်ပြောင်းလဲသွားသည့် သူ့[illegible] ကို ဒေါသထွက်နေမိသည်။

နောက်နေ့ နံနက်တွင် သူနှင့်အတူ ဘန်ကောက်သို့[illegible] လာခဲ့ကြသည်။ ဘန်ကောက်မြို့[illegible] တွင်းမဟုတ်ဘဲ ဘန်ကောက်မြို့[illegible] နှင့် အလှမ်းဝေးသည့် တောမြို့[illegible] လေးတစ်မြို့တွင် ချယ်ရီအလုပ်[illegible] ရလိုက်သည်။ ရသည့်အလုပ်က[illegible] ပုစွန်မွေးမြူရေး လုပ်ငန်းဖြစ်[illegible] သည်။ကျယ်ဝန်းသော မြေကွက်[illegible] တွင် ပုစွန်မွေးမြူရေးကန်များစွာ[illegible] ရှိသလို မြင့်မားခိုင်ခံ့သော အုတ်[illegible] နံရံကြီးများဖြင့် ကာရံထားသည်[illegible]

ဂင်တိုတို ပုကွကွ အ[illegible] သားနီစပ်စပ်နှင့် လုပ်ငန်းရှင်[illegible] သူဌေးကြီးဆိုသူအား ချယ်ရီနှင့်[illegible] မိတ်ဆက်ပေးသည်။ လုပ်ငန်းရှင်[illegible] သည် ချယ်ရီအား နှစ်လိုရွှင်ပြစွာ[illegible] ပြုံးပြရင်း သူတို့ဘာသာစကားနှင့်[illegible] တိုးတိုးတိတ်တိတ် ပြောနေကြ[illegible] သည်။ လုပ်ငန်းရှင်၏ မျက်လုံး[illegible] က ချယ်ရီ့ခန္ဓာကိုယ်ပေါ်မှ မခွာ[illegible]

**ချယ်ရီအဖို့ အခက်ကြီးကြုံရ ရတက်မီးဟုန်းပွား၍ နေပါ ပြီ။ တတ်သမျှ မှတ်သမျှ အင်္ဂလိပ်စကား နှင့် ခြေဟန်လက်ဟန် ပြောပေမယ့် လည်း အချည်းနှီးပင်။ လူမျိုးခြား အလယ်တွင် မသွားတတ် မလာတတ် နှင့် ယောင်လည်လည်ဖြစ်ခဲ့ရသည်။**



www.burmeseclassic.com

www.burmeseclassic.com



တော့။ ချယ်ရီကြောက်ရွံ့ထိတ်လန့်စွာနှင့် ကိုထော်ချိုင်း၏ လက်မောင်းကို လှမ်းပုတ်ပြီး လုပ်ငန်းရှင်ကမ်းပေးသည့် ငွေအထပ်ကြီးကို မိမိရရ လှမ်းယူလိုက်သည်။ ချယ်ရီသူ့ကို နားမလည်စွာ စိုက်ကြည့်လိုက်မိသည်။

"စိုက်ကြည့် မနေနဲ့ ချယ်ရီ။ ငါ နင့်ကို ဘတ်ငွေလေးသိန်းနဲ့ ရောင်းစားလိုက်ပြီ။ ရှင်းလား"

"ရှင် ရှင် လူယုတ်မာ။ နှမချင်း မစာနာတဲ့လူ"

ချယ်ရီ ကမ္ဘာ့အပြင်ဘက် လွင့်စဉ် ထိုးကျသွားသူတစ်ဦးလို ကြောက်ရွံ့ထိတ်လန့်ပြီး ကိုထော်ချိုင်းရှေ့တွင်ပင် ပျော့ခွေမှောက်လျက် လဲကျသွားသည်။

ထဲထဲထဲထဲထဲ

ချယ်ရီ သတိရလာတော့ သန့်ရှင်းလှပသည့် အိပ်ခန်းကျယ် တစ်ခုထဲ ရောက်နေကြောင်း ထိတ်လန့်စွာတွေ့လိုက်ရသည်။ အိပ်ခန်းအပြင်အဆောင်များ အားလုံး လှပပြီး တန်ဖိုးကြီးပစ္စည်းများနှင့် မွမ်းမံချယ်သ,ထားသည်။ အိပ်ခန်းတစ်ခုလုံး အမျိုးအမည် ဖော်ပြရခက်သော သင်းပျံ့ပျံ့ ရေမွှေးရနံ့ တစ်မျိုးကို ရှူရှိုက်လိုက်ရသည်။ အဲယားကွန်းအနည်းငယ်လွှတ်ထားသည်မို့ တစ်ခန်းလုံး အေးမြမြ ခံစားလိုက်ရသည်။ ကိုယ်ပေါ်တွင် လွှမ်းခြုံထားသည့် ဂွမ်းစောင်ထူကြီးကို ချယ်ရီကမန်းကတန်း ဖယ်ရှားလိုက်မိသည်။ ဟင် ချယ်ရီ ခန္ဓာကိုယ်တစ်ခုလုံး ညဝတ်အင်္ကျီ ပါးပါးလေး ဝတ်ဆင်ထားလို့ပါလား။

ဘယ်သူက ဘယ်အချိန်တွင် ဝတ်ဆင်ပေးလိုက်မှန်း ချယ်ရီ စဉ်းစား၍ မရ။ ခေါင်းတစ်ခုလုံး မူးနောက်နောက်ဖြစ်ကာ ခန္ဓာကိုယ်အနှံ့ နာကျင်ကိုက်ခဲ၍ နေသည်။ နှလုံးအားနည်းသူမို့ ရင်တစ်ခုလုံး တလှပ်လှပ် ခုန်နေသည်။ ချယ်ရီ အိပ်ရာမှ အားယူထလိုက်သည်။ စားပွဲတင်နာရီကြည့်လိုက်တော့ နံနက် (၃)နာရီပင် ထိုးနေပြီ။ အဝေးဆီမှ ပျံ့လွင့်လာသည့် ခွေးအူသံနှင့် ရံဖန်ရံခါ ဖြတ်မောင်းသွားသည့် ကားသံတို့ကို သဲ့သဲ့မျှသာ ကြားနေရသည်။

ချယ်ရီ ထိတ်လန့်ခြင်းနှင့်အတူ ကြေကွဲဝမ်းနည်းစွာ ငိုချလိုက်မိသည်။ ထော်ချိုင်းကော ထော်ချိုင်း။

သူမအား အယုံသွင်းပြီး တစ်ဖက်နိုင်ငံသို့ ရောင်းစားသွားသည့် လူယုတ်မာ ထော်ချိုင်းကော။ သူမ တောက်တစ်ချက်ခေါက်ပြီး အံကြိတ်ထားလိုက်မိသည်။ ရက်စက်လှသည့် ထော်ချိုင်းသည် သူမနှင့် အဝေး၏ အဝေးဆုံး တစ်နေရာဆီသို့ ထွက်ခွာသွားပါပြီ။ အိပ်မက်ဆန်လှသည့် ဝမ်းနည်းကြေကွဲဖွယ်ကောင်းလှသည့် သူမဘဝကို ထိတ်လန့်တုန်လှုပ်သွားမိသည်။

တံခါး ဖွင့်သံကြောင့် သူမအထိတ်တလန့် ကြည့်လိုက်မိသည်။ ပုကွကွဂင်တိုတိုနှင့် လုပ်ငန်းရှင်ဆိုသည့် ရာဂဘီလူးကြီးသည် ရမ္မက်ခိုးဝေသည့် မျက်လုံးများနှင့် သူမရှိရာသို့ တရွေ့ရွေ့လာနေပါပြီ"

"ရှင် ရှင် ကျွန်မနား မလာနဲ့။ ကျွန်မ ရှင့်ကို ရွံတယ် ဟီး ဟီး ဟီး"

ချယ်ရီ ပြောပြောဆိုဆို ထိုလူကြီးကို ခေါင်းအုံးနှင့် စိတ်လိုက်မာန်ပါ လှမ်းပေါက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဂင်တိုတိုပုကွကွအသားနီစပ်စပ်နှင့် လူကြီးသည် ခေါင်းအုံးနှင့် အပေါက်ခံရသည်ကို ပန်းနှင့်ပေါက်သည်ဟုသာ သဘောထားကာ ချယ်ရီ၏ ခုတင်ပေါ်သို့ ဝင်ထိုင်လိုက်သည်။ ချယ်ရီအား စားတော့ဝါးတော့မလို့ အငမ်းမရကြည့်ရင်း ချယ်ရီ့ပါးစပ်ကို လှမ်းပိတ်လိုက်သည်။ သန်မာသောသူ၏ လက်ကြီးကို တွန်းဖယ်၍ မရတော့။ ပြီးတော့ ချယ်ရီ၏ နူးညံ့ အိစက်သော ခန္ဓာကိုယ်ကို မိမိရရ လှမ်းဖက်လိုက်သည်။

"အိုး အိုး လူ့တိရစ္ဆာန်ကြီး၊ လွှတ်ပါ ကျွန်မကို လွှတ်ပါ"

ချယ်ရီ ငယ်သံပါအောင် ငိုယိုတောင်းပန်သော်လည်း အချည်းအနှီးပင်။ လေလုံအောင် ဂိတ်ထားသည့် အိပ်ခန်းတွင် ချယ်ရီငိုယိုအော်ဟစ်သော်လည်း အသံလှိုင်းများ အပြင်သို့ လုံးဝ ထွက်မပြေးလာတော့။ ချယ်ရီခမျာမှာတော့ မြှူးမိသည့် ငါးတစ်ကောင်လို ရုန်းကန်နေပေမယ့် တဖြည်းဖြည်း နှစ်မြုပ်ကျွံဝင်သွားခဲ့ပါပြီ။ ရာဂဘီလူးကြီး၏ ကျော့ကွင်းထဲမှ ရုန်းထွက်၍မရနိုင်တော့။ ချွေးသီးချွေးပေါက်များ ဒီးဒီးကျကာ ငိုပွဲဆင်ရုံမှ တစ်ပါးဘာဆိုဘာမှ မတတ်နိုင်တော့။

ⵔⵔⵔⵔⵔⵔⵔ

နောက်တစ်နေ့ နံနက် (၈)နာရီတွင် ချယ်ရီလုပ်ငန်းခွင်ဝင်ရသည်။ ဘဝတူအလုပ်သမများ၏ မေးငေါ့စပ်စုလိုသော အကြည့်စိမ်းများကို ခါးသီးစွာခံစားလိုက်ရသည်။

အမျိုးသမီး အလုပ်သမနှစ်ဆယ်ကျော်မှာ လူမျိုးစုံများဖြစ်ကြသည်။ သူမတို့အကြည့်များမှာ စိမ်းဆတ်လွန်းလှသည်။ ထိုအထဲမှ ချယ်ရီအား ကရုဏာမျက်ဝန်းများနှင့် လှမ်းလှမ်းကြည့်နေသော အစ်မကြီး တစ်ဦးကို သတိထားလိုက်မိသည်။ အစ်မကြီးသည် ချယ်ရီအား နှစ်လိုရွှင်ပြစွာ ပြုံးပြရင်း ချယ်ရီ့အပါးသို့ တရွေ့ရွေ့လှမ်းလာသည်။

"ဟို ဟိုလေ။ ညီမက မြန်မာလူမျိုးလားဟင်"

"ဟုတ် ‥ ဟုတ်ကဲ့ အစ်မ။ ညီမလေးက မြန်မာလူမျိုး စစ်စစ်ပါ"

အစ်မအရင်း တစ်ယောက် ပြန်တွေ့ရသလို ချယ်ရီအားတက် ဝမ်းသာသွားမိသည်။ အဒ်ဒ်အမျိုးသမီးအား ရုတ်တရက်ဖက်ထားလိုက်မိသည်။

**"ဝမ်း ‥ဝမ်းသာလိုက်တာ မမရယ်။ တိုင်းတစ်ပါးမှာကိုယ့်မြန်မာအချင်းချင်း တွေ့ရတာမို့ အားရှိလိုက်တာ မမရယ်။ ဒါ့ပေမယ့် ကျွန်မ ‥ကျွန်မ ‥ ဟင့် ‥ဟင့် ‥ဟင့်"**

"ဝမ်း ‥ ဝမ်းသာလိုက်တာ မမရယ်။ တိုင်းတစ်ပါးမှာ ကိုယ့်မြန်မာအချင်းချင်း တွေ့ရတာမို့ အားရှိလိုက်တာ မမရယ်။ ဒါ့ပေမယ့် ကျွန်မ ‥ ကျွန်မ ‥ ဟင့် ‥ ဟင့် ‥ ဟင့်"

အစ်မကြီး၏ ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ချယ်ရီယူကျုံးမရ ငိုချလိုက်မိသည်။

“မမ ‥ အရာအားလုံးကို နားလည်ပါတယ် ညီမလေးရယ်။ ကံတရားလို့သာ မှတ်ယူလိုက်ပါကွယ်။ ညီမလေး အသက် မသေသွားတာကိုပဲ ကံတရားကို ကျေးဇူးတင်ထိုက်ပါတယ် ညီမလေးရယ်”

အစ်မကြီး၏ အသံလှိုင်းများ ကွဲအက်၍နေသည်။

“မမလဲ ညီမလေးလိုပါပဲကွယ်။ လူတကာကို အယုံလွယ်ပြီး တိုင်းတစ်ပါးကို အထင်ကြီးခဲ့မိလို့ မမဘဝရောင်းစားခံလိုက်ရတယ်”

“ရှင်”

ချယ်ရီ သည်းခြေပျက်မတတ် ကြောက်ရွံ့တုန်လှုပ်သွားမိသည်။

“ဟင် ဒါဆို ညီမလေးလဲ အရောင်းစားခံသွားရပြီပေါ့နော်”

အစ်မကြီး ခေါင်းကို ညင်သာစွာ ညိတ်လိုက်သည်။

“ဟုတ်တယ်။ ညီမလေးလဲ မမလိုပဲ အရောင်းစားခံလိုက်ရပြီလေ။ အဓိက တရားခံက ထော်ချိုင်းတို့လို လူကုန်ကူးသူတွေရဲ့ ဖြားယောင်းသွေးဆောင်မှု၊ အယုံသွင်းမှု၊ အထင်ကြီးအောင် ငွေကြေးအမြောက်အမြား သုံးစွဲပြမှုတို့ကို အသိဉာဏ်နဲ့ ချင့်ချိန်ရမယ်။ မမဇာတိက ရန်ကုန် ဒဂုံမြို့သစ်ကပါ။ မမလုပ်ငန်းက စက်ချုပ်ဇာပန်းထိုးတဲ့ လုပ်ငန်းပါ။ ထော်ချိုင်းနဲ့ ခင်မင်ရင်းနှီးသွားပြီး သူ့ရဲ့အပြောကောင်း အယုံသွင်းတတ်မှုကြောင့် ခုလို အရောင်းစားခံလိုက်ရတာပါ ညီမလေးရယ်။ အမှန်တော့ ထော်ချိုင်းဟာ ဒီနိုင်ငံမှာ သူ့မယားကြီးရှိရက်နဲ့ မမတို့ကို ပန်းကောင်းအညွှန့်ချိုးလုပ်ရက်တာမို့ သူ့ကိုရင်နာလို့ မဆုံးပါဘူးကွယ်”

“ဟင် ထော်ချိုင်းမှာ မယားရှိတယ်။ ဟုတ်လား မမ”

“ဟုတ်တယ် ညီမလေးရဲ့။ မမသိရသလောက် ဒီနိုင်ငံမှာ ထော်ချိုင်းဟာ မယားနှစ်ယောက်ကို တစ်ပြိုင်တည်းပေါင်းပြီး နေထိုင်တယ်။ နောက်ဆက်တွဲ မယားတွေလဲ အများကြီးပဲ။ သူ့ရဲ့အဓိက စီးပွားရေးက လူကုန်ကူးမှုလုပ်ငန်းပေါ့”

ကြားရ ‥ ကြားရ ‥ နားဝမှာ မချမ်းသာ ဆိုသလို ထော်ချိုင်း ရက်စက်ယုတ်မာသူ အကြောင်းကို တွေးရင် ချယ်ရီ ထိတ်လန့်ကြောက်ရွံ့နေမိသည်။ ဖြစ်တည်ရာ ဘဝပေါင်းများစွာတွင် ဤကဲ့သို့ ယုတ်မာရက်စက်သည့် လူမျိုး၏ဖြားယောင်းသွေးဆောင်မှုမျိုး မကြုံရပါစေနှင့်ဟုသာ ချယ်ရီကျိတ်၍ဆုတောင်းနေမိသည်။ အယုံလွယ်သော စဉ်းစားတွေးခေါ်မှု ဉာဏ်ရည်နည်းသော ချယ်ရီတစ်ယောက် ကျိတ်၍ ငိုရှိုက်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်တော့။

တစ်ဖက်နိုင်ငံရှိ ပုစွန်မွေးမြူရေးလုပ်ငန်းခွင် တစ်ခုတွင် ချယ်ရီတစ်ယောက် ဘဝဝဋ်ကြွေးကို ပင်ပန်းဆင်းရဲစွာ ဆပ်နေရရှာသည်။ ချယ်ရီအဖို့တော့ ဤဝဲဂယက်မှ လွတ်မြောက်မည့် ရက်ကို မျက်ရည်မိုး နှင့်အတူ မောပန်းကြီးစွာ စောင့်မျှော်နေမိသည်။ ။

ငြိမ်းအောင်

(သစ်လုပ်ငန်း)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



“မှောင်သောည အလွန်မှာ”

တွင်းကြီးသားတင်ဝင်းဦး

ကိုကျင်မောင် တစ်ယောက် ခေါင်းပေါင်းပေါင်းလိုက်ပြီး ပုဆိုးကို တိုတိုဝတ်လိုက်သည်။ ပြီးတော့ပလတ်စတစ်နှင့်ထည့်ထားသည့် ကွမ်းထုပ်ကို ခါးမှာ ညှပ်လိုက်သည်။

နေစောင်းပြီဖြစ်သည်။ ထိုအချိန်သည် ကိုကျင်မောင်အတွက် အပုပ်ချိန်ဖြစ်သည်။ ဝမ်းတွင်းက လှိုက်၍ တက်လာသည့် ဝမ်းခေါင်းလေသံ တစ်ဝေါဝေါဖြစ်ပြီး မျက်ရည်ဝေသည်အထိ ပျို့အန်ကာ တောင့်တတတ်သည့်အချိန်ဖြစ်၏။

ကိုကျင်မောင် ဘာကို တောင့်တသနည်း။ အခြားမဟုတ်။ သောက်နေကြ ပင်ကျရည် (ပင်ပေါ်ဆွဲ)ထန်းရည်ပင်ဖြစ်သည်။ ပင်ပေါ်ဆွဲထန်းရည်ဆိုသည်က ညနေခင်းအချိန်တွင် မြူအိုးချအပြီး ထန်းရည်အနည် (အလင်ဟု ခေါ်ကြသေးသည်) ကို အချိုးကျချန်ပြီး ပြန်ဆွဲသည်ကိုခေါ်သည်။ မြူအိုးချချိန်အနည် (အလင်)နှင့် ထန်းနို့က ပြန်ဆွဲပြီး နောက်ရက်ညနေအထိ ဆွဲသော ထန်းရည်ကို (ပင်ပေါ်ဆွဲ) ဟု ခေါ်သလို အောက်လောင်း ထန်းရည်ဆိုတာ ရှိသေးသည်။

အောက်လောင်းထန်းရည်ဆိုသည်က ပင်ပေါ်ကျလာသည့် ထန်းရည်ချိုကို အနည်(အလင်)ထည့်ထားသည့် ထန်းရည်အိုးထဲ လောင်းပြီး မြေအောက်တွင်ထားသည့်ထန်းရည်ကိုခေါ်သည်။ အဲ- ပင်ပေါ်ဆွဲနှင့် ပင်ကျရေနှစ်မျိုးမှ ကိုကျင်မောင် ကြိုက်သည်က ပင်ပေါ်ဆွဲကိုသာ ကြိုက်သည်။

ပင်ပေါ်ဆွဲက ငှက်ခါးတောင်လိုစိမ်းလဲ့လဲ့။ ခပ်ကြည်ကြည်၊ အောက်လောင်းထန်းရည်ထက်ခါးသက်မှု(အခါးဓာတ်) ပိုသည်။ အရောင်ကြည်၏ ထန်းရည်သား(မူးနိုင်အား)ကောင်းသည်။ သန့်သည်။ တစ်ခွက်ဆိုတစ်ခွက် သောက်လိုက်လျှင် သိသိသာသာ မူးသည့် ပင်ပေါ်ဆွဲ။ သို့ကြောင့် ကိုကျင်မောင်ကြိုက်တာလေ။

အောက်လောင်းရည်ဆိုသည့် ထန်းရည်ကပင်အောက်မှာ အနည်(အလင်)နှင့်ဖောက်ပြီး အချိုရေလောင်းရသည့်အမျိုး။ ထိုအောက်လောင်းက အရောင်မကြည်လင်။ နည်းနည်းနောက်ကျိကျိ။ သောက်ရတာအရသာပေါ့။ ပင်ပေါ်ဆွဲလောက်မလေးပင်။ အနည်(အလင်)အကောင်းလျှင် ပိုဆိုးသည်။ အနည်မကောင်းပါက ခပ်ချဉ်ချဉ်နှင့်အရသာမရှိလှ။ အနည်ဆိုသည့် (အလင်)က ခုနစ်ရက်တစ်ကြိမ် အသစ်လဲပေးရ၏။ အချို့က ဆယ်ရက်တစ်ကြိမ်လဲသည်။ အနည်လဲသည့်ရက်ဆိုလျှင် မီး ဖုတ်ထားသော မြူအိုးကို အနည်ကျန်မရှိအောင် ပြောင်နေအောင်ဆေးကြောပစ်ရ၏။ ပြီးမှအနည်အသစ်ထည့်ရသည်။ အနည်နှင့် မြူအိုးက အသန့်ကြိုက်သည်။

အသုံး မပြုသည့် ထန်းရည် အနည်ကို ကြက်သွန်ဖြူ ကြက်သွန်နီ ဆီချက်ပြီးကြော်စားကြသည်။ အချို့က ကြက်ဥနှင့် ရောပြီးကြော်၏။ အရက်ဖိုသမားတွေက ထန်းရည်အနည်ကို အရက်ထပ်ချက်ကြ၏။ ထိုအရက်ကို (ထန်းရည်နည်ချက်အရက်) ဟုခေါ်သည်။

အဘယ်သို့ဆိုစေ ကို



www.burmeseclassic.com

www.burmeseclassic.com



ကျင်အောင်အကြိုက်ဆုံးက ပင်ပေးဆွဲထန်းရည်။ ကြည်လှဲ့လှဲ့နှင့် ငှက်ခါးတောင်တန်ရည်အိုးကို မြင်မိ၏။ အထိုအခါ ပိုအန်ချင်စိတ်တွေပျောက်သွား၏။

"ကိုကျင်မောင် စောစောသွား။ စောစောပြန်။ ခေတ်အခါကကောင်းတာမဟုတ်ဘူး"

ဇနီးဖြစ်သူက ထန်းလျက်များကို နေလှန်းရာက ပြန်ရုပ်သိမ်းဆည်းရင်း စိတ်မချဟန်နှင့်ပြောသည်။

"အင်းပါ ငါသိပါတယ် အေးကျင်ရ"

ပြောရင်း ရွာအပြင်ထွက်ခဲ့၏။ တကယ်တော့ ကိုကျင်မောင်မောင်တို့သည် ထန်းတောကို ပိုင်သလို၊ နှမ်း၊ ပဲစင်းငုံကျဲရာ သဲတော်မြေရှိသည်။ ပြောင်း၊ ဂျုံချရန် တစ်နယ်မြေလည်းရှိသည်။ ထန်းနှစ်ရင်းတက်ဆိုတော့ အပင်(၁၈၀)နှင့် အပင်ပေါက် (၅၀)ကျော်ရှိသည်။ အပင်ပေါက်တွေကထန်းလိုးလို့မရသေး။ ထန်းဖို၊ ထန်းမခွဲခြားလို့ မသိနိုင်သေး။ ထန်းပျိုတွေဖြစ်၏။ အပျိုဖော်မဝင်သေးသည့် ထန်းတွေ။

ထန်းပိုင်ဆိုတော့ ထန်းရည်အတွက်မပူရ။ ထန်းသမားငှားစဉ်ကတည်းက စာချုပ်မှာပါပြီးသား။ နေ့စဉ် ပင်ပေါ်ဆွဲ တစ်လုံး (မြူတစ်အိုး)ဆွဲပေးရမည်။ ပင်အောက်လောင်းမလုပ်ရ။ သို့ကြောင့် ထန်းသမားက ပင်ပေါ်ဆွဲ ဆွဲပေးခဲ့၏။ ညနေတိုင်းသောက်နေကျ။

ထန်းတောနှင့် ရွာက ဝေးသည်။ အကြားမှာ အခြားထန်းတောရိုင်း၊ သရက်ခြံ၊ တောနာနတ်ရိုင်းတောတွေရှိသည်။ ခြုံ၍ဆိုရလျှင်တောရိုင်း၊ လမ်းရိုင်းနှင့် နဘူးချုံ၊ မိုးနံချုံ၊ တောနာနတ်ပင်တွေကို ဖြတ်ရသည်။ လမ်းက မသာ၊ ချုံတွေကပေါ။ သည်တော့ ခြေခင်း လက်ခင်းက အမြဲရှိသည်။ မြွေဟောက်၊ တောကြီးမြွေပွေးနှင့် ငန်းပုပ်၊ ငန်းတော်ကျားအထိတွေ့ရ၏။ တောကြွက်နက်ဆိုတာပေါမှပေါ။ ပြီး ပုဂ္ဂတ်တွေ လည်းရှိသည်။

အဆိုးဆုံးက ကိုလုခင်၏ လက်ပံပင်ကြီး အောက်ကို ဖြတ်ရခြင်းက ပိုပြီး စိတ်ချောက်ချားသည်။ ထိုလက်ပံပင်ကြီး အောက်က မဖြတ်လို့ မဖြစ်။ အခြားလမ်းကသွားလို့မရ။ သည်တစ်လမ်းသာရှိသည်။ အခြားလမ်းက ချုံတွေပိတ်ပိတ်ပိန်းနေသည်ကိုး။

လက်ပံပင်ကြီးက နှစ်ပေါင်းမည်မျှရှိသည်မသိ။ ပင်စည်ကြီးက ပေပါစည်ငါးလုံးခန့်မက။ မြင့်သည့် အမြင့်ကလည်း မော့ကြည့်လျှင် ပက်လက်လန် လဲမည့် အနေအထား။ အရိပ်ကလည်း ကောင်းမှကောင်း အကိုင်းအလက်တွေကတုတ်မှတုတ်။

ထို လက်ပံပင်ကြီးက သူ့ရဲခြောက်သည်တဲ့။

မှန်သည် ထိုအပင်ကြီးအောက်က ဖြတ်သူတိုင်း(အချို့)ကို ခေါင်းခေါက်ခံရသူခံရ၊ ခြေထောက်ဆွဲလှဲ့သူ အလှဲခံရ။ ပြီးလက်ခုပ်လက်ဝါးတီးသံ၊ ဟားတိုက်ရယ်သံ သဲ့သဲ့ကြားရသည်တဲ့။ တောက်ခေါက်သံ၊ အံကြိတ်သံလည်း ကြားရသူတွေရှိသည်။

ထိုအပင်ကို ဖြတ်ပြီးပြန်ရမည်မို့ ဇနီး အေးကျင်က စောစောပြန်ဖို့ မှာခြင်းသာမက ခေတ်အခါကလည်းကောင်းသည်မဟုတ်။ ပြည်တွင်းစစ်ဖြစ်နေချိန်ဆိုတော့ တစ္ဆေသူရဲထက် အ



www.burmeseclassic.com

www.burmeseclassic.com



နီတွေ၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါတွေကို ပိုပြီးကြောက်နေရသည့် အခါဖြစ်သည်။

ကိုကျင်မောင် တွေးရင်း ကျဉ်းမြောင်းသော လမ်းကြောင်းလေးမှတစ်ဆင့် ထန်းတောတွေ၊ သရက်ခြံတွေကို ဖြတ်သည်။ မကြာ။ ကြောက်စရာ ကောင်းသည့် လက်ပံပင်ကြီး အောက်ကဖြတ်။ နာရီဝက်ကြာမှ မိမိထန်းတောကို ရောက်ခဲ့သည်။

"ကိုကျင်မောင်"

"ဟော့ .. ဘာလဲ"

ထန်းသမား ငတင့်က အနီးလာထိုင်သည်။ ပြီး–ကိုကျင်မောင်ကိုခေါ်သည်။

"ဟို .... မနေ့ညက သရက်တောရွာကို အလံနီတွေ ဝင်လာပြီး လူသုံးယောက်ကို သတ်သွားသတဲ့ဗျာ။ အင်း ... ဘယ်သူ့ အဖေခေါ်ရမှန်းမသိတဲ့ ခေတ်။ ဘယ်သူ့ကိုမှ မယုံရတဲ့ ခေတ်။ လက်နက်ကိုင်ဆိုရင် အားလုံး ကြောက်နေရပြီဗျာ။ ဘယ်တော့မှ လက်နက်ကိုင်တွေ ချုပ်ငြိမ်းပြီး လုံးဝ လွတ်လပ်မယ် မသိဘူးဗျာ"

"အင်း ... မကြာပါဘူးကွာ။ မတရားတဲ့ သူဆိုတာ နေဝင်ချိန်၊ အမှောင်ကျချိန်ဆိုတာ အနီးကလေးပါ။ ထားပါတော့။ ရဲဘော်နီပဲဖြစ်ဖြစ်၊ အလံဖြူပဲဖြစ်ဖြစ် သောင်းကျန်းသူတွေ



ချည်းပဲ။ ဟိုတစ်လောကလဲ အလံနီနဲ့ ပျောက်ကျားတပ်တွေ တိုက်ပွဲဖြစ်တာ ကြည့်ပါလား။ သေလိုက်ကြတာ"

မှန်သည်။ ပြီးခဲ့သည့် ဆယ်ရက်ခန့်က မကျီးစုရွာမှာ တိုက်ပွဲဖြစ်၏။ နှစ်ဖက်စလုံးတိုက်ပွဲကျသည်။ ဘယ်သူတွေသေကြလဲ။ မြန်မာလူမျိုးတွေချည်းသေကြရတာ။ သေရမည်လေ။ ငါစွဲ၊ ပါတီစွဲ၊ ဝါဒစွဲ၊ လက်နက်အားကိုး အာဏာငမ်း၊ ဖမ်းနေကြသူတွေချည်းကို၊ ကိုယ့်အချင်းချင်းသတ်။ ဇာတ်တူသားစား၊ ဟာသ်ာကိုး သောင်းမျိုးဖြုတ်နေသည့်ကာလကိုး။

"ကဲ ကိုကျင်မောင်လဲ မြန်မြန်သောက်။ မြန်မြန်ပြန်။ အလံနီ ကြောက်ရ၊ ပြီးတော့ တောလမ်းက ပြန်ရမှာဆိုတော့ ပိုးမွှားမြွေကြောက်ရ၊ လက်ပံပင်က သူရဲလန့်ရနဲ့ဗျာ။ ဒီအပင်က သိပ်ကြမ်းတာ"

ပြောရင်း အုန်းမှုတ်ခွက်နှင့် ထန်းရည်ကို ခပ်သောက်သည်။ အနည်းအကျဉ်းသာကျန်တော့သည်။ လူကလည်းမူးလာပြီ၊ မူးနေပြီ၊ ရီဝေဝေဖြစ်နေသည်မို့ ဘယ်အရာမှ မကြောက်သလိုလို ...။

အာပူလာတော့ လျှာက သွက်နေသည်။ ပြန်ရန်ပြောသည့် ငတင့်ကလည်း စကားနားထောင်ချင်၍ ထိုင်ရကမထ။ အလံနီတွေအကြောင်း၊ တစ္ဆေသူရဲအကြောင်း။

"နို့ နေပါဦး၊ ဦးမြခင် လက်ပံပင်ဆိုတာ ဒီအပင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



ဦးမြခင် ပိုင်တာပေါ့။ အဲဒါကြောင့် ခေါ်တာလားဗျာ''

တင့်က အလျင်စလို မေး၏။ မေးမည်ဆိုက မေးထိုက်ပါသည်။ တင့်က ကိုကျင်မောင်တို့ ရွာကမဟုတ်။ ချင်းတွင်းမြစ် အနောက်ဘက် ရွာက၊ ဒီရွာကို ရောက်လာတာ မကြာသေး။ တစ်နှစ်သာရှိသေးသည်။ တင့် အဖေက ပျောက်ကျားရဲဘော် တစ်ဦး။ တစ်ညအလံနီတွေဝင်လာပြီး ဖခင်ဖြစ်သူကို သတ်၊ အမေ့ကို ရိုက်နှက်သွား၍ ရွာမှာ မနေရဲလို့ ကျင်မောင်တို့ ရွာပြောင်းလာရင်း ထန်းတက်နေရသူ။

''ဒီအပင်က ဦးမြခင် ယာဘေးပေါက်နေတာဆိုတော့ ဦးမြခင် အပင်ပေါ့ကွာ။ တကယ်တော့ ဦးမြခင် ယာဘေးက ဦးလှမောင်အခင်း။ အပင်က ဦးမြခင် ချုပ်စပ်နဲပ ဦးလှမောင် ချုပ်စပ် ကန်သင်းပေါ်ပေါက်နေတာ။ အဲ အပင်က ကြီးလာတော့ ဦးမြခင်က သူ့အပင်ပါ ဆိုပြီး အင်္ဂလိပ် စစ်ဗိုလ်နဲ့ သူကြီးကိုပြောပြီး သူအပိုင် လုပ်လိုက်တယ်လေ။ သူကြီးက ဦးမြခင်ရဲ့အစ်ကို ဦးမြဒင်ကိုး။ ဒီတော့ ဦးမြခင်အပင် ဖြစ်သွားတာပေါ့ကွာ။ထားပါတော့။ ကိုယ်ပြောချင်တာက အဲဒီ ဦးမြခင်ဟာ သူ့အပင်ပါလို့ သတ်မှတ်အပြီး အိမ်ပြင်ဆောက်ရင် ပျဉ်ကာမယ်ဆိုပြီး လက်ပံပင်ကြီးရဲ့ အကြီးဆုံးအကိုင်းကိုချိုင်တယ်။ အဲ ကာရံသင့်ရင်အပင်ကြီးပါ လှဲမယ်ပေါ့ကွာ။ အဲ အကိုင်း ချိုင်အပြီး နောက်ရက်လှည်းနဲ့ တောထဲအသွား နွားတွေလန့်ပြီး ကဆုန်စိုင်းအပြေး ဦးမြခင်တစ်ယောက် ကျင်းထဲကျပြီး လူလဲသေ၊ နွားနှစ်ကောင်ပါဆုံး၊ လှည်းလဲ ကျိုးပေါ့ကွာ''

''အင်း သနားစရာပဲနော်''

တင့်ကဝင်ပြောသည်။ ကျင်မောင်က ခေါင်းခါ ရင်း–

''မသနားသင့်ဘူးကွ။ ဒီလူက လူ့ လောဘသမား။ အင်္ဂလိပ်တွေ့ရင် အင်္ဂလိပ်နဲ့ ပေါင်း၊ ဂျပန်တွေ့ရင် ဂျပန်နဲ့ ပေါင်း။ စီးပွားရေးလုပ်၊ တော်လှန်ရေး ရဲဘော်တွေ ဘယ်မှာရှိတယ်လို့ သတင်းပေးတာသူပဲ။ အဲတိုတိုပြောရရင် ရွာထဲက တင်ကြေးအရပေါ့ကွာ။ လက်ပံပင် အစောင့်က အပင်ကိုချိုင်လို့ နွားတွေလန့်အောင်လုပ်၊ လူကိုအပြီး သတ်ပစ်တာတဲ့ကွ။ ဦးမြခင်ရဲ့ လိပ်ပြာကို အဲဒီမှာ အစောင့်ချထားတာတဲ့''

ဩော် ... ဒါကြောင့် လက်ပံပင်က သရဲခြောက်တယ်၊ လှန့်တယ်လို့ နာမည်ကြီးနေတာကို''

''ဖြစ်နိုင်တာပေါ့ကွာ။ ဒီလူညစ်စွာရှုးကွ။ သူ့အိမ် သူ့လယ်ကို သိပ်စွဲတာ။ ဒီလက်ပံပင်ကြီးကိုလဲ စွဲနေမှာပဲ။ ဒီတော့ ကျွတ်လွတ်ဖို့မလွယ်ကူဘူး။ အစွဲကြီးပြီး အပင်ကိုကပ်နေတာပဲဖြစ်ရမယ်''

''ဟုတ်မယ်ဗျာ'' ဟုတစ်လောက အေးမေရွာကို အပြန် မိုးချုပ်တဲ့ အချိန်ဆိုတော့ ကလေးငိုသံကြားရသတဲ့။ အမလေး အေးမေခမျာ အပြေးကောင်းလို့တဲ့ဗျာ''

တင့်က သူကြားသည့် သတင်းကိုပြောပြသည်။ အေးမေသာ မဟုတ်။ အခြားသူများကိုလည်းအသံပေးပြီး အခြောက်ခံရဖူးသည်။ ပြီးလူညည်းသံ၊ ငိုသံတွေပါကြားရစမြဲ။ တွေ့ကြုံသူတွေ ဒုနှင့်ဒေး။

''ကဲ ... ကဲ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



လို့လဲကောင်း၊ နားထောင်လို့လဲ ကောင်းပါရဲ့။ ကိုကျင်မောင် ပြန်တော့ဗျာ။ မိုးတောင်ချုပ်တော့မယ်။ ရော့ ... လက်နှိပ်မီး ယူသွားဗျာ ... နော်"

တင့် သတိပေးမှ အမှတ်ရသည်။ မှန်၏။ နေဝင်ခဲ့တာကြာပြီ။ မိုးချုပ်လေပြီ။ ကိုကျင်မောင် တစ်ယောက် ပြန်ခဲ့သည်။ စီးလာသည့် ခုံဖိနပ်ကို တရှပ်ရှပ် မြည်အောင်စီးရင်း တောလမ်းကိုနင်းခဲ့သည်။ ဖိနပ်သံပေးပြီး သွားလျှင် မြွေဆိုးတွေ ရှေ့မှာရှိပါက ကြိုတင်ပြီး ရှောင်ရှားတတ်သည်ဟုကြားဖူး၏။

အမူးရှိန်နှင့် လူသွားလမ်းကျဉ်းကျဉ်းမှာ ကိုကျင်မောင် တစ်ဦးတည်း ...

လေချွန်ရင်း သီချင်းကြုံကြုံဆိုလို့ ...

အမှောင်ဖုံးသော ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်းလာခဲ့၏။ အရာအားလုံး မှောင်မည်းမည်း အောက်တွင်ပြားပြားဝပ်ဝပ်။ပုစဉ်းရင်ကွဲသံက နားကွဲမတတ်။ ပြီး .. တောကြွက်များ မြည်သံ၊ မြွေတွန်သံတွေကြားရင် လက်နှိပ်ဓာတ်မီးကို လက်ကကိုင်ရင်းလာခဲ့၏။

ထိုအချိန် ၊ မိမိရှေ့မှာ။

ကိုကျင်မောင် ရှေ့မှာ သူရဲခြောက်သည်ဆိုသော လက်ပံပင်ကြီးက အမှောင်အောက်မှာ မားမားမတ်မတ်။ ရုတ်ခြည်းကြည့်လျှင် သူရဲကြီးတစ်ကောင် ရပ်နေသည့်အလား။ စားတော့ဝါးတော့မည့် ဘီလူးကြီး တစ်ကောင် ရပ်နေဘိ အလား။

"ဟင်း ....."

သက်ပြင်းချရင်း စိတ်ကို အားတင်း၏။ သတ္တိကိုမွေး၏။ ခုံဖိနပ်ကို ဂလွမ်းဂလွမ်း မြည်သည်အထိလာရင်း သက်ပံပင်အောက်ရောက်တော့မည်။ အသိက မကြောက်ဟု ဆိုပေမယ့် အတွင်းစိတ်၊ အတွင်းအသွေးအသားက လန့်နေ၏။ ကျောချမ်းလာ၏။ နားရွက်တွေပင်ကားလာသလိုလို။ ဆံပင်တွေ တောင် ထလာသလိုလိုမျိုးခံစားရ၏။ ယိုးမယ်ဖွဲ့၍ အကြောင်းရှာပြီး တင့်နှင့် ပြောလာသည့် အကြောင်းတွေက ခေါင်းထဲဝင်လာ၏။ ပိုပြီးလန့်လာရန် ဖန်တီးလာပြီး။

ချောက်ထဲကျ သေသည့် ဦးမြခင်ပုံရိပ်ကိုမြင်မိ၏။ အစွဲကြီးစွာနှင့် ထိုအပင်မှာ အစောင့်အဖြစ် နေရသည်ဟု စကားများကို ကြားယောင်နေ၏။

"အူဝဲ .. အူဝဲ .. အူဝဲ ... အဲ့ . အဲ့ .. အူဝဲ"

ထိုအချိန် လက်ပံပင်အောက်အရောက် အပင်ခြေရင်းမှ ကလေး ငိုသံကြားရင်း။

"ဟင်း .. ဒါ့ . ဒါ့ .."

ကလေးငိုသံ စူးစူးဝါးဝါးက ကျင်မောင်နှင့် ဘာမျှမဝေး။ အပင်ခြေရင်းက။

"အင်း .. သူရဲလား၊ တစ္ဆေလား ..."

သူရဲ၊ တစ္ဆေလားဟု တွေးမိပေမယ့် ခြေလှမ်းတွေက နေရာမှ မရွေ့နိုင်။ ရပ်ရင်းငေး၊ ငေးရင်း ကလေးငိုသံကို နားထောင်။ နားထောင်ရင်း ဘယ်နေရာက ငိုသနည်းဟု အဖြေကို ရှာသည်။ ကလေးက ငိုဆဲ။ အာခေါင်ခြစ်၍ ငိုဆဲ ...။

"အပင် ခြေရင်းက"

လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်၏။

အား .. လား .. လား။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါသည်။ မွေးကင်းစ အရွယ်လား။ လသားအရွယ် သားလေးလာ။ မသိနိုင်သည့်ကလေး။ အမယ် ..။ အသေအချာ ကြည့်တော့ ယောကျာ်းလေး။ အနီးမပါ။ ဘယ်လောက် ချမ်းရှာမည်လဲ။ ဘယ်လောက်ရေတွေ ဝတ်လို့ မိခင်နို့ရည်တမ်းတလေမလဲ။ မှည့်ခြင်တွေ ဘယ်လောက်ကိုက်လေမလဲ။ တော်ပါသေးသည်။ မြွေဆိုးတွေ၊ တောကြောင်တွေ၊ တောကြွက်ကြီးတွေနှင့် မတွေ့ပေလို့၊ နို့မိုဆိုမလွယ်။ မြွေနှင့်တွေ့က ပေါက်သတ်မည်။ တောကြွက်၊ တောကြောင် တွေနှင့်တွေ့ပါက ကလေးအသားကို ကိုက်ဖဲ့စားပစ်ကြမည်။

"အင်း ...ဘယ်ကမြင်းမက လင်ကောင် မပေါ်ဘဲ မွေးပြီး ပစ်ထားပါလိမ့်"

တွေးရင်း ကလေးအနီးကပ်လိုက်၏။ လက်နှိပ်ဓာတ်မီးကို အဆက်မပြတ် ထိုးထား၏။ ကလေးကို မီးရောင်အောက်မှာ အတိုင်းသားမြင်ရ၏။ ကြည့်စမ်းဝဝကစ်ကစ်လေး။ ဖြူဖြူဖွေးဖွေး အသားနှင့်။ ပြီး .. ခေါင်းကဆံပင်ကလည်း ကလေးနှင့်မလိုက် အတော်ရှည်နေပြီ။ နောက် ... ငိုရလွန်း၍ မျက်ရည်တွေစီးလို့။ အာခေါင်နီကြီးဖြဲထားကာရှိုက်ဆဲ။ ပြူတစ်ပြူတစ် လုပ်နေသော လျှာလေးမှာ ပန်းပြားပင်လို ယိမ်းနေဆဲ။

"ဟင်း ... နွားမတန်းသား မခင်သလိုမျိုး။ ကမြင်းကြောထတုန်းကတော့ထ၊ကလေးကျတော့ပစ်ကြ။ ဘယ်ရွာက ကမျင်းမကများ ...."

တွေးရင်းနှင့် ကလေးကိုကြည့်ဆဲ။ ကလေးက "အဲ့အဲ့"အသံ "အူဝဲ .. အူဝဲ" အသံပေးရင်းကယ်ပါ ကူပါခိုင်းနေပြီ။ ငိုသံကြောင့် ပါးစပ်ကို ကြည့်မိတော့၊ အမယ် အပေါ်သွားနှစ်ချောင်းက အတော်ပင်ရှည်လို့။ ဟန်ကျပြီ။ ကျင်မောင်ကကလေးချစ်တတ်သူ ယောက်ျားလေးဆိုပိုပြီး ချစ်တတ်သည်။ အိမ်ကငွေးနှင့် အဖော်ရအောင် မွေးစားရမည်။ အေးကျင်ကို အကျိုးသင့်အကြောင်းသင့် ရှင်းပြလျှင် မွေးစားမည်ကအမှန်။ ကလေးမှာငိုရင်း မျက်တောင်ခတ်ခြင်းမရှိ။ ပြူးပြူးဝိုင်းဝိုင်းမျက်လုံးကြီး လှန်ပြီး ကြည့်ပုံက ကလေးနှင့်မလိုက်ဖက်။

"ကဲ .သမင်မကုသိုလ် ငါ့ကုသိုလ်ပဲ .. လာ . လာ."

ကလေးကို ပွေ့ယူလိုက်၏။ အေးစက်စက်နှင့် ရေခဲတမျှ အထိအတွေ့ကိုခံရင်း–

"ဟား .. အေးစက်နေတာပဲကွာ။ ဘယ်ချိန်ကများ ပစ်ထားကြပါလိမ့်မလဲနော်။ အင်း ... မိုက်ပါဘိတော့။ မိခင်စိတ်မရှိတဲ့ ကမြင်းနီမ။ ကိုယ့်ရင်သွေးကိုမှ ပစ်ရတယ်လို့ ..."

ချီပိုးရင်း လက်ပံပင်အောက်မှ ထွက်ခဲ့၏။ ပထမ လက်နှစ်ဖက်နှ ိ ရင်ခွင်ရှေ့မှာ ပွေးပိုက်လာ၏။ ကြာတော့လက်ညောင်းလာသည်။ နောက် ညာဘက်ခါးထစ်တွင် ခါးထစ်ခွပြီး ချီခဲ့၏။ ကိုကျင်မောင် လက်ထဲရောက်သည့်အထိ ကလေးက ငိုဆဲ။ ရှိုက်ဆဲ။

"တိတ်ကွာ . တိတ် .. မင်း ကံကောင်းပြီးသာမှတ် .. သိလား .."

အမှောင်ကို အားပြုရင်းလာခဲ့၏။ မကြာပါ။ ညာဘက်ခါးထစ်တွင် ခွချီလာသည့် ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည်လေးလံလာ၏။ လက်ညောင်းလာပြီ။

"အား ... မင်းကိုယ်ကလေးပါလားကွ။ ဟဲ ဟဲ ဟဲ။ မင်းကို မပစ်ခင်က မင်းအမေရဲ့ နို့ကိုအတင်းစို့ထားတာနဲ့တူတယ်။ အီး– လေးသမှ နစ်လို့ပဲကွာ"

သဘောကျလို့ ရယ်ရင်း ညာဘက် ခါးထစ်ခွထားရာမှ ကုန်းပိုးလိုက်၏။

"ညောင်းသကွ။နောက်ကျောကလိုက်ခဲ့။ ကြားလား"

ပြောရင်း ကုန်းပိုးခဲ့သူ ကိုကျင်မောင် ကလေးကို ဘယ်လက်နှင့် နောက်ပြန်ထိန်း ညာဘက်လက်နှင့် လက်နှိပ်မီးထိုး။ ခုံဖိနပ်ကို မြည်အောင်စီး။

မကြာပါ။ ရွာဆီက ခွေးအူသံတွေကြားရ၏။ ကြက်တွန်သံ၊ လူသံတွေကြားရပြီ။ ကျင်မောင်မှာ ကလေးကို ကုန်းပိုးရင်း ခရီးနှင်ဆဲ။

ထိုအချိန် ကလေး၏ ခန္ဓာကိုယ်သည် လေးလံမှု ပိုလာ၏။ လေးမှန်းမသိ ပိုပြီး လေးလာ၏။ နောက်လှည့်မကြည့်ဘဲ ညာလက်နှင့် ကလေးကို ဆက်ထိန်းရင်း ဘယ်လက်နှင့် လက်နှိပ် မီးထိုးသည်။

ကလေးငိုဆဲ။

"ဟေ့ကောင်။ လေးရတဲ့အထဲ နားညည်းသကွာ။ မငိုနဲ့"

မှန်သည်။ ကလေးငိုနေသည်။ ကလေး၏ ငိုသံသည် စောစောက အသံမျိုး မဟုတ်။ စောစောက ကြည်လင်လင်၊ တစာစာ ကလေးအသံစစ်စစ်။ ယခုအသံက ငိုသံလိုလို၊ ညည်းသံလိုလို အသံမျိုး။

"အဲ့ အူဝဲ"အသံမှ "အီး –ဟီး – ဟီး"အသံလိုလို။ ပြီး–အုံကြိတ်သံလိုလိုမျိုး။ လူကြီးတစ်ဦး၏ အသံမျိုး။ သေငယ်ဇော မြောနေသည့် လူမမာ ညည်းသံမျိုး။

"ဟာ ဒီကောင် အသံကလဲ ကြာလေ အသံကြီးလေးပါလားကွ။ မင်းတော့လား ... အိမ်ရောက်မှ ရိုက်လိုက်ရဦးမယ်။ ခွေးမသား။ အဲ အဲ အဖေ့သားရေ ဟဲ ဟဲ ဟဲ"

ပြောရင်းရှိစဉ် သရက်ခြံထဲဝင်ခဲ့၏။ သရက်ခြံဆိုတော့ ပိုပြီး မှောင်လို့ သွေးလန့်စရာကောင်းနေသည်။

ထိုအချိန် ကိုကျင်မောင့် အသိစိတ်၊ အသိအာရုံထဲမှာ အချက် နှစ်ချက်ကို သတိရလိုက်၏။ ပထမ အသံ။ ဒုတိယ ပိုရှိပိုရှိ လေးလံလာမှု၊ ကြည့်လေ ကလေးချီပိုးလာရသည့် အလေးကြောင့် ခရီးက ထင်သလောက် မတွင်ကျယ်ချေ။ စိတ်ထဲ သံသယ ဖြစ်လာ၏။ ကလေးချီပိုးလာသောအလေးချိန်သည် မိမိခန္ဓာကိုယ်ထက် လေးလံနေသည်ဟု မသိစိတ်က သိလိုက်ပြီ။

ဘာလို့ လေးလာရသလဲ။ ပြီး နောက်ဆီက တရွတ်တိုက်သံလိုမျိုး ကြားရ၏။

"အင်း ဒီကောင့်ကို ချပြီး နားမှ"

ကျင်မောင် နားချင်ပြီ။ ရုတ်တရက် လက်နှိပ်မီးထိုးရင်း ကလေးကို ချမည့်အလုပ် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် လိပ်ပြာစဉ်သည်အထိ သွေးပျက်သည်အထိ ခံစားသွားရသည်။

ကြည့်။ ကြည့်လေ။ ကလေးသည် တွေ့စကလို မဟုတ်။ လက်ထဲမှာပင် သူ့ ခန္ဓာကိုယ်ထက်ကြီးနေ၏။ ဆံပင်တွေက ခါးအထိရှည်လို့။ မျက်လုံးက



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည် ပန်းကန်လုံးထက် ကျယ်၏။ ပါးစပ်ကြီးက ရေမြင်း ပါးစပ်ထက် ပို၏။ နှာခေါင်းက ပန်ချာပီ ကုလား နှာခေါင်းအ တိုင်း။ ပြီး – အထက်သွားတွေ၏ အရှည်က အောက်မေးရိုးအထိ ငေါငေါထွက်လို့။

ပြီး ... ပြီးတော့ ...

ကလေး၏ ခြေထောက် ခြေထောက်တစ်ချောင်းက ငါး တောင်ခန့်ရှည်ပြီး ခြေဖျားကြီးက ခေါင်းအုံးတစ်လုံးအလား။ မြေ ပြင်ထက်မှာ တရွတ်တိုက်ပါလာ ဆဲ။ ဒါကြောင့် ပိုလေးနေတာ ကိုး။

ရုတ်ခြည်း မြင်တွေ့ လိုက်ရသည့် အနီးမြင်ကွင်း ကြောင့် ကြက်သေ သေသွား သူက ကျင်မောင်။

''ဟင် ဘုရားရေ။ ကလေးက လူကြီးဖြစ်။ ကလေး ငိုသံက လူမမာသံပေါက်၊ လေး ကတာက ဒီ ခြေထောက်ကြီး တရွတ်တိုက်လိုက်နေလို့ပါလား။ အမလေး ငါက ကလေး မှတ်နေ တာ။ သူရဲ သူရဲကို ပိုးချီလာမိပါ ပေါ့လား။ တွေ့ကြသေးတာပေါ့ ကွာ''

မိမိ ကျောပေါ်က ပြောင်းလဲလာနေသော နာနာ ဘဝ အကောင်အား မြေပြင်ကို ပစ်ပေါက် ပေါက်လိုက်၏။ မြေ ပြင်ဆီသို့အကျ ညည်းသံလိုလို ကြားရ၏။ လက်နှိပ်မီးနှင့် ထိုး ကြည့်တော့ ကလေး မဟုတ် တော့။ လူဝကြီးတစ်ကောင်ဖြစ် နေပြီး မျက်နှာပြင်က ဘီလူးလို လို၊ ကျင်မောင် ဘာမျှ မတွေး တော့။ စွတ်၍အိမ်ဆီအပြေး။

ᯬᯬᯬᯬᯬᯬᯬ

အိမ်ကို ဘယ်လိုရောက် လာသည်မသိ။ ရောက်ရောက် ချင်း မြေပြင်မှာ ပစ်လဲကျသွား သူက ကျင်မောင်ပင်။ ထိုအဖြစ် အပျက်ကို ကျင်မောင် ဘယ် သောအခါမျှ မမေ့တော့။ တွေး ရင်း ကြက်သီးထမိ၏။ သွေးလန့် မိ၏။

ကလေးအထင် ခေါ် လာခဲ့ရာက တဖြည်းဖြည်းနှင့် အသွင်ပြောင်းလဲလာသည့် က လေး၏ ကိုယ်လုံး။

ပြီး ့ မြေပြင်ပေါ် ပုံကျ သည့်အထိ တရွတ်ဆွဲပါလာ သည့် ခြေတစ်ဖက်။

ထိုအရာအားလုံးမြင်မိ ပြန်တော့ သရဲ တစ္ဆေဆိုတာ ...

နောင်ဘဝဆိုတာ ရှိနေ ပါပေါ့လားဟုတွေးရင်း ကျယ်ဝန်း သော ဘဝသံသရာ စက်ဝန်းအ တွင်းမှ ဘဝအဖြာဖြာ ဘုံအမျိုး မျိုးကို လက်ခံလိုက်သည်။ ကံ ကံ၏အကျိုးဆက်ကြောင်းတရား ၏ ဆိုးမှုကောင်းမှု၊ ငရဲကျမှု သရဲတစ္ဆေဖြစ်မှု၊ နတ်ပြည်စံမှု ဗြဟ္မာပြည်စံမှုတွေ ဖြစ်လာရ တာပါလားဟုသိပြီးသည့်နောက် တွင် ...

ကျင်မောင် အရက်ပြတ် ထန်းရည်ဖြတ်လိုက်၏။ ဘုန်းကြီး ကျောင်းမှာ တရားလိုက်စားရင်း နှင့်–

ရောက်ရာ ဘုံဘဝဝယ် ကျင်လည်ကြကုန်သော သတ္တဝါ အပေါင်းတို့အား ပြုပြုခဲ့သော ကုသိုလ်များကို အမျှပေးဝေရင်း။

''အားလုံး ကျွတ်တန်း လွတ်တမ်း တွေ့မြင်နိုင်ကြပါစေ''

(ဖြစ်ရပ်မှန်တစ်ခုအား အကျယ်ချဲ့၍ ရေးသားအပ်ပါ သည်)

**တွင်းကြီးသား တင်ဝင်းနိုး**



www.burmeseclassic.com

www.burmeseclassic.com



# လူသတ်မှု မဟုတ်သော လူသေမှု

မောင်မောင်မြင့်(ဥဿာမြို့သစ်)



www.burmeseclassic.com

www.burmeseclassic.com



## "လူသေမှု မဟုတ်သော လူသတ်မှု"

မောင်မောင်မြင့်
(ဥဿာမြို့သစ်)

(၁)

ကျွန်တော် ငပုတောမြို့နယ်၊ ငပုတောမြို့ ရဲစခန်းမှူးတာဝန် ထမ်းဆောင်နေသော တစ်နေ့ ညနေ ၅ နာရီခန့်အချိန်တွင် အောင်မြေရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်လှနှင့် အဖွဲ့ဝင် ဦးမောင်မြတို့ ရဲစခန်းရောက်လာခဲ့ပြီး ၎င်းတို့ရပ်ကွက်တွင်နေထိုင်သော ကိုအေးဝင်းသည် ၎င်း၏ အိမ်အိပ်ခန်းထဲရှိ ထုပ်တန်းတွင် စောင်ကိုလည်ပင်းချည်၍ ကြိုးဆွဲချ သေဆုံးနေကြောင်း ကိုအေးဝင်း၏ ဇနီး မအေးမြက လာရောက်အကြောင်းကြားသဖြင့်၊ ကိုအေးဝင်း အိမ်သို့ သွားရောက်ကြည့်ရာတွင်လည်း ကိုအေးဝင်းသည် အိမ်အိပ်ခန်းအတွင်းရှိ ထုပ်တန်းတွင် အညာစောင်အပြာစင်းနှင့် လည်ပင်းချည်လျက် ကြိုးဆွဲချသေဆုံးနေသည်ကိုတွေ့ရသဖြင့် ကိုအေးဝင်း ဇနီး မအေးမြမှာလည်း အိမ်တွင် တစ်ယောက်တည်း ကြောက်လန့် ငိုနေ၍ ကြိုးဆွဲချ သေဆုံးမှုအား လာရောက်သတင်းပေး တိုင်ကြားခဲ့ကြပါသည်။

သတင်းရရှိသည့် အကြောင်းအရာများကို နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ဥက္ကဋ္ဌ တိုင်ကြားချက်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြစ်မှု ၁၇ / ရာဇဝတ်၇၄– ပုံစံနှင့် သေမှုသေခင်း အခြင်းအရာများ ရေးသားကာ တရားသူကြီးထံတစ်စောင် ပို့ရန်စီစဉ်ပြီး၊ တစ်စောင်အား ရဲစခန်းတွင်ထားလျက်၊ ကျွန်တော်ကိုယ်တိုင်ပင် နယ်ထိန်းအဖွဲ့နှင့်အတူ အခင်းဖြစ်အရပ်သို့ ချက်ချင်းသွားရောက်ခဲ့ပါသည်။

ကျွန်တော်နှင့် ဥက္ကဋ္ဌ ဦးအောင်လှတို့ အဖွဲ့သည် အောင်မြေရပ်ကွက်ရှိ ကြိုးဆွဲချ သေဆုံးနေသည်ဆိုသော ကိုအေးဝင်း အိမ်သို့ ရောက်ရှိခဲ့ရာ အိမ်ရှေ့ခန်းတွင် ငိုယိုနေသောအမျိုးသမီးတစ်ယောက်နှင့် ဘေးတွင်ရှိနေသောသူတို့အား ဥက္ကဋ္ဌက ငိုယိုနေသူမှာ ကိုအေးဝင်း ဇနီး မအေးမြ ဖြစ်ကြောင်းနှင့်ဘေးတွင်ထိုင်နေကြသူ ၁၀ ဦးခန့်က ကိုအေးဝင်းနှင့် မအေးမြတို့ အမျိုးများဖြစ်ကြောင်း ပြောပြသိရသဖြင့် ကိုအေးဝင်း ကြိုးဆွဲချ သေဆုံးနေသည်ဆိုသော အခန်းအား သက်သေများ နှင့်အတူ အခန်းအဝမှ ကြည့်လိုက်ရာ ကိုအေးဝင်းမှာ အိပ်ခန်းရှိ ထုပ်တန်းတွင် အညာစောင်အပြာစင်းဖြင့် လည်ပင်းချည်၍ ကြိုးဆွဲချ သေဆုံးနေသည့် အနေအထားကို တွေ့လိုက်ရပါသည်။ ကြိုးဆွဲချ သေဆုံးနေသည်ဆိုသောကိုအေးဝင်းအလောင်းသည် ခြေထောက်နှင့် ကြမ်းပြင်လွတ်နေသည်ကို တွေ့ရသော်လည်း ခြေထောက်ဘေးတွင် စောင်နှင့် လည်ပင်းချည်ပြီး ထုပ်တန်းတက် ချည်ရမည့် ခုံကိုမတွေ့ရပါ။ ကိုအေးဝင်း အလောင်းရှိရာနှင့် ၈ပေကျော်ခန့်ရှိသော ခြေရင်းအခန်းထောင့်တွင် စားပွဲတစ်လုံး ကုလားထိုင်တစ်လုံးတွေ့ရပြီး စားပွဲပေါ်တွင် မွေ့ရာ၊ ခေါင်းအုံး၊ စောင်၊ ခြင်ထောင်များတင်၍သိမ်းထားသည်ကို တွေ့လိုက်ရခြင်းတို့ကြောင့် ကိုအေးဝင်း ကြိုးဆွဲချသေဆုံးသည်ကို မသင်္ကာစရာတွေ့လိုက်ရသဖြင့် ကျွန်တော်က–

"အခန်းထဲကို ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သေးလဲ''

မေးလိုက်ပါသည်။ မအေးမြက သူ့အိမ်ပြန်ရောက်ပြီးကတည်းက

''ဘယ်သူမှ မဝင်ကြောင်း''

ပြောရာ ကျွန်တော်က ဥက္ကဋ္ဌအား–

''ကြိုးဆွဲချ သေဆုံးတာ မဖြစ်နိုင်ဘူး''

ပြောလိုက်စဉ် ဥက္ကဋ္ဌက

''ဗျာ''

ဆိုသည့် အသံထွက်လာရာ ကျွန်တော်က–

''ကြိုးဆွဲချ သေတဲ့လူက ခုံပေါ်တက်ပြီး ထုပ်တန်းမှာလည်ပင်းကို စောင်နဲ့ချည်ပြီး ခုန်ချရမှာဆိုတော့ ခုံဟာ တန်းလန်းရှိနေတဲ့ အလောင်းဘေးနားမှာပဲရှိနေရမှာဆိုတော့၊ ကြိုးဆွဲချသေပြီးမှ ခုံကို အခန်းထောင့်မှာ ပြန်ထားနိုင်ပါ့မလား''

ဟုပြောလိုက်မှ ဥက္ကဋ္ဌက

''ဟာ ဟုတ်သားပဲ''

ဟု အံ့ဩသံ ထွက်လာပါသည်။

ကျွန်တော်လည်း ကိုအေးဝင်း ကြိုးဆွဲချသေဆုံးနေသော အလောင်းရှိရာ အခန်းထဲ မဝင်သေးဘဲ အခန်းအဝမှပင် အချင်းဖြစ် အခြေအနေအား အကဲခတ်ကြည့်ပြီး ကြိုးဆွဲချသေဆုံးသည့် လက္ခဏာများ အကြမ်းဖျဉ်းအားဖြင့် မတွေ့ရသဖြင့် ဥက္ကဋ္ဌအား ''ကိုအေးဝင်း ကြိုးဆွဲချသေဆုံးခြင်း မဖြစ်နိုင်ဘူး'' ဟုပြောလိုက်ရခြင်းဖြစ်ပါသည်။ အလောင်းအား အသေးစိတ်စစ်ဆေးရတော့မည်ဖြစ်သဖြင့် ခြေရာ လက်ရာမပျက်ခင် မြေပုံရေးဆွဲရန်နှင့် ဓာတ်ပုံရိုက်ရန် လိုအပ်နေ၍ နယ်ထိန်း ဒုတပ်ကြပ်တင်ဝင်းအား မြေတိုင်းစာရေးနှင့် ဓာတ်ပုံဆရာတို့အား ခေါ်ခိုင်းလိုက်ပါသည်။

မြေတိုင်း စာရေးနှင့် ဓာတ်ပုံဆရာတို့မှာလည်း မကြာခင်မှာပင် ရောက်ရှိလာကြသဖြင့် သက်သေများရှေ့၌ပင် လိုအပ်သည့် အနေအထားများအတိုင်း အခင်းဖြစ် မြေပုံရေးဆွဲခြင်းနှင့် ဓာတ်ပုံရိုက်ခြင်းတို့အား ဆောင်ရွက်စေပါသည်။

(၂)

အခင်းဖြစ် နေအိမ်သည် အောင်မြေရပ်ကွက်၊ ရွာလယ်လမ်းမကြီးဘေးတွင်ရှိနေသော ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး တစ်ထပ်အိမ်ဖြစ်လျက် ပေ ၄၀ × ၆၀ ခြံဝင်းအတွင်း အရှေ့ဘက်မျက်နှာလှည့်ဆောက်ထားပြီး ခြံကို ဝါးကပ်များနှင့် ကာထားပါသည်။ အိမ်ရှေ့တွင် ၆ ပေခန့်ကျယ်သော အဝင်အထွက်တံခါးပေါက်ရှိ၍ ဝါးကပ်များနှင့်ပင် တံခါးအပိတ်အဖွင့်ပြုလုပ်သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အိမ်ခြံရှေ့တွင် ၁၅ပေ အကျယ် လမ်းမကြီးရှိ၍ ခေါင်းရင်းဘက်တွင် ဦးမောင်ကြီးအိမ်၊ ခြေရင်းဘက်တွင် ဦးဘခင်အိမ်၊ အနောက်ဘက်ခြံစည်းရိုးကပ်လျက် ဦးလှဦးအိမ်တို့ရှိပါသည်။ အိမ်အမြင့်မှာ မြေကြီးမှ ၂ ပေခန့် အမြင့်ရှိပြီး ဘေးတံခါးပေါက်တစ်ပေါက်ရှိကာ ၎င်းတံခါးပေါက်မှ အိမ်ပေါ်တက်ရန် ၁ပေခွဲခန့်ရှိ ဖိနပ်ချွတ်ရှိပါသည်။ အိမ်မှာ ၄ပင် × ၃ခန်းပတ်လည်အိမ်ဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်း ၁၂ပေ ပတ်လည်ခန့်ကျယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းနောက်ကပ်လျက် ပေ ၂၀ ပတ်လည်ခန့်ရှိ အိပ်ခန်းရှိပါသည်။ ယင်းအိပ်ခန်းအတွင်း၌ပင် ကိုအေးဝင်း အလောင်းအား ကြိုးဆွဲချ သေဆုံးနေဟန်ပြု၍ စောင်ကြိုးတန်းလန်းဖြင့် ထုပ်တန်းတွင် ချည်ထားသည်ကိုတွေ့ရပြီး ကြိုးဆွဲချသေဆုံးနေသည့် လက္ခဏာများမရှိဘဲ၊ လည်ပင်းညှစ်သတ်ထားသော လက္ခဏာများသာ တွေ့ရှိရပါသည်။

အိပ်ခန်းနောက်ဘက်ကပ်လျက်၊ မီးဖိုဆောင် ထမင်းစားခန်းများရှိ၍ နောက်ဘေးရှိ ရေချိုးခန်းနှင့် အိမ်သာသို့ထွက်သည့် တံခါးပေါက်တစ်ပေါက်လည်းရှိနေပါသည်။

(၃)

အခင်းဖြစ် အရပ်အား လိုအပ်သည့် မြေပုံရေးဆွဲခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ မြေပုံကြမ်းရေးဆွဲခြင်းများပြုလုပ်ပြီးဖြစ်၍ ကိုအေးဝင်း ကြိုးဆွဲချ သေဆုံးနေဟန်ပြုလုပ်ထားမှုအား အသေးစိတ် အနီးကပ် စစ်ဆေးရာတွင် ကြိုးဆွဲချသေဆုံးသူ အလောင်းတစ်လောင်းတွင် ရှိရမည့် လက္ခဏာများဖြစ်သော မျက်လုံး ပြူးထွက်နေခြင်းရှိ၊ မရှိ။ ခေါင်းတစ်ဖက်စောင်း၍ ပါးစပ်မှ တံတွေးများစီးကျပြီးအောက်တွင်တံတွေးကွက်များရှိ၊ မရှိ။ လျှာပြူထွက်နေခြင်း ရှိ၊ မရှိ။ လည်ပင်းတွင် ကြိုးရာများ ပေါ်နေခြင်းရှိ၊ မရှိ။ ခြေဖျားလက်ဖျားများ မျက်နှာနှင့် အင်္ဂါစပ်တို့တွင် သွေးထွက်နေခြင်း ရှိ၊ မရှိ။ သုက်ရည်များ ထွက်နေခြင်း ရှိ၊ မရှိ။ လက်မကုပ်လျက် လက်သီးဆုပ်အတွင်း ကန့်လန့်ရှိ၊ မရှိ။ မျက်ဖြူအိမ်အတွင်းနှင့် ပါးစသော မျက်နှာ နေရာများတွင် သွေးဥစက်များ ရှိ၊မရှိ စသည့်အချက်များအား စစ်ဆေးကြည့်ရာ မတွေ့ရသဖြင့် ကြိုးဆွဲချသေဆုံးခြင်း မဖြစ်နိုင် ကြောင်း ခန့်မှန်းနိုင်ခဲ့ပါသည်။

သေဆုံးနေသူ ကိုအေး ဝင်း အလောင်းတွင် တွေ့ရှိ သော အချက်အလက် ဒဏ်ရာ ဒဏ်ချက်များအား စစ်ဆေး ကြည့်ရာတွင် လည်ချောင်းဇလုပ် အောက်တွင် လက်ချောင်း လက်





www.burmeseclassic.com

www.burmeseclassic.com



မရာများ တွေ့ရခြင်း၊ လည်ချောင်း တစ်ဖက်တစ်ချက်တွင် ပွန်းရှုဖူးရောင် ဒဏ်ရာများရှိနေခြင်း၊ လျှာထွက်၍သွားနှင့်ကိုက်ထားခြင်း၊ မျက်စိပြူးထွက်နေခြင်း၊ တံတွေးများ ထွက်နေသည်ကို မတွေ့ရခြင်း၊ နှာခေါင်းနှင့် ပါးစပ်မှ သွေးအမြှုပ်များ ထွက်နေခြင်း၊ လက်သီးဆုပ်ထားသည့် လက္ခဏာများ တွေ့ရခြင်းတို့ကြောင့်၊ လည်မျိုညှစ်သတ်ထားသည့် လက္ခဏာအနေအထားများရှိနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့်၊ လည်မျိုညှစ်သတ်၍ သေဆုံးခြင်းဖြစ်ကြောင်း ခန့်မှန်းနိုင်ခဲ့ပါသည်။

အခင်းဖြစ် အရပ်နှင့် သေဆုံးသူ ကိုအေးဝင်း အလောင်းတို့အား လိုအပ်သည်များအားလုံး စစ်ဆေးဆောင်ရွက်ပြီးဖြစ်သဖြင့် အလောင်းဆေးရုံပို့၍ မြို့နယ်ဆရာဝန်ကြီး၏ စစ်ဆေးဆောင်ရွက်ချက်၊ ထင်မြင်ချက်တောင်းခံရမည် ဖြစ်သဖြင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌအဖွဲ့၏ အကူအညီရယူပြီး အလောင်းအား ထုပ်တန်းတွင် စောင်တန်းလန်းနှင့်ချည်ထားရာမှ ဖြုတ်ယူကာ ရဲအစောင့်နှင့်အတူ မြို့နယ်ဆေးရုံသို့ ပေးပို့ခဲ့ပါသည်။ ကြိုးဆွဲချဟန်ပြုလုပ်ထားသောစောင်ကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းပါသည်။ အခင်းဖြစ်နေရာ ကိုအေးဝင်း စောင်တန်းလန်းနှင့်လည်ပင်းချည်လျက်ရှိနေသည့် အခန်းအတွင်းမှ လိုအပ်သည်များ အားလုံး စစ်ဆေးဆောင်ရွက်ပြီး ဖြစ်သဖြင့်၊ ယင်းအခန်းမှ ထွက်၍ အိမ်ရှေ့ ဧည့်ခန်းတွင်ရှိနေသော ကိုအေးဝင်း၏ ဇနီး မငအေးမြ အသက်၃၀ (ဘ) ဦးကြည်မောင် အထည်ရောင်း၊ အောင်မြေ ရပ်ကွက်နေသူအား စစ်ဆေးရာ ၎င်း၏ ခင်ပွန်းဖြစ်သူ ကိုအေးဝင်းမှာ အသက် ၃၃ နှစ်ရှိပြီး လက်သမား အလုပ်လုပ်ကြောင်း၊ လက်သမား အဖွဲ့ဝင် လုပ်သား (၇)ဦးရှိရာ ၎င်း၏ ယောကျ်ားက လက်သမား ခေါင်းဆောင်ဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်က နှစ်ဦးချစ်ကြိုက်၍ မိဘများ ခွင့်ပြုချက်အရ လက်ထပ်ယူခဲ့ကြောင်း၊ သားသမီးများ မရှိသေးကြောင်း၊ ကိုအေးဝင်းမှာ ရိုးရိုးအေးအေး နေတတ်သူဖြစ်ပြီး၊ မည်သူနှင့်မျှလည်း ပြဿနာ မဖြစ်ဖူးကြောင်း၊ ကိုယ်လုံးသေးသေးသွယ်သွယ်ရှိပြီးတစ်ခါတစ်ရံ အပေါင်းအသင်းနှင့်အရက်သောက်တတ်ကြောင်း၊ ၎င်းက ဈေးတွင် အထည်ရောင်း၍ နံနက် ၇ နာရီ အချိန်အိမ်မှ ထွက်သွားရာ ကိုအေးဝင်း အိမ်တွင် ကျန်နေခဲ့ကြောင်း၊ ညနေ ၄ နာရီ အချိန် ဈေးပိတ်၍ ဆိုင်ပါပိတ်ပြီး အိမ်ပြန်လာရာ အိမ်အရောက်တွင် တံခါးပွင့်နေသဖြင့် ၎င်း၏ခင်ပွန်းအားခေါ်ရာတွင် အသံမကြားရ၍ အိမ်ပေါ်တက်ကြည့်ရာ အိပ်ခန်းထဲတွင် ကိုအေးဝင်းမှာ ထုပ်တန်းတွင် စောင်နှင့် လည်ပင်းချည်ပြီး တန်းလန်းဖြစ်နေသည်ကိုတွေ့ရသဖြင့် ၎င်းလည်း ကြောက်လန့်ပြီး အိပ်ခန်းထဲ မဝင်တော့ဘဲ၊ အိမ်ပေါ်မှ အော်ဟစ် ဆင်းပြေးပြီး၊ နှစ်အိမ်ကျော်ရှိ ဥက္ကဋ္ဌအိမ် ရောက်သွားပြီး အဖြစ်အပျက်များ ပြောပြကာ ရဲစခန်းသို့ သွားရောက်တိုင်ကြားပေးရန်ပြောအပြီး ၎င်းလည်း မူးမေ့လဲသွားခဲ့ကြောင်း ထွက်ဆိုအစစ်ခံပါသည်။

မအေးမြအား စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com





ရင်းနှင့် ညွှန်းခန်း အရှေ့ဘက် ထောင့်တစ်နေရာတွင် ပုလင်းအဖြူ အကြီးတစ်လုံး ဖန်ခွက်အသေးနှစ်လုံး၊ စတီးပန်းကန်ပြားအတွင်း စတီးဇွန်းတစ်ချောင်း ထည့်ထားသည်ကိုတွေ့လိုက်ရသဖြင့် ကျွန်တော်က မအေးမြအား–

"ဟိုထောင့်က ဘာပုလင်းနဲ့ ပန်းကန်တွေက ဘာလုပ်တာလဲ"

မေးလိုက်ရာ မအေးမြက–

"ကျွန်မ အိမ်ပြန်ရောက်ကတည်းက တွေ့တာ ဘာလုပ်ထားတာ လဲမသိဘူး"

ပြောသဖြင့် ကျွန်တော်လည်း ဉက္ကဋ္ဌအားခေါ်ပြီး အနေအထားမပျက် မကိုင်တွယ်ဘဲ ကြည့်ရာ ပုလင်းက အရက်နံ့ နံနေသည့်အပြင်၊ စတီးပန်းကန်ပြားထဲတွင် ကြက်သွန်ကြော်၊ ဘူးသီးကြော်တစ်ခုစီ ကျန်နေသည်ကိုတွေ့ရသဖြင့် ကြက်သွန်ကြော်နှင့် ဘူးသီးကြော်အား အရက်သောက်ရင်း အမြည်းလုပ်သည်ဟု ထင်မြင်ချက် ချလိုက်မိပါသည်။ မအေးမြအား–

"အိမ်မှာ ဘူးသီးကြော် ကြက်သွန်ကြော် ကြော်ထားတာ ရှိလား"

မေးရာ အိမ်မှာ ကြော် ထားတာမရှိကြောင်း ပြောပြရာ ဉက္ကဋ္ဌက ၎င်းအိမ်နှင့် ငါးအိမ် ကျော် လမ်းဆုံရှိ ဒေါ်ခလေးမ အိမ်တွင် နံနက်နှင့်ညနေဘက် တို့တွင် အကြော်ရောင်းကြောင်း နှင့် အရက်ဆိုင်မှာလည်း လမ်း ဆုံမှ နှစ်အိမ်ကျော်တွင် လိုင်စင် ရ အရက်ဖြူဆိုင်ရှိကြောင်း ပြော ပြ သိရသဖြင့် အမှုပေါ်တော့မည် ဟုလည်း အတွေ့အ ကြုံများအရ ယုံကြည်လိုက်မိပါသည်။

အရက်သောက် ထား သည်ဟု ယူဆရသည့် အရက်နံ့ များနံနေသည့် ပုလင်း၊ ဖန်ခွက် ပန်းကန်ပြား၊ ဇွန်းတို့အား သက် သေခံ ပစ္စည်းအဖြစ် သိမ်းဆည်း ရမည်ဖြစ်သဖြင့် လုံးဝလက်နှင့် ကိုင်တွယ်ခြင်း မပြုဘဲ စစ်ဆေး ကြည့်ရာ အချိန်မှာ ည ၈ နာရီ ကျော်ဖြစ်ပြီး မိုးချုပ်နေသဖြင့် မီး အလင်းရောင် အားနည်းနေ၍ ဉက္ကဋ္ဌထံမှ လက်နှိပ်ဓာတ်မီး ငှား ယူပြီး အသင့်ပါလာသော အမှု စစ်သေတ္တာထဲမှ မှန်ဘီလူးနှ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရာ အရက်ပုလင်း အဖြူတွင် တစ်ဖက်၌ထင်ရှားနေသော လက်ဗွေရာနှစ်ခုနှင့် အခြား တစ်ဖက်တွင် ရှုပ်ထွေးပြီး ထပ်နေသော လက်ချောင်းရာများအား တွေ့ရသဖြင့် အမှုဖော်ထုတ်ရန်အတွက် အကောင်းဆုံးသော သက်သေခံ ပစ္စည်းဖြစ်နေ၍ သည်းဝမ်းသာမိပါသည်။ အရက်ပုလင်းနှင့်အတူ စတီးပန်းကန်ခွက်နှစ်လုံး၊ ဖွန်းတို့တွင် ထင်ကျန်နေသော လက်ဗွေရာများ မပျက်စေရန်အတွက်လုပ်ထုံးလုပ်နည်း ကိုင်တွယ်နည်းများနှင့်အညီ ကိုင်တွယ်ကာ သက်သေများရှေ့တွင် သိမ်းဆည်း၍ လက်ဗွေရာများရှိသော နေရာများအား မပျက်စီးစေရန် ထင်းရှူးသေတ္တာအသေးတစ်လုံးအတွင်း မလှုပ်စေရန် စနစ်တကျ သိမ်းဆည်းပါသည်။

အခင်းဖြစ် အရပ်မှ လိုအပ်သည်များ စစ်ဆေးသိမ်းဆည်း၍ အချိန်မှာလည်း ည ၉ နာရီ ခန့်ရှိနေသဖြင့် အောင်မြေပ်ကွက်မှ ရဲစခန်းသို့ ပြန်လာခဲ့ပါသည်။

(၄)

ရဲစခန်းသို့ ပြန်ရောက်ပြီး ကိုအေးဝင်း သေဆုံးမှုအား ရပ်ကွက်ကောင်စီဥက္ကဋ္ဌလာရောက်တိုင်ကြားသည့်အတိုင်းအတာအရ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်ထားသော်လည်း၊ ကျွန်တော်ကိုယ်တိုင် အခင်းဖြစ်အရပ်သို့ သွားရောက်၍ သေချာစွာ စစ်ဆေးသည့် အခါတွင် လူသေမှု မဟုတ်နိုင်ဘဲ လူသတ်မှု ကျူးလွန်သည့် အနေအထားရှိနေသဖြင့်၊ ကျွန်တော်ကိုယ်တိုင် တရားလိုပြုလုပ်ကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တိုက်ရိုက်မဖွင့်သေးဘဲ မှုခင်းအား ထိန်းသိမ်းသည့်အနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၅၄ (လူသတ်မှုမသင်္ကာ)အရ အမှုဖွင့် ဆောင်ရွက်ခဲ့ပါသည်။

သေဆုံးသူ ကိုအေးဝင်း အလောင်းအား စစ်ဆေးရန်အတွက် မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ထားပြီးဖြစ်သဖြင့် အလောင်းမှာ ကြိုးဆွဲချ သေဆုံးခြင်း ဟုတ်မဟုတ်၊ လည်မျိုညှစ်သတ်၍ သေဆုံးခြင်း ဟုတ်မဟုတ်နှင့် အခြားဒဏ်ရာများရှိမရှိ လိုအပ်သည်များ စစ်ဆေးပေးနိုင်ရန်အတွက် ဆေးစာရေးသားကာ မှုခင်း တပ်ကြပ်ကြီး စာရေးစံသိန်းအား ပို့ခိုင်းခဲ့ပါသည်။

ရဲတပ်ဖွဲ့ဝင်တိုင်းသည် အမှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ကြရသလို ဖြစ်ပွားသော အမှုများကိုလည်း မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် အချိန်နှင့် တပြေးညီဖော်ထုတ်ဆောင်ရွက်ကြရန်လည်း အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်နေသဖြင့် ယခုဖြစ်ပွားသော လူသတ်မှု ပေါ်ပေါက်ရန်လည်း ညအချိန်မရှိ၍ နောက်နေ့မှ ဆက်လုပ်မည်ဟု အချိန်ဆွဲနေ၍မဖြစ်ပါ။ အချိန်ဆွဲနေလျှင် တရားခံအား ပြတ်သွားနိုင်သည်ကို သတိထားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဥက္ကဋ္ဌအဖွဲ့အား ထမင်းစားသောက်ပြီးပါက အမှုနှင့်ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်ရှိနေသဖြင့် ရဲစခန်းသို့ လာရောက်ပေးရန်နှင့် ကူညီပေးရန် မှာထားခဲ့ရာမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ည ၁၁ နာရီ အချိန် ရဲစခန်းသို့ရောက်ရှိလာကြသဖြင့် ရဲစခန်းတွင် အသင့်စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



ထားရှိသော နယ်ထိန်းဒုတပ်ကြပ် တင်ဝင်း အဖွဲ့နှင့်အတူ အဖွဲ့(၃) ဖွဲ့ခွဲပြီး အမှုကွင်းဆက်များ ဖြစ်နိုင်သည့် အောင်မြေရပ်ကွက် လမ်းဆုံတွင် အကြော်ကြော် ရောင်းသော ဒေါ်ခလေးမအား လည်းကောင်း၊ အောင်မြေရပ်ကွက်အတွင်းရှိ လိုင်စင်ရ အရက်ဆိုင်ပိုင်ရှင် ဦးနောက်တိုးအား လည်းကောင်း၊ သေဆုံးသူ ကိုအေးဝင်း၏ လက်သမားအဖွဲ့မှ ကျန် ၆ ဦးဖြစ်သည့် ကိုသန်း၊ ကိုပု၊ ကိုယု၊ ကိုစု၊ ကိုနုနှင့်ကိုသံလုံးတို့ကို ဖွဲ့ထားသော အဖွဲ့ (၃) ဖွဲ့နှင့် လိုအပ်သည်များ မှာကြားပြီး အသီးသီး တာဝန်ပေးလျက် ရဲစခန်းသို့ ခေါ်ယူစေရာ၊ ည ၁ နာရီခန့်အချိန် ခေါ်ခိုင်းသူ အားလုံးနှင့်အတူ အဖွဲ့အားလုံး ပြန်လည်ရောက်ရှိလာကြပါသည်။

(၅)

အမှုအတွက် လိုအပ်ချက်များ စစ်ဆေးရန်ခေါ်ယူလာသူအားလုံးအား ကျွန်တော်က "ယခုလို အချိန်မတော်ခေါ်ယူစစ်ဆေးရသည်ကို ခွင့်လွှတ်ကြစေလိုကြောင်းနှင့် အမှုအမှန် မြန်မြန် ပေါ်ပေါက်ရေးအတွက် အကူညီတောင်းရခြင်းဖြစ် သဖြင့်လည်း သိသမျှကို အမှန်အတိုင်း ပြောပြစေလိုကြောင်း" ပြောပြလိုက်ပြီးနောက် ဥက္ကဋ္ဌက စခန်းမှူး အခန်းထဲတွင် ထိုင်နေကြသော ခေါ်လာသူ (၈)ဦးလုံး၏ မျက်နှာအမူအရာများကို အကဲခတ်လေ့လာကြည့်နေရင်း၊ အင်းစိန်မှုခင်းတပ်ဖွဲ့တွင် မှုခင်းသိပ္ပံသင်တန်း (စုံထောက်သင်တန်း) တက်ရောက်ခဲ့စဉ်အချိန်က အငြိမ်းစား ဒုတိယရဲမင်းကြီး ဝဏ္ဏကျော်ထင်ဦးတင်ညွန့်က "လက်တွေ့ရဲလုပ်ငန်း" လာရောက်သင်ကြားပို့ချခဲ့စဉ် အချိန်က သင်ကြားပြောကြားခဲ့သော "အမှုစစ်တို့ ထာဝစဉ်လေ့လာ ကျင့်သုံးရမည့်အချက်မှာ" "မကောင်းမှုပြုခဲ့သောသူ၏ စိတ်သည်၊ ကြောက်ရွံ့ စိုးရိမ်ဝမ်းနည်းခြင်း ဖြစ်နေတတ်သောကြောင့် သူ၏ မျက်နှာကဲသည်လည်း ပကတိအတိုင်းမဟုတ်ဘဲ၊ ပြုပြင်ထားသော ဟန်မျှသာ ရှိတတ်သဖြင့် မတည်မငြိမ်နိုင်" ဆိုသည့် သင်ကြားပို့ချမှု၊ "ရဲတပ်ဖွဲ့ဝင်တို့ အမြဲတစေကျင့်ကြံကြိုးဝါးအားထုတ်ရမည့် အချက် တစ်ချက်ဖြစ်သည့်" "ကောင်းမှုပြုခဲ့သောသူ၏စိတ်သည် ကြည်လင်ရွှင်ပျအားရ နှစ်သိမ့်ကျေနပ် ခြင်းရှိ

**"မကောင်းမှု ပြုခဲ့သောသူ၏ စိတ်သည်၊ ကြောက်ရွံ့ စိုးရိမ် ဝမ်းနည်းခြင်း ဖြစ်နေတတ်သော ကြောင့် သူ၏မျက်နှာကဲသည်လည်း ပကတိအတိုင်း မဟုတ်ဘဲ၊ပြုပြင်ထား သောဟန်မျှသာ ရှိတတ်သဖြင့် မတည်မငြိမ်နိုင်"**



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သူ၏မျက်နှာကဲ သည်လည်း ပကတိအားဖြင့် တည်ငြိမ်သောအသွင်နှင့် ချမ်းသာသောစိတ်ကို ပြနိုင်သည်'' ဆိုသည့် သင်ကြားပို့ချမှုအချက်နှစ်ချက်ကို ပြန်လည်မြင်ယောင် သတိရမိရင်း ခေါ်ယူလာသူ (၈) ဦး၏ မျက်နှာရိပ်မျက်နှာကဲ အမူအရာများကို အကဲခတ်ကြည့်နေမိပါသည်။

စစ်ဆေးရာ၌ ခေါ်လာသည့် (၈)ဦးထဲမှာ သံလုံးဆိုသူမှာ အခြားသူများနှင့်မတူဘဲ၊ တည်တည်ငြိမ်ငြိမ်မရှိ ဟိုကြည့်ဒီကြည့်နှင့် ကြောက်လန့်နေသလို မျက်နှာ အမူအရာ ပျက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း စခန်းမှူးအခန်းမှ နယ်ထိန်းအခန်းသို့ထွက်သွားပြီး နယ်ထိန်းအဖွဲ့အား ခေါ်ယူလာသူ (၈)ဦးထဲတွင် တရားခံ ပါလာနိုင်ကြောင်း၊ ထွက်မပြေးနိုင်ရေးအတွက် အပြင်မှာသေချာစွာ စောင့်ကြပ်ကြရန်နှင့် ကျွန်တော် စခန်းမှူး အခန်းထဲဝင်သွားပြီးသည်နှင့် အမှုစစ် အခန်းထဲကို သွားမည်ဖြစ်၍၊ အမှုစစ်အခန်းထဲတွင် ရောက်ပြီးသည်နှင့် ပထမဆုံးဒေါ်ခလေးမအား အမျိုးသမီးအစောင့်နှင့်အတူ အမှုစစ်အခန်းထဲပို့ပေးပြီး ဒုတိယ ဦးနောက်တိုးအား ပို့ပေးရန်နှင့် သံလုံးအား နောက်ဆုံးမှ လက်ထိတ်ခတ် ပို့ပေးရန်၊ ကျန် (၅)ယောက်အား လက်ထိတ်မခတ်ဘဲ တစ်ယောက်စီပို့ပေးရန် မှာကြားခဲ့ပါသည်။

(၆)

ကျွန်တော် အမှုစစ် အခန်းထဲရောက်ပြီးသည်နှင့် ပထမဆုံးအမျိုးသမီး အစောင့်နှင့်အတူ ဒေါ်ခလေးမအား ခေါ်လာဘသဖြင့် ဒေါ်ခလေးမအသက် (၅၀) နှစ် (ဘ) ဦးလှကြီး၊ အကြော်ရောင်း၊ အောင်မြေရပ်ကွက်နေသူအား စစ်ဆေးရာ၊ ၎င်းသည် နံနက် ၅ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ အကြော်ကြော်ရောင်းကြောင်း၊ မနေ့က ညနေ ၃ နာရီအချိန်ခန့် အကြော်ကြော်နေစဉ်အချိန်၊ တစ်ရပ်ကွက်တည်းနေ သံလုံးသည် ကြက်သွန်ကြော် ၅ခုနှင့် ဘူးသီးကြော် ၅ခုမှာပြီး၊ အရက်ဆိုင်ဘက်သွားကြောင်း ခဏအကြာတွင် အရက်ဆိုင်မှ ပြန်လာရာ၊ ပုလင်းအဖြူအကြီးနှင့် အရက်တစ်ပုလင်း ဝယ်လာသည်ကို တွေ့ရကြောင်း၊ အကြော်ရပြီလားမေး၍ ၎င်းက ရပြီပြောပြီး ကြွပ်ကြွပ်အိတ်နှင့် ကြက်သွန်ကြော်နှင့် ဘူးသီးကြော်ထည့်ပေးလိုက်ရာ ပိုက်ဆံ ၁၀၀/-ကျပ်ပေး၍ အရက်ပုလင်းကိုခါးထိုးပြီး မောင်အေးဝင်း အိမ်ဘက်ထွက်သွားကြောင်း၊ ညနေ ၄နာရီကျော်ကျော်ခန့်အချိန် သုတ်သုတ်သုတ်သုတ်နှင့် ၎င်းအိမ်ဘက် ပြန်သွားသည်ကို အကြော်ကြော်နေရင်းတွေ့လိုက်ရကြောင်း ထွက်ဆိုအစစ်ခံပါသည်။

ဒေါ်ခလေးမအား စစ်ဆေးပြီး သက်သေတစ်ဦးဖြစ်သူ ဦးနောက်တိုးအား ခေါ်လာသဖြင့် ဦးနောက်တိုး အသက် ၄၅ နှစ် (ဘ) ဦးတိုးတက် လိုင်စင်ရ အရက်ရောင်း၊ အောင်မြေရပ်ကွက်နေသူအား စစ်ဆေးရာ၊ မနေ့က ညနေ ၃နာရီခန့်အချိန် တစ်ရပ်ကွက်တည်းနေအသိဖြစ်သူ ''သံလုံး''သည် အရက်ဖြူတစ်ပုလင်း လာဝယ်ရာ ပုလင်း မပါလာသဖြင့် ပုလင်းအဖြူ အကြီးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပါ ငွေးပေးလိုက်ကြောင်း၊ ယခု အချိန်အထိ ပုလင်းကို ပြန်မပေးသေးကြောင်း ထွက်ဆိုအစစ်ခံပါသည်။

ကျန်သက်သေများ ဖြစ်ကြသော မောင်သန်း၊ မောင်ပု၊ မောင်ယု၊ မောင်စု၊ မောင်နုတို့ကို ခေါ်ပြီး တစ်ယောက်စီ စစ်ဆေးရာ လက်သမားဆရာ ကိုအေးဝင်းအဖွဲ့တွင် နေ့စားလက်သမားများလုပ်၍၊ အောင်မြေရပ်ကွက်၌ပင် နေထိုင်ကြကြောင်း၊ ဒုတိယလက်သမားခေါင်းဆောင်မှာ ကိုသံလုံးဖြစ်ကြောင်း ကိုအေးဝင်းမှ တစ်ခါတစ်ရံ အရက်သောက်တတ်ပြီး ကိုသံလုံးမှာ အရက်အမြဲသောက်တတ်ကာ အရက်မူးလျှင် သွေးဆိုးကြောင်း၊ ကိုအေးဝင်းနှင့် ကိုသံလုံးမှာ သူငယ်ချင်းများဖြစ်ကြပြီးအရက်အထူသောက်ရင်း စကားများတတ်ကြောင်း၊ စကားများသည့်အခါ ကိုသံလုံးက ကိုအေးဝင်းအား–

"မင်းက ငါ ယူမယ့် မိန်းမကို မရရအောင် ယူတဲ့ကောင်၊ ငါ လုံးဝမကျေနပ်ဘူး၊ မင်းမိန်းမကို ငါရအောင် ပြန်ယူမယ်"

ပြောပြီး စကားများကြရာမှ ကိုအေးဝင်းက ထိုင်နေသည့်ခုံနှင့် ကိုသံလုံးအား ရိုက်သော်လည်း ကိုအေးဝင်းက ပိန်ပိန်သေးသေးဖြစ်ပြီး ကိုသံလုံးက ဗလ ကောင်းကောင်းဖြစ်သဖြင့် ကိုအေးဝင်း ခုံနှင့်ရိုက်သည်ကို ရှောင်နိုင်ခဲ့ကြောင်း၊ ၎င်းတို့က ဖျန်ဖြေပေးခဲ့ရကြောင်း၊ နောက်နေ့ကျလျှင် အလုပ်ဆင်းလျှင် ပြန်တည့်နေကြကြောင်း၊ ကိုအေးဝင်း မိန်းမ မအေးမြအား နှစ်ယောက်အတူ ကြိုက်နေရာမှ ကိုအေးဝင်းနှင့် လက်ထပ်ယူသွားကြောင်း ကိုအေးဝင်းဘာကြောင့်သေဆုံးသည်ကို မသိရကြောင်း ထွက်ဆို အစစ်ခံကြပါသည်။

နောက်ဆုံး "သံလုံး" အား အမှုစစ်အခန်းထဲသို့ လက်ထိတ်ခတ်ခေါ်လာသဖြင့် သံလုံး အသက် ၃၃ နှစ်(ဘ)ဦးသံခဲ၊ လက်သမားလုပ်၊ အောင်မြေရပ်ကွက်နေသူအား စစ်ဆေးရာ ၎င်း သည် လက်သမာဆရာ ကိုအေးဝင်းအဖွဲ့တွင် လက်ထောက်လက်သမား ဆရာလုပ်ကြောင်း၊ ၎င်းနှင့် ကိုအေးဝင်းမှာ ငယ်သူငယ်ချင်းများဖြစ်ကြောင်း၊ မနေ့က တစ်နေ့လုံး လက်သမား အ





www.burmeseclassic.com

www.burmeseclassic.com



လုပ်နား၍ ကိုအေးဝင်းနှင့် မတွေ့မိကြောင်း၊ ၎င်း အရက်သောက်ပြီး ၎င်းအိမ်၌ပင် အိပ်ပျော်နေခဲ့ကြောင်း၊ ကိုအေးဝင်း ဘာကြောင့် သေသည်ကို မသိရကြောင်း၊ ထွက်ဆိုနေသဖြင့် ကျွန်တော်က–

“ကဲ သံလုံး မင်း ပြောတာတွေက နားထောင်လို့ မကောင်းဘူးကွာ၊ အမှန်ကို အမှန်အတိုင်းပြောစမ်းပါ”

ဟုပြောလိုက်ရာ သံလုံးက–

“အမှန်အတိုင်း ပြောတာပါ စခန်းမှူးကြီးရယ်၊ အေးဝင်းနဲ့ ကျွန်တော်က အခင်ဆုံး သူငယ်ချင်းတွေပါ။ အေးဝင်း ကြိုးဆွဲချသေသွားတာကို ကြားလိုက်ရကတည်းက ကျွန်တော်လဲ လုံးဝ စိတ်မကောင်းပါဘူး”

ဟု နားထောင် မကောင်းအောင် ပြောနေပြန်ပါသည်။

ကျွန်တော်က–

“ကဲ သံလုံး မင်းပြောတွေကတော့ နားထောင်လို့ မကောင်းဘူးကွာ၊ ငါ နားထောင်ကောင်းအောင် ပြောပြမယ်။ မင်း မနေ့ ညနေ ၃ နာရီ လောက်မှာ ဦးနောက်တိုး အရက်ဆိုင်က အရက်ပုလင်းအဖြူကြီး တစ်လုံး ၄ားယူပြီး အရက်ဝယ်တယ်။ ဒေါ်ခလေးမ အကြော်ဆိုင်က

**အေးဝင်း သေသွားတဲ့ အခါ အကြံရပြီး အေးဝင်းတို့ အိပ်ခန်းထဲ ဆွဲသွင်းပြီး**

**-----**

ကြက်သွန်ကြော် ၅ခု၊ ဘူးသီးကြော် ၅ခုဝယ်ပြီး ကိုအေးဝင်း အိမ်သွားပြီး အရက်သောက်ကြတယ်။ အရက်မူးလာတဲ့အခါကျတော့ မင်းက မကျေမနပ်ဖြစ်နေတဲ့ မအေးမြကို မရလိုက်တဲ့ ကိစ္စ၊ မင်းကို ကိုအေးဝင်းက ခုံနဲ့ ရိုက်ထားတဲ့ကိစ္စတွေနဲ့ မကျေမနပ်ဖြစ်ပြီး စကားများကြရာက၊ အရက် အရှိန်ကောင်းကောင်း၊ ဗလကောင်းကောင်းနဲ့ မင်းက ပိန်ပိန်သေးသေး ကလေးအရွယ်လေးလို ဖြစ်နေတဲ့ အေးဝင်းကို လည်ပင်းညှစ်ရင်း ခြေလွန်လက်လွန်ဖြစ်ပြီး အေးဝင်း သေသွားတဲ့ အခါ အကြံရပြီး အေးဝင်းကို အိပ်ခန်းထဲ ဆွဲသွင်းပြီး၊ စားပွဲပေါ် တင်ထားတဲ့ အိပ်ရာပုံထဲက စောင်ကိုယူပြီး လည်ပင်းကိုချည် တက်၊ နောက်စားပွဲ ဘေးနား ထားတဲ့ ခုံကိုယူတယ်။ မင်းက ဗလကောင်းတော့ အေးဝင်း အလောင်းကို မ,ပြီး စောင်တစ်ဖက် အစနဲ့ အိမ်ခန်းထဲကထုပ်တန်းမှာ ချည်ပြီးတော့ ကြိုးဆွဲချသေဟန် လုပ်ထားတယ်၊ မင်း အေးဝင်း အလောင်းကို ခုံနဲ့ တက်ချည်ပြီးတော့ ခုံကို ဒီအတိုင်း မထားဘဲ စားပွဲခုံနားပြန်ထားတယ်။ ကြိုးဆွဲချတဲ့လူက ကြိုးဆွဲချသေပြီးမှ ခုံကို စားပွဲနားပြန်ထားနိုင်ပါ့မလား။ ဒီအချက်က ကြည့်လိုက်တာနဲ့ ကြိုးဆွဲချသေတာမဟုတ်ဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို တို့ရဲအဖွဲ့က ခန့်မှန်းလို့ ရတယ်--

"နောက် တစ်ချက်က ငါ့ အနေနဲ့ အခင်းဖြစ် အေးဝင်း သေနေတဲ့ နေရာရောက်ပြီး အလောင်းကို ကိုင်တွယ်စစ်ဆေး ကြည့်လိုက်တဲ့အချိန်မှာ ကြွက်သားတွေလျှော့ပြေနေတာတွေ့ရတဲ့အတွက် သေဆုံးမှုဟာလည်း ပထမ အဆင့်သာရှိနေသေးလို့ သေဆုံးချိန်ဟာ ၂ နာရီ၊ ၃ နာရီ အချိန်ဖြစ်မယ်လို့လည်း ခန့်မှန်းနိုင်တယ်။ ရဲစခန်း လာရောက်တိုင်ကြားတဲ့အချိန်က ညနေ ၅ နာရီ ဖြစ်နေတော့ မင်းညနေ ၃ နာရီခန့်အချိန်မှာ အရက်နဲ့ အကြော်ဝယ်ပြီး အေးဝင်း အိမ်သွားတယ်။ အရက်အတူတူ သောက်ကြတယ်။ ညနေ ၃နာရီကျော်မှာ မင်းနဲ့အေးဝင်းအတူရှိနေပြီး အရက်သောက်ပြီး မူးလာတဲ့အခါ၊ မင်းက သွေးဆိုးတဲ့အတွက် မအေးမြကို မရလိုက်တဲ့ ကိစ္စ၊ အေးဝင်းက ခုံနဲ့ကောက်ရိုက်ထားတဲ့ ကိစ္စတွေကို အငြိုးထားပြီး အေးဝင်းကို လည်ပင်းညှစ်ရင်းက လက်လွန်ပြီး အေးဝင်း သေသွားတယ်ဆိုတာ မင်းငြင်းမရပါဘူးကွာ"

ဟု ကျွန်တော်က သံလုံးအား ငြင်းမရအောင် ပြောလိုက်သည့်အခါမှ–

"ကျွန်တော် မှားသွားပါပြီ စခန်းမှူးကြီးရယ်"

ဟု ပြောလိုက်ပြီး တရှုပ်ရှုပ်နှင့် ငိုနေပါတော့သည်။ သံလုံးလည်း ငြင်းမရတော့သည့် အဆုံး သံပြား၁၀ ရောက်သွားပါတော့သည်။

သံလုံးသည် ငြင်းမရသည့်အဆုံးမှ မနေ့က ညနေ ၃ နာရီခန့်အချိန် အရက်နှင့် အကြော် ဝယ်ပြီး အေးဝင်းအိမ်သွား၍ အရက်အတူသောက်ကြရာမှ အရက်များ မူးလာကြပြီး စကားများကြရာမှ ယခင်မကျေနပ်ချက်များကြောင့် လည်ပင်းညှစ်ရာမှ လက်လွန်သွားသဖြင့် အေးဝင်း အလောင်းအား အိမ်အိပ်ခန်းထဲ ဆွဲသွင်းသွားပြီး စားပွဲပေါ်တင်ထားသော အိပ်ရာများထဲမှ စောင်တစ်ထည်ယူ၍ အေးဝင်း လည်ပင်းအားချည်ပြီး အခန်းထဲရှိခုံကို ယူပြီး စောင်တစ်ဖက်ကို ထုပ်တန်းမှာချည်လျက် ကြိုးဆွဲချသေဆုံးနေဟန်ပြုလုပ်ပြီး ခုံအား စားပွဲဘေးပြန်ထားခဲ့ကြောင်း ၎င်းလည်း အေးဝင်းအား လည်ပင်းညှစ်သတ်ပြီးမှ ကြောက်လန့်ပြီး အိမ်ပြန်သွားခဲ့ကြောင်း အိမ်ရောက်ပြီး ဘယ်သူ့ကိုမှ မပြောဘဲ အိပ်မရ၊ စားမရဖြစ်နေသဖြင့် အိမ်တွင် ဝယ်ထားသော အရက်ကို ဆက်သောက်နေကြောင်း အရက်ဆိုင်မှ ငှားသွားသော အရက်ပုလင်း အဖြူမှာလည်း အေးဝင်းအိမ်၌ပင် ကျန်နေခဲ့ကြောင်း တစ်ညလုံး အိပ်မရ စားမရနှင့် အရက်ကိုသာ သောက်နေရင်း မနေ့က ညက ရဲများအိမ်လာခေါ်၍ လိုက်လာခဲ့ရကြောင်း ဝန်ခံထွက်ဆိုသဖြင့် သံလုံးအား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂/၅၄ အမှုနှင့် ဖမ်းဆီးလာခဲ့ပါသည်။

(၇)

အမှုအား စစ်ရင်း စစ်ရင်းနှင့် အမှုလည်းပေါ် မိုးလည်းလင်းပြီး နံနက် ၇ နာရီပင်ကျော်နေပြီဖြစ်ပါသည်။ အမှုစစ်တစ်ဦးအနေဖြင့်အမှုပေါ်ပြီး ဝမ်းသာနေလို့မဖြစ်သလို၊ ညအိပ်ရေးပျက်လို့ဆိုပြီး အိပ်၍လည်း မဖြစ်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါ။ အမှုတစ်မှုဖြစ်လာလျှင် ဥပဒေရေးရာ မြင့်မားသည့် ပုဂ္ဂိုလ်များနှင့် ရင်ဆိုင်ရမည်ဖြစ်သဖြင့် မိမိ၏ ဦးတည်ချက် ရည်မှန်းချက်ကိုကောင်းစွာသဘောပေါက်ကာ ကြိုတင်ပြင်ဆင်မှု ပြည့်စုံမှသာလျှင် အောင်မြင်မည်ဖြစ်၍ အမှုကို ရေပက်မဝင်နိုင်အောင် ခိုင်မာစွာ တည်ဆောက်ရန် လိုအပ်သဖြင့် တရားခံ သံလုံး၏ လက်ဝဲ လက်ယာလက်ပုံစံများကို ရဲစခန်းရှိ လက်ပုံစံစာရွက်တွင် လိမ့်နှိပ်ဖြင့် တည့်တည့်နှိပ် လက်ပုံစံများရယူပြီး အခင်းဖြစ်အရပ်မှ သိမ်းဆည်းခဲ့သော သက်သေခံပစ္စည်း အရက်ပုလင်းအဖြူပေါ်ရှိ လက်ပုံစံများနှင့်တူ မတူ တိုက်ဆိုင် စစ်ဆေးရန် အတွက် အင်းစိန်မှုခင်းတပ်ဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ပေးပို့ရန် စီစဉ် ဆောင်ရွက်ထားရှိပါသည်။

သက်သေခံပစ္စည်း အရက် ပုလင်းပေါ်ရှိ ထင်ရှားသော လက်ဗွေရာ လက်ပုံစံ ၂ ခုအား ကျွန်တော့် အနေဖြင့်လည်း၊ လက်ပုံစံကျွမ်းကျင်သူ (လက်ပုံစံပါရဂူ)ဖြစ်နေသဖြင့် သံလုံး၏ လက်ဗွေရာ လက်ပုံစံများနှင့် တိုက်ဆိုင် စစ်ဆေးကြည့်ရာ သံလုံး၏ လက်ယာလက်မလက်ဗွေရာများနှင့် တူညီနေပြီး လူတစ်ယောက်တည်း၏ လက်ဗွေရာများဖြစ်ကြောင်း သိနေရ၍ သေဆုံးသူ အေးဝင်း၏ လက်ဗွေ ပုံစံများကို မယူတော့ဘဲ သံလုံး၏ လက်ဗွေရာများကိုသာ ယူကာ အင်းစိန်မှုခင်းတပ်ဖွဲ့သို့ တိုက်ဆိုင်စစ်ဆေး ထင်မြင်ချက် ပေးပို့ခဲ့ရခြင်းဖြစ်ပါသည်။

တရားခံ သံလုံးအား မြို့နယ် ဆေးရုံသို့ ဆေးစာနှင့်အတူပို့ပေး၍ အရက်သေစာများ သောက်စားထားခြင်း ရှိ၊ မရှိ စစ်ဆေးထင်မြင်ချက်ပေးရန် တောင်းခံခဲ့ပါသည်။

ဆေးရုံမှ တရားခံသံလုံးအား ဆေးစစ်ဆေးပြီး ရဲစခန်းသို့ ပြန်ရောက်ရာ မြို့နယ် တရားရုံးတွင် ချုပ်ရီမန်တောင်းခဲ့ရန် စီစဉ်၍ တရားရုံးထုတ်ခါနီးတွင် ကျွန်တော်က “သံလုံး မင်းကျူးလွန်တဲ့ ပြစ်မှုကို တရားရုံးရောက်ရင်လည်း အမှန်အတိုင်းပြောပြ နိုင်မလား”

မေးရာ သံလုံးက–

“စခန်းမှူးကြီးရယ် အေးဝင်းနဲ့ ကျွန်တော်က အလွန်ခင်ကြတဲ့ ငယ်သူငယ်ချင်းတွေပါ။ အရက်မူးပြီး ဖြစ်သွားရတာကို စိတ်တော်တော် မကောင်းဖြစ်မိပါတယ်။ တရားရုံးက ဘယ်လိုအပြစ်ဒဏ်ပေးပေး ကျွန်တော် အမှန်အတိုင်းပဲ ပြောပြအစစ်ခံပါ

**မတောင်းခံတော့ဘဲ တရားခံသံလုံးအား “ဖြောင့်ချက်” ယူရန် စီစဉ်ကာ ဥပဒေနှင့်အညီ မြို့နယ်တရားရုံးသို့ ဖြောင့်ချက်ယူရန် ပို့ပေးခဲ့ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ပြောနေသဖြင့်

''သေချာရဲ့လားကွာ''

ဟုထပ်မေးရာ သံလုံး

က

''သေချာပါတယ်''

ပြောနေ၍ ချုပ်ရီမန် မတောင်းခံတော့ဘဲ တရားခံ သံလုံးအား ''ဖြောင့်ချက်''ယူရန် စီစဉ်ကာ ဥပဒေနှင့်အညီ မြို့နယ် တရားရုံးသို့ ဖြောင့်ချက်ယူရန် ပို့ပေးခဲ့ပါသည်။

တရားခံ သံလုံးသည် မြို့နယ် တရားရုံးတွင်လည်း ဖြောင့်ချက်ပေးသဖြင့် တရားရုံးမှ ပြန်လည်ခေါ်ယူလာပြီး ရဲစခန်းရှိ သီးခြားအချုပ်ခန်းတွင် ချုပ်ထားခဲ့ပါသည်။

(၈)

မြို့နယ် ဆေးရုံကြီးသို့ သေဆုံးသူ အေးဝင်း အလောင်းအား ဆေးဝါးနှင့် စစ်ဆေးပေးရန် ပေးပို့ထားခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဘမှုက အေးဝင်း အလောင်းအား စစ်ဆေးရာ ကြိုးဆွဲချသေဆုံးသည့်လက္ခဏာများ မတွေ့ရှိရကြောင်း၊ လည်ပင်းညှစ် သတ်ခံရ၍ သေဆုံးသည့် လက္ခဏာများသာ ရှိကြောင်း ထင်မြင်ချက်ပြန်ကြားခဲ့ပါသည်။

တရားခံသံလုံး၏ ဆေးစာတွင်လည်း အရက်သေစာများ သောက်စားထားခြင်း ရှိကြောင်း ထင်မြင်ချက်ပြန်ကြားခဲ့ပါသည်။

(၉)

အင်းစိန် မှုခင်းတပ်ဖွဲ့သို့ တရားခံ သံလုံး၏ လက်ပုံစံများနှင့် အရက်ပုလင်းပေါ်မှ လက်ပုံစံများ တူမတူ တိုက်ဆိုင်စစ်ဆေး ထင်မြင်ချက်ပေးရန် တောင်းခံခဲ့ရာတွင်လည်း အရက်ပုလင်းအဖြူပေါ်ရှိ ထင်ရှားသော လက်ဗွေရာနှစ်ခုနှင့် တရားခံ သံလုံး၏ လက်ယာဘက်လက်၊ လက်မ လက်ဗွေပုံစံနှင့် တူညီနေကြောင်း လူတစ်ယောက်တည်း၏ လက်တစ်ချောင်းတည်းမှ လက်ပုံစံများဖြစ်ကြောင်း ထင်မြင်ချက် ပြန်လည်ရရှိခဲ့ပါသည်။

(၁၀)

အမှုတွဲ စာရွက်စာတမ်းများ ပြီးပြည့်စုံစွာနှင့် မြို့နယ် မှုခင်းမှတ်တမ်း တာဝန်ခံ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ် ဥပဒေဝန်ထမ်းတို့ထံ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၅၄ မှ ပုဒ်မ ၃၀၂ အရ တရားစွဲတင်ရန် တင် ပြခဲ့ရာတွင်လည်း မြို့နယ်မှ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂အရ တရားစွဲတင်ရန် ပြန်လည်ညွှန် ကြားခဲ့ပါသည်။

အမှုတွဲ ပြည့်စုံစွာနှင့် တရားခံ သံလုံးအား မြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မြို့နယ်တရားရုံးမှလည်း အချိန် နှင့် တပြေးညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးဆောင်ရွက်ခဲ့ရာ အမှုမှ သက်သေအထောက်အထားများ ခိုင်လုံနေသည့်အပြင်၊ တရားခံ ကိုယ်တိုင်ကလည်း ဖြောင့်ချက် ပေးထားသဖြင့် တရားခံသံလုံး အပေါ် အလုပ်ကြမ်းနှင့်ထောင် ဒဏ်(၇)နှစ် အပြစ်ပေးခဲ့သော လည်ပင်းညှစ်သတ်သည်ကို ကြိုး ဆွဲချသေလေဟန်ပြုလုပ်ထား တတ်သောအမှုမျိုးကို သတိထား နိုင်ရန် ''မှုခင်းရှုထောင့်'' အနေ ဖြင့် ဖန်တီးတင်ပြလိုက်ရပါသည်။

မောင်မောင်မြင့်
(ဥက္ကလာမြို့သ...)



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ 'ဦးဦးသက် ဖန်တီးပုံဖော်ထားတဲ့

# AUDIO WAVE

အသံလှိုင်း တေးဂီတအဖွဲ့ နှင့်

ရင်ခုန်ဖွယ်ရာ၊ ပျော်ရွှင်ဖွယ်ရာ၊ စွဲမက်ဖွယ်ရာဖြစ်အောင် ကပြဖျော်ဖြေပေးမယ့်
စတိုင်ကျပြီးချောမောလှပတဲ့ နတ်မိမယ်လေးများနှင့်ဖွဲ့စည်းထားသည့်

# BLUE LADY

## GENERAL ENTERTAINMENT GROUP

ဖွင့်ပွဲအထိမ်းအမှတ်အခမ်းအနားများ၊ ဂေါက်သီးရိုက်ပြိုင်ပွဲအထိမ်းအမှတ်အခမ်းအနားများ၊
အလှူမင်္ဂလာပွဲများ၊ ရန်ပုံငွေရှာဖွေသည့်ပွဲများ၊ ပါတီညစာစားပွဲများ၊
ဈေးပွဲတော်နှင့်ပရိုမိုးရှင်း(အရောင်းမြှင့်တင်ရေး)ပွဲများအတွက်ရောင်စုံဆလိုက်မီးစုံလင်စွာဖြင့်
ခမ်းခမ်းနားနားစီစဉ် ဆောင်ရွက်ပေးပါမည်။

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၂၁၆၇၀၊ ၀၉၄၃၁၁၀၃၂၁ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇၊
၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၅၃ ၂၇၁၁၃ (ပြည်မြို့ရုံးခွဲ)

www.burmeseclassic.com

www.burmeseclassic.com



ယုယုလွင်

# အလောင်းအစား



www.burmeseclassic.com

www.burmeseclassic.com



## အလောင်းအစား

ယုယုလွင်

ဆန်ဖရန်စစ္စကိုမြို့ တစ်နေရာ လူမနေသော အိမ်ကြီး တစ်အိမ်၏ အပေါ်ထပ်ရှိ စားပွဲရှည်ကြီး တစ်ခုပေါ်ရှိ အဝတ်တစ်ထည်ဖြင့် ဖုံးလွှမ်းထားသော လူတစ်ယောက်၏ ခန္ဓာကိုယ်သည် လဲလျောင်းလျက်ရှိသည်။ အချိန်က ညကိုးနာရီခန့် ထွန်းထားသော ဖယောင်းတိုင် တစ်တိုင်မှ လာသည့် အလင်းရောင်မှိန်မှိန်ကလေးကသာ အခန်းကို အလင်းရောင်ပေးထားလေသည်။ ရာသီဥတုက ကောင်းနေသော်ငြားလည်း ပြတင်းပေါက်နှစ်ခုလုံးက ပိတ်လျက်ရှိသည်။ အခန်းအတွင်း၌ ကုလားထိုင်ကြီး တစ်ဖုံး ဖယောင်းတိုင် ထွန်းထားသော စာဖတ်စားပွဲငယ်တစ်လုံး၊ စားပွဲရှည်ကြီးတစ်လုံးရှိနေသည်။ ထိုစားပွဲရှည်ကြီးပေါ်ရှိ ထိုခန္ဓာကိုယ်ကြီးမှာ ယခုလေးတင်မှ သယ်ဆောင်လာပြီး တင်ထားပုံရလေသည်။ အခန်းတွင်းရှိ ရိုဘောဂများသည်လည်းကောင်း၊ အရာရာတိုင်းသည်လည်းကောင်း၊ ဖုန်အလိမ်းလိမ်းဖြစ်နေသော်လည်း ထိုခန္ဓာကိုယ်ကြီးတွင်မူ ဖုန်တစ်စီ မှုန့်မျှပင် မရှိချေ။

တိတ်ဆိတ် ငြိမ်သက်နေသော ထိုအခန်းသည် လမ်းမဘက်အခြမ်းကို မျက်နှာမူထားသော အိမ်ရှေ့ဘက်မဟုတ်ချေ။ တောင်ကုန်းတစ်ကုံးတွင် ကပ်၍ ဆောက်ထားခြင်းကြောင့် အိမ်နောက်ဘက်အခြမ်းဖြစ်သည့် ထိုအခန်း၏ ပြတင်းပေါက်ဘက်အခြမ်းတွင် ကျောက်တုံးကြီးများမှလွဲ၍ ဘာမျှမရှိချေ။

ထိုအိမ်နှင့် သိပ်မဝေးလှသော ဘုရားကျောင်းမှ နာရီခေါင်းလောင်းထိုးသံ ကိုးချက်တိတိကို ကြားရသည်။ ထိုအခန်းတွင်းသို့ဝင်သော တံခါးမကြီးက ပွင့်လျက်သား။ ထိုစဉ်မှာပင် ထိုတံခါးမကြီးမှ လူတစ်ယောက်ဝင်လာသည်။ သူဝင်လာပြီးနောက် တံခါးမကြီးက ပိတ်သွားပြီး အပြင်မှ သော့ခတ်လိုက်သံကိုကြားရသည်။ ထိုအခန်းနှင့် ကပ်လျက်တစ်ဖက်ရှိ ခန်းမအတွင်းမှ လမ်းလျှောက်၍ ထွက်သွားသော ခြေသံများကို ကြားရသည်။ ထိုသူသည် အချုပ်ကျသူတစ်ယောက်ကဲ့သို့ပင်။

ထိုသူသည် စားပွဲကြီးရှိရာသို့ လျှောက်သွားပြီးနောက် လဲလျောင်းနေသော အလောင်းကောင်ခန္ဓာကိုယ်ကြီးကို ခေတ္တမျှ ရပ်၍ ငုံ့ကြည့်လိုက်ပြီး ပခုံးတစ်ချက်တွန့်၍ ပြုံးလိုက်သည်။ ထို့နောက် ပိတ်ထားသော ပြတင်းပေါက်များဆီသို့ ဆက်လျှောက်သွားသည်။ အပြင်ဖက်တွင် ပိန်းပိတ်အောင် မှောင်မည်းလို့နေသည်။ ပြတင်းပေါက် မှန်ချပ်များတွင်လည်း ဖုန်အလိမ်းလိမ်းနှင့် ထိုဖုန်များကို သုတ်ပစ်လိုက်သောအခါ ပြတင်းပေါက်မှန်ချပ်များရှေ့ လက်မအနည်းငယ်အကွာတွင် သန်မာသော သံတန်းများဖြင့် ကာရံထားသည်ကို တွေ့ရသည်။ အပြင်သို့ ဘယ်လိုမှ ထွက်၍ မရနိုင်ချေ။

အခန်းကို လှည့်ပတ်ကြည့်ရှုပြီးနောက် လက်တင်ကုလားထိုင်ကြီးပေါ်တွင် ထိုင်လိုက်ပြီး အပေါ်ဝတ် အင်္ကျီရှည်ကြီး၏ အိတ်အတွင်းတွင် ထည့်ယူလာသော စာအုပ်ကို ထုတ်၍ ဖတ်နေလိုက်သည်။

အသားမည်း၍ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



အညိုရောင်ရှိသော ထိုသူသည် အသက်သုံးဆယ်ပင်ကျော်သေးပုံမရ။ မျက်နှာသွယ်သော်လည်း နဖူးပြင်ကျယ်၍ သန်မာသော မေးရိုးနှင့်လိုက်လျောညီထွေသော ပါးပြင်ရှိသည်။ မီးခိုးရောင်မျက်လုံးများ၏ လားရာသည် သူဖတ်နေသော စာအုပ်ပေါ်တွင်ရှိနေသည်။ တစ်ခါတစ်ရံတွင် စားပွဲပေါ်ရှိ ခန္ဓာကိုယ်ကြီးဆီသို့ လှမ်း၍လှမ်း၍ ကြည့်သည်။ ကြောက်ရွံ့ ထိတ်လန့် တွန့်ဆုတ်တတ်သော လက္ခဏာ အလျဉ်းမရှိသည့် ထိုသူသည် အေးဆေးတည်ငြိမ်၍ ဉာဏ်ရည်ထက်မြက်ပုံရလေသည်။

နာရီဝက်မျှ စာထိုင်ဖတ်နေပြီးနောက် ဖတ်နေသော စာအုပ်ကို အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး စာဖတ်စားပွဲကို မ၍ ပြတင်းပေါက်တစ်ပေါက် အနီး အခန်းထောင့်တစ်နေရာသို့ ရွှေ့လိုက်သည်။ ထို့နောက် မီးမရှိသော မီးလင်းဖိုရှေ့ရှိ သူထိုင်နေခဲ့သော ကုလားထိုင်ရှိရာသို့ ပြန်လာကာ ပြန်ထိုင်နေလိုက်ပြန်သည်။

ခဏကြာသောအခါ စားပွဲပေါ်ရှိ ခန္ဓာကိုယ်ကြီးရှိရာသို့ လျှောက်သွားပြီး ဖုံးထားသော အဝတ်ကို လှပ်၍ ဦးခေါင်းပိုင်းကို ဖွင့်ကြည့်လိုက်သည်။ နက်မှောင်သော ဆံပင်များရှိသည့် အလောင်း၏ မျက်နှာပေါ်တွင် နောက်တစ်ထပ် ထပ်၍ ဖုံးအုပ်ထားသော ပါးလွှာလွှာ အဝတ်စ၏ အောက်တွင် ချွန်သော နှာခေါင်းနှင့်ပါးပြင်တို့၏အရာကို မြင်နေရသည်။ ဖယောင်းတိုင်ကို

**ဖုံးထားသော အဝတ်ကို လှပ်၍ ဦးခေါင်းပိုင်းကို ဖွင့်ကြည့်လိုက်သည်။**

မ၍ လှုပ်ရှားမှု ကင်းမဲ့နေသော အလောင်းကောင်ကြီးကို ရပ်၍ ကြည့်နေသည်။ ထို့နောက် ကျေ… နပ်သွားဟန်ဖြင့် လှပ်ထားသော အဝတ်စကို မျက်နှာပေါ်သို့ ပြန် အုပ်ထားလိုက်လေသည်။

ထို့နောက် ကုလားထိုင် ဆီသို့ ပြန်ကာ ကုတ်အင်္ကျီအေး… အိတ်ထဲမှ သစ်သားမီးခြစ်က… ထုတ်ကြည့်ပြီး ပြန်ထည့်လိုက်… ကာ ထိုင်နေပြန်သည်။ ထို့… နောက် ဖယောင်းတိုင်ကို အပေါ်… မြှောက်၍ အချိန်ဘယ်လောက်… ကြာကြာခံဦးမည်ကို ခန့်မှန်း… ကြည့်သည်။ နှစ်လက်မလောက်… ကျန်သေးသည်။ ဤဖယောင်း… တိုင် ကုန်သွားလျှင်တော့ နောက်… ပိုင်းအချိန်များတွင် အမှောင်ထဲ… ပင် နေရမည်မှာသေချာသည်။ ထို့ကြောင့် သူသည် ဖယောင်း… တိုင်မီးကို မှုတ်ပစ်လိုက်လေ… သည်။

✪✪✪✪✪

ကီရာနီလမ်းရှိ ရုံးခန်း… တစ်ခန်းထဲ၌လူသုံးယောက်စားပွဲ… တစ်လုံးကိုဝိုင်း၍ထိုင်နေကြသည်။ ညသန်းခေါင် ရောက်လုလုအ… ချိန်။ စားပွဲပေါ်တွင် စားစရာ…



www.burmeseclassic.com

www.burmeseclassic.com



သောက်စရာ တော်တော်များများ ကျန်နေသေးသည်။

အကြောင်းအရာ တစ်ခုကို အလေးအနက် ပြောနေသူမှာ ရုံးခန်းပိုင်ရှင် ဒေါက်တာ ဟယ်လ်ဘာဆန် ဖြစ်သည်။ အသက်သုံးဆယ်ခန့်ရှိပြီး ကျန်နှစ်ယောက်မှာ သူ့ထက်ပိုငယ်ကြသည်။ ထိုသုံးဦးစလုံး သမားတော်များဖြစ်ကြသည်။

ဒေါက်တာ ဟယ်လ်ဘာဆန်က ပြောလက်စ စကားကို ဆက်ပြောသည်။

"အသက်ရှင်နေတဲ့ လူတွေက သေပြီးသား လူတွေအကြောင်းကို ဟိုတွေးဒီတွေး တွေးပြီး ကြောက်တတ်ကြတာဗျ။ ကြောက်တတ်တဲ့ စိတ်ဆိုတာဟာ အမွေရသလို ရထားတဲ့ မွေးရာပါ ကုမရတဲ့ ရောဂါတစ်ခုလိုပါပဲ။ ကြောက်တတ်တယ်လို့ အပြောခံရမှာ စိုးလို့မကြောက်ဘူးလို့ပြောကြတာပါဗျာ"

"ဒါပေမယ့် ဗျာ အဲဒီဥပါဒန် အစွဲအလမ်းတွေနဲ့ ကြောက်တတ်ကြတာဟာ ဒီကြဝဠာကြီး တစ်ခုလုံးက လူတွေအားလုံးပဲလို့ ခင်ဗျားထင်နေသလား။ ကျွန်တော်ကတော့ မကြောက်ဘူးဗျ"

"ဒါကတော့ ခင်ဗျားကိုးဗျ။ မန်ချာရဲ"

ဒေါက်တာ ဟယ်လ်ဘာဆန်က ဆက်ပြောသည်။

"ရှောင်လွှဲမရတဲ့ အခြေအနေတစ်ခုမှာ ရှိနေရင်တော့ စိတ်ချောက်ချားပြီး ကြောက်ကြမှာပဲ။တစ်ခုတော့ရှိတယ်။ တခြားလူတွေထက်စာရင်တော့ ဆရာဝန်တွေနဲ့ စစ်သားတွေကတော့ အလောင်းတွေကို မြင်နေရရင်တောင် မကြောက်ကြတာများပါတယ်"

"အငယ်ဆုံး ဟပ်ပါက စကားဝိုင်းထဲတွင် ပါဝင်လာသည်။ စီးကရက်ကို မီးညှိလိုက်ရင်းက

"ခင်ဗျားပြောသလိုဆိုရင် ရှောင်လွှဲမရတဲ့ အခြေအနေ တစ်ခုနဲ့ ရင်ဆိုင်ရရင် ဘယ်သူမဆို ဥပါဒါန်ကြောင့် ဥပဒ်ရောက်လိမ့်မယ်လို့ဆိုလိုတာပေါ့။ အဲဒီရှောင်လွှဲမရတဲ့ အခြေအနေဆိုတာကိုခင်ဗျား ဘယ်လိုသတ်မှတ်ထားတာလဲ"

"ကောင်းပြီလေ၊ ကိုယ်စဉ်းစားထားတာက ဒီလိုဗျ။ လူမနေတဲ့ အိမ်တစ်အိမ်ထဲက မှောင်မည်းနေတဲ့ အခန်းထဲမှာ လူတစ်ယောက်ဟာ သူတစ်ယောက်တည်း အလောင်းတစ်လောင်းနဲ့ အတူ ရှိနေမယ်။ တစ်ညလုံး သော့ခတ်ခံထားရမယ်။ ခြံစရာ စောင်တစ်ထည်မှလဲ မရှိဘူး။ တစ်ညလုံး အလောင်းနဲ့ အတူနေပြီး နောက်တစ်နေ့မှာ သူဟာ ရူးသွပ်မသွားဘူး။ ဘာမှလဲ မဖြစ်ဘူး ဆိုရင်တော့ အဲဒီလူဟာ ဘယ်သူနဲ့မှ မတူတဲ့ စူပါတစ်ယောက်အဖြစ် ကြွားလို့ရပြီပေါ့ဗျာ"

"ကျွန်တော် ထင်ပါတယ်။ အဲဒီလိုလူမျိုးတစ်ယောက်မှတော့ ခင်ဗျားမတွေ့ဖူးသေးဘူး မဟုတ်လား"

ဟပ်ပါက ဆက်ပြောသည်။

"ဒါပေမယ့် သမားတော်လဲ မဟုတ်။ စစ်သားလဲ မဟုတ်တဲ့ လူတစ်ယောက်တော့ ရှိတယ်ဗျ။ သူကတော့ ခင်ဗျား စမ်းသပ်ချင်နေတဲ့ လူမျိုးပဲ နည်းနည်းမှကို ကြောက်စိတ်မရှိဘူး"

"သူ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က 'ဂျရက်' လို့ခေါ်တယ်။ ဒီမြို့ကတော့ မဟုတ်ဘူး။ ကျွန်တော့် ဇာတိမြို့ကပဲ။ လုံးဝကို မကြောက်တတ်တာ အလောင်းအစားနဲ့ လုပ်ရင်တောင် နိုင်မယ့်လူစားမျိုးပဲဗျ"

ဟယ်လ်ဘာဆန် အထူးတလည် စိတ်ဝင်စားလာသည်။

"သူ့ပုံစံက ဘယ်လိုမျိုးလဲ"

"ဒီလူ 'မန်ချာ'နဲ့ တော်တော်တူတယ်။ အမြွှာပူးလို့ပြောရင်တောင်ယုံမှာ"

"ကိုယ် စိန်ခေါ်ချင်တယ်ကွာ" ဟယ်လ်ဘာဆန်က ပြောလိုက်သည်။

"ကိုယ်ရောပါလို့ မရဘူးလား"

အိပ်ငိုက်နေသော မန်ချာက ဝင်ပြောသည်။

"ကိုယ်နဲ့တော့ မဆန့်ကျင်နဲ့ကွာ။ မောင်ရင့်ပိုက်ဆံကို မယူချင်ဘူး"

ဟယ်လ်ဘာဆန်က ပြောသည်။

"ဒါဆိုရင် ခင်ဗျားဘက်က လောင်းမယ်၊ ကိုယ် အလောင်းကောင်လုပ်မယ်"

မန်ချာ၏ စကားကြောင့် ဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့ နှစ်ယောက် ရယ်မောနေကြလေသည်။

ဤရောက်တတ်ရာရာ စကားဝိုင်းကလေးသည် လောင်းကြေးထပ်၍ အတည်ဖြစ်လာကာ 'မစ္စတာဂျရက်'ပါ ပါဝင်လာခဲ့ပြီး ဂျရက်သည် ဤဇာတ်လမ်း၏ အစဖြစ်သည့် လူမနေသော အိမ်ကြီးအတွင်း မှောင်မိုက်ထဲတွင် လူသေအလောင်းတစ်လောင်းနှင့် အတူရှိနေခဲ့လေသည်။

✪✪✪✪✪

မစ္စတာ ဂျရက်သည် ဖယောင်းတိုင်မီးကို မှုတ်ပစ်လိုက်လေသည်။ တစ်ညလုံးအဖို့ တစ်ချိန်ချိန်တွင် လိုအပ်လာလျှင် သုံးနိုင်အောင်ချန်ထားချင်သည်။ အမှောင်ထုထဲတွင် နေနေရမည်ဖြစ်သော်လည်း ယခုအခြေအနေထက်ပို၍ ဘာမျှ ပိုဆိုးလာစရာ အကြောင်းမရှိချေ။ဖယောင်းတိုင်တိုကလေး တစ်ပိုင်းတစ်စကို ချန်ထားခြင်းကြောင့် အနည်းဆုံးတော့ လက်ပတ်နာရီတော့ ကြည့်လို့ ရသည်။

ဖယောင်းတိုင်ကို နေရာမှတ်၍ ပြန်ချထားလိုက်သည်။ ကုလားထိုင်ပေါ်တွင် သက်သောင့်သက်သာ ပြန်ထိုင်လိုက်ပြီး မျက်လုံးများကို မှိတ်ထားလိုက်သည်။ အိပ်ပျော်အောင်ကြိုးစားသည်။ သူသည် အအိပ်အနေနည်းသူမဟုတ်သော်လည်း ဒီညတွင်တော့ အိပ်၍ မပျော်ချေ။ ခဏနေတော့ သူ့မျက်လုံးများ ကို ပြန်ဖွင့်လိုက်သည်။ ဘာမျှ လည်း လုပ်စရာမရှိ။ ပိန်းပိတ်အောင်မှောင်နေသော အခန်းထဲတွင် လမ်းလျှောက်နေ၍လည်း မရဘဲ သည်အတိုင်းထိုင်နေရင်းဖြင့် အချိန်များ ကုန်သွားအောင် ထိုင်စောင့်နေရသည်မှာ အလွန်ပင်ပန်းပါသည်။ လမ်းလျှောက်နေမိ၍ စားပွဲကြီးရှိရာသို့ ရောက်သွားပြီး စားပွဲကြီးပေါ်ရှိ လူသေအလောင်းကြီးကို ထိမိခိုက်မိစေ၍လည်းမဖြစ်ချေ။အလောင်းကြီးသည် အေးအေးဆေးဆေး အနှောင့်အယှက်မရှိ ပကတိအတိုင်း ခြေရာလက်ရာမပျက်ရှိနေရမည်ဖြစ်သည်။ ထိမိခိုက်မိ၍ ခြေရာလက်ရာပျက်ကာ အနေအထား



www.burmeseclassic.com

www.burmeseclassic.com



# တိတ်ဆိတ်နေချိန်တွင် ထွက်ပေါ်လာသော ကျယ်လောင်လှသည့်အသံက သူ့ကို ထိတ်လန့်သွားစေသည်။

ပျက်သွားလျှင် ဂျရက်သည် ကြောက်ကြောက်လန့်လန့်နှင့် တစ်ခုခု လုပ်လိုက်သည်ဟု ထင်ကြပေလိမ့်မည်။ သို့ဆိုလျှင် အလောင်းအစား ရှုံးလိမ့်မည်ကို လည်း သိထားသည်။

အားလပ်နေသော စိတ်တို့သည် သေခြင်းတရားနှင့် ပတ်သက်သော အကြောင်းအရာများ ဆီသို့ ပြေးလွှားနေစဉ်မှာပင် စားပွဲရှည်ကြီးပေါ်ရှိ အလောင်းရှိရာ နေရာမှ အသံတစ်သံ ကြားလိုက်ရသလို ထင်မိလေသည်။ လှည့်တော့ ကြည့်၍မရ။ မှောင်မည်းနေသည်ကိုး။ နားတော့ထောင်ကြည့်သည်။ နားထောင်ခြင်း အလုပ်ကိုတော့ မှောင်ထဲတွင် လုပ်၍ရသည်ကိုး။

သေချာ နားထောင်ကြည့်ပြန်သည်။ စိတ်ထဲတွင် တစ်မျိုးဖြစ်လာသည်။ ကုလားထိုင်လက်ရန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ မြည်သံ လိုလို ထူးခြားသောအသံတစ်သံကို ကြားရသဖြင့် ခေါင်းနားပန်းကြီးသွားသည်။ အသက်ပြင်းပြင်း ရှူသွင်းမိသဖြင့် သူ့ရင်အုပ်သည် ဝတ်ထားသော အကျီနှင့်ပင် မဆန့်တော့ သလိုလိုပင်။ ဘာကြောင့်သည်လိုဖြစ်ရသနည်း။ သူ အသက်ကို ဝဝရှူကာ မတ်တတ်ရပ်လိုက်သည်။ ကုလားထိုင်ကို ခြေထောက်ဖြင့် တွန်း၍ ဘေးဖယ်လိုက်ကာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိသော ခြေလှမ်းများဖြင့် အခန်း၏ အလယ်စားပွဲရှိရာသို့ လျှောက်သွားလေသည်။ သို့ရာတွင် အခန်းကလည်းမှောင်မည်း၊ ပရိဘောဂများကလည်း ရှင်းနေပြန်သောကြောင့် မိမိဘယ်နားရောက်နေမှန်း မသိမှန်းတတ်တော့ချေ။ နံရံကို စမ်း၍သွားမှ အဆင်ပြေပြေ သွားနိုင်မည်ဟု စဉ်းစားမိသဖြင့် လက်များဖြင့် နံရံကို စမ်း၍ရှာဖွေကြည့်သည်။ နံရံကို လက်ဖြင့် ထောက်မိသောအခါ တဖြည်းဖြည်းချင်း လက်၏ ခေါ်ဆောင်ရာသို့ လိုက်လာခဲ့သည်။ အခန်းထောင့် တစ်နေရာသို့ရောက်လာခဲ့သည်။ နံရံထောင့် အတိုင်း လိုက်ကွေ့လိုက်သည်။ ပြတင်းပေါက်တစ်ခု။ နောက်ထပ်ပြတင်းပေါက်တစ်ပေါက် ဆက်လျှောက်လာရင်းမှ–

"ဂလုံး --- ဂွမ်း"

တိတ်ဆိတ်နေချိန်တွင် ထွက်ပေါ်လာသော ကျယ်လောင်လှသည့် အသံက သူ့ကို ထိတ်လန့်သွားစေသည်။ အခန်းထောင့်သို့ သူရွှေ့ထားခဲ့သော စာကြည့်စားပွဲငယ်ကလေးကို ဝင်တိုက်မိခြင်းပင်။ သူစိတ်တိုသွားသည်။

"ဒီစားပွဲ ဒီနေရာကို ငါ ရွှေ့ထားခဲ့တာပဲ"

အခန်း အနေအထားကို ကျက်မိပြီဖြစ်၍ သူဖယောင်းတိုင်ထားခဲ့သော နေရာကိုမှန်း၍ သွားယူလိုက်သည်။ ဖယောင်းတိုင်ကို မီးညှိလိုက်ပြီးနောက် စားပွဲရှည် ရှိနေရာသို့ လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘာအပြောင်းအလဲမှ မရှိချေ။ စာဖတ်စားပွဲကလေးက လဲကျနေဆဲ။ အခန်းတစ်ခန်းလုံးကို ဝေ့ကြည့်လိုက်သည်။ လက်ထဲမှ ဖယောင်းတိုင် လှုပ်ရှားသွားသဖြင့် အရိပ်မည်းကြီးများကလည်း လှုပ်ရှားနေသည်။ ထို့နောက် သူတံခါးမကြီးရှိရာသို့ သွားကြည့်သည်။ အပြင်မှသော့ခတ် ထားဆဲပင်။ သူ့သတ္တိကို စမ်းသပ်ခံရခြင်းဖြစ်၍ ကျေနပ်သွားမိသည်။ အပြင်မှပိတ်ထားခြင်းက အတွင်းမှ တံခါးမင်းတုတ်ထိုး၍ ပိတ်ထားခြင်းထက် ပို၍ စိတ်ချရသည်။ ထွက်ပြေး၍ မရချေ။

ကုလားထိုင်ရှိရာသို့ ပြန်လာ၍ ထိုင်လိုက်ပြီး လက်မှနာရီကိုကြည့်လိုက်သည်။ ကိုးနာရီခွဲ။ အချိန်တွေ ကုန်ခဲလှချည့်လား။ သူ အံ့သြသွားသဖြင့် နာရီကို နားနားကပ်၍ နားထောင်ကြည့်သည်။ သွားနေသားပဲ။ ဖယောင်းတိုင်သည် ပို၍ တိုလာသည်။ ဖယောင်းတိုင် မီးကို နောက်တစ်ကြိမ် ထပ်မှုတ်လိုက်ပြီး ကုလားထိုင်ဘေးတွင် ပြန်ချထားလိုက်ပြန်သည်။ စိတ်ကျေနပ်ဖွယ် မကောင်းသော ပတ်ဝန်းကျင်တွင် အဖော်လည်းမရှိဘဲ နေနေရသဖြင့် မစ္စတာ ဂျရက်အဖို့ သက်သောင့်သက်သာ တော့မရှိလှ။ ထိုစဉ်တွင် ချိုးချိုးချွတ်ချွတ် အသံများကို ကြားလာရပြန်လေသည်။

"ဘာ ကြောက်စရာရှိလို့လဲ။ ရယ်စရာတောင်ကောင်းသေးတယ်။ ကြောက်တတ်တဲ့ ငနဲလို့များ ထင်နေသလား"

သေနေသော သူတစ်ယောက်သည် မည်သည့် ဘေးအန္တရာယ်မျိုးကိုမျှ မပေးနိုင်တော့သည်ကို သိသည့် အလျောက် သူ့ကိုယ်သူ အဆက်မပြတ် ပြန်လည် သတိပေးနေသည်။

"ဘာအစွဲအလမ်းမှ မရှိတဲ့ဂါကွ။ ရှေ့ဘဝ နောက်ဘဝတွေ ဘာတစ်ခုမှအယုံအကြည်မရှိဘူး။ ဒီအလောင်းအစားကိုငါရှုံးရမှာလား။ ဝေးသေးတယ်။ ငါ့ကိုယ်ငါ ယုံကြည်မှုအပြည့်ရှိတယ်--

"သေသွားပြီးသား ဘိုးဘေးတွေဟာ သူတို့နေခဲ့တဲ့ အိမ်မှာ နာနာဘာဝတွေ၊ အစောင့်တွေ အဖြစ်နဲ့ ဆက်နေနေကြတယ်ဆိုတာ အခြေအမြစ်မရှိတဲ့ စိတ်ကူးယဉ်ရူးကြောင်ကြောင် အယူအဆတွေပဲ။ ဘာတဲ့ ညဘက်အမှောင်ထဲမှာ လမ်းတွေ ထလျှောက်ပြီးမတော့ လျှောက်သွားနေကြတယ်ဆိုပဲ မဖြစ်နိုင်တာတွေ"

ထိုစဉ်မှာပင် အခန်းတွင်း မလှမ်းမကမ်းတစ်နေရာမှ လာသော ခပ်အုပ်အုပ်၊ ခပ်တိုးတိုး ခြေသံများကို မစ္စတာဂျရက်၏ နောက်ကျောဘက်ဆီမှ ကြားလာရလေသည်။ ဘယ်လိုမှ မမှားနိုင်။ တဖြည်းဖြည်းပုံမှန်လေး လျှောက်လာသောခြေသံတို့သည် နီး၍နီး၍ လာလေသည်။



✪✪✪✪✪

နောက်တစ်နေ့ နံနက်



www.burmeseclassic.com

www.burmeseclassic.com



အရှက် မတက်မီ ဒေါက်တာ ဟယ်လ်ဘာဆန်နှင့် မိတ်ဆွေ ဟပ်ပါတို့ နှစ်ယောက် ဆန်ဖရန် စစ္စကိုမြို့၏ လမ်းမတစ်ခုပေါ်တွင် ကားမောင်းလာရင်း အေးအေး ဆေးဆေး စိတ်ဝင်တစား စကား ပြောလာကြလေသည်။

"မင်း သူငယ်ချင်းရဲ့ သတ္တိကို ယုံကြည်စိတ်အပြည့် ရှိနေကုန်းပဲလား။ ကိုယ်ရှုံးမယ်လို့ မင်းယုံကြည်သလား"

"ဟုတ်ကဲ့ ယုံကြည်မှု အပြည့်ရှိပါတယ်"

"ကောင်းပြီလေ။ အဲဒီ အတိုင်းပဲဖြစ်ပါစေ"

ခေတ္တမျှ တိတ်ဆိတ်နေသည်။ ခဏကြာတော့မှ –

"ဟပ်ပါ"

ဒေါက်တာ ဟယ်လ်ဘာဆန်က အလေးအနက် စကား ဆိုသည်။

"ကိုယ်တော့ အခုလို လောင်းကြေးစားကြေးလုပ်လိုက်ရတာကို သိပ်တော့ ဘဝင်မကျဘူး။ မစ္စတာ ဂျရက်က ကိုယ်နဲ့အလောင်းအစားလုပ်တဲ့အခါမှာ သူ့ပုံစံက ဘာစိတ်အနှောင့်အယှက်မှ မရှိတဲ့ပုံပဲ။ ဒါပေမယ့် အလောင်းကောင်ကြီးဟာ ကိုယ်တို့သမားတော်ကြီး မန်ချာ မှန်းသိသွားရင် အေးအေး ဆေးဆေးဖြစ်ပါ့မလား။ ကိုယ်လောင်းမိတာ များများများပြီးလား။ တကယ်လို့ တစ်ခုခုသာ အလွဲလွဲအချော်ချော်ဖြစ်သွားခဲ့ရင် ကိုယ်တို့တော့ သွားပြီပဲ"

"ဘာဖြစ်လာနိုင်လို့လဲ။ အဲဒီမှာ ပြဿနာတစ်ခုခု ဖြစ်ရင်တောင်မှ မန်ချာက အသက်ရှိနေတာပဲ။ အားလုံးကို သူ ရှင်းပြနိုင်တာဘဲ။ တကယ့် အလောင်း အစစ်ဆိုရင်သာ တစ်ခုခု ဖြစ်ချင်ဖြစ်နိုင်တာ"

ဟုတ်ပါသည်။ ဒေါက်တာ မန်ချာသည် အလောင်းကောင်အဖြစ် သရုပ်ဆောင်ရန် သူကိုယ်တိုင် ဆန္ဒပြုခဲ့ခြင်း ဖြစ်ပါသည်။

ဒေါက်တာ ဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့နှစ်ယောက် အချိန်အတော်ကြာတိတ်ဆိတ်နေကြပြန်သည်။ ကားကလေးသည် လမ်းပေါ်တွင် ပြေးလွှားနေဆဲ။ အတော်ကြီးကြာမှ ဟယ်လ်ဘာဆန်က စကားပြန်စသည်။

"ကောင်းပြီ မန်ချာ နေရာက တွေးကြည့်ရအောင်။ သူ ဂျရက်ရဲ့ သတ္တိကိုစမ်းသပ်ဖို့ အလောင်းကောင်အဖြစ်ကနေ ထလာတဲ့အခါမှာ အမှားအယွင်းဖြစ်လာရင်တော့ အကောင်းဘက်ရောက်ရမယ့်အစား အဆိုးတွေဖြစ်လာလိမ့်မယ်"

ဟပ်ပါက အေးအေး ဆေးဆေးပင်––

"ဟုတ်တယ်၊ ဂျရက်က သူ့ကို သတ်ပစ်ချင်သတ်ပစ်မှာ။ သူက အလောင်းကောင်ကြီးလို့ပဲ သိထားတာကိုး"

ကားကလေးသည် လမ်းဘေးဓာတ်မီးတိုင်ကို ဖြတ်သွားစဉ် လက်မှနာရီကို လှမ်းကြည့်လိုက်ပြီး–

"ဒါပေမယ့် ဒေါက်တာ အခုတော့ မနက်လေးနာရီထိုးခါနီးနေပါပြီ"

လူမနေသော အိမ်ကြီးအနီးသို့ရောက်သောအခါ ကားကိုရပ်ထားခဲ့ပြီး အိမ်ဆီသို့ နှစ်ဦးသား လမ်းလျှောက်သွားကြသည်။ အိမ်ဝသို့ ရောက်သောအခါ ပြေးထွက်လာသော လူတစ်ဦးနှင့် ဆုံမိကြသည်။ သူတို့ကို တွေ့သောအခါ–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန် တစ်ယောက်လောက် ဘယ်နားမှာရှိသလဲ သိသလား"

ဟုအလောတကြီး မေးလေသည်။

"ဘာဖြစ်လို့လဲ"

ဟယ်လ်ဘာဆန်က မေးလေသည်။

"ကိုယ့်ဘာသာ ကိုယ်သာ သွားကြည့်လိုက်ပါတော့"

ဟုဆိုကာ ဆက်ပြေးသွားလေသည်။

သူတို့ နှစ်ယောက်လည်း အမြန်ပြေးဝင်သွားကြပြီး အိမ်ဆီသို့ အရောက်တွင် စိတ်လှုပ်ရှားစွာဖြင့် အမြန်ပြေးဝင်သွားကြသော လူများကို တွေ့ရလေသည်။ ထိုသူများမှာ အနီးအနားတစ်ဝိုက်မှ လူများဖြစ်ဟန်တူသည်။

ဟပ်ပါသည် တံခါးဝတွင် မှင်တက်မိနေသည်။ သူ့လက်တစ်ဖက်သည် ဒေါက်တာဟယ်လ်ဘာဆန်၏ လက်မောင်းကို ကိုင်လိုက်ကာ–

"မဟုတ်တာတော့ ဖြစ်ပြီ ဒေါက်တာ"

အလွန်စိတ်လှုပ်ရှားစွာဖြင့် ဆိုလေသည်။

"အထဲမဝင်တော့ဘူး။ အပြင်ကနေပဲ စောင့်ကြည့်ရအောင်"

ဒေါက်တာ ဟယ်လ်ဘာဆန်က–

"ကိုယ်က သမားတော်ကွ။ ဒီကိစ္စမှာ သမားတော် တစ်ယောက်တော့ လိုလိမ့်မယ်"

သူတို့အထဲဝင်ရန် လှေကားထစ်များပေါ် တက်သွားကြသည်။ တံခါးက ပွင့်နေသည်။ အပြင်ဘက်ရှိ လမ်းမီးတိုင်မှ အလင်းရောင်ကြောင့် စင်္ကြံကလင်းနေသည်။ အောက်ထပ်ခန်းမကြီးတွင် လူတွေအပြည့်။ အပေါ်ထပ် အတွင်းခန်းတံခါးက ပိတ်လျက်သားရှိနေသည်။ လူအားလုံးသည် ထင်ရာမြင်ရာ စကားများကို ပြောဆိုနေကြလေသည်။

ထိုစဉ် အပေါ်ထပ် တက်သည့် လှေကားထိပ်တွင် ရုတ်တရက် တစ်ခုခုဖြစ်ပုံရသည်။ အားလုံး လှမ်းကြည့်လိုက်စဉ်မှာပင် လူတစ်ယောက်သည် အပေါ်ထပ်မှ ပြေးထွက်လာသည်ကို တွေ့ရသည်။ သူ့ကို တားဖို့ကြိုးစားကြသူများကြားမှ အတင်းဖောက်ထွက်ကာ ကြောက်လန့်တကြားဖြစ်သွားသော လူအုပ်ကြီးကို ဖြတ်၍ ပြေးထွက်လာသည်။ အပေါ်ထပ်ခန်းမ တစ်လျှောက်နှင့် လှေကားပေါ်ရှိ လူအုပ်လိုက်ကြီးကို အတင်းတွန်းဖယ်တိုးထွက်ကာ အလဲလဲ အပြိုပြိုနှင့်တောက်လျှောက်ပြေးထွက်လာသော ထိုသူသည် အင်္ကျီဖရိဖရဲနှင့် ဦးထုပ်လည်း မပါချေ။ မျက်လုံးများပြူးကျယ်၍ဂနာမငြိမ် ကြောက်လန့်နေပုံရလေသည်။ ဆံပင်များက ဖွာလန်ကြဲ ဖြူရော်နေသည်။

**အတင်းဖောက်ထွက်ကာ ကြောက်လန့်တကြားဖြစ်သွားသော လူအုပ်ကြီးကို ဖြတ်၍ ပြေးထွက်လာသည်။**

လှေကားရင်းရှိ လူများသည် ထိုသူပြေးထွက်လာသဖြင့် နောက်ဆုတ်ကာ ရှဲပေးလိုက်ကြသည်။ ဟပ်ပါက ရှေ့သို့ ခုန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လိုက်ပြီး ထိုသူ၏ အမည်ကို လှမ်းခေါ်လိုက်သည်။

"ဂျရက် ... ဂျရက်"

ဒေါက်တာ ဟယ်လ်ဘာဆန်က ဟပ်ပါ၏ အင်္ကျီကော်လာကို လှမ်းဆွဲလိုက်ပြီး သူ့တို့နောက်သို့ ပြန်ဆွဲခေါ်လိုက်သည်။ ဂျရက်က သူတို့၏ မျက်နှာများကို လှမ်းကြည့်လိုက်သော်လည်း မြင်ပုံတော့ မရချေ။ အောက်ထပ်ခန်းမကြီးဆီသို့ အတင်း ပြေးသွားပြီး လှေကားအတိုင်း ဆင်းသွားကာ လမ်းမပေါ်သို့ ပြေးထွက်သွားလေသည်။ ရဲတစ်ယောက်သည် နောက်မှ အတင်းပြေးလိုက်သွားပြန်လေသည်။

လူရှုံသွားသော လှေကား မှတစ်ဆင့် ဒေါက်တာ ဟယ်လ်ဘာဆန်သည် အပေါ်ထပ်သို့ တက်သွားလေသည်။ ဟပ်ပါက နောက်မှကပ်လိုက်လာသည်။ အပေါ်ထပ် အတွင်းခန်း တံခါးဝသို့ရောက်သောအခါ ရဲတစ်ဦးက အထဲသို့ ဝင်ခွင့်မပြုဘဲ တားထားလေသည်။

"ကျွန်တော်တို့က သမားတော်တွေပါ"

အခန်းထဲသို့ ရောက်သောအခါ စားပွဲရှည်ကြီး၏ဘေး ပတ်ပတ်လည်တွင် ယောကျ်ားကြီးများ ဝိုင်း၍ရပ်နေကြသည်။ ဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့သည် တိုးဝှေ့၍ ဝင်လိုက်ကြပြီး စားပွဲနှင့်အနီးဆုံး လူ၏ပခုံးပေါ်မှ ကျော်၍ကြည့်လိုက်သောအခါ–

အဝတ်စဖြင့် တစ်ဝက်တစ်ပျက် ဖုံးလွှမ်းထားသော ယောကျ်ား တစ်ယောက်၏ ခန္ဓာကိုယ်ကိုခြေရင်းဘက်တွင် ရပ်နေသော ရဲသားတစ်ဦး မြှောက်၍ ကိုင်ထားသော မီးအိမ်၏ အလင်းရောင်အောက်တွင် ထင်ရှားစွာ တွေ့မြင်လိုက်ရလေသည်။ မျက်နှာသည် သဘာဝအတိုင်း မဟုတ်ဘဲ ဝါကျင့်ကျင့်ဖြစ်နေပြီး ကြည့်ရဆိုးလှသည့် ကြောက်မက်ဖွယ် မြင်ကွင်း တစ်ခုပင်။ တစ်ဝက်တစ်ပျက် ပွင့်နေသော မျက်လုံးများ၏ အကြည့်သည် မျက်နှာကြက်ဆီသို့ ဦးတည်နေသည်။

ဆရာဝန် ဖြစ်ဟန်တူသော အရပ်ရှည်ရှည်ယောကျ်ား တစ်ဦးသည် ခန္ဓာကိုယ် ကိုင်းညွတ်လိုက်ပြီး လက်တစ်ဖက်ဖြင့် အလောင်း၏ ရင်ဘတ်ကို ဖိတွန်း လိုက်သည်။ ထိုနောက် ပွင့်နေ သော ပါးစပ်အတွင်းသို့ လက် ချောင်းနှစ်ချောင်းဖြင့် နှိုက်ကြည့် လိုက်သည်။

"ဒီလူက လွန်ခဲ့တဲ့ ခြောက်နာရီလောက်က သေသွားခဲ့တာပဲ"

ထို ဆရာဝန်က သူ့အင်္ကျီအိတ်အတွင်းမှ ကတ်ပြားတစ်ချပ်ကို ထုတ်၍ ရဲအရာရှိထံသို့ ကမ်းပေးလိုက်ပြီး တံခါးဝဆီသို့ ထွက်သွားလေသည်။

"အားလုံး အပြင်ထွက်ကြပါ"

မီးအိမ် ကိုင်ထားသော ရဲက အသံကျယ်ကျယ်ဖြင့် အော်ရင်း လက်မှ မီးအိမ်ကို နေရာရွှေ့လိုက်သဖြင့် အလောင်းကို မမြင်ရတော့ဘဲ မီးအိမ်မှ အလင်းရောင်တန်းသည် ရပ်နေကြသူများ၏ မျက်နှာများပေါ်သို့ ကျရောက်လာသည်။ အံ့ဩစရာကောင်းလောက်အောင်ပင် ယောကျ်ားကြီးများသည် စိတ်ရှုပ်ထွေးနေကြဟန်၊ လန့်ဖျပ်နေကြဟန်ဖြင့် တံခါးဝဆီသို့ ဝရုန်းသုန်းကား ပြေးထွက်သွားကြသည်။ စုပြုံတိုးဝှေ့၍ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ဦး တွန်းထိုးကာ အလဲလဲ အပြိုပြိုဖြင့် ပြေးထွက်ရန်ကြိုးပမ်းနေကြသည်။ လူအုပ်ကြီးနှင့် အတူ ဒေါက်တာဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့ နှစ်ယောက်လည်း ရောထွက်လာကာ အိမ်အပြင်လမ်းမပေါ်သို့ ရောက်ရှိလာကြသည်။

လူအုပ်နှင့် ခွဲထွက်လာကြပြီးနောက် ခပ်ဝေးဝေးအရောက်တွင်–

"ဘုရားမလို့ ကျွန်တော်တို့ အမှုမပတ်တာ ဒေါက်တာ၊ ဂျရက်က မန်ချာကို သတ်ပစ်လိမ့်မယ်လို့ ကျွန်တော် မပြောဘူးလား"

ဟပ်ပါက ပြောလိုက်သည်။

ဟယ်လ်ဘာဆန်က–

"ကိုယ်လဲ ထင်ပါတယ်။ ကဲ ခု မနက်တင်ပဲ အခြေ အနေတွေကို တော်တော်သိခဲ့ရပြီပဲ။ ကိုယ်တို့လဲ ဥရောပဘက်ကိုခရီးထွက်ကြရအောင်"

"ကောင်းတာပေါ့၊ ဘယ်တော့လဲ"

"အေးအေးဆေးဆေး သွားလို့ရပါတယ်ကွာ။ ညနေလေးနာရီလောက်ဆိုရင် အတော်ပါဘဲ"

"ဒါဆိုရင် ကျွန်တော့်သင်္ဘောပေါ်က စောင့်နေမယ်"

✪✪✪✪✪

နောက် ခုနစ်နှစ်ခန့် ကြာသောအခါ–

ဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့နှစ်ဦးသည် အလောင်းအစားလုပ်စဉ်က ချိန်းဆိုထားသည့်အတိုင်း နယူးယောက်မြို့၊ မက်ဒီဆင်ရင်ပြင်ရှိရာ ကမ်းခြေတွင် တွေ့ဆုံကြကာ ထိုင်၍ စကားပြောနေကြသည်။

## ခင်ဗျားတို့ စကားတွေကို နားစွန်နားဖျားအကြားနဲ့ ပြောရရင် အသက်ပြန်ရှင်လာတဲ့ အလောင်းကောင်ကို ပြန်သတ်ပစ်လိုက်ရတဲ့ အခါမှာ ...

အချိန်တော်တော်ကြ ကြာကတည်းက သူတို့နှစ်ဦးကို အကဲခတ်နေသော ဆံပင်ဖြူဖြူ နှင့် လူကြီးတစ်ဦးသည် ဆောင်း ထားသော ဦးထုပ်ကို ပင့်တင် ကာ ယဉ်ကျေး ရည်မွန်စွာဖြင့် စကားဝင်ပြောလေသည်။

"ခင်ဗျားတို့ စကားတွေ ကို နားစွန်နားဖျား အကြားနဲ့ ပြောရရင် အသက်ပြန်ရှင်လာတဲ့ အလောင်းကောင်ကို ပြန်သတ် ပစ်လိုက်ရတဲ့အခါမှာ သူနဲ့အဝတ် အစား ပြောင်းဝတ်လိုက်တာဟာ အကောင်းဆုံးပဲဗျ။ ခင်ဗျားလွတ် အောင်ပြေးဖို့အတွက် ပထမဆုံး အခွင့်အရေးပဲ"

ဟယ်လ်ဘာဆန်နှင့် ဟပ်ပါတို့ တစ်ယောက်မျက်နှာ တစ်ယောက်လှည့်ကြည့်လိုက်ကြ သည်။ ဤလူစိမ်း၏ ဟာသလို စကားလုံးများကြောင့် ခ တာစိတ်အပန်းပြေသလိုဖြစ် သဖြင့် ဟယ်လ်ဘာဆန်က ထို ရှုးနှမ်းနှမ်းလူစိမ်းကို ခင်မင်သွာ ဟန်ဖြင့် စကားပြန်ပြောလိုက် လေသည်။

"အဝတ်အစား လဲဝတ် တာကတော့ လူတိုင်းအမြဲလ



www.burmeseclassic.com

www.burmeseclassic.com



နေကျ အလုပ်ပဲဗျ။ သဘောကျတယ်ဗျာ။ ဒီလို အမြော်အမြင်ကြီးလှတဲ့. . .''

ပြောနေရင်းမှ ရုတ်တရက် စကားပြတ်သွားပြီး မျက်နှာဖြူရော်ရော်ဖြစ်လာသည်။ ထိုသူကို စိုက်ကြည့်နေရင်းမှ လက်တုန်ခြေတုန်ဖြစ်လာသည်။

ထိုအခါ လူစိမ်းက–

''ဩော် –ခင်ဗျား သိပ်နေမကောင်းဘူး ထင်တယ်။ ဒေါက်တာ ကိုယ်ကိုယ်ကိုယ်မကုရင်တော့ ဒေါက်တာ ဟပ်ပါက ခင်ဗျားကို အကောက်ကြဲလိမ့်မယ်နော်။ သေချာတယ်ဗျ''

''အောင်မာ မင်း ဘယ်သူလဲ''

ဟပ်ပါက ဒေါသဖြင့် မေးလိုက်သည်။

လူစိမ်းက သူတို့ရှေ့နားသို့ ကပ်လာပြီးခါးကိုကိုင်းညွှတ်ကာ လေသံတိုးတိုးဖြင့်–

''ကျုပ်ကိုယ် ကျုပ်တော့ ဂျရက်လို့ သတ်မှတ်တယ်။ ဒါပေမယ့်မိတ်ဟောင်းဆွေဟောင်းကြီးတွေကိုတော့ ပြောရမှာ ဝန်မလေးပါဘူး။ကျုပ်ကတော့ ဒေါက်တာ ဝီလျံမန်ချာပါပဲ''

''မန်ချာ''

ဟပ်ပါက ထိတ်လန့်စွာ ရေရွတ်လိုက်သည်။ ဟယ်လ်ဘာဆန်ကလည်း–

''ဘုရားရေ တကယ်ပါပဲလား''

''ဟုတ်ပါတယ်ဗျာ''

မန်ချာက ပြုံးတုံ့တုံ့ဖြင့် ပြန်ဖြေလိုက်သည်။

''လုံးဝပြင်းချက်မရှိ။ ခြွင်းချက်မရှိ အမှန်ပါပဲ''

ထို့နောက် တစ်စုံတစ်ခုကို ပြန်ပြောင်းပြောပြချင်သလိုလို။ ချီတုံချတုံ ဖြစ်နေသလိုလို။ စိတ်တည်ငြိမ်ပုံမရချေ။ထို့နောက် ခေတ်စားနေသော သီချင်းတစ်ပုဒ်၏ တေးသွားကို ညည်းနေပြန်လေသည်။ လက်ရှိအခြေအနေကို မေ့နေသယောင်ထင်ရလေသည်။

''မန်ချာ''

ဟယ်လ်ဘာဆန်က

''အဲဒီညက ဂျရက်နဲ့ ဘာတွေဖြစ်ကြသလဲ ပြောပြပါလား''

'ဩော် . . . အင်း . . . ဂျရက် အကြောင်းလား။ မေးလာတော့လဲ ပြောပြရတာပေါ့ဗျာ။ အလောင်းကောင်ယောင်ဆောင်နေတဲ့ ကျုပ်၊ နည်းနည်းလှုပ်ရှားလိုက်တာနဲ့ သူတဖြည်းဖြည်းနဲ့ အရမ်းကြောက်လာတယ်ဆိုတာ ကျုပ် သိတယ်။ တစ်ယောက်တည်း ထိုင်ပြီး စကားတွေပြောနေတယ်ဗျ သိလား။ သူကြောက်နေပြီဆိုတော့ စီစဉ်ထားတဲ့ အတိုင်း ကျုပ်အသက်ရှင်လာတဲ့ ပုံစံမျိုးဖန်တီးဖို့ မလိုတော့ဘူးဆိုတာ သိလိုက်တယ်''

ခေတ္တ ရပ်လိုက်ပြီး ဆက်ပြောသည်။

''အခြေအနေတွေ အားလုံးကောင်းနေရက်နဲ့ ကျုပ်ကို သူဆိုးဆိုးဝါးဝါးကြီး တုံ့ပြန်လိမ့်မယ်လို့ မထင်ခဲ့ဘူး။ တကယ့်ကို မထင်ထားခဲ့ပါဘူး . . . နောက်တော့''

စကားကိုရပ်လိုက်ပြန်သည်။

''ကျုပ် အသက်လုရင်းက အလောင်းနေရာမှာ သူ့ကိုလဲ ပစ်ခဲ့ရတာ လွယ်တော့ မလွယ်လှဘူး။ အဲဒီလိုဖြစ်ရတာဟာ . . .''

ဆက် မပြောတော့ဘဲ သူတို့နှစ်ယောက်ဘက်သို့ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ –

"မင်းတို့နှစ်ယောက် ငါ့ကို ထွက်ပေါက်ထားမပေးခဲ့လို့ကွ"

နောက်ဆုံး စကားလုံးသည် ခါးသီးရှုံ့မှုန်းစွာဖြင့် ပြင်းထန်စွာပေါက်ကွဲထွက်လာသဖြင့် ဟပ်ပါရော ဟယ်လ်ဘာဆန်ပါ နောက်တွန့်သွားကြသည်။

"ငါတို့ ဒါပေမယ့် ဟို . . . ငါ . . . ငါတို့ . . . ."

ဟယ်လ်ဘာဆန်သည် စိတ်လှုပ်ရှား ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ထို့နောက်မှ ဆက်၍ ပြောလိုက်သည်။

"ဒီကိစ္စမှာ ငါတို့ မပါဘူးနော်"

ထိုအခါ လူစိမ်းက–

"ခင်ဗျားတို့ နှစ်ဦးဟာ မစ္စတာဟဲ(လ်)ဘွန်းနဲ့ မစ္စတာ ရုပ်ပါ။ ဟုတ်ပါတယ်နော်"

(ဟဲ(လ်)ဘွန်း = မွေးရာပါ ငရဲကောင်၊ အန္တရာယ်ပေးမယ့်ကောင်၊ ရုပ်ပါ = လူစဉ်းလဲ လူလိမ်)

မေးသလိုလိုနှင့် တမင်ပြောကာ ခြောက်ကပ်ကပ် ရယ်နေလေသည်။

ဟယ်လ်ဘာဆန်က–

"ငါ့နာမည်က ဟယ်လ်ဘာဆန်ကွ၊ ဒီပုဂ္ဂိုလ်က မစ္စတာ ဟပ်ပါကွ။ ဟဲလ်ဘွန်းလဲ မဟုတ်ဘူး။ ရုပ်ပါလဲ မဟုတ်ဘူး။ ငါတို့တွေက သမားတော်တွေ၊ အခု အချိန်မှာတော့၊ တောက် သမားတော်တွေ မဟုတ်ကြတော့ဘူးကွ"

လောင်းကစား သမားတွေ ဒါကမှတကယ့်အမှန်တရားပါပဲ။

"ကောင်းလိုက်တဲ့ အသက် မွေးဝမ်းကျောင်းပါလား။ အရမ်းကိုကောင်းတာပါပဲ။ ဒါနဲ့ စကားမစပ်၊ ဟဲလ်ဘွန်းငရဲကောင်ရေ၊ အလောင်းအစား လုပ်ခဲ့တုန်းက ဂျရက်က တကယ်လို့ သူရှုံးခဲ့ရင် ပေးရမယ့် လောင်းကြေးငွေ အချီကြီးအထုပ်လိုက်ကို ဒီငစဉ်းလဲကောင် ရုပ်ပါဆီမှ ပေးထားခဲ့တယ်။ ဂျရက်ရှုံးပြီဆိုတာနဲ့ အဲဒီငွေကိုခင်ဗျား ရရမှာ။ ခင်ဗျားသိ၊ မသိတော့ မပြောတတ်ဘူး။ ဒီကောင်ပေးပါစေလို့ ဆုတောင်းပေးပါတယ်။ တော်တော်ဂုဏ်ယူထိုက်တဲ့ အသက်မွေးကျောင်းအလုပ်ပဲကိုး"

ပြောပြောဆိုဆို ထိုသူသည် တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားသလိုလို၊ ဘာကိုမျှ ဂရုမထားသလိုလို တွေးရခက်သည့် ပုံစံဖြင့်ထွက်ခွာသွားရင်းက . . .

"ကျုပ်ကတော့ ကျုပ်အလုပ်ကို ပိုကြိုက်တယ်ဗျ။ ကျုပ်က စိတ်ရောဂါကုဆေးရုံ က သြဇာညောင်းတဲ့ ဆေးဘက်ဆိုင်ရာအရာရှိတစ်ယောက်ပဲ။ ကျုပ်တာဝန်က ဆေးရုံအုပ်ကြီးကို ကုသပေးရတဲ့ တာဝန်ဗျ"

မျှော်လင့်ချက်နှင့် လား။ မမျှော်လင့်ဘဲနှင့်လား မပြောတတ်။ အလောင်းအစားတစ်ခုကို ပေါ့ပေါ့တန်တန် သဘောထားကလုပ်မိသဖြင့် နဂိုက အေးချမ်းနေခဲ့သော လူလေးယောက်ရဲ့ဘဝသည်––။

ယုယုလွှင်

***"Ambrose Bierce" ၏ "A watcher by the dead" စာအုပ်ကို ဆီလျော်အောင် ပြန်ဆိုပါသည်။***



www.burmeseclassic.com

www.burmeseclassic.com

# HURRICANE
## Restaurant

- ရှိုသာသောဈေးနှုန်း
- သန့်ရှင်းသပ်ရပ်သော ဆိုင်အပြင်အဆင်
- ယဉ်ကျေးပျူငှာသော ဝန်ထမ်းများ၏ အကောင်းဆုံးဝန်ဆောင်မှု
- ကျွမ်းကျင်သော စားဖိုမှူးကြီး၏ ကောင်းမွန်လတ်ဆတ်သော အစားအသောက်များ
- နိုင်ငံခြားအရက်မျိုးစုံနှင့် မြန်မာစည်ဘီယာ၊ အေဘီစီစည်ဘီယာ အခြားအချိုရည်မျိုးစုံ

တန်ဖိုးရှိလှတဲ့ ငွေကို အကျိုးရှိရှိကုန်ရကျိုးနပ်အောင်
**HURRICANE** Restaurant သို့ လာခဲ့ပါ။

အပတ်စဉ် သောကြာနေ့တိုင်း
အထူးအစီအစဉ် ဖျော်ဖြေမှုရှိသည်။

အမှတ်(၇၄)၊ လေးထောင့်ကန်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်။
ဖုန်း-၀၉ ၇၃၀၁၃၄၂၁၉၊ ၀၉ ၄၁၀၇၄၃၅၂၊ ၀၉ ၇၃၁၅၈၅၈၉

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်သိမ်းမှ ငြိမ်းချမ်း
ပျော်ရွှင် ..."
တွင်းကြီးဝမ်းမောင်

"ခြင်ထောင် တွေရမယ်၊ ခြင်ထောင်တွေ၊ နိုင်လွန်ခြင်ထောင်၊ ဇာခြင်ထောင် တစ်ယောက်အိပ် ခြင်ထောင်၊ နှစ်ယောက်အိပ်လား၊ မိသားစုအိပ်လား၊ လိုတာပြော အကုန်ရ၊ အစုံရ၊ ခြင်ထောင်တွေ ရမယ်၊ ခြင်ထောင်တွေ"

ချိုင့်ကြီးရွာ ဝင်ကတည်းက သောင်းမြင့်အော်လှည့်ရောက်သည်။ သောင်းမြင့် ရှက်မနေ၊ ကိုယ်ရောင်းရဖို့ အော်တာဘာဖြစ်လဲဟူသော သဘောဖြင့် အားကြိုးမာန်တက် အော်အော်ဟစ်ဟစ် ကြိုးစားပေမယ့် သွားရေတု သွားရေတုသူနှင့် တွဲဖက်ကုန်ရောင်းပါလာသူ မင်းသန်းက မကြားနိုးနား အားပေးသည်။

ကိုယ့်ဘဝက အော်မှဖြစ်မည့် နေရာရောက်နေမှတော့ ရှေ့မျက်နှာ နောက်ထား အများကြားအောင် အော်ရတာ အထူးအဆန်းမဟုတ်။ ကိုယ့်ဘာသာအော် ဘာဖြစ်သလဲ ထုံးနှလုံးမူ၍ ကမ္ဘာ့ငအော်ကြီးများ စာရင်းဝင်းသွားချင် သွားပေတော့။ ပျော်ပျော်ပဲ အော်အော်ပဲ။

"ခြင်ထောင်တွေ၊ ခြင်ဘေးဒဏ် ကာကွယ်နိုင်အောင် အိမ်တိုင်းရာရောက် ဈေးချိုချို နဲ့ မင်္ဂလာရှိရှိလာရောင်းတဲ့ ခြင်ထောင်တွေ၊ ဈေးနှုန်းမှန်တယ်၊ အာမခံတယ်၊ ဝယ်ထားကြနော်၊ ခြင်ထောင်တွေ ရမယ်၊ ခြင်ထောင်တွေ"

သောင်းမြင့် အော်သံကိုက လာဘ်တိတ်စေသည်လား သူတို့ရောင်းချရန် ရောက်ရှိနေသော ချိုင့်ကြီးရွာကပဲ မွဲလို့လားမသိ။ သောင်းမြင့်နှင့် မင်းသန်းတို့ လှည့်လည်အော်ဟစ် ရောင်းချသည့်တိုင် ဝယ်သူဝေးစွ။ မေးသူမရှိ။

သောင်းမြင့်တို့ ခေတ္တတည်းခိုရာ ထနောင်းခွရွာနှင့်များ ကွာခြားပေခြင်း။ ထနောင်းခွရွာမှာ မင်းသန်း သုံးလေးပတ်မျှ လျှောက်အော်ရသည်။ ရောင်းလိုက်ရသည်မှ လက်မလည်။ ထိုင်ရာမထ လာဝယ်သူ အများအပြား။

ဈေးရောင်း ထွက်လာချိန်မှာ လက်မလည်အောင် ရောင်းချရခြင်းမှာ မင်္ဂလာမို့ သောင်းမြင့်ရော မင်းသန်းပါ ဝမ်းသာမှုကို ချုပ်ထိန်းမထားနိုင်ကြ။ သူတို့ရုပ်များက ရှေးဟောင်း စာကဗျာမှာပါသော ဘီလူးသွားကို လဖြတည်းဟူသော ကဗျာထဲမှာ ပါသည့် ဘီလူးပြုံးပုံမျိုး။ ရောင်းရငွေမှ အရင်းနုတ်၊ အမြတ်တွက်ကြည့်မိရာ တစ်ပတ်မှ နှစ်ရက်သာ ဈေးရောင်းရသည့်ဘဝမှ နေ့စဉ်ဈေးရောင်းလိုသော စိတ်အထိ ဖြစ်မိသည်။

သည်မှာတင် သူတို့တည်းခိုသော အိမ်ရှင်စောမြင့်က အကြံပေးသည်။ မြို့ပေါ်သို့ ကုန်အသစ် လူလွှတ်အယူခိုင်းပါ၊ သူတို့ ထနောင်းခွနှင့် တစ်တိုင် (နှစ်မိုင်)ဝေးသော ချိုင့်ကြီးရွာ၊ တစ်တစ်တိုင်ခွဲ (သုံးမိုင်) ဝေးသော ကုန်းကြီးရွာသွားရောင်းပါ။ ထိုနှစ်ရွာက လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ မြို့သို့အရောက်အပေါက်နည်းသည်။ သူတို့ရွာထက် အများကြီး ရောင်းရနိုင်သည်။ မရောင်းရလည်း ခြေထောက်စိုက်ရသည်။ စရိတ်ကုန်သည်မဟုတ်။ တစ်နာရီကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်သာ လမ်းလျှောက်ရသည်မို့ အချိန်မရွေး ပြန်နိုင်သည်။ ရောင်းရက အမြတ်၊ မရောင်းရက ဗဟုသုတနှင့် ကျန်းမာရေး လေ့ကျင့်ခန်းဟု အကြံပေးသည်။ တိုက်တွန်းသည်။

မဝယ်ခင်က ချိန်ခွင်ပြင် တဆဆလုပ်နေသော ထိုးမုန့်သည်ပမာ ရောင်းချင်သည့် လောဘဇော ကပ်နေသည့် သောင်းမြင့်နှင့် မင်းသန်းကို နှစ်ခါမတိုက်တွန်းရ။ သူတို့နှင့် မြို့နယ်ခြားဖြစ်သော ချိုင့်ကြီးရွာနှင့် ကုန်းကြီးရွာဆီသို့ နှစ်ယောက်သား ခြင်ထောင်တစ်နိုင်တစ်မ ထမ်းပြီး အဝေးကမြင်နေရသည့် ချိုင့်ကြီးရွာဆီ လှမ်းခဲ့သည်။

သောင်းမြင့်နှင့် မင်းသန်းတို့ မြို့နယ်က ပန်းသာမြို့နယ်၊ ထနောင်းခွရွာက ပန်းသာမြို့နယ်ပိုင်။

ချိုင့်ကြီးရွာနှင့် ကုန်းကြီးရွာက စာဥမြို့နယ်ပိုင်၊ မြို့နယ်ခြားဖြစ်သော်လည်း မြစ်၊ချောင်း၊ ဆည်၊ တာတမံ၊ တံတားကူးနေရသော နေရာမဟုတ်။ လှည်းလမ်းအလိုက် လူသွားလမ်းအလိုက် ခြေလျင်လျှောက်သွားက မိမိသွားသော ရွာကိုဒိုင်းခနဲဝင်တိုက်သည်ဟု အညာသားပြောပြောရမည့် ရွာများ။ ထနောင်းခွနှင့် ချိုင့်ကြီးရွာအကူးလမ်းမှာရှိသော စိုက်ပျိုးသီးနှံများ ဂျုံ၊ ကုလားပဲဖြစ်ရာဘယ်ကကြည့်ကြည့် အဝေးရွာကိုမြင်နေရသည်။

ထနောင်း ခွတုန်းက အော်ဟစ်ရသူမှာ မင်းသန်း။ ချိုင့်ကြီးရွာကြတော့ သောင်းမြင့်မှာ အော်ဟစ်ရမည့် သူဟု ခွဲတန်းချထားသောကြောင့် သောင်းမြင့် ကြိုးစားပမ်းစား အော်ဟစ်ကာ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် ဈေးဝယ်ခေါ်သည်။

"ကြုံတုန်းကြည့် ကြည့်မိရင်ကြိုက်မယ့် ခြင်ထောင်တွေ၊ ခြင်ထောင်တွေ ..ခြင်ထောင်တွေ ..ကြိုက်ရာရွေး ..တစ်ယောက်အိပ်လား ..နှစ်ယောက်အိပ်လား ..မိသားစုအိပ်လား၊ ဇာခြင်ထောင်လား၊ နိုင်လွန်ခြင်ထောင်လား၊ ကြိုက်တာဝယ် ..ခြင်ထောင်တွေ ..ခြင်ထောင်တွေ"

ခြင်ထောင်များ ထမ်းပိုး အော်ဟစ်လာသော သောင်းမြင့်နှင့် မင်းသန်းတို့ကို စိတ်ဝင်တစား ငေးကြည့်နေသူက ချိုင့်ကြီး ရွာသားကိုးနှစ် ဆယ်နှစ်သာသာ ခန့်ရှိဦးမည့် ကောင်လေးတစ်ယောက်၊ သူ့အမည်က ထပ်ပေါ်။

ထပ်ပေါ်သည် ခြင်ထောင်သည်ကိုတွေ့ကို တစ်လှည့်၊ သူ့ကိုယ်သူ တစ်လှည့် ပြန်ပြန်ကြည့်နေသည်။

သူ့ကိုယ်၌ ညစ်ညစ်ခြင်ကိုက်ထားသော ဒဏ်ရာအများအပြား သူ့မျက်နှာမှာ သူ့နားရွက်မှာ သူ့ကုပ်ပိုးမှာ သူ့ခြေထောက်မှာ အဖုအပိန့်ကြီးများ ညစ်ညစ်ခြင်ကိုက် ခြင်ကိုက်ရာမှ ရောင်ရမ်းယားနာ၊ ယားနာကို ကုတ်၊ ကုတ်ရာမှပဲ့၊ ပဲ့ရာမှ အနာဖြစ်၊ အနာ၌ ပြည်ကပ်၊ ထပ်ပေါ် တစ်ကိုယ်လုံး ဝဲမပေါက်ဘဲ ပြည်တစိုစို။

ခြင်ဒဏ် ခံလွန်းမက ခံရသောအခါ ထပ်ပေါ် မနေနိုင်တော့။ ခြင်ထောင်ဝယ်ပေးရန် သူ့အမေကို သူ ပူဆာသည်။

"နင့်ဒီလောက် ခြင်ကြောက်ရင် ခြင်ထောင်သည်တွေ ချိုင့်ကြီးရွာလာရင် အိမ်အထိ ခေါ်လာခဲ့၊ အိမ်လိုက်ရောင်းတဲ့ ခြင်ထောင်သည်ကာရင်



www.burmeseclassic.com

www.burmeseclassic.com



ရော၊ တို့အားလုံး ခြင်မကိုက်အောင် လူတစ်ယောက် ခြင်ထောင်တစ်လုံးနှုန်းနဲ့ ခြင်ထောင်ရှစ်လုံး ဝယ်ပေးမယ်။ ဒီလိုမှတ်ဘဲ နောက်တစ်ခါ ခြင်ထောင် ဝယ်ခိုင်းရင် နင်းဖြသတ်မယ်၊ ခြင်ထောင်သည်လာမှ ခေါ်ခဲ့။ ထပ်မပြောနဲ့''

ခြင်ထောင်သည် လာရင် အိမ်အထိ ခေါ်ခဲ့တဲ့ . .

အိမ်လိုက်ရောင်းတဲ့ ခြင်ထောင်သည်လာရင် ရှစ်လုံးဝယ်ပေးမယ်တဲ့ . . ထပ်ပေါ်ကလေး ခေါင်းထဲ စွဲနေသော သူ့အမေ

လူက

သားလို့ခေါ်ရင်

ဘတ်ခွပါ ဘတ်ခွနဲ့ပစ်၊

ဘတ်ခွမပါ ခဲနဲ့ပစ်တဲ့၊

အဲလို မလုပ်ဝံ့ရင်

ဆဲဆဲ ပြေးပြေး

ပြေးတဲ့ဗျ။

အမေက

မှာထားတာ။

စကား။

ထပ်ပေါ်အမေက လူကြီးပီပီ ထပ်ပေါ်ကိုချွေးသိပ်ခြင်းဖြစ်သည်။ ချိုင့်ကြီးရွာကို ခြင်ထောင်သည်လာလေ့လာထမရှိ၍ သူ့သားငယ်ကို ပြီးစလွယ်ပြောခဲ့၏။ လူကြီးက ပြောပြီး မေ့ပျောက်။ သားက အသည်းစွဲမှတ်ထားရာ ထိုစကားမမေ့။

''ခြင်ထောင်တွေ ရမယ် . . ခြင်ထောင်တွေ . လူကြီးအိပ် ကလေးအိပ် နိုင်လွန်ခြင်ထောင်၊ ဇာခြင်ထောင်၊ လိုချင်တာမှန်သမျှ ရနိုင်တယ်။ ပစ္စည်းမှန်တယ်၊ ဈေးချိုတယ်''

ထပ်ပေါ်ရှေ့ ဖြတ်ဖြတ်အော်အော် အော်သွားကာ သောင်းမြင့်ကို ထပ်ပေါ်က ဖျတ်ခနဲ လက်ဖမ်းဆွဲထားသည်။ သောင်းမြင့် ရုတ်တရက် ရှေ့တိုးမရ။

''ဦးဦး ခြင်ထောင်တွေက ရောင်းဖို့လား''

ထိုအသံသည် သောင်းမြင့်တို့ မင်းသန်းတို့အဖို့ စာမေးပွဲအောင်စာရင်း သွားကြည့်စဉ် အထူးအောင်ဟု ပါရှိပြီး လမ်းမှအောင်မအောင် မေးလာသူကို မျှော်နေခိုက် အမေးခံရပုံမျိုးနှင့်တူလှပေ၏။ ကြားချင်လှသောအသံကို ဈေးဦးပေါက် ကြားရပါပြီ။

''ရောင်းဖို့ပေါ့ သားရဲ့၊ သားက ဝယ်ချင်လို့လား''

''ဟာဗျာ ကျုပ်ကို သားလို့ မခေါ်ပါနဲ့''

သောင်းမြင့်နှင့် မင်းသန်းတို့သည် ကြီးကျယ်လှစွာသော မဟာပုရိသ ထပ်ပေါ်အား ဘာဆက်ပြောရမည် မသိ။

''အမေက မှာထားတယ်။ အဖေကလွဲရင် သားလို့ ဘယ်သူကမှ ဘယ်တော့မှ အခေါ်မခံနဲ့တဲ့။ သားလို့ မင်း အခေါ်ခံရရင် မင်း အမေဟာ ငါ့မိန်းမလို့ သွယ်ဝိုက်ဆဲတာပဲဗျ။ မိန်းမတွေက သားလို့ခေါ်ရင် နင့်အဖေ ငါကြိုက်တယ်လို့ ယဉ်ယဉ်ကျေးကျေးနဲ့ ပိုးတာတဲ့ဗျ။ ကျုပ်က ထူးရင်အမေ့ကိုပစ်ထားခဲ့ပြီး အဖေက နောက်မိန်းမနဲ့ လစ်ထွက်မှာတဲ့ဗျ။ ဒီပြင် လူက သားလို့ခေါ်ရင် ဘတ်ခွပါ ဘတ်ခွနဲ့ပစ်၊ ဘတ်ခွမပါ ခဲနဲ့ပစ်တဲ့၊ အဲလို မလုပ်ဝံ့ရင် ဆဲဆဲပြေးပြေး ပြေးတဲ့ဗျ။ အမေက မှာထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပြင် လူတွေဆိုရင် ကျုပ်ဆဲပြေးမှာ ဦးတို့က ခြင်ထောင်သည်တွေလဲဖြစ်လို့ ခေါတ်ရှင်ထဲက ဇော်လင်းနဲ့ ကျော်ဟိန်းတို့နဲ့ တူလို့''

သာဠီကာကို ဝိတ္ထာရပြုပြသော မဟာပညာကျော်လေး ထပ်ပေါ်အား သောင်းမြင့်က ပျာပျာသလဲ ရှင်းရသည်။

''ဦးတို့က သွေးရိုးသားရိုးပါကွယ်။ မင်းအမေ မဟာဝိဇ္ဇာဘွဲ့ရ ပညာရှိမကြီး ပြောသလို မဟုတ်ပါဘူး။ ကဲ သားလို့ခေါ်တာ မကြိုက်ရင် ကလေးလို့ခေါ်မယ် ‥ အဲလိုတော့ ကြိုက်လား''

ကိုးနှစ် ဆယ်နှစ်သား ထပ်ပေါ်အား လူကြီးလူကောင်းတစ်ယောက်ပမာ သောင်းမြင့်တို့ အမေးအဖြေ လုပ်နေရသည်။

''ဦးတို့ခြင်ထောင်က ခြင်တော့ လုံတယ်နော်''

''လုံပါတယ် ကလေးရယ်၊ ခြင်ထောင် အသစ်တွေကွယ့်''

''အများကြီးကော ပါရဲ့လား''

''ပါပါတယ်ကွယ်၊ ကလေးက ဘယ်နှလုံး ဝယ်ချင်လို့လဲ''

''ကျုပ်က မဝယ်ပါဘူး။ အမေက ဝယ်မှာ၊ ခြင်ထောင်သည်လာရင် ခေါ်သာခေါ်လာခဲ့တဲ့ အိမ်ရှိလူကုန် တစ်ယောက်တစ်လုံးနှုန်း ဝယ်မတဲ့''

သောင်းမြင့် စိတ်ဝင်စားသွားသည်။ စီးပွားရေးလေ၊ ရောင်းရမှ မြတ်မည်။ မြတ်မှ ကိုယ့်အတွက် ငွေရမည်။ ငွေ ‥ ငွေ ‥ ငွေ။ စားဝတ်နေရေးအတွက် နေ့စဉ် လိုနေသောငွေ။ သည်ငွေ ရရှိဖို့အတွက် သူတို့ ကြိုးစားနေရ၏။ ကြိုးစားနေစဉ် ငွေရလမ်းမြင်လာ၍ လက်လွှတ်ခံမဖြစ်။ စကားစ ဆွဲရမည်။

''အိမ်သားက ဘယ်နှစ်ယောက်ရှိသလဲ ကလေး''

''အဖေနဲ့အမေက နှစ်ယောက်၊ ကျုပ်တို့က ခြောက်ယောက်၊ အားလုံးရှစ်ယောက်''

သောင်းမြင့်နှင့် မင်းသန်းတို့ တစ်တိုင်(နှစ်မိုင်)ခရီးလာရ ရွာတွင်ပတ်ရသော အညောင်းအညာတို့ လွင့်စဉ်သွားသည်။ ထမ်းပိုးရသော ပခုံးအောင့်ဒဏ် ချက်ချင်းပြယ်သည်။ သူတို့ကို ရတနာပုံဆိုက်စေမည့် ကလေးနှင့်တွေ့ပြီ။

''ကဲ ‥ ကလေး ‥ ဦးတို့က ဆက်ရောင်းရဦးမယ်၊ ကလေးအမေ ခြင်ထောင်ဝယ်မှာဖြင့် သွားခေါ်တော့လေ။ ဦးတို့ ဒီက စောင့်နေမယ်''

''ဦးရဲ့ အမေက အိမ်ခေါ်လာခဲ့လို့ ပြောတာဗျ။ အိမ်မလိုက်လို့ကတော့ ဝယ်မှာ မဟုတ်ဘူး။ မဝေးပါဘူးဗျ။ ကျုပ် လမ်းပြပါ့မယ်။ ကျုပ် နောက်လိုက်ခဲ့ပါ။ လာပါဗျ။ ဟောဒီနားလေးတင်ရယ်''

လည်လိုက်သည့် ကလေး။ သူ့အမေကလည်း သူ့လိုပဲ လည်လိမ့်မည်။

သောင်းမြင့်နှင့် မင်းသန်းတို့ကို ထပ်ပေါ်က သူ့အိမ်ဝင်းထဲအရောက် ခေါ်လာချိန်တွင် ထပ်ပေါ် အမေနှင့် ဈေးသည်မတစ်ဦးသည် နှစ်ဦးကြား မတိုးမကျယ် စကားပြောနေရာက ရုတ်ခြည်းပေါက်ကွဲသွားသည်။

''နင့် ချဉ်ပေါင်ရွက်ဖိုး ငါးမူးကို သိန်းငါးဆယ်မှတ်ပြီး ခဏခဏ လာတောင်း မနေ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မရဲ့ နင်သေရင် ကူးတို့ခ ထည့်ရအောင် ပေးမယ်''

ထပ်ပေါ်အမေ မဖြူ၏ တိုက်ပွဲခေါ်သံ။

ချဉ်ပေါင်ရွက်သည် မ ကလည်း စိန်ဆိုလျှင်အချိန်မရွေး အစား။

''ဒီလောက် တောင်း နေရမှတော့ ငွေလေးငါးမူးပေး မနေနဲ့၊ တော်သေရင် ကျုပ်က ကတိုးခထည့်တယ်လို့သာ မှတ်၊ နောက်ထပ်မတောင်းဘူး၊ အဝီစိ ကျမယ်''

''ဘာ ‥ ငါသေရင် ‥ ဘာ ‥ အဝီစိကျမယ် ဟုတ် လား၊ နင်ကသတ္တဝါဘယ်လောက် ရှိလို့လဲ၊ နင်က ဘယ်လောက် မိုက်လို့လဲ။ လူချင်း ယှဉ်ဝံ့လို့ လား''

''မိုက်လို့ ရွာတကာ လှည့် ဈေးရောင်းစားနေတာ၊ စမ်းချင်ရာစမ်း မိသန်းတဲ့ဟေ့''

ထပ်ပေါ်အမေနှင့် ဈေး သည်မတို့မှာ ဘာလက်ဖေ့ရေးမှ ပြသမနေ။ တစ်ယောက်ကို တစ် ယောက် ဘယ်ပြန်ညာပြန် တ ဖြောင်းဖြောင်း ရိုက်ပြီး ဆွဲကြလွှဲ ကြ တားကြဆီးကြ သတ်ကြ ပုတ်ကြရာမှ ဂျပန်နပန်းပွဲကျင်းပ နေသည်နှင့် တူသည်။

သောင်းမြင့်နှင့် မင်း သန်းတို့မှာ ခြင်ထောင်ထုပ်ကြီး များ ချပြီး ဖျန်ဖြေရကောင်းနိုး နိုး၊ ထွက်ပြေးရကောင်းနိုးနိုးဖြင့် မှင်တက်မိလျက် ရှိနေကြသည်။ မိန်းမနှစ်ယောက်မှာ ဘဝတစ်ပြန် ကျားတစ်ပြန်ဆိုသလို အပေါ် ရောက်လိုက်၊ အောက်ရောက် လိုက်နှင့် လုံးထွေးလုံးထွေး။ တောသူများပီပီ သန်သန်စွမ်းစွမ်း ကြမ်းကြမ်းတမ်းတမ်း၊ အွတ်ခနဲ ဂျွတ်ခနဲ ဖုန်းခနဲထုသံ ညံစာစာ။

မိန်းမသား နှစ်ဦးစလုံး ထဘီတွေ ပြေလျော့ကုန်ကျ သည်။ အကြာကြီး နပန်းလုံး၍ ဟောဟဲလိုက်အောင် မောမှ သ ရေပွဲဒိုင်ရပ်ကာ လူချင်းခွာသည်။ ခဏခဏ ရန်ဖြစ်လေ့ရှိသော ဘေးလူ သက်သေ ခဏခဏ လိုက်ရသော ထပ်ပေါ်အမေ ရန်ပွဲသို့ ဘယ်ခွေးတစ်ကောင် ကြောင်တစ်မြီးလူတစ်ယောက်မျှ မကြည့်။ အဝေးမှ မြင်သူများမှာ သက်သေပါနေမည် စိုးသော ကြောင့် လစ်ပြေးကြသည်။ ထပ် ပေါ် အမေက သူ့အမှု တိုင်၍ သက်သေ မလိုက်လျှင် အော် အော်ဆဲသည်။ သက်သေလိုက် ၍ မှန်ရာပြောက ညာညာဆဲ သည်။ ရွာလူကြီးက နင်တစ်မှုက နှစ်မှုမရှာနဲ့ဟု ခဏခဏ ဆုံးမ ရသည်။ ဓါတ်သိတို့က မကြုံစဖူး သော ဩချလောက်ဖွယ်ရာ လူမှု အသိနိမ့်ကျသူတို့၏ ရန်ပွဲကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက် ရသည့် သောင်းမြင့်နှင့် မင်းသန်း ခမျာ ကိုယ်တွေ့မို့သာယုံရသည်။ ကျေးလက်တောရွာ အညာဗုဒ္ဓ ဘာသာဝင် မိန်းမသား နှစ်ဦး၏ ရန်ပွဲကို ကိုယ်တွေ့သာ မဟုတ်ခဲ့ လျှင်သူတို့ယုံကြည်မိမည်မဟုတ်။ ကိုယ်တွေ့ဆိုတော့ မယုံကြည်နိုင် သလို တအံ့တဩ။

အနိုင်အရှုံး မရသော သရေပွဲ၌ မပြေနိုင်သေးသော ဒေါသမြားဦးသည် သောင်းမြင့် တို့ထံ ဟောဟောဒိုင်းဒိုင်း ရောက်လာသည်။ ထဘီများကို ကပျာကယာ ပြန်ဝတ်လျက် မိန်းမသားနှစ်ဦးသည် လက်ညှိုး ငေါက်ငေါက်ထိုးကာ သောင်းမြင့် တို့ကို သူ့ထက်ငါ ဦးရန်တွေ့ရန် စထောင်သည်။ ထွက်ပြေးရ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနီး၊ ရုပ်နေရကောင်းနီး ဖြစ်နေသူမှာ သောင်းမြင့်နှင့် မင်းသန်း။

"ရှုံးသွားတိုင်မယ်၊ ရှုံးသွားတိုင်မယ်၊ မိန်းမသားနှစ်ဦးရန်ဖြစ်နေတာကို လမ်းပေါ်အထုပ်ကြီးတွေ ထမ်းလာရင်း လှမ်းမြင်တာနဲ့ အရသာခံလာကြည့်နေတဲ့လူတွေ တိုင်မယ်"

ထပ်ပေါ်အမေ မဖြူ၏ တိုက်စစ်စတင် ကြေညာသံ။

"ဟုတ်တယ် ကောင်မရေ၊ နင်နဲ့ငါကဒေါသအလျောက် ရန်ဖြစ်ပေမယ့်၊ သူတို့လို ကိလေသာရာဂ မသောင်းကျန်းဘူး။ လူပုံတွေက မင်းသားရုံးရုပ်တွေ၊ ထဘီမမြဲအောင် နပန်းလုံးနေတဲ့ မိန်းမတွေကို ဇာတ်ပွဲအငြိမ့်ပွဲ ဝင်ကြည့်သလိုကြည့်တာ ရှုံးတိုင်မယ်"

ချဉ်ပေါင်ရွက်သည် မိန်းမ၏ လျှပ်တစ်ပြက် ကြေညာချက်။

မိန်းမနှစ်ယောက်မှာ အာကြမ်းလျှာကြမ်း တောသူများဖြစ်ရာ သောင်းမြင့်နှင့် မင်းသန်းကို ဖွတ်ဝင်ဖွတ်ဆွဲ ဖွတ်ခေါ်ရာ ရှန်းမရ၊ ကန်မရ၊ အားကုန်အင်ကုန်ဆွဲထုတ်ရာ သောင်းမြင့်တို့ ယက်ကန်ယက်ကန် ပက်လန်ပက်လန်။

"အထင်မလွဲပါနဲ့ ခင်ဗျ၊ ကျွန်တော်တို့ ခြင်ထောင်သည်တွေပါ။ ကောင်လေးတစ်ယောက်က ခေါ်လို့ ဝင်ခဲ့မိတာပါခင်ဗျ။ ကျွန်တော်တို့ ရောက်စက နပန်းမလုံးသေးပါဘူး"

သောင်းမြင့်က ဘိန်းစားလေသံဖြင့် တောင်းပန်သကဲ့သို့ မင်းသန်းက ရှိုးဦးတင်ဖြေရှင်း တောင်းပန်ရသည်။

"နပန်းလုံးတာ ဝင်ကြည့်တာ မဟုတ်ပါဘူး ခင်ဗျ။ ကောင်လေးက သူ့အမေက ခေါ်ခိုင်းလို့ဆိုပြီး ခေါ်ခဲ့လို့လာခဲ့မိတာပါ။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဖြစ်ရတာပါဗျ"

မိန်းမ နှစ်ယောက်က ဘာပြောပြော မလျှော့။ လက်ကိုတင်းသည်ထက် တင်းအောင်ဆုပ်ထားပြီး အံကြိတ်မေးသည်။

"ဘာခုမှ ကြောက်ပါပြီလဲ၊ မိုးကြိုးပစ်ရာ ထန်းလက်ကာလုပ်မနေနဲ့ မောသွားမယ်။ နင်တို့ခေါ်လာတယ်ဆိုတဲ့ ကောင်လေးပြနိုင်ရင်ပြ၊ မပြနိုင်ရင် ရုံးလိုက်ခဲ့၊ မလိုက်ရင် ရွာအော်ဟစ် အကူအညီတောင်းပြီး ဝိုင်းဖမ်းခိုင်းမယ်။ ဘယ်မလဲ နင်တို့ခေါ်လာတဲ့ ကလေး"

"အေး ..ဟုတ်တယ် ကောင်မ၊ ကလေးပြနိုင်း၊ မပြနိုင် ရုံးပို့"

ရန်ဖက်နှစ်ဦးက ငြိမ်းချမ်းရေးရသွားပြီ။

သောင်းမြင့်နှင့် မင်းသန်းတို့မှာသာ ဘာလုပ်ရကိုင်ရမည် မသိ။ အားကိုးတကြီးဖြင့်



www.burmeseclassic.com



သူတို့ကို ခေါ်လာသော ခြင်ထောင်ရှစ်လုံးဝယ်မည့် ထပ်ပေါ်ကို မျက်စောင်းထိုးကာ ဝိုက်ကာရှာသည်။ ခြင်ထောင်ဝယ်မည့် ကလေးရေ ဦးတို့ဆီ ခဏလာပါ ဟု ခေါ်သည့်တိုင် ဘာမှမထူးခြား။ ကြည့်မတွေ့။ ခေါ်မကြား။ ဘယ်သွားမှန်းမသိသောထပ်ပေါ်ကြောင့် နှစ်ဦးစလုံးဖောခွေ့မျှေး ပြန်လာသည်။ ခေါ်ကြည့် ကြည့်ခေါ်သော်လည်း အချည်းနှီးသာတည်း။

ဘုရား။ ဘုရား။ ကောင်လေး မရှိတော့။ ဘုရားကယ်တော်မူပါ။

ဘယ် ရှိပါ့မလဲ။ ဒီလောက်မှ မလည်လျှင် အရပ်ရပ်နေပြည်တော် ထပ်ပေါ်ဟု ဟိုးလေးတကျော်နေပါ့မလား။

သောင်းမြင့်တို့ အံ့အားတသင့်သင့်ဖြင့် ထပ်ပေါ်အမေနှင့် ဈေးသည်ရန်ပွဲ အာရုံရောက်နေခိုက် ထပ်ပေါ်လစ်ထွက်သွားသည်ကို မသိလိုက်။ မြေပြင်ပေါ် ဘုန်းခနဲ သူ့အမေမလဲကျမီ တစ်ယောက်နှင့်တစ်ယောက် သူတစ်ပြန် ကိုယ်တစ်ပြန် ရိုက်နေစဉ် ထပ်ပေါ် သူ့ကိုယ်သူ သတိပေးဝေးရာပြေးသည်။

မပြေး၍မရ။ ထပ်ပေါ်အမေက လူတကာနှင့် ရန်ဖြစ်သည်။ သူရန်ဖြစ်နေစဉ် ထပ်ပေါ်ရှိလျက်နှင့် သူ့ဘက်မှဝင်မကူက ရန်ပွဲ ရှုံးရှုံးနိုင်နိုင် ပွဲပြီးက ထပ်ပေါ်ကို မကူရ ကောင်းလားဆိုကာ နွားမောင်းကြိမ်ဖြင့် အီစလံဝေအောင် ဆော်သည်။

"နင့်မွေးရတာ ဗိုက်နာတာသာ အဖတ်တင်တယ်။ ထပ်ပေါ်ရဲ့"

ဟုဆိုကာ နားရင်းအုပ်သည်။

ထိုသို့ အတီးအအုပ်ခံရပြီးနောက် မိန်းမကြီး တစ်ယောက်နှင့် သူ့အမေတို့ ရန်ဖြစ်ရာ ထပ်ပေါ်ကူရန် ပြေးဝင်သည်။

"ခွေးပစ်တဲ့ တုတ်လောက် ကောင်လေးက နင့်အမေဘက်က ဝင်ကူတယ်လေ။ ငါ တောင်ဝှေးနဲ့ ပစ်ထိုးလိုက်ရ"

ဟု ပြောပြောဆိုဆို ထိုးလိုက်ရာ ထပ်ပေါ် အရှိုက်တည့်တည့် အထိုးခံရသည်။ ထပ်ပေါ်ခမျာ တုံးလုံးလဲကျ သတိမေ့သွားသည်။ သုံးလေးရက်ခန့်အသက်ရှူတိုင်း အောင့်အောင့်နေ၍ ထပ်ပေါ်အနေခက်အထိုင်ခက်။ တစ်ကြိမ်တည်းဖြင့် ထပ်ပေါ် ပညာ ရသွားသည်။

မကူပြန်လျှင်လည်း နွားရိုက်ကြဲရိုက်မို့ မသက်သာ။ ကူပြန်ရင်လည်း အရှိုက်ထိုးခံရ၍ မသက်သာ။ သည် အကျပ်အတည်းမှ လွတ်စေရန် သူ့အမေအာဃာတစက် လွတ်ရာဖြစ်သည့် သူ့အဖေ ယာခင်း အငှားစောင့်နေရာတောသို့ သူ့အမေ စိတ်မပြေမချင်း သွားရောက်နေထိုင်ရန် ထပ်ပေါ် လစ်ထွက်ခဲ့သည်။

ဤအချက်ကို သောင်းမြင့်တို့ မသိလိုက်။ မသိလိုက်၍ အားကိုးတကြီး ခေါ်လည်းခေါ် ကြည့်လည်းကြည့်သော်ငြား ခေါ်မရ၊ မိန်းမကြမ်းနှစ်ဦး ဆွဲခေါ်ရာ ကျေးရွာရုံးသို့ ရောက်ခဲ့ရသည်။ တိုင်သူကတိုင်၊ ဖြေရှင်းသူက ဖြေရှင်းနှင့် ဆူညံဆူညံ။ မိန်းမနှစ်ယောက်က စားမလိုဝါးမလို သဲသဲမဲမဲ။

နောက်ဆုံး၌ ကျေးရွာလူကြီးများက ရွာခံဖြစ်သူ ထပ်ပေါ်အမေနှင့် ရွာသို့ဈေးရောင်းနေကျဖြစ်သူ ချဉ်ပေါင်ရွက်သည်



www.burmeseclassic.com

www.burmeseclassic.com



**"ခဲတောက် ..လူကြားမကောင်း၊ သူကြားမကောင်းကွာ ရှက်စရာကြီး၊ ဒီရွာသာ တို့ဆက်ရောင်းရင် ထောင်ကျရုံရှိတော့တယ်။ ဟိုဘက် ကုန်းကြီးရွာ ပြောင်းရောင်းရအောင် ဟို ကောင်ရှုပ်လေးဒဏ်တို့ခံရတာ ရပ်ရွာလူကြီး ကောင်းလို့သာပေါ့ကွာ"**

တို့အား ကိုယ်က ရွာခံ၊ နယ်ခံ ဖြစ်၍ သည်းခံကြရန်တရားဟော သည်။ သောင်းမြင့်တို့နှစ်ဦးကို ချိုင့်ကြီးရွာထုံးစံအရ ဝယ်ယူရန် မခေါ်ယူဘဲ အိမ်ဝင်းထဲ မဝင်ပါ။ နောက်နောင် ဝင်ရောက်ပါက ထိတ်တုံးခတ်ခံပါမည်။ ဒဏ်ရိုက် ခံပါမည်ဟု ကိုယ်တိုင် ကတိခံ ဝန်ချုပ် ချုပ်စေသည်။ ကိုယ်တိုင် လက်မှတ်ရေးထိုးခိုင်းပြီးမှ ပြန် လွှတ်သည်။

ရုံးအပြန်၌ သောင်းမြင့် က မင်းသန်းကို ပြောသည်။

"တောက် ‥ လူကြား မကောင်း၊ သူကြားမကောင်းကွာ ရှက်စရာကြီး၊ ဒီရွာသာ တို့ဆက် ရောင်းရင် ထောင်ကျရုံရှိတော့ တယ်။ ဟိုဘက်ကုန်းကြီးရွာ ပြောင်း ရောင်းရအောင် ဟို ကောင်ရှုပ်လေးဒဏ် တို့ခံရတာ ရပ်ရွာလူကြီး ကောင်းလို့သာပေါ့ ကွာ"

"တို့ကလဲ တို့ဟ ‥ ဒီချာတိတ် လူလည်က ခြင် ထောင်ရှစ်လုံးဝယ်မယ်ဆိုတာကို လောဘဇောကပ်ပြီး မဆင်မခြင် လိုက်တာ၊ နပန်းလုံးကတည်း က တို့ပြေးရမှာ။ ခြေထောက်ခဲ ဆွဲဖြစ်တာ တို့ခံရတာပဲ။ ငါလဲ ကြောင်ခံနေတယ်"

"အေးဟ၊ ကြောင်တာ လဲပါသလို ကောင်လေးပြန်လာ ရင် ဝယ်လိုဝယ်ငြားဆိုတဲ့ ဇော လဲပါနိုင်တယ်။ ရုံးတိုင်မှန်းသိရင် ဒုန်းပြေးမှာပေါ့။ လုပ်ရက်လိုက် တဲ့ မိန်းမတွေကွာ။ ကောင်လေး ကလဲ ခေါ်တုန်းကတော့ အဆင် ပြေလို့၊ ချောလို့၊ လစ်ထွက်ဦး အသံပေးပါလား။ ဒီကောင်လေး ပြန်တွေ့ရင် နားရင်းအုပ်ဖို့ ကောင်းတယ်။ တော်ပြီ ‥‥ တော်ပြီ ‥ ဒီရွာမရောင်းတော့ ဘဲ ရှေ့ရွာရောင်းအောင် ပါလာ တဲ့ ပိုက်ဆံတွေထဲက ဒဏ်ကြေး ပဲ့မနေရစ်ခဲ့တာ ရွာလူကြီး ကောင်းလို့"

အထုပ်ကြီးများထမ်း ရွာပြင်ထွက် ကုန်းကြီးရွာသွား လမ်းကိုမေးသည့် နွားစာရိတ်နေ သော လူများက ပြောင်းခင်းများ ပဲစင်းငုံခင်းများနှင့် ဝါးခင်းများ ကြားမှ လမ်းကိုပြသည်။ အဲ သည်လမ်းလိုက်လိုက် ကုန်းကြီး ရွာရောက်တယ်။ စိတ်ချလက်ချ သွားဟု လမ်းညွှန်သည်။

ဝါးတစ်ပြန်မက မြင့် သောပြောင်းခင်းများက လေအ ဝှေ့၌ ရှဲရှဲရှဲရှဲ အသံပေးနေသကဲ့ သို့ ဘယ်ယိမ်းညာယိုင် တနွဲ့နွဲ့

လူတစ်ရပ် မြုပ်နေ သော ပဲစင်းငုံခင်းများက ကျယ် ပြောလှရာ ရှေ့သုံးလေးထော



www.burmeseclassic.com

www.burmeseclassic.com



ကျော်လျှင် လူမမြင်ရ။

မြန်မာဝါနှစ်ချို့များနှင့် ရွှေနီပြောင်းတို့က ထူထူထပ်ထပ်၊ သိပ်သိပ်သည်းသည်း။ လှည်းလမ်းမှာ ပတ်လမ်းဖြစ်၍ဝေးသည်။ လူသွားလမ်းမှာ ဖြတ်လမ်းဖြစ်၍ နီးသည်။ ဖြတ်လမ်းပီပီ ပြောင်းခင်း ၊ ပဲစင်းငုံခင်း၊ မြန်မာဝါခင်းများထဲ ဖြတ်သန်းသွားရသဖြင့် မှောင်မိုက်သလို အချို့နေရာတို့က ဖြစ်နေသည်။ လျှာထိုးဦးထုပ်လေးကိုယ်စီဆောင်း၊ အထုပ်ကိုယ်စီထမ်းလျက် ''ခုမှ ရယ်နိုင်တော့တာကွာ၊ ကံကောင်းလို့''ဟုပြောပြီး ကျိတ်ရယ်ကာ ခပ်သွက်သွက်လှမ်းသည်။ ပြောင်းခင်းကြီး တစ်ခင်းအလယ်သို့ ရောက်သောအခါ ''ရပ်''ဟု အသံနက်ကြီးဖြင့် လူနှစ်ယောက်ကတားသည်။

''ထမ်းလာတဲ့ အထုပ်ကြီးတွေချ၊ ခုခံမယ်မကြံနဲ့၊ ခုခံရင် အသေ'' ဟုပြောလာသည်။ သောင်းမြင့်တို့ အထုပ်ကြီးများကို ဘုတ်ခနဲ ပစ်ချပြီးသည့်တိုင် အကြောက်အလန့်မပြေ။ မင်းသားမင်းသမီး ငိုချင်းချသကဲ့သို့ သာကြုံပလေ။ အနုကြမ်း အစီးခံရလေပြီ။

''မလှုပ်နဲ့ ... မအော်နဲ့ ... လှုပ်ရင် သေမယ်၊ အော်ရင် သတ်မယ်၊ တို့ဟာ မင်းတို့အဖေတွေ မဟုတ်ဘူး။ မင်းတို့အဖေတွေကသာ ငါ့သားတွေဆိုပြီး သနားနေမှာ။ ညှာနေမှာ တို့က ဓားပြ၊ တို့က အနုကြမ်း၊ တို့ခိုင်းတာ မရရင် တို့ပြောတာနားမထောင်ရင် အသေပဲ''

လုယက်သူနှစ်ဦးမှာ ချည်ကြမ်းနှစ်နံစပ်လုံချည်နှင့် စစ်ဝတ်အကျီအဟောင်း ဝတ်ထားသည်။ ခေါင်းပေါ် ခပ်ငိုက်ငိုက်ဆောင်းလာသည်မှာ အဝတ်ဦးထုပ်အဝိုင်း ဝါဖျော့ဖျော့။ နှစ်ဦးစလုံး ကြံ့ခိုင် တောင့်တင်းပြီး အသားမည်းကာ မိုက်ရုပ်ပေါ်ပေါ်လွင်လွင်။ သောင်းမြင့်တို့ ခြင်ထောင်ထုပ်များကို ဖြည်ရှာပြီးဟာ ပွတာပဲ၊ ခြင်ထောင်တွေ အ

များကြီးဟုဆိုကာပြန်ထုပ်သည်။ ထို့နောက် အကျီအိတ်ထဲ ပါလာသော ထနောင်းခွရှာမှ ရောင်းရခဲ့သည့် ခြင်ထောင်ဖိုးငွေများကို သိမ်းကျုံးယူသည်။

ခြင်ထောင်ထုပ်လည်း ယူပြီးပြီ။ ပါသမျှငွေလည်း ယူပြီးပြီ။ ထိုမှုဖြင့် မကျေနပ်သေး။ သောင်းမြင့်နှင့် မင်းသန်းတို့ တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်သည်။ လုယက်သူအကြီးလူက ဓားရှည်ဖြင့် ရွယ်၍ခိုင်းသည်။

''ချွတ် ... အကျီရော၊ ပုဆိုးရော ချွတ်၊ နှစ်ယောက်စလုံးချွတ်''

သောင်းမြင့်ရော မင်းသန်းပါ မျက်လုံးပြူးသွားသည်။ တကယ့်နေ့မှ နှစ်ဦးစလုံးဘောင်းဘီမပါ။

''ဆ ... ဆရာတို့ရယ် ကျွန်တော်တို့မှာ တကယ့်နေ့ကျမှ ဘောင်းဘီမဝတ်ခဲ့မိဘူးဗျာ။ ချွတ်လိုက်ရရင် မကြည့်ရဲစရာကြီး''

မင်းသန်းက အသနားခံကာ မဝံ့မရဲပြောသည်။ သောင်းမြင့်အတွေးထဲ၌ ရှေးကဝိပါက်၊ ခုနစ်ရက်၊ ကာလဝိပါက် ချက်ချင်းတက်ဆိုသကဲ့သို့ ထဘီမပြဲသော မိန်းမများကို စောစောကကြည့်ခဲ့မိ၍ နေ့မကူးဘဲ သူတို့လည်း ပုဆိုးမပါဘဲ ပြန်ရတော့မည့် အဖြစ်မှာ ဝဋ်လိုက်တာဖြစ်မည်ဟု ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



''တို့အနုကြမ်းသမား ပေမယ့် ဒီလောက်အတွေးအခေါ် မညံ့ပါဘူးကွာ၊ တို့မှာ ဘောင်းဘီ ပါတယ်။ တို့အရင် စချွတ်ပေး မယ်။ မင်းတို့ကို ကိုယ်တုံးလုံး ပြန်လွှတ်လိုက်ရင် ခွေးတစီစီ ကျီးတသောသော လူတဟင် ဟင်ဖြစ်နေမှာ တို့သိပါတယ်''

လုယက်သူနှစ်ဦးက ပြုံးတူပင် သူတို့ ပုဆိုးကိုချွတ် ပေးသည်။ သောင်းမြင့်တို့ မနေ သာတော့။ သူတို့ခါးမှ တစ်ရေ နှစ်ရေချ မလေးရှားပုဆိုးများကို ချွတ်ပေးရသည်။ လုယက်သူတို့ ၏ ချည်ကြမ်းနှစ်နံစပ်လုံချည်ကို ဝတ်ရသည်။ သူတို့ ဝတ်လာ သော တက်ထရက် ရှန်အဖြူ အင်္ကျီနှင့် လုယက်သူတို့ စစ်ဝတ် အင်္ကျီအဟောင်းကို လဲဝတ်ခိုင်း ရာ မငြင်းဝံ့။ လုယက်သူအချင်း ချင်း တက်ထရန်ရှန်အင်္ကျီ ကိုယ် အကျဉ်းအကျပ် မကိုက်၍ လဲ ဝတ်မှ အနေတော်ဖြစ်သွားသည်။ ကိစ္စကမပြီးသေး။ သောင်းမြင့်တို့ လျှာထိုးဦးထုပ်ကို သူတို့က ယူပြီး သတို့ ဦးထိုပ်အဝိုင်းဝါ ဖျော့ဖျော့ အား အဆောင်းခိုင်သည်။

''အဲလို ဦးထုပ်ဆောင်း ပြီး ခေါင်းအောက်ငုံ့ထား။ ဟိုဟို ဒီဒီ မော့မကြည့်နဲ့။ အဲဒီနေရာမှာ ပဲ နေမဝင်မချင်းထိုင်နေ။ နေဝင် မှပြန်။ ငါတို့ ဟောဟိုပြောင်းခင် ထဲက စောင့်ကြည့်နေမယ်။ ဦး ထုပ်ချွတ်ရင် ခေါင်းမော့ကြည့်ရင် အသံကြားလို့ လှုပ်လှုပ် လှုပ်လုပ် ရင် အသေပဲ။တို့ပြောတာ ကြား လား။ ကြားရင် ပြန်ပြောစမ်း''

သောင်းမြင့်ရော မင်း သန်းပါ ကျောင်းသားများ စာ ပြန်သလို ပြန်ပြမှ ကျေနပ် သည်။ လုယက်သူတို့ နှစ်ဦးက ဟုတ်ပြီ။ အဲဒီတိုင်း ဝှက်ထား အဲဒီအတိုင်း ဆက်လုပ်ဟု မှာ ကာ သူတို့အပါးမှ ထွက်သွား ကြသည်။

ခန့်မှန်းစိတ်ထင် ငါး မိနစ်ခန့်အကြာ၌ လုယက်သူနှစ် ဦး ပြန်လာသည်။ ဘယ်မော့ ကြည့်ဝံ့၊ လှုပ်ဝံ့မလဲ၊ လူမိုက် စကား နားမထောင် တရားမဲ့ ကင်း ဓားနဲ့ရှင်းမည်မို့ ဘာသံ ကြားကြား ဘယ်သူလာလာ ဘယ်လှုပ်ဝံ့ကြည့်ဝံ့မလဲ။

''မင်းတို့ မော့ကြည့်ရင် အော်ရင် သတ်ဖို့ တို့ရပ်စောင့်နေ တာ။မင်းတို့ မလှုပ်တော့ မအော် တော့ သတ်စရာမလိုဘူး။ အဲလို ငြိမ်ငြိမ်နေ။ မလှုပ်နဲ့ . . . ပြီးတော့ တို့လာပြီး ပြန်စစ်ဦးမယ်။ ကြည့် လို့ အော်လို့ကတော့ကွာ အသေ ဆိုးသေမယ်''

လုပ်ဟာ၊ နိုင်တိုင်းပြော ဟာ၊ နိုင်တိုင်း ခိုင်းဟာ၊ နိုင်တိုင်း ဟု ရင်ထဲမှ ပြောကြားပြီး သောင်းမြင့်ရော မင်းသန်းပါ မလှုပ်ဝံ့ကြ။ ခေါင်းမထောင် လှည့်မကြည့်ရ။ မော့မကြည့်ရ အမိန့်ချမှတ်ခံထားရသူများ ပီ အချိန်များစွာ ကြာသောအ ခြေသံများ၊ လူသံများ တဝုန်းဝုန် ကြားရသည့်တိုင် ခေါင်းထော မကြည့်ရဲ။ ငြိမ်ငြိမ်ငြိမ်ငြိမ့်။

''ဟား ဟား ဟား . . .

တကယ့်ကောင်နှစ်ယော ရီးတီးယားတားလုပ်ရင် သေနာ ဖျား အသက်ပါသွားမယ်။ ခေါ မော့၊ လက်အရင်မြှောက်၊ ရှ ရင်းဆန့်ခတ် လုပ်ရင် အသေ မသေချင်ရင် ဖြည်းဖြည်းထ လက်မြှောက်ပါ။ နေရာက ထ လက်မ မရွှေ့ပါနဲ့''

လာပြန်ပြီဟာ၊ အ တစ်မျိုးဟု စိတ်ထဲမှ တွက် ကာ ကိုယ်က ရှုံးတဲ့ဘက်

www.burmeseclassic.com



နေမှတော့ နိုင်တဲ့ဘက်က ခိုင်းတာ မသေဝံ့တော့ လုပ်ရမှာပဲဟု တွေးတွေးဆဆ ထထကြည့်ကြည့် လက်မြှောက် မြှောက်ရသည်။

သေနတ်သုံးလက် ရဲသုံးယောက်၊ ဓားရှည်လေးငါးလက်၊ ဓားလှံ လေးငါးလက် လေးဒူး(ဒူးလေး) လေးငါးလက်နှင့် လူအုပ်ကြီးမြင်ရာ သူတို့နှစ်ဦးစလုံး အချိုးရှာသကာတွေ့ ရေငတ်စဉ် ရေတွင်းထဲကျဖြစ်ရသည်။

"ကယ်ပါဦး ဆရာတို့ရယ်။ ကျွန်တော်တို့ ခြင်ထောင်သည်နှစ်ယောက်ပါ။ ခန့်မှန်းခြေ စိတ်ထင်တင်ပြရရင် လွန်ခဲ့တဲ့ နာရီဝက်လောက်ကမှ လူနှစ်ယောက်က ဓားမိုးပြီး အနုကြမ်းစီးသွားပါတယ်။ ကယ်ပါဦး ခင်ဗျာ"

ရဲသုံးဦးနှင့် အရပ်သားများက ရယ်ကြသည်။ သေနတ်များ၊ ဓားများ၊ လှံများ၊ လေးဒူး (ဒူးလေး)များဖြင့် ချိန်မြဲ ချိန်ထားသည်။

"ဒီမှာ ဝရမ်းပြေးသန်းအောင်နဲ့ ငဝင်း၊ မင်းတို့ဥာဏ်ဒါအကုန်ပဲလားဟေ့၊ အူကြောင်ကြောင်မလုပ်နဲ့ ကိုယ့်လူတို့၊ ဒီဦးထုပ်၊ ဒီပုဆိုး၊ ဒီအကျီနဲ့ မင်းတို့ ဒီဘက်ထွက်သွားတာ သိလို့ အပိုင်လိုက်လာတာ။ ချိုင့်ကြီးရွာ ကအငှား ယာခင်းစောင့် ဦးမြင့်စိန်တဲ မင်းတို့ဝင်တာ၊ သူတို့သားအဖနှစ်ယောက်ကို ခြိမ်းခြောက်တာ၊ ထမင်းဟင်းစားသွားတာ၊ ဒီဘက်ထွက်သွားတာ၊ တို့သတင်းရလို့ လိုက်လာတာ။ မင်းတို့ ပြေးနိုင်လှ ခုလမ်းနဲ့ တောင်လမ်း ဒီနှစ်လမ်းရှိတာ မဟုတ်လား။ ခုလမ်းက တို့အဖွဲ့လာတယ်။ တောင်လမ်းက စခန်းမှူး အဖွဲ့နဲ့ မိမှာပဲ။ ဒီတော့ အေးအေးဆေးဆေး လက်ထိတ်ခတ်ခံပါ။ ဒီလိုမဟုတ်လို့ကတော့ အသေရရ အရှင်ရရ ပစ်ခတ်ဖမ်းရမယ်။ ပစ်လိုက်ရမလား"

သောင်းမြင့်နှင့် မင်းသန်းကိုမှာ အဟုတ်များ ပစ်ခတ်မလားထင်ကာ မျက်လုံးပြူး မျက်ဆန်ပြူး အလျင်အမြန်ပြောရသည်။

"ဟာ ဖမ်းချင်သလို ဖမ်းပါ ဆရာတို့ရာ သေနတ်နဲ့တော့ ပစ်ခတ်မဖမ်းပါနဲ့။ ဒီဦးထုပ် ဒီအဝတ်တွေဟာ ဆရာတို့ အမိန့်ရှိသလို ဝရမ်းပြေးတွေ ဝတ်လာ ဆောင်းလာတာ ဟုတ်ပါတယ်။ ကျွန်တော်တို့ ဝတ်လာတာ မလေးရှားပုဆိုးနဲ့ တက်ထရက် ရှန်အကျီတွေဆိုတော့ ဖွတ်လဲခိုင်းလို့ လဲပေးလိုက်ရပါတယ်။ ယုံပါဆရာ။ ကျွန်တော်တို့ လူကောင်းသူကောင်းတွေပါ။ အနုကြမ်းအမှန် အစီးခံရတဲ့ လူတွေပါ"

"ကဲပါလေ စကားထပ်

> **ကျွန်တော်တို့ ခြင်ထောင်သည် နှစ်ယောက်ပါ။ ခန့်မှန်းခြေ စိတ်ထင်တင်ပြရရင် လွန်ခဲ့တဲ့နာရီဝက် လောက်ကမှ လူနှစ်ယောက်က ဓားမိုးပြီး အနုကြမ်းစီးသွား ပါတယ်။**

www.burmeseclassic.com



ကုန်ပါပြီ။ လူကောင်းဖြင့် အသာတကြည် အဖမ်းခံပါ။ သက်ဆိုင်ရာရောက်မှ တရားဝင်ဖြေရှင်းပါ။ ခုတော့ လက်ထိတ်ခတ်ခံဖို့ လိုပါတယ်''

ကမ္ဘာပေါ်၌ လက်ထိတ်ခတ်ခံရသည်ကို ဝမ်းပန်းတသာ လက်ထိတ်ခံရသူရှာလျှင် မင်းသန်းတို့ကို ရှားရှားပါးပါး ပြရမည်။ ဝမ်းပန်းတသာဖြင့် လက်ထိတ်ခတ်ခံရရှာသော သောင်းမြင့်နှင့် မင်းသန်းတို့ကို သုံးရစ်တပ်ထားသည့် ရဲတပ်ကြပ်ကြီးက စူးစူးစိုက်စိုက်ကြည့်သည်။ လူကြီးတစ်ဦးအား ခေါ်ယူပြီး ပြောသည်။

''ဥက္ကဋ္ဌကြီး၊ ဒီလူနှစ်ယောက်က ဖြူဖြူနွဲ့နွဲ့ လူရည်သန့်သန့်၊ ဟိုတဲက ပြောလိုက်တာက မည်းမည်းသဲသဲ၊ မိုက်ရုပ်အပြည့်၊ တောင့်တောင့်တင်းတင်းတဲ့။ လူကောင်းကို မှားဖမ်းပြီး လူဆိုးအစစ်လွတ်သွားရင် ကျွန်တော်တို့ အားနည်းရာကျမယ်။ လွန်ခဲ့တဲ့ နာရီပိုင်းကမှ မြင်ခဲ့တယ်ဆိုတဲ့ ယာခင်းအစောင့်ကို ဒီလူနှစ်ယောက် ပြသပြီး သူတို့ ဟုတ်မဟုတ် ပြောင်မေးမှ တရားမျှတမယ်''

''တပ်ကြပ်ကြီး ပြောတာ သဘာဝကျပါတယ်။ ဒီလူနှစ်ယောက်ကို ယာခင်းစောင့် မြင့်စိန်တဲခေါ်ခဲ့။ ဟိုရောက်တော့ ပြကြည့် ဘူးလား ဖရုံလား ကွဲတာပေါ့''

ပါဝင်သော နောက်လိုက်များကလည်း သဘောတူသည်။

''အေး သွားကြမယ်။ ဒီလူနှစ်ယောက်ကို အလယ်ကထား၊ ထွက်တော့မပြေးစေနဲ့''

သောင်းမြင့်နှင့် မင်းသန်းတို့ကို လက်ထိတ်ပူးတွဲခတ်ပြီး သေနတ်နှင့်ချိန်၊ ဓားနှင့်ရံ ဓားလှံနှင့်စောင့်၊ လေးဒူးနှင့် ရွယ်ကာ ခေါ်သွားသည်။

သောင်းမြင့်တို့အဖို့ သူတို့နှင့် ယာခင်းစောင့် ကိုမြင့်စိန်ကို တစ်ခါမှ မတွေ့ဖူး၊ မသိဖူး၊ ခုပြခုလွတ်မည်ဟု ယုံယုံကြည်ကြည်ကြည်။

အချိန်တော်လေး ကြာအောင် လျှောက်မှ ကိုမြင့်စိန် တဲသို့ရောက်သည်။ ကိုမြင့်စိန်တဲ သို့ရောက် လျှင် ရောက် ချင်း သောင်းမြင့်တို့ ဝမ်းသာလုံးဆို့သွားသည်။ သူတို့လွတ်တော့မည့် အချိန်နီးပြီဟု ထင်ခဲ့မိကြ၏။ သောင်းမြင့်တို့ နှစ်ယောက်အား ကိုမြင့်စိန်ကို စေ့စေ့စပ်စပ် သေသေချာချာ ကြည့်စေသည်။ တပ်ကြပ်ကြီးက–

''ကဲ ကိုမြင့်စိန်ရေ ကျုပ်တို့ ဝရမ်းပြေးတွေပဲ။ ဟုတ်ရင်ဟုတ်တယ်။ မဟုတ်ရင် မဟုတ်ဘူး။ မှတ်မိရင် မှတ်မိတယ်။ မမှတ်မိရင် မမှတ်မိဘူးဖြေပါ။ ဘယ်လိုဖြေရမယ်လို့ ကျွန်တော်တို့ ဖွတ်မခိုင်းဘူး။ မှန်မှန်ကန်ကန်နဲ့ တိတိကျကျသာ စဉ်းစား ချင့်ချိန်ဖြေပေးပါ''

သောင်းမြင့်ရော မင်းသန်းပါ သူတို့ရွှေတောင်ကြီးပမာ မှီခိုအားထားရာဖြစ်ထသော ကိုမြင့်စိန်အား သွားဖြဲလေးများနှင့် ပြုံးပြကြသည်။ ကိုယ်တော်ချော ကိုမြင့်စိန်က သူတို့နှစ်ဦးအား ရှေ့ကလည်းကြည့်၊ ဘေးကလည်း ရှု၊ နောက်မှလည်း ချိန်ဆအကဲခတ်ကာ ခိုင်မာသော အဖြေကို ရဲရဲဝံ့ဝံ့ပေးသည်။

''မှတ်မိသမှ သေချာပါဗျာ။ ဒီလူတွေမှ ဟုတ် ‥ ဟုတ် ‥ ဟုတ်နဲ့တောင် မြည်



www.burmeseclassic.com

www.burmeseclassic.com



ပါသေးတယ် ရဲသားကြီးရယ်။ သေချာလိုက်တာမှ သေသေချာချာပါ။ ဒီဦးထုပ်၊ ဒီပုဆိုး၊ ဒီအင်္ကျီနဲ့ ဒီလူနှစ်ယောက်ကို မမှတ်မိလောက်အောင် စောစောကလာတုန်းကဖြင့် ဓာတ်ထဲက လူမိုက်လို ဓားတကြိမ်းကြိမ်း၊ ဒီမျက်နှာ ဒီဦးထုပ် ဒီအင်္ကျီနဲ့ ဒီလူတွေကို ညနက်နက် လမိုက်မိုက်မှာ ဖျတ်ခနဲ ဒုံမီး(လက်နှိပ်မီး) ထိုးပြတောင် မှတ်မိပါတယ်''

ရှင်းလိုက်၊ ပီသလိုက်သည့် ကိုမြင့်စိန်အဖြေ။

မြို့အုပ် မင်းဆောင်မှ ထောင်လုံးလုံးကျမဟုတ်။ ကြိုးစင်ပေါ်အတီးအမှုနှင့် ခုန်ကတတ်ရမည့် အဖြစ်မျိုး။

သောင်းမြင့်နှင့် မင်းသန်းတို့ မျက်နှာကား သေခါနီးလူမမာသွေးဆုတ်သကဲ့သို့ ဖြူဖတ်ဖြူရော်။

ကိုမြင့်စိန်၏ ရှင်းလင်းတိကျပီသသော အဖြေကြားပြီးကတည်းက ငြိမ်သက်ရှာသားတို့ သွေးဆူလာကာ တလှုပ်လှုပ်။

ရဲအဖွဲ့နှင့် ဥက္ကဋ္ဌက ဖမ်းဆီးထားသော သူ့ကို လက်ဖျားနှင့် မတို့ရ၊ မခြိမ်းခြောက်ရ။ ဖမ်းဆီးထားသူကို ရိုက်ခဲ့နှက်ခဲ့က ရိုက်နှက်သူကို မည်သူမဆို အရေးယူမည်ဟု ဟန့်တားထားသောကြောင့်သာ သောင်းမြင့်တို့ မသေသသည်။

ရဲအဖွဲ့နှင့် ဥက္ကဋ္ဌအလစ်၌ ဓားထောင်ပြသူပြ၊ လုံထောင်ပြသူပြ၊ တုတ်ထောင်ပြသူပြနှင့် အံတကြိတ်ကြိတ်။ ရဲနှင့် ဥက္ကဋ္ဌသူတို့အနီး ပါရှိပါစေဟု ဆုတောင်းရသည်က အမော။

ကံမခိုင်လျှင် သံတိုင်အိမ်ဆောက်တော့ ကံမှောက်လျှင် ကျိုးတတ်သော လောကသဘောကို သိထားသောသူတို့အဖို့ ကံကိုသာ အားကိုးရတော့သည်။

ကိုကံတို့၊ မကံတို့၊ မကံတို့၊ ကိုကံတို့ သည်အတိုင်းကြည့်နေကြတော့မလား၊ ကင်ဖို့ကံလာပါဦး၊ ကံလာပါဦး၊ ကံသာအမိ၊ ကံသာအဖ။

သောင်းမြင့်တို့က ကံအားကိုး၊ လူအုပ်ကြီးက ရုတ်ရုတ်ရုတ်ရုတ်ဖြင့် ခုတ်မယ်၊ ထစ်မယ်၊ ခွာမယ်၊ နွာမယ် ဖြစ်နေစဉ် ယာစောင့်တဲဆီသို့ ကောင်လေး တစ်ယောက် ရေထမ်းဆိုင်းလေး ထမ်းရင်း ယိုင်ယိုင်ယိုင်ယိုင်ဖြင့် လာသည်။

ထိုကောင်လေး လာနေသည်ကို တဲရှိလူများကလည်း မြင်သည်။ ထိုကောင်ကလေးလည်း မြင်သည်။ ကောင်လေးကား ကိုမြင့်စိန်သား ထပ်ပေါ်။

အမေ့ကြိမ်ဒဏ်၊ ဆဲဒဏ်ကြောက်သောကြောင့် သူ့အဖေယာခင်း အငှားစောင့်ရာတောထဲဆီသို့ ထပ်ပေါ်ဒုန်းပြေးခဲ့သည်။ တောရောက်လျှင် ငုံးခြောက်၊ ချိုးတည်၊ နေရွှေ့လိုက်ပျော်ပျော်ကြီး နေရတော့မည်ဟု ထင်ခဲ့သော ထပ်ပေါ်။ တောရောက်တော့ ထင်ထားသမျှ အလွဲလွဲ အချော်ချော်။

သူ့တဲရောက်၍ စိမ်ပြေနပြေ မနားရသေး။ ဓားရှည်ဖြင့်မိုး၊ ဓားမြှောင်ဖြင့်ချိန်ကာ ဝရမ်းပြေးနှစ်ဦးက ထမင်းခူးကျွေးခိုင်းသည်။ ခြိမ်းခြောက်လိုက်သည်မှာလည်း မနေမနား။

သူတို့ပြန်သွားမှ အဖေကို မြင့်စိန်ကို ထပ်ပေါ်လှည့်ရှာဝံ့သည်။သူ့အဖေဝတ်သောအင်္ကျီကို ချွတ်၊ မျက်နှာအဝတ် စည်း၊ ခြေကိုပူး၍ ကြိုးဖြင့်ချည်၊ လက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလက်ပြန်ကြိုးတုပ်ကာ ထန်းပင်ပေါ်ချုပ်နှောင်ထားကြသည်။ ထပ်ပေါ်ဖြေပေးမှသာ အဖေလှုပ်နိုင်သည်။ သတ်မသွားတာ ကံကောင်းတာ၊ မအေပေးတွေ၊ ဒါတောင် နှစ်ချက်ကန်သွားသေးတယ်ဟု ထပ်ပေါ်အဖေက သူခိုးပြေးမှ ထိုးကွင်းထဆဲသေးသည်။

ဘာမှ ကြာသည်မထင် ရဲတပ်ဖွဲ့ဝင်များ၊ ရွာလူကြီးများနှင့် ရွာသားများ တုတ်၊ ဓား၊ ဓားလှံ၊ လေးဒူး (ဒူးလေး) သေနတ်အစုံအညီဖြင့် ရောက်လာပြီး သူ့ကိုရော သူ့အဖေကိုမြင့်စိန်ပါ တစ်မေးတည်း မေးသည်။ ထပ်ပေါ်ရော သူ့အဖေပါ အညှောင်းဖြေမှ တော်တော့သည်။

လူအုပ်ကြီးနှင့် သောက်သွားသောကြောင့် သူ့တဲမှာ သောက်ရေကုန်သည်။ ဘူးသပိတ်ခြောက်ကြီးများကို ရေအိုးသဖွယ် ရေ့နောက်တစ်လုံးစီလုပ်ကာ ဆိုင်းထမ်း၍ ထည့်ပြီး ထမ်းရသောရေထမ်းဆိုင်းဖြင့် တောရေကန်မှရေကို သွားထမ်းရန် သူ့အဖေကိုမြင့်စိန်က ထပ်ပေါ်အား ခိုင်းသည်။ မသွားချင်သော်လည်း ငြင်းမရသဖြင့် ထပ်ပေါ်ထမ်းပြန်ခဲ့ရသည်။

ယခု ဘာများဖြစ်ပြန်ပြီနည်း။

လူအုပ်ကြီးက သူ့တဲမှာ ရုံးစုရုံးစု ဆူဆူညံညံ ဖြစ်ပြန်ပြီ။ သည်တစ်ခါ ရေကုန်လျှင် နောက်တစ်ခါလည်း ထပ်ပေါ်ပဲ ထမ်းရမည်။

ထပ်ပေါ်တို့ တဲရေအိုးစင်မှာ တဲနောက်ဖေးရှိ တမာပင်ကို ရေအိုးစင်ကပ်ရိုက်ထားခြင်းဖြစ်ရာ တမာပင်အထိ ထပ်ပေါ်ပို့မှ ရေဖြည့်နိုင်မည်။ လူအုပ်ကို ရှောင်ကွင်းပြီး တမာပင်ခြေရင်း ထပ်ပေါ်လာခဲ့သည်။

ဟင် ..ခြင်ထောင်ရောင်းတဲ့ ဦးဦးဇော်လင်းနဲ့ ဦးဦးကျော်ဟိန်းတို့ပါလား ..ဟာ .. လက်ထိတ်ခတ် တမာပင်ခြေ ချည်နှောင်ထားတာပါလား။ အို ဘယ်လို ..ဘယ်လို ဖြစ်ပါလိမ့် ခြင်ထောင်ရောင်းလာတုန်းက အဝတ်အစားများမဟုတ်၊ ခုဝတ်ထားတဲ့ အဝတ်အစားတွေ့ ထပ်ပေါ် ခူးကျွေးလိုက်တဲ့ ဝရမ်းပြေးတွေ အဝတ်အစား သိပ်ဟုတ်ပေါ့၊ စစ်ဝတ်အင်္ကျီအဟောင်းမှာ ကုပ်ပိုးနေရာက ဖာထားတာ ဟုတ်မှသိပ်ဟုတ်။

"ဦး ..ကျုပ်နဲ့ ရွာထဲ ခြင်ထောင်ရောင်း လာတုန်းက တွေ့တော့ အဝတ်အစားတွေက အပျံစားတွေပါဗျ။ ဘယ်ရောက်ကုန်လဲ၊ ဦးတို့ ခုဝတ်ထားတဲ့ အဝတ်အစားတွေက ကျုပ် ထမင်းခူးကျွေးလိုက်ရတဲ့ ဝရမ်းပြေး နှစ်ယောက် အဝတ်အစားတွေနဲ့ တူလိုက်တာ၊ ခြင်ထောင်တွေ ဘယ်ရောက်ကုန်ပြီလဲ၊ အမေနဲ့ ချဉ်ပေါင်သည်မကြီး နပန်း

**ဟင် ..ခြင်ထောင်ရောင်းတဲ့ ဦးဦးဇော်လင်းနဲ့ ဦးဦးကျော်ဟိန်းတို့ပါလား ..ဟာ .. လက်ထိတ်ခတ် တမာပင်ခြေ ချည်နှောင်ထားတာပါလား။ အို ဘယ်လို ..ဘယ်လို ဖြစ်ပါလိမ့်**



www.burmeseclassic.com

www.burmeseclassic.com



လုံးတာ ဘယ်သူနိုင်သလဲဗျ''

ကမ္ဘာဦးသူတို့ အနေဖြင့် လက်ကို တွေ့ရသဖြင့် ဝမ်းသာခြင်း မျိုးကို သောင်းမြင့်နှင့်မင်းသန်း လှိုက်ခနဲ့ ခံစားမိသည်။

သူတို့ဖြစ်ပျက်ပုံ အလုံး စုံကို ရှင်းပြအကူအညီတောင်းခံ ကြသည်။

ဘေးမှ လူများက ထပ် ပေါ်နှင့် သောင်းမြင့်တို့ နှစ်ဦး စကားပြောနေသည်ကို ပါးစပ် အဟောင်းသားဖြင့် နားထောင် နေကြသည်။

''ဦးရေ ... ဒီတဲရှင်ဆို တာ ကျုပ်အဖေဗျ။ အမေ့ကို စိတ်မဆိုးပါနဲ့၊ အဖေ့ကို ထန်းပင် အကွယ်က ချောင်းဖမ်း၊ လိမ့် ကန်၊ မော့မကြည့်နဲ့ပြော၊ အင်္ကျီ ချွတ်၊ မျက်နှာစည်း၊ ကြိုးတုပ် ထားတာပြန်သာသွားရော အဖေ နဲ့ သူတို့ ထပ်မတွေ့တော့ဘူး။ ကျုပ်သွားဖြေပေးမှ အဖေလွတ် တာ။ ကျုပ်ကိုသာ ဝရမ်းပြေးနှစ် ယောက်က အနီးကပ်ခံတာ။ အ ကြည့်ခံတာ။ သူတို့ခိုင်းတာ လုပ် ပေးရတာကလဲ ကျုပ်ပါပဲ။ ဟို ဝရမ်းပြေးနှစ်ယောက်စလုံးက အ သားမည်းတယ်၊ တစ်ယောက် က သွားခေါခေါ၊ နဖူး ပြောင် ပြောင်၊ တစ်ယောက်က မျောက် မျက်နှာလို စုတ်ချွန်းချွန်း၊ နှာ ခေါင်းချပ်ပြားပြား၊ ဦးတို့လို ရုပ် ရှင်မင်းသား ဇော်လင်းနဲ့ ကျော် ဟိန်းလို ရုပ်မျိုးမဟုတ်ဘူး၊ အဖေ တော့ပြောမနေနဲ့၊ ရမ်းဖြီးမှန်းပြီး တတ်လွန်းလို့ အမေက ရမ်းသ ရှူး၊ ဖျန်းသရှူးတဲ့။ အဖေပြောတာ ယုံရင်ကမ္ဘာပျက်မတဲ့။ ခုလို ချီး ကျူးခံရတာ ခုလဲ အဖေ မြင်တာ ခဏလေးရယ်၊ ဒါကို ရမ်းသရှူး မှန်းသရှူး လုပ်တာနေမှာပါ။ စိတ် မရှိပါနဲ့''

ထပ်ပေါ် စကားကြောင့် သောင်းမြင့်နှင့် မင်းသန်းတို့ ထခုန်ချင် စိတ်တဝေဝေ။ သည် စကားတစ်ခွန်း ကျေးဇူးကို ရဲ လက်မှလွတ်သော အချိန်၌ ပြန် ဆပ်ရမည်။ ဘာနဲ့ကျေးဇူးဆပ် မလဲ။ မောင်ထိပ်ပေါ်လေး လို ချင်သည့် ခြင်ထောင်တစ်လုံး လာပို့ရမည်။ တစ်ယောက် ကျေးဇူး တစ်ဦးမေတ္တာ။

လူအုပ်က သောင်းမြင့် တို့ကို ဦးမတည်တော့။ ကိုမြင့် စိန်အား မသေချာဘဲ ပြောသည်၊ နံရိုက်ခွာဟု လုပ်လာပြန်ရာ ရဲ တပ်ဖွဲ့ဝင်များနှင့် ရွာလူကြီးတို့ က ကိုမြင့်စိန်အား သူတို့ကြား ခေါ်ထားမှ ပရိသတ် ငြိမ်သည်။

''ဝရမ်းပြေး မိလာပြီ၊ ဝရမ်းပြေး မိလာပြီ။ ခြင်ထောင် နှစ်ထုပ်ပါတယ်။ အိတ်ထဲက ပိုက်ဆံတွေလဲ သိမ်းလာတယ်။ ခြင်ထောင်သည်တွေ ဆီ က လု ထားတာတဲ့''

ရှေ့မှ အော်အော်ပြေး ပြေး ပြေး၍ ကိုမြင့်စိန်တဲသို့ အရပ်သားတစ်ဦးက ဝင်လာ သည်။ သူ့စကားကြောင့် အား လုံး လှုပ်လှုပ်ရှားရှား။

စခန်းမှူးနှင့် ရဲတပ်ဖွဲ့ ဝင်များက ဝရမ်းပြေးနှစ်ဦးကို လက်ထိတ်ခတ်ခေါ်လာသည်။ ခြင်ထောင်များကို အရပ်သား တို့ က ထမ်းလာသည်။ ဝရမ်းပြေး နှစ်ဦးမှာ မလေးရှားပုဆိုးအကွက် စိပ်စိပ်နှင့် တက်ထရက်ရှန် စ တစ်ကော်လာအဖြူနှင့် သား သားနားနား။ ထပ်ပေါ်ပြောသော အင်္ဂါရုပ်နှင့် တစ်ထပ်တည်း တူ နေသည်။

ရဲတပ်ကြပ်ကြီးက အလေးပြုပြီး သတင်းပို့သည်။

''ကျွန်တော်တို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဝရမ်းပြေးလားဆိုပြီး ခြင်ထောင်သည်နှစ်ဦးကို ဖမ်းထားပါတယ်။ ခြင်ထောင်သည်ဆိုတဲ့ လူနှစ်ဦးကတော့ သူတို့ ဝရမ်းပြေးမဟုတ်ဘူး။ လုယက်ခံရသူတွေပါလို့ အစကတည်းက အစစ်ခံပါတယ် ဆရာ”

“ခေါ်ခဲ့ပါကွာ၊ သူတို့ကို တောင်းပန်ပြီး သူတို့ခြင်ထောင်နဲ့ သူတို့ငွေပြန်ပေးရမှာပေါ့။ သူတို့က အမှုဖွင့်ချင်ပါတယ်ဆိုရင် ထပ်ဖွင့်ပေးရမှာပေါ့။ ဒီကောင်တွေ တစ်မှုတိုးတော့ ပြစ်ဒဏ်ပိုတာပေါ့”

စခန်းမှူး ထိုင်နေရာ တဲတစ်ဖက်အကွယ်သို့ လက်ထိတ်ဖြုတ်ကာ သောင်းမြင့်နှင့် မင်းသန်းတို့ကို ရဲတပ်ကြပ်ကြီးက ခေါ်ထုတ်ခဲ့သည်။ စခန်းမှူးနှင့် သောင်းမြင့်တို့နှစ်ဦး မျက်နှာချင်းဆိုင်တွေ့သောအခါ တစ်ဦးနှင့်တစ်ဦး အံ့အားသင့်နေသဖြင့် ရုတ်တရက် စကားမပြောနိုင်ကြ။ ပထမဆုံး သတိပြန်ဝင်သူမှာ ရဲကင်းစခန်းမှူး ဒလမခင်မောင်ဝင်း။

“ဟာ . . ဟိတ်ကောင် နမပေးသောင်းမြင့်၊ ဖွတ်ကျားမင်းသန်း၊ နင်တို့က ငါ ကိုယ်တော်မြတ်ရဲ့ ရွှေကြိုးသတ်နယ်ထဲ ဘယ်နှယ်လုပ် ခြင်ထောင်ထမ်းရောင်းရသလဲဟ”

စခန်းမှူး ဒလမ ခင်မောင်ဝင်းက မေးမေးထထ ထသည်။

“ခွေးသား၊ နင်နဲ့တွေ့လို့သာဟာ၊ ကံကောင်းလို့ ဒုက္ခမရောက်တာဟ”

“နေစမ်းပါဦး၊ သောင်းမြင့်ရ၊ နင်က အထက်တန်းပြ ကဗျာတွေ ရေးလို့လဲ စာမူခရသေးတယ်။ ဟိုကောင် မင်းသန်းက ဒု-ရုံးအဖွဲ့မှူး၊ လက်ထောက်မြို့ပိုင်လေး၊ ဝတ္ထုတို မဂ္ဂဇင်းရည်ရေးလို့ စာမူခက ရသေး။ ဒီကြားထဲက သူဌေးဖြစ်ချင်လို့ လောဘကြီးပြီး ခြင်ထောင်ရောင်းတာ ဒုက္ခဖြစ်ကုန်ကြပြီ”

“စားဝတ်နေရေး အရ အပိုဝင်ငွေ ရှာရတာကွ။ အခုတော့ အပိုဝင်ငွေ မရဘဲ အပို ဒုက္ခကြုံရပြီကွာ”

“လူတစ်စု၊ ပူမှုရယ် ဆယ်ကုဋေ၊ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာကြုံရသလို ဖြစ်သွားတာပါကွာ၊ ဒါပေမယ့် တရားခံ အစစ်တွေကို ဖမ်းမိပြီဆိုတော့ မင်းတို့လဲ ဘာမှမဖြစ်တော့ပါဘူးကွာ”

“ဘာမှ မဖြစ်ပေမယ့် စိတ်ဆင်းရဲမှုကိုတော့ ကိုယ်တွေ့ကြုံခဲ့ရပြီကွာ”

“လောကဓံ တရားလို့ပဲ ခံယူလိုက်ကြပါကွာ။ ပြီးတော့ စာရေးဖို့ စာပေကုန်ကြမ်းလဲ ရတာပေါ့ကွာ”

“ဩော် . . လောကဓံ . . လောကဓံ။ မြေနိမ့်ရာလှံစိုက်တဲ့ လောကဓံပါလားကွာ”

“မြေနိမ့်ရာ လှံစိုက်တာ မဟုတ်ဘူးကွ။ မင်းတို့ကိုက ကံခိုက်နေတာကွ”

“ဟား . . ဟား . . ဟား”

“ဟား . . ဟား . . . ဟား”

စခန်းမှူးက ပြောပြောဆိုဆို ဟားတိုက်ရယ်မောလိုက်လေရာ သူတို့နှစ်ယောက်လည်း ရော၍ ရယ်မောလိုက်ကြလေတော့သည်။

**တွင်းကြီးဝမ်းမောင်**



www.burmeseclassic.com

www.burmeseclassic.com





## ညီလေးဖတ်ဖို့ ရေးတဲ့စာ



# ဖိနပ်အသစ်ကလေး စီးချင်သလား

ဆူးသစ်

**ဆူးသစ်**

**ညီလေးရေ ---**

တစ်ခါက ချာတိတ်လေးတစ်ယောက်ဟာ ပန်းခြံတစ်ခြံရဲ့ ခုံတန်းလျားလေးမှာ ထိုင်ပြီး စိတ်ပျက်နေလေရဲ့။ သူ စိတ်ပျက်တဲ့အကြောင်းက သူစီးထားတဲ့ Walking Shoe ဖိနပ်ကလေး ပေါက်ပြဲစုတ်ပြတ်သတ်နေပြီး လူတွေက သူ့ကို ဝိုင်းလှောင်ပြောင်နေကြလို့လေ။ သူ့ဖိနပ်ကလည်း ပြောမယ်ဆိုရင် ပြောချင်စရာပါပဲ။ ဖိနပ်နှစ်ဖက်စလုံးရဲ့ ထိပ်ပိုင်းတွေ က ပေါက်နေလို့ ခြေချောင်းတွေတောင် မြင်နေရပြီလေ။

သူဟာ စိတ်ပျက်လက်ပျက်နဲ့ ခုံတန်းလျားကနေထွက်ခွာခဲ့ပြီး စမ်းချောင်းလေးတစ်ခုအပေါ်က တံတားပေါင်ပေါ်မှာ မတ်တတ်ရပ်လို့ ရေထဲက မြင်နေရတဲ့ သူ့ဖိနပ်ကို ပြန်ငုံ့ကြည့်နေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ သူထိုင်ခဲ့တဲ့ ထိုင်ခုံကို ပြန်လာတဲ့ အခါ သူ့အရွယ် ချာတိတ်လေးတစ်ယောက်ဟာ အဝတ်အစား သားသားနားနားနဲ့ ဖိနပ်ကလည်း လှလှပပ စီးချင်စရာလေးနဲ့ ထိုင်နေတာ တွေ့တော့ သူငေးကြည့်မိတယ်။

နှစ်ယောက်စလုံးဟာ ဆယ့်သုံး၊ ဆယ့်လေးနှစ် အရွယ်တွေဖြစ်တော့ အဝတ်အစား ပိုသိပတ်သီ စုတ်ပြဲနုံ့ချာတဲ့ပုံနဲ့ ဖိနပ်အစုတ်ဝတ်ထားတဲ့ ကောင်လေးဟာ သူ့အရွယ် သားသားနားနား ဝတ်ထားတဲ့ ရွယ်တူကောင်လေးကို အားကျမိတာပေါ့။ အထူးသဖြင့် သူ ငေးကြည့်မိတာကတော့ အဲဒီကောင်လေး စီးထားတဲ့ ဖိနပ်ပါပဲ။ အဖြူအနက်ကျားကလေးဆိုတော့ တကယ်ကို စီးချင်စရာလေးပါ။

အဲဒီလို ထိုင်ခုံတစ်ခုံပေါ်မှာ နှစ်ယောက်အတူ ထိုင်နေလေတော့ ဖိနပ်အသစ်စီးထားတဲ့ ကောင်လေးက ဖိနပ်ပေါက်နေတဲ့ ကောင်လေးကို လက်ပြနှုတ်ဆက်ရှာပါတယ်။ ဒါပေမယ့် ဖိနပ်ပေါက်နေတဲ့ ကောင်လေးက ပြန်လည်း မပြုံးပြ၊ နှုတ်လည်းမဆက်နဲ့ သူ့အာရုံမှာ လွှမ်းမိုးထားတာ သူ့ရဲ့ဖိနပ်အပေါက်နဲ့ နောက်ကောင်လေး စီးထားတဲ့ ဖိနပ်အသစ်လေးပါ။

ဒါနဲ့ပဲ ခဏနေတော့ အဲဒီထိုင်ခုံကနေ စိတ်ပျက်လက်ပျက်ထပြီး ပန်းခြံထဲက သစ်ပင်တစ်ပင်ရဲ့ ခြေရင်းမှာ သွားထိုင်ပါလေရော။ ပြီးတော့ သူ့ဖိနပ်နှစ်ဖက်စလုံးကို ချွတ်လို့ သူ့လက်နဲ့ထိုးထည့်ပြီး လက်ထိုးရုပ်ကလေးတွေ စကားပြောသလို တစ်ယောက်တည်း စကားပြောပါတော့တယ်။ သူပြောတာက "ဘာဖြစ်လို့ သူ့ဆီမှာ ဖိနပ်အသစ်က ရှိနေပြီး ငါ့ဆီမှာကျတော့ ဖိနပ် အစုတ်က ရှိနေတာလဲ။ ဒါဟာ မမျှတဘူးဆိုတာ ငါသိတယ်" တဲ့။ သူ့ရင်ထဲမှာ ဘယ်လောက်တောင် ကြိတ်မနိုင်ခဲမရတွေ ဖြစ်နေလဲ မသိ ဘူးနော်။

အဲဒီမှာ သူ့စိတ်ထဲက အဲဒီဖိနပ်အသစ်နဲ့ ကောင်လေးလို ဖြစ်ချင်လာတယ်။ ဒါနဲ့ "ကျွန်တော် သူ့လိုဖြစ်ချင်ပါတယ်။ ကျွန်တော် သူ့လိုဖြစ်ချင်ပါတယ်" ဆိုပြီး မျက်စိမှိတ်လို့ အကြိမ်ပေါင်းများစွာ ရေရွတ်ပါတော့တယ်။

တစ်ခဏအတွင်းမှာပဲ သူဟာ ထိုင်ခုံပေါ်က ကောင်လေးနေရာမှာ ပျောက်သွားပြီး အဲဒီကောင်လေးဝတ်ထားတဲ့ အဝတ်အစားတွေအတိုင်း ဖိနပ်အသစ်ကလေးနဲ့ ပြောင်းလက်တောက်ပနေပါတော့တယ်။ အဲဒါနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ခုန ထိုင်ခုံပေါ်မှာ အဝတ်အစားအသစ်နဲ့ ထိုင်နေတဲ့ ကောင်လေးက သူ့ရဲ့ အဝတ်အစားအစုတ်၊ အပြတ်၊ ဖိနပ်အစုတ်နဲ့ ဖြစ်သွားတော့တယ်။

ဒါပေမယ့် ထူးခြားတာက အဲဒီအဝတ်အစား အစုတ်တွေနဲ့ ဖိနပ်အပေါက်ကို ရသွားတဲ့ ကောင်လေးက 'ဟေး' ဆိုပြီး အော်ပြီး ခုန်ပေါက်မြူးနေလေရဲ့။ ဖိနပ်အသစ်ကလေးရသွားတဲ့ ကောင်လေးကတော့ ဖိနပ်အစုတ်ရသွားတဲ့ ကောင်လေးက ဘာလို့ အော်ဟစ်ခုန်ပေါက်နေပါလိမ့်ဆိုတာကို နားမလည်ခင်မှာပဲ သူ့ရှေ့ကို ဘီးတပ်လက်တွန်း ထိုင်ခုံ (Wheel Chair)တစ်ခုံ ရောက်လာတာ တွေ့လိုက်ရပါတော့တယ်။

အဲဒီ ဘီးတပ်လက်တွန်းထိုင်ခုံကို တွန်းလာတဲ့ အမျိုးသမီးကြီးက 'မင်း စောင့်နေရတာ ကြာသွားပြီလား တောင်းပန်ပါတယ်၊ သွားလို့ရပြီနော်' ဆိုပြီး အဝတ်အစားအသစ်၊ ဖိနပ်အသစ်တွေနဲ့ ကောင်လေးကို ထိုင်ခုံပေါ်တင်ပေးပြီး စတွန်းပါတော့တယ်။ အဲဒီအချိန်မှာ စောစောက အဝတ်အစားအစုတ်၊ ဖိနပ်အစုတ်နဲ့ ဖြစ်သွားတဲ့ ကောင်လေးကတော့ ခုန်ပေါက်ပြေးလွှားရင်း အော်ဟစ်မြူးထူးလို့ပေါ့။

www.burmeseclassic.com



တကယ်တော့ ညီလေးရေ၊ မူလပထမက အဝတ်အစားသစ်၊ ဖိနပ်အသစ်နဲ့ ကောင်လေးဟာ အောက် ပိုင်းသေနေတာပါ။ အဝတ်အစားအစုတ်၊ ဖိနပ်အစုတ်နဲ့ ကောင်လေးကတော့ ခြေရောလက်ပါ ကောင်းပေမယ့် ဖိနပ်အသစ်ကလေးဝတ်ချင်တဲ့ တပ်မက်စိတ်ကြောင့် ဆုတောင်းလိုက်တာ ဖိနပ်အသစ်တော့ ရပါရဲ့ ဒါပေမယ့်လမ်းမလျှောက်နိုင်တော့တဲ့ ဘဝကို ရောက်သွားတော့တယ်။ ဖိနပ်အစုတ်ရသွားတဲ့ ကောင်လေးကတော့ ခုန် ပေါက်ပြေးလွှားရင်း ပျောက်ကွယ်သွားလေရဲ့။

**ညီလေးရေ---**

'My Shoes' ဆိုတဲ့ ဗီဒီယိုဖိုင်လေးကို ကြည့်လိုက်ရလို့ အစ်ကိုနားလည်သလို ပြန်ပြောပြတာပါ။ အဲဒီ ဗီဒီယိုဖိုင်လေးကနေ တွေးစရာတွေ တော်တော်ရပါတယ် ညီလေးရေ၊ အစ်ကိုနားလည်သလို ပြောပြပါမယ်။

လောကမှာ လူတွေဟာ ချမ်းသာဆင်းရဲ ကွဲလွဲနေတတ်ကြပါတယ်။ ဥစ္စာပစ္စည်းစိတ် စသဖြင့် ချမ်းသာသူ ချမ်းသာ၊ ဆင်းရဲသူဆင်းရဲပေါ့။ အတိတ်ဘဝက ကံပေးသ



လောက်နဲ့ လက်ရှိဘဝရဲ့ ကြိုးစားအားထုတ်မှုတွေကနေ ကိုယ်ရသင့်ရထိုက်တာ ရကြတာပါပဲ။

အဲဒီလို အချိန်မှာ သူများကိုကြည့်ပြီး ငါတော့ သူ့လို ဖြစ်ချင်လိုက်တာလို့ တွေးမိတတ်ကြတာပါပဲ။ ရုပ်လှသူကို တွေ့ရင် ရုပ်လှချင်၊ ချမ်းသာသူကို တွေ့ရင် ချမ်းသာချင် စတာတွေဟာ တော်တော်များများ ဖြစ်တတ်ကြတာတွေပါ။ တကယ်တော့ ဗီဒီယိုဖိုင်ထဲကလို ဆုတောင်းရုံနဲ့ ဘယ်ဖြစ်ပါ့မလဲ။ အဲဒီလို မဖြစ်တော့ ကိုယ်ပဲ ပူလောင်ရပါတယ်။

ဒီဗွီဒီယို ဖိုင်လေးက အဓိက ပေးချင်တဲ့ အကြောင်းအရာက ကိုယ့်လက်ရှိဘဝကို ကျေနပ်ပါဆိုတာပါပဲ။ အရာရာတိုင်းကို သူများလို ဖြစ်ချင်တိုင်း ဖြစ်လို့မရဘူးလို့ ပြချင်တာပါ။ ကိုယ့်ဆီမှာ သူများဆီက တစ်ခုခုကို လိုချင်လာပြီဆိုရင်တော့ ကိုယ့်စိတ်ကို ထိန်းဖို့ပြောချင်တာလေးပါ။ ကိုယ်ရထားတာသာ အကောင်းဆုံးမဟုတ်လား။

**ညီလေးရေ--**

ဒီဗွီဒီယိုဖိုင်နဲ့ ဆက်စပ်လို့ အစ်ကိုနဲ့သိတဲ့ ညီငယ်တစ်ဦးအကြောင်း ပြောပြချင်ပါသေးတယ်။

သူကလည်း စင်တာပူမှာ အလုပ်လုပ်နေတာပါ။ ပထမအလုပ်ကနေ နောက်အလုပ်ကို ပြောင်းခဲ့တာ နောက်အလုပ်က မနက်ဆို လေးနာရီခွဲ ထလိုထရပေမယ့် အိမ်ကိုတော့ ညဆယ့်နာရီထက်စောပြီး ရောက်လေ့မရှိပါဘူး။ လစာက အရင်အလုပ်ထက် နည်းသွားတယ်လို့ ဆိုပါတယ်။

ဒါနဲ့ ဘာလို့ပြောင်းလဲမေးတော့ ကောင်းမယ်ထင်လို့တဲ့။ အခုတော့ "ကံမရှိ ဉာဏ်ရှိတိုင်းမွဲ" လို့ သူ့ဘာသာ ပြောရင်းလာသမျှ ဒုက္ခခါးစည်းခံနေတော့တာပါပဲ။ သူ့အထက်က လူတွေကလည်း သူ့ကို ဆူပူကြိမ်းမောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com





ပဲလေ။

**ဦးလေးရေ---**

ရှေ့က ပြောခဲ့တဲ့ ဗီဒီယိုဖိုင်က အလုပ်အကြောင်းနဲ့ မဆိုင်ပါဘူး။ ဒါပေမယ့် တစ်ခါတစ်ရံမှာ လူတချို့ အလုပ်နဲ့ ပတ်သက်ပြီး လောဘကြီးတတ်လွန်းလို့ပါ။ ကိုယ့်အလုပ်က ကောင်းတယ်။ ထပ်ပြီးတော့ ပိုကောင်းမယ်ထင်တာ ရွှေ့ချင်တယ်။ ရွှေ့တော့ဒုက္ခရောက်တော့တာပါပဲ။

မကောင်းတဲ့ အလုပ်က ရွှေ့သင့်ပေမယ့် ကောင်းနေတဲ့ အလုပ်ကနေ ရွှေ့ချင်တာမျိုးကတော့ ဖိနပ်အသစ်လိုချင်တဲ့ ကောင်လေးလိုပါပဲ ဦးလေးရေ။

**ဦးလေးရေ---**

အစ်ကိုတို့ မြတ်စွာဘုရား ဟောရှိခဲ့ပါတယ်။ ပစ္စုပ္ပန်သာ အကောင်းဆုံးပါ ဦးလေးရေ။ အတိတ်ကိုတွေးတော့ ဒေါသဖြစ်တယ်။ မရ၊ မလုပ်ခဲ့တာတွေအတွက် နောင်တရမယ်။ အနာဂတ်ကို တွေးတော့ လောဘတွေဖြစ်ပြန်ရော။ ဒီတော့ ပစ္စုပ္ပန်မှာ အကောင်းဆုံးဖြစ်အောင် နေထိုင်ကျင့်ကြံတာ အကောင်းဆုံးပါ ဦးလေးရေ။

အစ်ကိုတို့ ပိုင်ဆိုင်ထားတဲ့ လက်ရှိဘဝဟာ အစ်ကိုတို့အတွက် အသင့်တော်ဆုံးပါ။ သူများချမ်းသာလို့ ကိုယ်ချမ်းသာချင်ရင် ကိုယ့်ရဲ့ လုပ်အားနဲ့ပဲ ကြိုးစားပါ။ ဖြတ်လမ်းတွေ လိုက်ရင်တော့ သူများချမ်းသာသလို မချမ်းသာလည်း သူများ စိတ်ဆင်းရဲသလို ကိုယ်လည်း စိတ်ဆင်းရဲမှာတော့ အသေအချာပေါ့ ဦးလေးရေ။

လူတစ်ယောက်နဲ့ တစ်ယောက် ကြိုးစားအားထုတ်မှုချင်းယှဉ်ရင် တူနိုင်ပေမယ့် ကုသိုလ်ကံချင်းကတော့ အတိတ်ကံဆိုတာပါနေတဲ့အတွက် မတူနိုင်တာမို့ ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုကိုသာ အကောင်းဆုံးဖြစ်အောင် အားထုတ်ပါလို့ မှာချင်တာပါပဲ။

**ဦးလေးရေ---**

သူများ ဖိနပ်အသစ်စီးဟိုင်းလည်း ကိုယ်အသစ်စီးလို့မရတဲ့ ဘဝတွေအများကြီးပါပဲကွာ။ သူများဖိနပ်အသစ်စီးလို့ ကိုယ်မစီးရပေမယ့် မကျန်းမာသလိုမျိုး ကိုယ်မခံစားရဘဲ ကိုယ်က ဒေါင်ဒေါင်မြည်ကျန်းမာနေရင် အောက်ပိုင်းသေနေတဲ့ သူများဘဝနဲ့ ယှဉ်တွေးရင်း ကိုယ်ရထားတဲ့ အခြေအနေပေါ်မှာသာ ကျေနပ်နေလိုက်ပါကွာ။

ဖိနပ်အသစ်ဆိုတာ စီးခွင့်ရတဲ့အချိန် ကျန်းကျန်းမာမာနဲ့ စီးနိုင်မယ့်အချိန်တစ်ချိန်မှာ စီးခွင့်ရနိုင်သေးတယ်ဆိုတာ မမေ့ဖို့ ဒီ ဗွီဒီယိုဖိုင်လေးကို ဘာသာပြန်လို့ သတိပေးလိုက်ပါတယ်ကွာ။

**ဆူးသစ်**

**၂၀း၄၇နာရီ**

**(၁၄-၇-၁၃)**



www.burmeseclassic.com

www.burmeseclassic.com



# ဝါကျွတ်ရင်ပြန်ခဲ့မယ်



သံလွင်မိုး-မုတ္တမ

ချမ်းစိမ့်တဲ့ ဆောင်းရဲ့အရသာနှင့်အတူ လေပြည်လေညင်းကလေးတွေကလည်း ကျွန်မရဲ့ တမ်းတမှု လွမ်းဆွတ်မှုတွေကို သယ်ဆောင်ခဲ့ရှာသလား။

ဝါကျွတ် မီးပုံးလေးတွေကလည်း လှပတဲ့ လပြည့်ညကလေးကို ဖော်ကျူးလို့ နေခဲ့ပြန်ပြီ မောင်ရယ်။ ဆိတ်ဖလူးပန်းရနံ့လေးတွေ ဖော်ကျူးလို့နေခဲ့ပြန်ပြီ မောင်ရယ်။ ဆိတ်ဖလူးပန်းရနံ့လေးတွေ သင်းပျံ့မွှေးကြိုင်လေ အတိတ်တပုံရိပ်တွေက ကျွန်မရင်ကို ခွဲပြခဲ့မယ်ဆိုရင်တောင် ပန်းချီကားတစ်ချပ် ဖြစ်လာနိုင်ပါတယ် မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



**မိုးတို့ မောင်ခွဲမသွားချင်ပါဘူး မိုးရယ်။ ဝါကျွတ်တဲ့ လပြည့်ညတိုရောက်တိုင်း မိုးတို့ မောင်လွမ်းတဲ့အမှတ်တရပေါ့။ အဲဒီအမှတ်တရနေ့ကျရင် မောင့်ကို မျှော်နေနော်။ မောင် ပြန်လာပါ့မယ် မိုးရယ်"တဲ့။**

ဒီလို လပြည့်ညတွေ ရောက်တိုင်း ထုပ်စည်း တိုးတမ်းကစားခဲ့ပုံလေးတွေကို မှတ်မိပါတယ်။ ငယ်ဘဝကို တမ်းတမိပေမယ့် မောင့်ကိုလွမ်းတဲ့စိတ်ကလေးကလည်း မေ့ပျောက်မသွားခဲ့ပါဘူး မောင်။ ခုအချိန်အခါမှာ မောင် ဘယ်များ ရောက်နေပြီလဲ။ ကျွန်မကိုကော မေ့လို့နေပြီလား မောင်ရယ်လို့ ကျွန်မ တွေးနေမိပေမယ့် ပြန်ဆုံပါရစေ မောင်ရယ်လို့လည်း ဆုတောင်းခဲ့ပါတယ်။

'ဖွဲကာဝင်' သူ့ရဲ့အသည်းမှာ စွဲမြဲနေပါတယ် မောင်။ ပျောက်သောသူ ရှာရင်တွေ့တဲ့လေ။ တစ်နေ့နေ့မှာ မောင်နဲ့ ပြန်တွေ့ရမယ်ဆိုတဲ့ ကျွန်မရဲ့ ခံယူချက်တွေကို ကျွန်မတို့ဖွဲကာပင်တောင်ကြီးက အမိုးနဲ့ ဖထီးတောင် သက်သေပြနေပါတယ် မောင်ရယ်။ မဟိုင်းသေးတဲ့ အပျိုကြီး ဘဝနဲ့ မျှော်နေရတဲ့ အလွမ်းမောတွေ ဘယ်တော့ပြေမှာလဲ မောင်။ ကံတရားရဲ့ ထိုးနှက်ချက်မှာ ခွဲခွာဖို့နေ့ရက်တွေ ဖြစ်လာခဲ့လို့ ကျွန်မကို မေ့ခဲ့ပြီလား။

ဌာနေတစ်ခေါက် ပြန်ရောက်စေချင်ခဲ့သလို ရည်မှန်းချက်ကြီးကြီးနဲ့ ထွက်ခွာသွားတဲ့ မောင့်ရဲ့ ကတိစကား သံတွေကလည်း ပဲ့တင်လို့ နေခဲ့ပြန်ပါတယ်။

'မိုး မိုးကို မောင်ဘယ်လောက် ချစ်သလဲဆိုတာ လေ မိုးကို လက်ထပ်တဲ့အချိန်ကြရင် မောင်ဟာ စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်ဖြစ်ရမယ်။ နောက် မောင့်ကို အ ထင်သေးတဲ့ မိုးရဲ့ အသိုင်းအဝိုင်းထဲကို ချို့တဲ့တဲ့ဘဝမျိုးနဲ့ မဝင်ချင်ဘူး မိုး၊ မိုးကို လက်ထပ်ဖို့အတွက် မောင် ပြည်ပ မှာ အလုပ်သွားလုပ်မယ်။ မောင့်ရဲ့ ရည်မှန်းချက် မပြည့်မ ချင်း မောင်ပြန်မလာဘူး။ မိုးကို မောင်ခွဲမသွားချင်ပါဘူး မိုး ရယ်။ ဝါကျွတ်တဲ့ လပြည့်ညကိုရောက်တိုင်း မိုးကို မောင် လွမ်းတဲ့အမှတ်တရပေါ့။ အဲဒီအမှတ်တရနေ့ကျရင် မောင့် ကို မျှော်နေနော်။ မောင် ပြန်လာပါ့မယ် မိုးရယ်"တဲ့။

အဲဒီ စကားသံတွေကို ကြားနေရတဲ့ ကျွန်မ ရင်မှာ အလိုလို ဆို့နင့်ခဲ့တယ်။ မောင့်ရဲ့စကားမဆုံးခင်မှာ ကျွန်မ မျက်ရည်တွေကျခဲ့တယ်လေ။ ပျာပျာသလဲနဲ့ မောင့်ရဲ့ ယုယတဲ့ စကားသံကို ထပ်ကြားလိုက်ရပါတယ်။

"မိုးရယ် မငိုပါနဲ့၊ မောင့်ဘဝရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက် မှန်သမျှအားလုံးကလဲ မိုးအတွက်ပဲလေ။ ချမ်းသာတဲ့ မိုးတို့ အသိုင်းအဝိုင်းထဲကို ဝင်ဖို့ဆိုတာမလွယ် ဘူး မိုး၊ မောင်တို့က ရိုးသားတဲ့ တိုင်းရင်းသား တောင်ယာ လယ်သမားတွေပါ မိုး၊ ကျောင်းအတူတက်ခဲ့လို့ ပညာ အလင်းနဲ့ ဉာဏ်ပွင့်လင်းခဲ့တဲ့ တိုးတက်တဲ့ ခေတ်ကြီးထဲ မှာ မောင်တို့ရဲ့ အိုင်တျူတွေ နိမ့်ရမှာလား မိုးရယ်။ မိုးလဲ ပညာတတ် တစ်ယောက်ပါ။ မိုးအတွက် ဆိုရင်လေ မောင့်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ သစ္စာတရားတွေကို အသည်းမှာ လက်မှတ်ထိုးပြီး နှလုံးသားမှာ ကမ္ပည်းထိုးလိုက်မယ် ယုံလား"

"မောင်ရယ် ကျွန်မလေ ဒုက္ခကိုခံရဲပါတယ်။ သောကကို ကြောက်တယ်မောင်" လို့ ပြောတော့ ဖြူဖွေးတဲ့ မောင့်ရဲ့မျက်နှာပေါ်က အပြုံးစတွေကလည်း ချစ်ခြင်းရဲ့ နှလုံးသားကို စွဲဝင်စေခဲ့လေတယ်။ အဲဒီစကားတွေနဲ့ ထွက်ခွာသွားတဲ့ မောင့်ကို ကျွန်မ ဘယ်လိုမေ့ရမှာလဲ မောင်။

သစ္စာတရားဆိုတာ အသည်းမှာစွဲလို့ နှလုံးသားကို အလွမ်းကမ္ပည်းထိုးလိုက်ပါရစေ။ မော်ကွန်းတည်မယ့် အသည်းနဲ့ သစ္စာဆိုကိုရမယ်ဆိုရင်တောင် ကျွန်မက ပထမဖြစ်နေမှာပါ။ ကျွန်မတို့ ငယ်ငယ်က ဆယ်ကျော်သက်အရွယ် ကစားခဲ့ကြတဲ့ ဒီလိုညမှာ အိမ်ရှေ့ဝရန်တာမှာ ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေခဲ့တဲ့ ကျွန်မရဲ့အရွယ် ကွာခြားခဲ့ပြီလေ။

မောင်ရယ် မီးပုံးတွေကြားက လုပတဲ့ လပြည့်ညမှာ ကျွန်မ မျက်ရည်မကျစေချင်ဘူး။ ခုဆိုရင် ကျွန်မတို့ အသက်တွေက နှစ်ဆယ်ကျော်လို့ သုံးဆယ်ကပ်နေပြီလေ။ ဓနငွေမက်လို့ မောင့်ကို လွှတ်တယ်လို့မထင်ပါနဲ့။ မောင့်ရဲ့စိတ်ဓာတ်ကို လေးစားခဲ့လို့ပါ။ ဆယ်စုနှစ်ရဲ့ ကွာခြားမှုတွေက ကျွန်မရဲ့ စိတ်ဓာတ်ကို တည်ငြိမ်ခဲ့စေတယ် မောင်။ နှစ်တွေ ဘယ်လိုပဲ ကြာမြင့်ပါစေ တည်ငြိမ်တဲ့ စိတ်ကလေးနဲ့ မျှော်ငေးရင်း စောင့်နေပါ့မယ် မောင်။ ဘယ်လိုအခက်အခဲပဲရှိရှိ ဘယ်လိုဒုက္ခမျိုးနဲ့ပဲ ရင်ဆိုင်ရင်ဆိုင် ကျွန်မရှိနေတဲ့ ဖွဲ့ကပင်မြေကို ရောက်လာခဲ့ရင် ကျွန်မ ပျော်ရွှင်နေမှာပါ မောင်ရယ်။

လူတိုင်းမှာ ရည်မှန်းချက်တွေ ရှိနေပေမယ့် ပန်းတိုင်ကိုရောက်အောင် သွားနိုင်တဲ့သူ ရှိခဲ့သလို နောက်ပြန်လှည့်တဲ့လူလည်း ရှိပါတယ် မောင်။ ဘယ်လိုပဲ ဖြစ်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ပါ မောင့်ရဲ့ ဖွဲ့သတ္တိနဲ့ စွန့်စားရဲတဲ့ ခံယူချက်ကို ကျွန်မ လေးစားပါတယ် မောင်ရယ်။ မကြာခင် ပြန်တွေ့ရမယ်လို့လည်း ယုံကြည်ပါတယ်။

မီးပုံပွဲကို ရောက်တိုင်း တိုင်းရင်းသားတွေရဲ့ မလေ့ရိုးရာကို အားကျမိပါတယ်။ လွမ်းမိတယ်လို့ ထပ်ဆင့် မပြောလိုတော့ပါဘူး မောင်။ မြန်မာမလေးရဲ့ နှလုံးသားမှာ တိုင်းရင်းသား မောင့်ကို ဘယ်လောက်ထိ လွမ်းတယ်၊ ဘယ်လောက်ထိ ချစ်တယ်ဆိုတာကို မောင်ယုံအောင် ကျွန်မ ပြောချင်ပါတယ်။

ကျွန်မတို့ မြန်မာသီချင်းတစ်ပုဒ်ထဲက 'တသိမ့်သိမ့်သူ'ကို တိုင်းရင်းသား ကရင်ဘာသာနဲ့ ဒီဝါကျွတ်ပွဲတော်မှာ မောင့်ကိုလွမ်းတဲ့စိတ်နဲ့ ဆိုခဲ့ပါသေးတယ်။ အဲဒါ မောင့်ကို သိပ်ချစ်လို့ပါ မောင်ရယ်။ စောင့်မျှော်ရတဲ့ နှစ်တွေလည်း များခဲ့ပါပြီ မောင်။ အရွယ်တွေလွန်လို့ ဇရာအိုခဲ့ရင်တောင်မှ တမလွန်ဘဝကနေ မျှော်နေမိမှာပါ။ အစွဲအလမ်းကြီးခဲ့သူရဲ့ နှလုံးသားမှာ အလွမ်းဒဏ်ရာများနဲ့ပါ မောင်ရယ်။

ဖြစ်နိုင်မယ်ဆိုရင်လေ အလှာခြားတဲ့ ပကာသနထဲကလူ ကျွန်မ မဟုတ်ပါဘူး။ မနင္ငွေမက်လို့ ရက်စက်တဲ့ မိန်းမယုတ်လည်း ကျွန်မ မဟုတ်ပါဘူး မောင်ရယ်။ ကျွန်မ ချစ်သူရဲ့ ဖွဲ့သတ္တိနဲ့ ကြံ့ခိုင်မှု၊ ရဲရင့်မှုတွေကို လေးစားလို့ပါ မောင်။

လူ့ဘ ဘယ်သူမှ အခက်အခဲဒုက္ခတွေနဲ့ ကင်းရှင်းတဲ့သူ မရှိပါဘူး မောင်ရယ်။ အမြဲတမ်းလိုလို အဆင်မပြေကြပါဘူး။ အခက်အခဲဆိုတာ လူတိုင်းမှာ ရှိကြပါတယ်။ မောင် ပြန်လာပါတော့ မောင်ရယ်။ ဒီနှစ်မှာ ပြန်ဆုံဖို့ရစေလို့ ကျွန်မ ဆုတောင်းလိုက်ပါတယ်။ ဖွဲ့ကာပင် သူရဲ့ အသည်းတစ်ခြမ်းကို မောင့်အလွမ်းတွေနဲ့ ကြွေမွရမှာလား မောင်။ ကျောက်တလာပ်စေတီမှာ ကျွန်မနောက်ထပ် မသွားရဲအောင် လွမ်းမိတယ်။ တောင်တန်းတွေကြားက အလွမ်းတွေနဲ့ စောင့်မျှော်နေတဲ့ ကျွန်မဆီကို ပြန်လာပါတော့ မောင်ရယ်လို့ တမ်းတမိပေမယ့် လပြည့်ညတွေမှာ ကျွန်မ မျက်ရည်စတွေနဲ့ပဲ ဖြေသိမ့်နေရပါတယ်။ မောင်နဲ့ ကျွန်မ အလွမ်းပင်လယ်တွေ ထပ်မခြားချင်တော့ဘူး မောင်ရယ်။ တည်ငြိမ်တဲ့ ကျွန်မအသည်းကို လွမ်းပြနေခဲ့ရင်လည်း ဆယ်ကျော်သက်တလေးတွေ လှောင်နေကြမှာပေါ့။ အမြန်ပြန်လာခဲ့ပါတော့ မောင်ရယ်။ ဆယ်စုနှစ်ရဲ့ အလွမ်းရှင် မောင့်ရဲ့ ကျွန်မ---

မြနှင်းနွယ်

သံလွင်မိုး-မုတ္တမ

တဲ ... **"သံလွင်မိုး-မုတ္တမ"**ရဲ့ **"ဝါကျွတ်ရင်ပြန်ခဲ့မယ်"**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'ကျွန်မ (ခ)မြနှင်းနွယ်'**ရဲ့ ခံစားချက်တွေကို **'မောင်'**က ဘယ်လို ပြန်ပြီးဖြေရှင်းမလဲ။ မောင့်ရဲ့ ကိုယ်စား၊ ကိုယ်ပွားခံစားပြီး (၁၁-၉-၂၀၁၃)နေ့ နောက်ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

**မောင်ငြိမ်းသူ(ထြို့ဝင်တောတ်)**

**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားရှုထောင့်၊ ဖြောင့်ချက်နှလုံးသား တာဝန်ခံအယ်ဒီတာရဲ့ သုံးသပ်ချက်



## ပဏာမရွေးချယ်စိစစ်ချက်

၂၀၁၃ခုနှစ်၊ ဖွန်လထုတ် မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **'ခွန်စည်သာထိန်း (ဖြိုးသစ်)'** ရဲ့ **'ပြန်ထမ်းမှ စောင့်နေသူ'** ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **'အစ်ကို(ခ)သားလူ'** ရဲ့ခံစားချက်တွေကို **'အသက်(ခ)ဖြူစင်သက်'** ရဲ့ ကိုယ်စား ကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပဏာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်-

| | | |
|---|---|---|
| (၁) | လွင်စန်းလွင် | "အမုန်းခွန်အားပေးသနားပါ" |
| (၂) | စံဝယ်ဖြူ | "ထပ်တူထပ်မျှ" |
| (၃) | မြတ်နိုးနှင်း | "အကြွင်းမဲ့ယုံပါ" |
| (၄) | သီတာမိုး | "အစ်ကိုရယ်---" |
| (၅) | စိမ့်စမ်းသွယ် | "မေ့လိုက်ပါတော့အစ်ကို" |
| (၆) | အိမ့်ကြာဖြူ | "ဒီဘဝဒီမျှသာ" |
| (၇) | နှင်းဖြူချင် (သံတွဲ) | "မှသားထဲက မှသား" |
| (၈) | နွယ်ဝင် (မြင်ကွန်း) | "ပြန်လမ်းမသာတဲ့မေ့ကြမ္မာ" |
| (၉) | လမင်းကြယ်စင် (ဇီးကုန်း) | "ဖူးစာမှန်လို့ ပြန်ဆုံကြရင်" |
| (၁၀) | ဟန်နီ (တောင်ကြီး) | "နားလည်ခွင့်လွှတ်နိုင်ပါစေ" |



www.burmeseclassic.com

www.burmeseclassic.com



**ပြန်လည်စိစစ်သူ...**

(၁) **လွင်စန်းလွင် "အ... အားပေးသနားပါ"**

ကျိုးကြောင်းဖော်ပြ...မယ့် နောက်ကြောင်းပြန်တာတွေက များသွားပါတ...

(၂) **စံဝထ်ဖြူ "ထင်...**

ဖွဲ့ဦးထွက်လက်ရာဖြစ်ပေမယ့် အလားအလာကောင်းပါတယ်။ ဖတ်ပါ၊ မှတ်ပါ၊ အတုယူ... ကြိုးစားစေချင်ပါတယ်။

(၃) **မြတ်နိုးနှင်း "အတွင်းမဲ့ထုံပါ"**

စကားပြောနဲ့ စကားပြေတွေရောပြီး ရေးထားတော့ ဖတ်ရှုရတာ ထောင့်နေပါတယ်။ အားသန်တာကို တစ်မျိုးပဲ ရေးပါ။ ကျိုးကြောင်းဖော်ပြချက်သင့်ပါတယ်။

(၄) **သီတာမိုး "အစ်ထိုရယ်---"**

အစကောင်းလာပြီး အဖျားရှူးသွားတယ်။ စာရေးရင် စိတ်ရှည်ဖို့လိုပါတယ်။ ဖော်ပြခံရတာတွေကို နမူနာယူပါ။

(၅) **စိမ့်စမ်းသွယ် "မေ့ထိုတ်ပါတော့အစ်ကို"**

ကျိုးကြောင်းဖော်ပြချက်က တောင်းပေမယ့် စကားပြေ အရေးအသား မချောဘဲ အားနည်းနေပါတယ်။

(၆) **အိမ့်ကြာဖြူ "ဒီဘဝဒီချသာ"**

စာရေးရင် စာပိုဒ်တွေခွဲရေးပါ။ တစ်မျက်နှာတည်းမှာ စာပိုဒ်မခွဲဘဲ တစ်ဆက်တည်းအပြည့် ရေးသားထားတော့ ဖတ်ရတာ ငြီးငွေ့စရာကောင်းသလို ဆွဲဆောင်မှုအားနည်းစေပါတယ်။ ကြိုးစားပါ။ ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။

(၇) **နှင်းဖြူသျှင် (သံတွဲ) "မှသားထဲတမှသား"**

ကျိုးကြောင်းဖော်ပြချက်က တိုလွန်းနေသလို အားနည်းနေပါတယ်။

(၈) **နွယ်ဝင် (မြင်ထွန်း) "ပြန်ထမ်းမသောတဲ့ မေ့ တြမ္ဘာ"**

ကျိုးကြောင်းဖော်ပြချက်သင့်ပေမယ့် စိတ်ကူးယဉ်ဆန်နေပါတယ်။ ရုပ်ရှင် ဗီဒီယိုဇာတ်လမ်း ဆန်နေပါတယ်။

(၉) **ထမင်းကြတ်စင် (ဗီးတုန်း) "ပူးစာမှန်ထို့ပြန် ဆုံကြရင်"**

မူလဇာတ်ကြောင်းကို အသေးစိတ်ပြန်ရေးထားတော့ စာမူက ရှည်လွန်းနေပါတယ်။ ဒါကြောင့် ကျိုးကြောင်းဖော်ပြချက်ကို ပီပြင်ပေါ်လွင်ရေးသားနိုင်မှု အားနည်းသွားပါတယ်။

(၁၀) **ထနိနီ (ထောင်ကြီး) "နားလည်ခွင့်လွှတ်နိုင်ပါစေ"**

သဘာဝယုတ္တိကျပြီး ရိုးရိုးလေးနဲ့ ဆွဲဆောင်မှုရှိပါတယ်။ ကြားလူက ခံစားပြန်ကြားပေးထားတာမို့ ထူးခြားမှုလည်း ရှိပါတယ်။

**အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်**

ဒီလအတွက် အကြိုက်ဆုံး ဖြောင့်ချက်နှလုံးသားပိုင်ရှင်အဖြစ် **'ထနိနီ-ထောင်ကြီး'**ကိုပဲ ရွေးချယ်လိုက်ပါတယ်။ ကဲ **"ထနိနီ-ထောင်ကြီး"**ရဲ့ **"နားလည်ခွင့်လွှတ်နိုင်ပါစေ"**ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ(ကြို့ဝင်ထောက်)**

**တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရာသစုံဝတ္ထုစင်**



www.burmeseclassic.com

www.burmeseclassic.com





နှလုံးသားရှုထောင့်

“ဖြောင့်ချက်နှလုံးသား”

# နားလည်ခွင့်လွှတ်နိုင်ပါစေ

ဟာန်နီ(တောင်ကြီး)

သားလူ တို့က နွယ်ဝတီပါ။ ထပ်ပြောရမယ်ဆိုရင် တို့က ဖြူစင်သက်နဲ့ညီအစ်မတစ်ဝမ်းကွဲတော်ပါတယ်။ သားလူတို့နဲ့ တွေ့တဲ့ ရွှေစက်တော်မှာ ဖြူစင်နဲ့အတူတူပါလာတဲ့ ဆံပင်တိုတိုလေးနဲ့တစ်ယောက်ပါ။ ဒါဆိုရင် မှတ်မိလောက်ပါတယ်နော်။ တို့ကို မှတ်မိတာ မမှတ်မိတာက အရေးမကြီးပါဘူး။ အခု တို့ပြောမယ့် အကြောင်းသာ အသေအချာ ဂရုတစိုက် နားထောင်ပေးပါ။ ဖြူစင်က မထင်မှတ်ဘဲ သားလူရဲ့ ရင်ဖွင့်လွှာကို ဖတ်လိုက်ရတယ်လေ။ အဲဒီစာအုပ်ကို ကိုင်ပြီး တို့ဆီရောက်လာတယ်။ ဖြူစင် သားလူကို သံယောဇဉ်ရှိတာ တို့ရိပ်မိပါတယ်။ ဒါပေမယ့် ဒီလောက်အချိန်တိုတိုလေးအတွင်းမှာ ဒီလိုဖြစ်ကုန်လိမ့်မယ်လို့ မထင်ထားဘူး။ တို့လည်း စာအုပ်ဖတ်မိတော့မှ ဇာတ်ရည်လည်တော့တယ်။ တို့ ဖြူစင်ကို အပြစ်တင်မိတယ်။ ဘာလို့ ဒီလိုဇာတ်လမ်းမျိုးကို စခဲ့တာလဲလို့ပေါ့။ တို့ ကိုယ်ချင်းစာပါတယ်။ သားလူရေ ဖြူစင်ကတော့ ကိုယ်တိုင် ဖွင့်မပြောရက်လို့ ကိုယ်စား တို့ကပဲ ပြောရတော့တာပေါ့။

ဒီလိုပါ။ ပြောရရင် ဖြူစင်တို့ မိသားစုထဲမှာ အရှုပ်အထွေး နည်းနည်းရှိတယ်။ သိပ်ပြောပြလို့ မကောင်းပေမယ့် ပြောပြမှ နားလည်နိုင်မှာမို့ ပြောရ တာပါ။ ဖြူစင်တို့မှာ ညီအစ်မနှစ်ယောက်ပဲရှိတယ်။ အစ်မက အိမ်ထောင်သည်ပါ။ အဲဒီမှာ သားလူတို့နဲ့ ဆုံဖြစ်တာ။ ဖြူစင်ရဲ့ အဖေက သူတို့ရုံးက စာရေးမ တစ်ယောက်နဲ့ နောက်အိမ်ထောင်ထူလိုက်တယ်လေ။ ဦးဦးအပြောက သားတစ်ယောက် လိုချင်လို့တဲ့။ ဒါက တော့ သူတို့ရဲ့ ဆင်ခြေစကားဖြစ်ကောင်းဖြစ်မှာပေါ့။ အန်တီကတော့ နဂိုကမှ နှုတ်နည်းတဲ့သူ၊ ရိုးအတဲ့သူ ဆိုတော့ ဘာမျှလည်း မပြောဘူးလေ။ ဖြူစင်တို့



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မကတော့ ဆူပူကြတာပေါ့။ ဦးဦးက လူသိရှင်ကြား လုပ်လိုက်တာ ဖြူစင့်အစ်မ မင်္ဂလာဆောင်ပြီး သိပ် မကြာသေးခင်ကပါ။ အန်တီကတော့ ငိုရုံအပြင် ဘာမျှ မပြောရဲ မဆိုရဲ မဆိုတတ်တဲ့ ရိုးအအ အမျိုးသမီးကြီး ကိုး။ ဦးဦးက နောက်အိမ်ထောင်ထူတာ၊ အန်တီနဲ့ ကွာရှင်းတာ မဟုတ်ဘူးလေ။ ဒီလောက်ဆို သဘောပေါက်မှာ ပါနော်။ အန်ကီတို့အိမ် စီးပွားရေး အခြေအနေက ဖြူစင်တို့ အစ်မလင်မယားကပဲ ဆက်ပြီးထိန်းထားပေး တယ်လို့ပဲ ဆိုပါတော့။ ဖြူစင်ရဲ့ ကျောင်းစရိတ်ကိုလည်း အစ်မလင်မယားကပဲ ထောက်တာလေ။

ဖြူစင်ကျောင်းလည်း အားတုန်း စိတ်ပြေလက် ပျောက် သွားရအောင်ဆိုပြီး သူငယ်ချင်းနှစ်ယောက်နဲ့ အတူတူ ထွက်လာခဲ့တာ။ သားလူတို့နဲ့ ဆုံတွေ့ပြီး သီချင်း တွေ အတူဆိုဖြစ်ပြီး ခင်မင်ခဲ့တယ်။ လူငယ်တွေဆိုပြီး လေ။ ပွင့်ပွင့်လင်းလင်းနဲ့ ခင်ခင်မင်မင် နေခဲ့တာပါ။ ပြီး တော့ သားလူနဲ့ တစ်ကျောင်းတည်း၊ မေဂျာတစ်ခုတည်း မှန်း သိခဲ့ရတယ်။ ဖြူစင်ကတော့ ကျောင်းမှာပြန်ဆုံနိုင် တယ်ဆိုပြီး ဝမ်းသာအားရဖြစ်နေတာပေါ့။ သားလူတို့ နှစ်ယောက် ဒီလို ချစ်သူတွေဖြစ်သွားခဲ့မှန်းတော့ မသိခဲ့ ဘူး။ တို့ကတော့ ရှင်းရှင်းပဲ။ ဖြူစင်ကို ဆူခဲ့ပြောခဲ့တယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ သိပ်လွယ်လွန်းသွားသ လိုပဲ။ ဘာမှန်းညာမှန်း ရေရေရာရာလည်း မသိဘဲနဲ့လို့ ပေါ့။ ဖြူစင်က ပြောတယ်။ သားလူကို မြင်မြင်ချင်း ချစ် သွားမိတာတဲ့။ ကောင်းရောပဲ။ တို့ ဝေဖန်လို့လည်း အရာ ထင်တာမှ မဟုတ်တော့တာ။ သားလူတို့က ချစ်သူတွေ ဖြစ်သွားကြပြီကိုး။

ဒီလို ကိစ္စသာ မဖြစ်ခဲ့ဘူးဆိုရင် သားလူတို့ နှစ်ယောက်ရဲ့ အနေအထားဟာ အဆင်ပြေကောင်း ပြေသွား နိုင်တာပေါ့။ ဒါပေမယ့် ကံတရားဆိုတာ ကိုယ်မမြင်နိုင်တဲ့ အရာပါ။ ပြောရရင် ကံကြမ္မာက ဖန်လာတာပါ။ ဖြူစင်က သားလူကို တကယ်ချစ်ခဲ့တာပါ။ အဲဒါကတော့ သားလူ သိစေချင် ယုံစေချင်ပါတယ်။ ဖြူစင်က သားလူ ရင်ဖွင့်တဲ့ စာကို ရင်ခွင်မှာပိုက်ပြီး လှိုက်လှိုက်လှဲလှဲကို ငိုခဲ့တာပါ။ အခြေအနေက သူ့အတွက် အလွန်ကို မွန်းကျပ်တဲ့ အနေအထားမှာ ဖြစ်ခဲ့တာကိုး။

ဖြူစင်ရဲ့ အစ်မ မမျော်လင့်ဘဲ ထိခိုက်မှုဖြစ်ခဲ့ တယ်။ ဆိုင်ကယ်မှောက်ပြီး ခေါင်းထိသွားတာ။ မူးတာ လောက်ပဲဆိုပြီး ပေါ့ပေါ့နေခဲ့တာ။ နောက်မှ ဦးနှောက်ထဲ သွေးခဲနေမှန်း သိခဲ့တာ။ သိသိချင်း ဆေးရုံတင်ဝာ ဒီလို ကြီး မြန်မြန်ဆန်ဆန် ဆုံးသွားလိမ့်မယ်လို့ မထင်ထားခဲ့ ဘူးလေ။ ခေါင်းမူးပြီး မိုက်ခနဲဖြစ်ပြီး လဲကျသွားတယ်။ ဆေးရုံတင်လိုက်တော့ မနက်ပိုင်း (၉)နာရီလောက်မှာ လေဖြတ်သွားတာ။ သူက ကျိတ်ခံနေတာကိုး သူ နေမကောင်းဖြစ်နေမှန်း အိမ်ကလူတွေလည်း မသိဘူးလေ။ ဒီလောက်ကြီး ဆိုးနေတယ်ဆိုတာကိုပေါ့။ ဆေးရုံမှာ နှစ်ပတ်တက်ပြီး ဆင်းလာတယ်။ အိမ်မှာ ငါးရက်လောက် နေပြီး ဆုံးသွားတာ။

မဆုံးခင် သူ့အမေနဲ့ ညီမကို သူ့သမီးလေးကို အပ်ခဲ့တာ။ သူ့အစ်မ မွေးထားတဲ့ သမီးလေးက တစ်နှစ် ကျော်ရုံလေး ရှိသေးတာ။ သူ့သမီးကို စိတ်မချဘူး။ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကို စိတ်မချဘူး။ သူ့အမေနဲ့ ညီမကိုလည်း စိတ်မချဘူးလေ။ သူ့အဖေလည်း ကလေးတစ်ယောက် ထပ်ရလို့ပေါ့။ သမီးလေးပါပဲ။ သူလိုချင်တာက သားလေး။ သားလိုချင်လို့ အိမ်ထောင်ပြုတာ သမီးလေးပဲ ထပ်ရလို့ သူ့အဖေ နည်းနည်းစိတ်ညစ်သွားတယ်လို့ အန်တီက ပြောတယ်။

အစ်မ နှင်းဆီဖြူဆုံးသွားတာ ဖြူစင့်ရဲ့ ဘဝကို တော်တော် ရိုက်ခတ်သွားတယ်။ သူ့အစ်မက သူ့သမီး လေးကို ဖြူစင်ကို စောင့်ရှောက်ဖို့မှာခဲ့တာ။ သူ့သမီးလေး ကို မိထွေးလက်ထဲ မကြီးပြင်းစေချင်ဘူးတဲ့။ သူ့သမီး လေး မိထွေးလက်မှာ စိတ်လက်မချမ်းမသာဖြစ်မှာကို တွေးရုံနဲ့ သူ့အသေဖြောင့်မှာ မဟုတ်ဘူးလို့ ပြောတယ်။ ဒါကြောင့် ဥမကွဲ သိုက်မပျက်အောင် မိသားစု အခြေအနေ မပျက်ပြားအောင် အစ်မ နှင်းဆီဖြူက သူ့ယောကျ်ား နဲ့ လက်ထပ်ဖို့ သူ့သမီးလေးကို စောင့်ရှောက်ဖို့ အတန် တန်မှာခဲ့တာ၊ ဖြူစင်ကလည်း သူ့အစ်မကို စိတ်ချမ်းသာ စေချင်တယ်။ သူ့အမေကလည်း ဖြူစင်ကို အစ်မဆန္ဒကို လိုက်လျောဖို့ ဖျောင်းဖျပြောတော့ ဖြူစင် ခေါင်းညိတ် လိုက်ရတာပေါ့။

ဖြူစင်က သူ့တူမလေးကို သိပ်ချစ်တာ၊ ဖြူစင် က သူ့အဖေရဲ့ နောက်မိန်းမကိုလည်း အတော် မုန်းတယ် လေ။ သူတို့မိသားစုတွေလည်းအခြေအနေမပျက်အောင် သူ့တူမလေးကိုလည်း သူများလက်ထဲ မထည့်ချင်တာနဲ့ ပဲ သူ့အစ်မဆန္ဒကို ခေါင်းညိတ်လိုက်တာ။ သူ့ ခဲအိုက လည်း လူကောင်းတစ်ယောက်ပါ။ မိသားစုစိတ်ဓာတ်ရှိ တယ်။ ဖြူစင်ကို အစ်မစိတ်ချမ်းသာအောင် ပြောပြီးပြီပဲ။ အခု အစ်မမရှိတော့တာမို့ စိတ်ညစ်ခံပြီး သူ့ကို လက်မ ထပ်ပါနဲ့လို့ ပြောတယ်လေ။ ဖြူစင်တို့က အစ်မနဲ့ဝတ် သတ်ပြီး သူ့ရဲ့မိသားစုဖြစ်သွားတာမို့ ညီမလေးလိုပဲ စောင့် ရှောက်မယ်လို့ ပြောပါတယ်။ အခွင့်အရေး မယူတတ်တဲ့ သူပါ။ ဖြူစင်ကတော့ အမေနဲ့အစ်မရဲ့ ဆန္ဒမို့ သူ လက် ထပ်မှာပါလို့ ပြောတယ်။ သူ့ခဲအိုကတော့ ဖြူစင် စိတ်ဆန္ဒ ရှိသလို ဆုံးဖြတ်ပါလို့ပဲ ပြောတယ်။

သူ့ခဲအိုကလည်း အရွယ်က ငယ်သေးတယ် လေ။ သုံးဆယ်ကျော် လူတစ်ယောက်ဟာ နောက်အိမ် ထောင်ပြုနိုင်သေးတာပဲ။ ဖြူစင်က သူ့တူမလေးကို အ တော်ချစ်တော့ တူမလေးအတွက် စဉ်းစားပေးတာပေါ့။ သူ့တူမကို သူပဲစောင့်ရှောက်မယ်။ အမေကိုလည်း သူပဲ စောင့်ရှောက်မယ်လို့ တွေးပေမယ့် အန်တီက လက်မခံ ဘူး။ အရှည်ကို စဉ်းစားဖို့လိုတယ်တဲ့။ သူ့ခဲအိုကလည်း သူ့သမီးလေးကို ဘယ်ပေးပါ့မလဲ။ အစ်မကိုလည်း တော် တော်ချစ်တာကိုး။ သူ့အတွက်တော့ အခြေအနေတွေက ဘေးကျပ်နံကျပ်ပေါ့။ နောက်ဆုံးကျတော့ သူ့အစ်မ အ တန်တန် တောင်းခဲ့တဲ့ စကား၊ သူကလည်းပေးပြီးသား ကတိ ပေးထားတဲ့ကတိကို လူမရှိတာနဲ့ မစောင့်ထိန်းတာ ကလည်း လူညာတစ်ယောက်လို လက်ခံထားတော့ နောက်ဆုံး ဖြူစင်က လက်ခံဖို့ ဆုံးဖြတ်လိုက်တာပါ။

ဖြူစင်က သားလူကို ချစ်ခဲ့ပါတယ်။ သားလူနဲ့ ပြန်ဆုံမလားဆိုပြီး နောက်တစ်ခါ ရွှေစက်တော်သွားဖို့ ကြံစည်စိတ်ကူးခဲ့ပါသေးတယ်။ ကျောင်းတွေဖွင့်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှာဖို့ အားခဲလို့ပေါ့။ ဒါပေမယ့် မမျှော်လင့် မထင်မှတ်တာတွေ ဖြစ်ခဲ့တော့ သားလူနဲ့ ရင်ဆိုင်ဖို့ သူ ဝန်လေးခဲ့တာပါ။ တို့တွေ ကျောင်းကိုလည်း အတန်းတက်ရုံ၊ အတန်းပြီးတာနဲ့ အိမ်တန်းပြန်တာနဲ့ သားလူနဲ့ မဆုံခဲ့ကြဘူးလေ။ ဒါပေမယ့် သားလူ မတွေ့လို့ပါ။ ကျောင်းတံခါးမကြီး ပေါက်မှာ တစ်ခါဆုံလိုက်သေးတယ်။ သားလူကဘေးက သူငယ်ချင်းကိုအာရုံစိုက်ပြီး စကားပြောနေတော့ တို့တွေဘေးကဖြတ်သွားတာ မမြင်လိုက်ဘူးလေ။ ဖြူစင်လက်ကလေးတွေဆို အေးစက်လို့၊ သူ သားလူနဲ့ ဆုံခဲ့ပြီး တစ်လမ်းလုံး စိတ်မငြိမ်ဘူးဖြစ်နေခဲ့တယ်။ အိမ်ရောက်တော့ သူ ငိုလည်းငိုတယ်။

သားလူရေ ဖြူစင်ကတော့ နင့်ကို တကယ်ချစ်ခဲ့တယ်ဆိုတာကိုတော့ ဝန်ခံချင်ပါတယ်တဲ့။ သူ နင့်ကို ပြောခဲ့တဲ့ စကားလိုပဲ တစ်သက်လုံးအတွက် အမှတ်တရ ချစ်သွားပါ့မယ်တဲ့။ သူနင့်ကို ပုံအပ်မယ့်အထိ အသက်ခန္ဓာပါ ပေးဆပ်မယ့်အထိ ချစ်ပါတယ်လို့ ပြောခဲ့တဲ့စကားကိုတော့ မတည်နိုင်ခဲ့လို့ သူ ရှက်မိပါတယ်လို့ ပြောခိုင်းတယ်။ အစကတည်းက ဖြူစင်က သားလူ သူတို့မိသားစုအကြောင်း သိသွားရင် စိတ်ရှုပ် သွားမှာ အထင်သေးသွားမှာကို ကြောက်နေခဲ့တာပါ။ အစစအရာရာ အစ်မတို့ လင်မယားကို အားကိုးခဲ့ရလို့လည်း ဘယ်အရာကိုမှ သူ့သဘော သူ့ဆန္ဒနဲ့လုပ်ခဲ့တာ သိပ်မရှိပါဘူး။ ဖြူစင်တို့ညီအစ်မနှစ်ယောက်က သိပ်ချစ်ကြတာ။ ဒါကြောင့်မို့လည်း ဖြူစင်က သူ့အစ်မစကားကို နားထောင်ခဲ့တာပါ။ တစ်သက်လုံး ရင်ထဲမှာ ချစ်သွားနိုင်ပေမယ့် တကယ့်ဘဝလက်တွေ့အခြေအနေမှာ ကြုံလာတဲ့အလျောက် ဆုံးဖြတ်ရတာတွေ ရှိပါတယ်။

သူ ဒီလိုလုပ်သွားလို့ သားလူကို မချစ်ခဲ့တာ၊ လိမ်ညာခဲ့တာ မဟုတ်ဘူးဆိုတာကိုတော့ သိစေချင်ပါတယ်။ ဖြူစင့်ကို နားလည်ခွင့်လွှတ်ပေးပါ သားလူ။ သူကလည်း သားလူကို ဖြစ်ခဲ့သမျှ ကိစ္စတွေအတွက် တောင်းပန်ပါတယ်လို့ ဆိုလိုက်ပါတယ်။ သူ့ကိုယ်သူ မပိုင်နိုင်မှန်းသိပေမယ့် သူ့စိတ်ကို သူပိုင်နိုင်တာမို့ သားလူကို ချစ်ခဲ့မိတာတော့ အမှန်ပါလို့ သူပြောခိုင်းလိုက်ပါတယ်။

သားလူရေ ဘဝဆိုတာ ကိုယ်ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးရင်း ဆန္ဒတွေကို ချုနင်းလိုက်ရတာ လောကသဘာဝပါ။ မိသားစုအပေါ် တာဝန်သိတဲ့သူတွေ ကိုယ့်ဆန္ဒထက် အများသဘောကို လိုက်ရတဲ့သူတွေဟာ နှလုံးသားကိုရင်းရသူတွေချည်းပါ။ ဒီလောက်ဆို သားလူ သဘောပေါက်နားလည်နိုင်မှာပါလို့ တို့ယူဆချင်ပါတယ်။ အလွမ်းတွေ ချစ်ခြင်းတွေနဲ့ မျောငေးနေသူကို မပျော်နိုင်တဲ့သတင်းစကားကို ပါးလိုက်ရတဲ့အတွက် အားနာပါတယ်။ ဒါပေမယ့် အဖြူအမည်းသဲကွဲရင် ဝေဒနာသက်သာမယ်အထင်နဲ့ စေတနာရှေ့ထားပြီး ဒီစကားကို ပြောလိုက်ရတာပါ။ သားလူ ဝေဖန်သုံးသပ်ပြီး ကိုယ့်ဘဝအတွက် ဆုံးဖြတ်နိုင်ပါစေနော်။

ဝေဒနာတွေတင်းငြိမ်းနိုင်ပါစေလို့

ခင်မင်စွာဖြင့်–နွယ်ဝတီ

**တန်နီ–ထောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com










အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၇၄၆၊ ၂၉၉၂၆၇၊ ၂၀၅၇၅၄၊ ၂၀၅၄၀၄၊ ၂၀၅၇၇၉


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## အဖြူရောင်ရဲတိုက်

ကျော်ဇောဟိန်း(ဒေါပုံ)

ရဲရင့်နဲ့ သံလွင်တို့က ညီအစ်ကိုလို ချစ်ကြတဲ့ ငယ်သူငယ်ချင်းများဖြစ်ခဲ့ကြပြီး အဖြူက ပုဂံဘုရားများမှာ ဧည့်လမ်းညွှန် လုပ်နေတယ်။

သံလွင်က အခြေခံပညာအထက်တန်းကျောင်းကို ဂုဏ်ထူးများနဲ့ အောင်မြင်ခဲ့ပြီးနောက် အင်္ဂလန်ရှိ ဘိုးဘွားများထံသို့ ဆေးပညာများ သင်ယူရန် မသွားမီ ဘုရားဖူးလာရင်း ပုဂံမှာ အဖြူနဲ့ ဆုံပြီး ချစ်သူတွေဖြစ်သွားကြရင်းက အချစ်နယ်ကျွံခဲ့မိကြတယ်။

သံလွင်က အဖြူကို လက်ထပ်ယူဖို့ ကတိပေးပြီး ရန်ကုန်ကို ပြန်လာခဲ့တယ်။ ရန်ကုန်ရောက်ပြီး မိဘများထံ ခွင့်တောင်းတဲ့အခါ မိဘများက သဘောမတူကြလို့ မိဘများ သဘောမတူရင် နိုင်ငံခြားမသွားနိုင်ကြောင်း အကျပ်ကိုင်တယ်။ နောက်ဆုံး မိဘများက လက်လျှော့ပေးခဲ့ကြပြီး နိုင်ငံခြားပညာသင်သွားပြီး ပြန်လာရင် လက်ထပ်ပေးပါမယ်လို့ သဘောတူခဲ့တယ်။ သံလွင်က နိုင်ငံခြားသွားဖို့ စီစဉ်နေရလို့ ပုဂံကို ပြန်မသွားနိုင်တော့ဘဲ သူ့ချစ်သူလိုက်လာရင် ပေးပေးပါလို့ စာတစ်စောင်သာရေးပေးနိုင်ခဲ့တယ်။

အဖြူက သံလွင်ကို စောင့်မျှော်ပေမယ့် ပေါ်မလာတော့လို့ သံလွင်ရှိရာ ရန်ကုန်ကို အဖြူလိုက်လာခဲ့တယ်။ သံလွင် နိုင်ငံခြားသွားပြီဖြစ်တဲ့အကြောင်း သိရတဲ့အခါ ပုဂံကိုလည်း မပြန်ချင်တာနဲ့ သံလွင်တို့ အိမ်မှာပဲ အလုပ်လုပ်ရင်း ချစ်သူကို စောင့်မျှော်နေခဲ့တယ်။



ရဲရင့်က အဖြူကို တွေ့မြင်သဘောကျပြီး သံလွင်ရဲ့ မိခင်ကို အဖြူနဲ့ လက်ထပ်ပေးဖို့ ခွင့်တောင်းတယ်။ ဒီအချိန် အဖြူမှာ သံလွင်ရဲ့ ကိုယ်ဝန်ကို လွယ်ထားရလို့ ရဲရင့်ကို လက်ခံလိုက်ရတယ်။

အဖြူက သားတလေးမွေးလာတော့ ရဲရင့်က သစ်တောလို့ နာမည်ပေးချစ်အားပိုခဲ့တယ်။ အဖြူက အဖြစ်မှန်ကို ရဲရင့် စိတ်ထိခိုက်မှာစိုးလို့ မပြောခဲ့ဘူး။ ရဲရင့်နဲ့ အဖြူတို့ ပန်းလေညင်းဆိုတဲ့ သမီးကလေးတစ်ယောက် ထပ်မံ မွေးဖွားခဲ့တယ်။

သစ်တော (၁၀)နှစ်သားရောက်တဲ့အချိန် သံလွင်က နိုင်ငံခြားကနေ ဆေးပညာပါရဂူဘွဲ့ယူပြီး ပြန်ရောက်လာတယ်။ အဖြူအခက်တွေ့ရလေပြီ။ တစ်ရက် မမျှော်လင့်ဘဲ ဈေးထဲမှာ သံလွင်နဲ့ အဖြူဆုံခဲ့ကြရာ အဖြူက အဖြစ်မှန်ကို ပြောပြတယ်။ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com





မှန်ကို လျှို့ဝှက်ထားပေးဖို့ မေတ္တာရပ်ခံတောင်းပန်ခဲ့တယ်။ သံလွင်က ကတိပေးတယ်။ စကားပြောပြီး သံလွင်က အဖြူကို အိမ်လိုက်ပို့ရာ အိမ်မှာရှိတဲ့ ရဲရင့်က ငိုထားဟန်ရှိသူ အဖြူကိုကြည့်ပြီး စိတ်ထဲ စိုးရိမ်စိတ်ဝင်လာတယ်။ ဘာတွေဆက်ဖြစ်ကြမလဲ စောင့်မျှော်ကြည့်ကြပါ။

ရွှေတောင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဦးတင့်ဆွေ (ရွှေတောင်) စီစဉ်ပေးပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က လွှမ်းထားထား (ဆေးတက္ကသိုလ်)ရဲ့ ဝတ္ထု၊ နေစိုးသော်ရဲ့ ဇာတ်ညွှန်းကို ကင်မရာ ကျော်ဖြူနဲ့ ပုဂံ၊ ရန်ကုန်ရိုက်ကွင်းများမှာ ရိုက်ကူးထားပါတယ်။ ဇာတ်ကားကို ဇော်မင်း (ဟံသာမြေ)တည်းဖြတ်ကာ နောက်ခံသံစဉ်များကို ခင်မောင်ကြီးက ဖန်တီးတည်းဖြတ်ပေးထားပါတယ်။ ဇာတ်ဝင်တေး (၁၀)ပုဒ် သုံးထားပါတယ်။ အချစ်၊ အိမ်ထောင်ရေး မေတ္တာဖွဲ့ ဇာတ်လမ်းဖြစ်ပါတယ်။



ဒီဇာတ်ကားမှာ နေတိုး၊ ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ...
ဖြိုး၊ ကောင်းပြည့်၊ သန္တာဗိုလ်၊ ထွန်းထွန်းဝင်း၊ ခင်လှိုင်၊ ဝိုင်း...
ချစ်ဖွယ်၊ ဝတ်မှုံ၊ ကလေးသရုပ်ဆောင် ယွန်းယွန်း၊ ထက်ထက်...
ပါဝင်သရုပ်ဆောင်ထားကြကြောင်းအသိပေးတင်ပြလိုက်ရပါတယ်။

**ကျော်ဇောထိန်း-...**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ရည်းစား၏ရွာ

**ခိုင်စင်သန့်**

ပုညခင်ရဲ့ဝတ္ထုကို နေစိုးသော် ဇာတ်ညွှန်းခွဲပြီး ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က ရွှေတောင်ရတနာ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်ရေးအတွက် ဦးတင့်ဆွေ (ရွှေတောင်) စီစဉ်ပေးမှုနှင့် "ရည်းစား၏ရွာ" ဒီဗွီဒီဇာတ်ကားပုံဖော်ကျူးရိုက်ကူးထားသည်။ ဇာတ်ကားကို နိုင်ဆွေက အရုဏ်ဦး ဗီဒီယိုစက်ဖြင့် တည်းဖြတ်ပြီး နောက်ခံသံစဉ်များကို သန်းကိုကိုက ဖန်တီးဖြည့်ဆည်းပေးထားသည်။

အောင်ရဲလင်း၊ ဝတ်မှုန်ရွှေရည်တို့ အဓိက ဦးဆောင်ထားပြီး သာထက်၊ သန္တာဗို၊ ရှန်းပြည့်မှူးပိုင်၊ ဟိန်းဇေ ဝါးခယ်မ ဦးရဲမောင်၊ ညီရော့်တို့နှင့် ဇာတ်ပို့ဇာတ်ရန်များစွာတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ဟေဝန်က မောက်ကြွားတတ်သူ၊ ပိုးအိမ်နှင့် ရည်းစားများ ဖြစ်ကြသည်။

အငြိမ်းစားဆရာမကြီး အပျိုကြီးနှင့် အတူနေရသူ သံသာသာတွင် စားသောက်ဆိုင်မှာ ဂစ်တာတီးသည့် လင်းညိုဟူသော ရည်းစားရှိ၏။ လင်းညိုက ရန်များသူဖြစ်၏။

ရန်ပွဲတစ်ပွဲမှာ တစ်ဖက်က ခံရသူများ ဆေးရုံတက်ရ၍ လျော်ကြေးတောင်းခဲ့ရာ သံသာက ဆွဲကြိုးရောင်းကာ ငွေတချို့ပေးပြီး တောင်းပန်ရသည်။

သံသာနှင့် ဟေဝန်တို့ ဘွဲ့ရကြပြီး နှစ်ဦးစလုံး အလုပ်မရခဲ့ကြသော်လည်း တခြားကုမ္ပဏီတွင် နှစ်ဦးစလုံး အလုပ်ရခဲ့ကြသည်။

အလုပ်အတူတွဲလုပ်သော ဟေဝန်နှင့် သာမှာ မတည့်လှကြသော်လည်း မှူရင်းစီငေ်စေတနာ ဖြူကြသဖြင့်





www.burmeseclassic.com

www.burmeseclassic.com







တစ်ဦးကိုတစ်ဦး ငဲ့ညှာရာမှ တဖြည်းဖြည်း ခင်မင်သွားကြ၏။ ရည်းစားများရှိကြောင်းလည်း ထုတ်ဖော်ပြောမိကြ၏။

ဟေဝန့်အဘိုးက ဟေဝန်မသိအောင် ရန်ကုန်ဆင်း၍ စုံစမ်းစဉ် သူ့ကို ကူညီသော သံသာကို သဘောကျသွား၏။ သံသာ၏ ကြီးကြီးတင်ကိုလည်း ဟေဝန်က ကူညီရာ ကြီးကြီးတင်ကလည်း ဟေဝန်ကို သဘောကျသည်။ ဟေဝန့်အဘိုးနှင့် ကြီးကြီးတင်မှာ မိတ်ဆွေများဖြစ်ကြရာ မြေး၏ ဓာတ်ပုံနှင့် တူမ၏ ဓာတ်ပုံကို ပြ၍ တစ်ချိန်တွင် လက်ဆက်ပေးရန် သဘောတူလိုက်ကြသည်။

ထိုကြားတွင် ဟေဝန်ထံသို့ လိုက်လာသော ပိုးအိမ်က ဟေဝန်တို့၏ သူဌေး ဦးလှဖုန်းကြွယ်ကိုတွေ့ပြီး သဘောကျသွားသည်။ လင်းညိုကလည်း ဟေဝန်နှင့် သံသာကို အတူတွဲလျက် တွေ့သဖြင့် ဒေါ်ပွတာ ဟေဝန့်ကို လက်သီးဖြင့်ထိုးပြီး သံသာ၏ ရှင်းပြချက်ကိုပင် လက်မခံဘဲ ရည်းစားအဖြစ်မှ ပြတ်စဲကြောင်း ကြေညာသွားသည်။ နောက်ပိုင်း ဘာတွေဆက်ဖြစ်ကြမည်ကို စောင့်မျှော်ကြည့်ကြစေချင်ပါသည်။

**ခိုင်စင်သန့်**



www.burmeseclassic.com

www.burmeseclassic.com



# တအုပ်စင်ရှုထောင့်

ကိုကြီးထူး

## "မာယာကွန်ရက်မှ ရှန်းထွက်နိုင်မှုနှင့် အခြားရာသဝတ္ထုတိုများ"



မှုခင်းရှုထောင့်ရာသစုံမဂ္ဂဇင်းနှင့် အခြားစာနယ်ဇင်းမျိုးစုံတွင် ကလောင်နာမည်မျိုးစုံနှင့် စာမျိုးစုံ ရေးသားနေသော "ဆရာဆွေမြင့်သူ (ကြေး/မြေ)"၏ ဤစာအုပ်တွင် မှုခင်းရာသဝတ္ထုတို (၁၆)ပုဒ် ပါရှိရာ ဆွဲဆောင်မှုရှိလှသည်။ တချို့ မှုခင်းများမှာ သူ၏ ကိုယ်တွေ့များဖြစ်သဖြင့် ပို၍ သက်ဝင်ပီပြင်သည်။ မိုးအေးအေးတွင် အတွေးဖြင့် ဖတ်ရှုလိုကြသော မှုခင်းစာချစ်သူများ နှစ်ခြိုက်ကြပေလိမ့်မည်။ နိုင်ငံဂုဏ်ရည်စာပေတိုက်မှ တစ်အုပ်လျှင် ၁၅၀၀ိ/-နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။

---

## "အင်္ဂလိပ်မြန်မာ စတုတ္ထစစ်ပွဲနှင့် အခြားရာသစုံဝတ္ထုတိုများ"



"မေတ္တာရှင် ရွှေပြည်သာ"၏ အင်္ဂလိပ်-မြန်မာ စတုတ္ထစစ်ပွဲနှင့် အခြားရာသစုံဝတ္ထုတိုများကို "ဆရာ ဝင်းမောင်ကျော်"က စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ရာသစုံဝတ္ထုတို (၂၁)ပုဒ်ပါရှိသည်။ ဝတ္ထုတိုစာချစ်သူများ စုဆောင်းထားသင့်သည့်စာအုပ်ဖြစ်သည်။ ရွှေပြည်သာစာပေမှ တစ်အုပ်လျှင် (၂၀၀၀ိ/-)နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com






## "လက်တစ်ကမ်းမှ မြန်မာ့ဆေးနည်းများ"

"ဆရာကျော်မင်းသော်"၏ ဤစာအုပ်တွင် မြန်မာလူမျိုးများနှင့် အလှမ်းမဝေးသော လက်တစ်ကမ်းရှိ မြန်မာ့ဆေးနည်း မျိုးစုံကို ပြုစုထားရာ၊ သင့်အိမ်တွင် ဆောင်ထားသင့်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၁၅၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC .com




## "မူးယစ်ဟူက ဆန့်ကျင်ကြ"

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ "ဆရာတက္ကသိုလ်စိန်မြင့်ထွန်း" ရေးသားတင်ပြထားသည့် ဤစာအုပ်တွင် လူထုဆက်ဆံရေး သံတမန်အနုပညာရှင်များ၏ ရင်ဖွင့်သံများနှင့် ဖြစ်ရပ်မှန်ဆောင်းပါးများ ပါရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြစေရေးအတွက် အသိပညာပေးလှုံ့ဆော် လမ်းညွှန်ထားရာ လူငယ်လူရွယ်တိုင်း ဖတ်ရှုသင့်သည်။ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)မှ တစ်အုပ်လျှင် ၁၅၀၀ိ/-ကျပ်နှုန်းဖြင့် တစ်ပြည်လုံး သို့ဖြန့်ချိလျက်ရှိသည်။




## "ပိုးတဝါးနှင့်အခြားစာစုများ"

စာပေဒါနပြုနေကျဖြစ်သော "ဆရာဒေါက်တာ အောင်ကျော် (သွားဆရာဝန်)"၏ ဤစာအုပ်သည် စာပေရသ သုတမျိုးစုံပါရှိလေရာ စာပဒေသာဟု ခေါ်ဆိုနိုင်သည်။ မှတ်သားဖွယ် စာမျိုးစုံပါရှိလေရာ စာပေစေတနာကို လေးစားဂုဏ်ပြုလိုက်ပါသည်။ စာပေဒါနအဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ကိုကြီးထူး



www.burmeseclassic.com

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



ဘဝပန်းတိုင်ကို ရောက်ရှိချိန်၊ ဂုဏ်ယူစရာ၊ ပီတိဖြစ်စရာအတိ ပြည့်နှက်နေလိမ့်မည်။ ကျက်သရေမင်္ဂလာအဖြာဖြာ ပြည့်ဝနေလိမ့်မည်။ ဆွေဟောင်း၊ မျိုးဟောင်းများနှင့် ပြန်လည် ဆုံစည်းခွင့်ရရှိလိမ့်မည်။ ပစ္စုပ္ပန်အတွက်လည်း အဓိပ္ပာယ်ရှိ၊ အနာဂတ်အတွက်လည်း အောင်မြင်မှုတွေ စောင့်ကြိုနေမည့် ကိစ္စတချို့ကို အကောင်အထည်ဖော်ခွင့် ရရှိလိမ့်မည်။

သင့်နှလုံးသားမှာ အချစ်ဝက်ဆိုက်တင်ခွင့်ရမည်။ နှလုံးသားဖွဲ့ဘုတ်စာမျက်နှာမှာ ရင်ခုန်သံများ ဆူညံ ကျယ်လောင်နေမည်။ အချစ်ဖြင့် အရာရာသည် ပြီးပြည့်စုံနေမည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ စနေ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၉) (၉ ၈ ၀)

**ယတြာ**– ဘေးအန္တရာယ်များ ကင်းကွာစေရန် အိမ်ရှိဘုရားမှာ ဘယာကြော်ကပ်လှူပြီး ဂုဏ်တော်ပွားများပါ။

## တနင်္လာ



ကြွယ်ဝမှုအပေါင်း ခညောင်းချိန်။ မြင့်မြတ်သော အလှူဒါနတွေကို လုပ်ဆောင်ခွင့်ရရှိမည်။ ဟတ်ဟက်ပက်ပက် ရယ်မောစရာများကို စီတန်းကာ ပြောတတ်သော မိတ်ဆွေသစ်တစ်ဦးကို ခင်မင်ခွင့်ရမည်။ ကောင်းကံများ ဆင့်နေပြီး လုပ်သမျှ ဟုတ်နေလိမ့်မည်။

အချစ်ကို တန်ဖိုးထားကိုးကွယ်တတ်ချိန်ဖြစ်၏။ သင့် ဘဝအဆင်ပြေသည့်အခါ ချောမောလှပသော ချစ်သူလေးနှင့် တွေ့ကြုံခွင့်ကြုံမည်။ အချစ်ရေး အချစ်ကံကောင်းပါသည်။

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၇ ၈ ၀) (၂ ၈ ၅)

**ယတြာ**– မိမိအိမ်နားရှိ ဘုရားရင်ပြင်ကို သန့်ရှင်းရေးပြုလုပ်ကာ ကုသိုလ်ယူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



ကံကိုသာ ယိုးမယ်ဖွဲ့ရတော့မလို ဖြစ်ရတတ်ချိန်။ ငါးစာကိုသာမြင်ပြီး ငါးများချိတ်ကို မမြင်သော ငါးသည် အန္တရာယ်ကြီးလှ၏။ ကံတရား၏ လှည့်စားကျီစယ်မှုကို ခံရတတ်ပါသည်။ တစ်ပါးသူ မရိုးသားမှုကြောင့် ပြဿနာ ရှင်းရလိမ့်မည်။ တည်တည်ငြိမ်ငြိမ် စဉ်းစားကြည့်လျှင် အကောင်းဆုံးများကို စဉ်းစားသုံးသပ်မိလိမ့်မည်။ လူတိုင်းလက်ခံနိုင်သော ဆန်းသစ်တီထွင်မှုများကြောင့် ဝမ်းသာပီတိဖြစ်ရတတ်၏။

စန်းပွင့်သောကာလဖြစ်၍ သွားလေရာမှာ လူချစ်လူခင် များတတ်၏။ ချစ်ခင်သူထက် ချစ်သင့်သူကို ရွေးချယ်မိတတ်သည်။ အချစ်ကြောင့် ဝမ်းသာပီတိဖြစ်ရတတ်၏။

BURMESE CLASSIC .com

**ထီထိုးရမည့်နေ့** – အင်္ဂါ၊ စနေ။

**အကျိုးပေးဂဏန်း** – (၇ ၈ ၈) (၃ ၈ ၀)

**ယတြာ**– တန်ခိုးကြီးဘုရားတစ်ဆူမှာ ရွှေသင်္ကန်း လှူဒါန်းပါ။ ပြီးလျှင် တံခွန်၊ ကုက္ကားနှင့် ထီးဖြူ ထီးနီများကို လှူဒါန်းပါ။

## ပုဒ္ဓဟူး



အချိုရှာစဉ် သကာတွေ့တတ်ချိန်။ ဝန်းကျင်သစ်၊ မိတ်ဆွေသစ်ကြုံ၍ အောင်မြင်မှုကြီးကြီးမားမား ကြုံမည်။ မိသားစုကို တတိတစ်ခုပေးပြီး ချွေးသိပ်ပေးရတတ်သည်။ မည်သည့်လုပ်ငန်းကိစ္စမဆို မိသားစုနှင့် တိုင်တိုင်ပင်ပင် ညှိနှိုင်းဆောင်ရွက်ရပေလိမ့်မည်။ ယခုကာလအတွင်း ဆောင်ရွက်သည့်ကိစ္စတိုင်း ထူးခြားသော အောင်မြင်အဆင်ပြေမှုများ ကြုံရတတ်သည်။

အချစ်ရေးကိစ္စမှာ စိတ်ညစ်စိတ်ရှုပ်ရတတ်သည်။ အတ္တမာနများနှင့် ပြည့်လျှံနေသော အချစ်ခရီးက ခါးသီးလွန်းနေမည်။ ချစ်သူ၏ သစ္စာဖောက်မှုကို အသားလွတ် ခံရတတ်သည်။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ကြာသပတေး။

**အကျိုးပေးဝဏ္ဏန်း** – (၄ ၈ ၃) (၉ ၈ ၆)

**ယတြာ**– သံဃာတော်များ၏ ဂုဏ်တော်ကို အာရုံပြုလျက် ဆွမ်းလောင်းလှူပါ။

## ကြာသပတေး



ယုန်ထောင်ကြောင်မိမှု ကြုံရချိန်။ လက်တွေ့နှင့် စိတ်ကူးမတူညီမှုများ ကြုံမည်။ ဆန္ဒနှင့်ဘဝတစ်ထပ်တည်း ကျမနေတတ်ပါ။ တွေလွဲတွေလွဲများ မကြာခဏ ကြုံမည်။ စိတ်မပျက်ပါနှင့်။ စိတ်ပျက်စရာကိစ္စများ သင်ခန်းစာယူပါ။ မည်သူမျှမသိသေးသည့် ကိစ္စ ကြိုသိထားခြင်းဖြင့် စီးပွားရေးအောင်မြင်မှု တစ်ရပ်ကြုံမည်။



www.burmeseclassic.com

www.burmeseclassic.com



နုနယ်လွန်းသော သင့်နှလုံးသားကြေးမုံပြင်မှာ အချစ်ပုံရိပ်ထင်ဟပ်လာပေလိမ့်မည်။ ဆန္ဒကို သိက္ခာဖြင့် ထိန်းသိမ်းသင့်၏။ အချစ်ကြောင့် သင့်ဘဝတစ်ဆစ်ချိုး ပြောင်းလဲမှု ကြုံရဆုံရမည်။ အချစ်ကံကောင်း၏။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ စနေ။

**အကျိုးပေးဂဏန်း** – (၁ ၈ ၆) (၇ ၈ ၀)

**ယတြာ**– မိမိပတ်ဝန်းကျင်ရှိ ကလေးများကို ပေါက်စီ နှင့် နွားနို့ကျွေးမွေးကုသိုလ်ပြုပါ။

**သောကြာ**



စိတ်ကူးယဉ်မှုများ လက်တွေ့ဖြစ်လာရတတ် ချိန်ပါ။ ရည်ရွယ်ချက်သစ်များ အကောင်အထည်ဖော် သင့်ပါသည်။ ရင်းနှီးထားသည့် ငွေကြေးအတွက် စကား ပြောရလိမ့်မည်။ စွန့်စားသည့်လုပ်ငန်းနှင့် အကျိုးပေးမှု ကြုံမည်။

တစ်ဦးသဘောကို တစ်ဦး နားလည်မှုမရှိဖြစ် နေမည်။ ရင်ခုန်သံ မတူညီမှုကြောင့် စိတ်ညစ်စိတ်ရှုပ်ရ မည်။ အချစ်ကြောင့် ဒေါသဖြစ်စရာ၊ ခိုက်ရန်ဖြစ်စရာမြင် သည်။ အထင်လွဲခံရမည်။ အချစ်ကံညံ့၏။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဂဏန်း** – (၂ ၈ ၈) (၅ ၈ ၀)

**ယတြာ**– မွေးနေ့တွင် တစ်နေ့တည်း တန်ခိုးကြီးဘုရား (၃)ဆူဖူးပါ။ သင့်ဆန္ဒများ ပြည့်ဝလာပါလိမ့်မည်။

**စနေ**



အောင်မြင်ခြင်း နေမင်းကြီးနှင့် ဆုံစည်းခွင့်ရ ချိန်။ သစ်လွင်သော စိတ်ကူးများကြောင့် ထင်ပေါ်ကျော် ကြား၊ လူသိများမှု ကြုံမည်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိ၍ အောင်မြင်မှုရမည်။ ငွေကြေးပူပင်သောက ငြိမ်းအေးမှု ကြုံမည်။ လူတိုင်းကို လျှော့မတွက်သင့်သော အခြေအ နေနှင့် ကြုံမည်။ သည်းခံသင့်သူကို သည်းခံဆက်ဆံပြီး လွှမ်းမိုးသင့်သူကို လွှမ်းမိုးခြင်းဖြင့် အနိုင်ယူလိုက်ပါ။

ကြားလူတစ်ဦးကြောင့် နှောင့် ှက်မှုကြုံမည်။ အားပြိုင်မှုရှိသော အချစ်ရေးအနေအထားကြုံမည်။ အချစ်ဝက်ပါမှာ လျှောက်လှမ်းရင်း လမ်းပျောက်သွား တတ်သည်။ အချစ်ရေး ညံ့သည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ ကြာသပတေး။

**အကျိုးပေးဂဏန်း** – (၇ ၈ ၀) (၂ ၈ ၅)

**ယတြာ**– အိမ်ရှိဘုရားမှာ သီလခံယူပြီး ကောက်ညှင်း ပေါင်း ကပ်လှူပူဇော်ပါ။

**တတ္တသိုလ်စိုးမိုးနိုင်**



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ 'ဦးဦးသက်' ဖန်တီး တင်ဆက် စီစဉ်ညွှန်ကြားတည်ထောင်ပြီး

ဗီဒီယိုသရုပ်ဆောင်မင်းသား/မင်းသမီးများ၊ ဟာသလူရွှင်တော်များ၊ ဆိုပျော်တေးသံရှင်များ၊

အော်ပရာနှင့်ပြဇာတ်ကိုကျွမ်းကျင်စွာကပြနိုင်သော မင်းသား/မင်းသမီးချောလေးများ၊

ပင်တိုင်အငြိမ့်မင်းသမီးချောချောလေးများ၊ နှစ်ပါးမင်းသားချောချောလေးများဖြင့် ဖွဲ့စည်းထားသည့်

# ရှုတိုင်းယဉ်

## အဆင့်မြင့်(ရန်ကုန်)ဇာတ်သဘင်

ဇာတ်ရှိုးဖျော်ဖြေမှု၊ ခေတ်ပေါ်အကဖျော်ဖြေမှု၊ အော်ပရာပြဇာတ်နှင့်ဟာသပြဇာတ်များဖျော်ဖြေမှု၊
ပင်တိုင်အငြိမ့်ဖျော်ဖြေမှု၊ နှစ်ပါးအကအလှဖျော်ဖြေမှုများကို ခေတ်ပေါ်ရောင်စုံဆလိုက်မီးများစွာဖြင့်
လှပဝေဆာစွာ "မိုးလင်းပေါက်" ဖန်တီးပုံဖော်တင်ဆက်ကပြပါမည်။

**မင်္ဂလာပွဲများ၊ ဘုရားပွဲများ၊ အထိမ်းအမှတ်ဧည့်ခံပွဲများ၊ ရန်ပုံငွေရှာဖွေသည့်ပွဲများအတွက်
အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးပါမည်။**

ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၃၁၂၁၆၇၀၊ ၀၉၄၃၁၁၀၃၂၁ ၊ ၀၁ ၃၉၇၁၆၄၊ ၀၁ ၂၉၇၂၉၇၊
၀၁ ၉၀၀၀၀၁၇ (ရန်ကုန်မြို့)၊ ၀၅၃ ၂၇၁၁၃ (ပြည်မြို့ရုံးခွဲ)

www.burmeseclassic.com